ညောင်ကန် အရှင်ဣန္ဒက

# ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင်



၁၂၆၀၉

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၊ သန္တာအေးကျောင်း၊

## ညောင်ကန်-အရှင်ဇနန္ဒက

ဟောကြားတော်မူသော

# ကုရုတိုင်းသွင်းသတိပဋ္ဌာန် ပွားစေချင်

# တရားတော်

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ ၁၉၇၇-ခု

က

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်
၁၂၆၇၉ ခွင့်ပြုချက် အမှတ် (၁၀၄၂၁-က)

— ဆုစာပေ

— ပထမအကြိမ်

— အုပ်ရေ-၂၀၀၀

— ၁၉၇၈-ခုနှစ်၊

— မေလ

— ပန်းချီ-စံတိုး

— အဖုံး-အောင်သန်းအော့ဖ်ဆက်

— စာအုပ်ချုပ်-အေးမိသားစု

— တန်ဘိုး-၁၂-ကျပ်

ဦးစိုးမြိုင် (၀၁၁၂၃) ဆုစာပေတိုက်၊ အမှတ် ၂၊ သစ္စာရိပ်သာလမ်း၊ ကန်ဘဲ့၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြဲ) စာပေ ပေါင်းကူးစာပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ, ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | (က) ကိုးကားချက် ကျမ်းစာရင်း၊ | | |
| ၁။ | အရှင်သုန္ဒရ(ဓမ္မာစရိယ+ဘီ အေ)၏ ဖတ်စမ်းစေချင် | .... | ၃ |
| ၂။ | ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဓမ္မကထိကများလိုက်နာရန် စည်းမျဉ်း | .... | ၁၅ |
| ၃။ | အရှင်သုန္ဒရ (ဓမ္မာစရိယ+ဘီ အေ)၏ ဓမ္မကထိက စည်းမျဉ်းကဗျာ | .... | ၂၅ |
| | (က) ကျေးဇူးစကား | .... | ၂၇ |
| ၄။ | ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော် | | |
| | (က) စကားဦး | .... | ၂၉ |
| | (ခ) ပဏာမ-ပညာပေးဘုရားရှိခိုး | .... | ၃၀ |
| ၅။ | ဗုဒ္ဓဝင် နိဒါန်းဆုပန်ခန်း | .... | ၃၁ |
| ၆။ | သန္ဓေယူသည် | .... | ၃၇ |
| ၇။ | ဖွားတော်မူသည် | .... | ၃၇ |
| ၈။ | ဖွားမြင်ပြီးစ ဒီလိုစကားထူးကို ပြောသည် | .... | ၃၈ |
| ၉။ | ဗေဒင်ဟောပြီး တောရပ်မှီးသည် | .... | ၃၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | မယ်တော် နတ်ရွာစံပြီးနောက် အထူးစောင့်ရှောက်ကြတယ် .... | ၄၀ |
| ၁၁။ | သူငယ်ဘဝက ဈာန်ရခဲ့သည် .... | ၄၀ |
| ၁၂။ | ထီးနန်းစည်းစိမ်ကို စံစားတော်မူသည် .... | ၄၂ |
| ၁၃။ | နိမိတ်ကြီးလေးပါးကို မြင်တော်မူသည် .... | ၄၂ |
| ၁၄။ | ချမ်းမြေ့ရဂုံ တောရပ်လှူသည် .... | ၄၃ |
| ၁၅။ | လမ်းမှားကိုပစ်ပယ်ပြီးလမ်းသစ်မှန်ကိုကြံသည် .... | ၅၀ |
| ၁၆။ | အစာလဲစား အားလဲရှိမှ တရား အားထုတ်နိုင်မည် .... | ၅၂ |
| ၁၇။ | ပဉ္စဝဂ္ဂီတို့ အထင်လွဲမှား ထွက်ခွါသွားကြသည် .... | ၅၃ |
| ၁၈။ | အာနာပါနဈာန်ကို ဝင်စားသည် .... | ၅၃ |
| ၁၉။ | သူဌေးသမီး သုဇာတာ၏နို့ဆွမ်းကို ၄၉-လုပ် ဘုဉ်းပေးသည် .... | ၅၅ |
| ၂၀။ | သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်တော်မူပြီ .... | ၅၆ |
| ၂၁။ | တရားဦးဟောရန်ကြံတော်မူသည် .... | ၅၉ |
| ၂၂။ | မိဂဒါဝုန် ဒေသနာခရီးမှာ ဥပကကြီးနှင့် တွေ့သည် .... | ၆၁ |
| ၂၃။ | မိဂဒါဝုန် တောရဂုံဝယ် .... | ၆၅ |
| ၂၄။ | ဓမ္မစကြာ တရားတော် .... | ၆၉ |
| ၂၅။ | ပဉ္စဝဂ္ဂီရဟန်းတော်များ ရဟန္တာ ဖြစ်တော်မူကြသည် .... | ၇၂ |
| ၂၆။ | ပဌမဝါကျွတ်စမြတ်ဗုဒ္ဓရဲ့ သာသနာပြုမိန့်ခွန်း .... | ၇၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | ဗုဒ္ဓကိစ္စငါးပါး .... | ၇၆ |
| ၂၈။ | ဗုဒ္ဓကိစ္စငါးပါး ဆိုတာ .... | ၇၇ |
| | (က) ပုရေဘတ္တကိစ္စ .... | ၇၇ |
| | (ခ) ပစ္ဆာဘတ္တကိစ္စ .... | ၈၁ |
| | (ဂ) ပုရိမယာမကိစ္စ .... | ၈၅ |
| | (ဃ) မဇ္ဈိမယာမကိစ္စ .... | ၈၆ |
| | (င) ပစ္ဆိမယာမကိစ္စ .... | ၈၆ |
| ၂၉။ | ဝါတော်စဉ် ဒေသနာခရီး .... | ၈၇ |
| ၃၀။ | ပဌမ သံဂါယနာ .... | ၉၁ |
| ၃၁။ | ဒုတိယ သံဂါယနာ .... | ၉၂ |
| ၃၂။ | တတိယ သံဂါယနာ .... | ၉၂ |
| | (က) ကိုးတိုင်း ကိုးဌာန သာသနာပြုကြ .... | ၉၃ |
| ၃၃။ | စတုတ္ထ သံဂါယနာ .... | ၉၄ |
| ၃၄။ | ပဉ္စမ သံဂါယနာ .... | ၉၄ |
| ၃၅။ | ကင်းတောရနှင့် သီးလုံးဆရာတော် ၂-ပါး .... | ၉၅ |
| ၃၆။ | နှုတ်ဆက်ပြီး ကောင်းကင်ပျံတက်တယ် .... | ၉၆ |
| ၃၇။ | ကင်းတောရ ဈာပန .... | ၉၈ |
| ၃၈၊ | ဈာန်အဘိညာဉ်နဲ့ ရေချိုးကြတယ် .... | ၉၉ |
| ၃၉။ | အနာဂါမ်ရဟန္တာ သီးလုံးဆရာတော် .... | ၁၀၀ |
| ၄၀။ | သီးလုံးဆရာတော်တပည့် မင်းကွန်း ဦးရာဇိန္ဒနှင့် မင်းကွန်းဦးမဉ္ဇူ .... | ၁၀၂ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၁။ | မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး | .... | ၁၀၃ |
| | (က) စစ်ကိုင်းနယ် ဇာတိ | .... | ၁၀၃ |
| | (ခ) သီးတလုံးချောင် | .... | ၁၀၄ |
| | (ဂ) မင်းကွန်း ဒေသနာခရီး | .... | ၁၀၄ |
| | (ဃ) မူလမင်းကွန်းဇေတဝန်ကျောင်းတိုက် | .... | ၁၀၅ |
| ၄၂။ | ယောဂီအရှင်သောဘန | .... | ၁၀၆ |
| ၄၃။ | တောင်ဝိုင်းကလေးဘုန်းကြီး | .... | ၁၀၇ |
| ၄၄။ | ကျောင်းထိုင်စာချ ကမ္မဋ္ဌာန်းပြ | .... | ၁၀၈ |
| ၄၅။ | ရွှေဘိုဆိပ်ခွန်မှာဖွားခဲ့တယ် | .... | ၁၀၈ |
| ၄၆။ | တရားဦးယောဂီ ၃-ဦး | .... | ၁၁၁ |
| ၄၇။ | သိရိမဝရ ဓမ္မာစရိယ | .... | ၁၁၁ |
| ၄၈။ | ကျမ်းဦး ၂-ဆု | .... | ၁၁၂ |
| ၄၉။ | မဟာစည်ဆရာတော် | .... | ၁၁၄ |
| ၅၀။ | ရန်ကုန်သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ | .... | ၁၁၆ |
| ၅၁။ | အဂ္ဂမဟာပဏ္ဍိတ | .... | ၁၁၇ |
| ၅၂။ | ဆဋ္ဌသံဂါယနာမစ်ရှင်အဖွဲ့ကမ္ဘာလှည့် | .... | ၁၁၈ |
| ၅၃။ | ကျမ်းပြုမဟာစည် | .... | ၁၂၀ |
| ၅၄။ | သတိပဋ္ဌာန်လမင်း ကမ္ဘာလင်း | .... | ၁၂၀ |
| ၅၅။ | ကမ္ဘာကျော် ကျေးဇူးရှင် | .... | ၁၂၁ |
| ၅၆။ | မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ | .... | ၁၂၂ |
| ၅၇။ | သာသနာပြုဆန္ဒမွန် | .... | ၁၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၈။ | မဟာသတိပဋ္ဌာနသုတ္တဟူသည် | .... | ၁၂၆ |
| ၅၉။ | မဟာသတိပဋ္ဌာနသုတ် ဆောင်ပုဒ် | .... | ၁၂၇ |
| ၆၀။ | သတိပဋ္ဌာန်ပန်းကို ဒီလိုပန်ဆင်ပါ | .... | ၁၂၉ |
| ၆၁။ | မဟာသတိပဋ္ဌာန် ဥဒ္ဒေသပါဠိ | .... | ၁၃၀ |
| ၆၂။ | မဟာသတိပဋ္ဌာန် ဥဒ္ဒေသအနက် | .... | ၁၃၀ |
| ၆၃။ | တိုက်ရိုက်ဘာသာပြန်အဓိပ္ပါယ်ကတော့ | .... | ၁၃၃ |
| ၆၄။ | ဒီနေရာမှာ ဘိက္ခုဆိုတာ အားလုံးပါတယ် | .... | ၁၃၅ |
| ၆၅။ | စကြိမှတ်ပုံ | .... | ၁၃၈ |
| ၆၆။ | ထိုင်မှတ်ပုံ | .... | ၁၃၉ |
| ၆၇။ | ဓမ္မာနုဓမ္မပဋိပတ် ဘုရားရှိခိုး | | |
| | (က) ပါဠိ | .... | ၁၄၆ |
| | (ခ) မြန်မာပြန် | .... | ၁၄၆ |
| ၆၈။ | အဓိဋ္ဌာန်ပါဠိ | .... | ၁၄၆ |
| | (က) မြန်မာပြန် | .... | ၁၄၆ |
| ၆၉။ | ဆုတောင်း | .... | ၁၄၇ |
| | (က) မြန်မာပြန် | .... | ၁၄၇ |
| ၇၀။ | အမျှဝေ | .... | ၁၄၇ |
| | (က) မြန်မာပြန် | .... | ၁၄၇ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၁။ | ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော် ဒုတိယပိုင်း | | |
| | (က) စကားဦး | .... | ၁၄၉ |
| | (ခ) ပဏာမ-ယဉ်ကျေးမှုဘုရားရှိခိုး | .... | ၁၄၉ |
| ၇၂။ | မဟာသတိပဋ္ဌာနသုတ် နိဒါန်း | .... | ၁၅၀ |
| | (က) မဟာသတိပဋ္ဌာနသုတ် နိဒါန်း ပါဠိတော် | .... | ၁၅၁ |
| | (ခ) မဟာ သတိပဋ္ဌာနသုတ် နိဒါန်းအနက် | .... | ၁၅၁ |
| ၇၃။ | ဘာ့ကြောင့် ဒီမှာ ဒါကို ဟောသလဲ | .... | ၁၅၇ |
| ၇၄။ | ဥတုကောင်းရ- ဉာဏ်ကြီးကြ-ဟောပြ သတိပဋ္ဌာန် | .... | ၁၅၇ |
| | (က) အဋ္ဌကထာပုဒ်ပါဠိ | .... | ၁၅၇ |
| | (ခ) အဋ္ဌကထာနိဿယ | .... | ၁၅၈ |
| | (ဂ) စကားပြေ | .... | ၁၅၉ |
| | (ဃ) နိဿယအဆက် | .... | ၁၅၉ |
| | (င) စကားပြေ အဓိပ္ပါယ်ကတော့ | .... | ၁၆၁ |
| | (စ) ချီးကျူးစရာတရား | .... | ၁၆၁ |
| ၇၅။ | ရွှေပန်းတောင်းနှင့် ပန်းပေါင်းစုံ- ရွှေသေတ္တာနှင့် ရတနာပုံ | .... | ၁၆၃ |
| | (က) ကုရုတိုင်းသားနှင့် သတိပဋ္ဌာန်တရား | | ၁၆၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ခ) ရွှေပန်းတောင်း ရွှေသေတ္တာ ရှစ်လုံးဖွဲ့ကဗျာ .... | ၁၆၆ |
| ၇၆။ | သတိပဋ္ဌာန်တရား ခေတ်စားရာ ကုရုတိုင်းမှာ .... | ၁၆၇ |
| ၇၇။ | နေရာတကာမှာ သတိပဋ္ဌာန်စကားကိုသာ ပြောကြတာ .... | ၁၆၉ |
| ၇၈။ | သတိမြတ်ရှုမှတ် နိဗ္ဗာန်ဝင် ဆောင်ပုဒ် .... | ၁၇၁ |
| ၇၉။ | မြန်မာပြည်နှင့် ကုရုပြည် .... | ၁၇၂ |
| ၈၀။ | သတိပဋ္ဌာန်မပွားယင် အသက်ရှင်လဲ သေသူပင် .... | ၁၇၂ |
| ၈၁။ | အသက်ရှင်လျက် သေသူပမာ ရှစ်လုံးဖွဲ့ကဗျာ .... | ၁၇၇ |
| ၈၂။ | ကြာလေကောင်းလေ ဟောင်းလေ သစ်လေ .... | ၁၇၇ |
| ၈၃။ | သူ့စကားနှင့် ဘုရားဟောတရား .... | ၁၇၈ |
| ၈၄။ | ရွှေဆက်၍ မမေ့နဲ့တော့ .... | ၁၈၁ |
| ၈၅။ | စားဝတ်နေရေးအတွက် အလုပ် လုပ်ယင်းလဲ တရားအားထုတ်လို့ဖြစ်တယ် .... | ၁၈၁ |
| ၈၆။ | သတိပဋ္ဌာန်တရား အားထုတ်ပုံ မူကြမ်း ဆောင်ပုဒ် .... | ၁၈၃ |
| ၈၇။ | မဟာစည် ဝိပဿနာရှုနည်း .... | ၁၈၄ |
| ၈၈။ | ရှေးဦးပြုဖွယ် ပုဗ္ဗကိစ္စ .... | ၁၈၄ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈၉။ | အခြေခံ ရှုမှတ်ပုံ | .... | ၁၈၇ |
| ၉၀။ | နာမ်ရုပ်ကွဲပုံ ဥပမာ | .... | ၁၉၄ |
| ၉၁။ | ဒိဋ္ဌိဝိသုဒ္ဓိ | .... | ၁၉၅ |
| ၉၂။ | ပစ္စယပရိဂ္ဂဟဉာဏ် | .... | ၁၉၆ |
| ၉၃။ | ခက်တာကတော့ တခုဘဲ | .... | ၂၀၁ |
| ၉၄။ | သာဓုနှုမော် ကောင်းချီးခေါ်တယ် | .... | ၂၀၂ |
| ၉၅။ | ကောင်းစွာအသက်ရှင်သူ- လူ့ဘဝမှန် ရသူ- ဘုရားပွင့်သူ- | .... | ၂၀၄ |
| ၉၆။ | ဘုရားပွင့်တာ သင့်တွက်တာ ရှစ်လုံးဖွဲ့ကဗျာ | .... | ၂၀၈ |
| ၉၇။ | မမေ့လျှင်နိဗ္ဗာန်-မေ့လျှင်သုသာန် | .... | ၂၀၉ |
| ၉၈။ | အရိုးသတိ မှတ်သိတဲ့ ကျေးငှက် | .... | ၂၁၃ |
| ၉၉။ | ဗုဒ္ဓရက္ခိတ ဇာတ်လမ်း လင်္ကာ | .... | ၂၃၀ |
| ၁၀၀။ | နမူနာထား လူများကျင့်စေလို | .... | ၂၃၁ |
| ၁၀၁။ | ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော် တတိယပိုင်း | | |
| ၁၀၂။ | ဓမ္မကထိကထေရီ မိတ္တာကာဋ္ဌိဝတ္ထု | .... | ၂၃၃ |
| ၁၀၃။ | ပုဏ္ဏားမလေး ခင်ဆွေညို | .... | ၂၃၃ |
| ၁၀၄။ | သံဝေဂဉာဏ်ဝင် လမ်းမှားမြင် | .... | ၂၃၇ |
| ၁၀၅။ | မအိုမနာမသေမှီ မေ့မနေသင့်ပြီ | .... | ၂၄၀ |
| ၁၀၆။ | မိတ္တာကာဋ္ဌိထေရီရဲ့ သာသနာပြု ဥဒါန်း | .... | ၂၄၄ |
| ၁၀၇။ | နိဂုံး | .... | ၂၄၉ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀၈။ | ကုလျှတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် | .... | ၂၄၉ |
| ၁၀၉။ | တရားသိမ်းကြစို့ | .... | ၂၅၀ |
| ၁၁၀။ | မဟာစည်သြကာသ ဘုရားရှိခိုး | .... | ၂၅၁ |
| ၁၁၁။ | မဟာစည်-ဘုရားဂုဏ်တော်(၉)ပါး ဘုရားရှိခိုး | .... | ၂၅၂ |
| ၁၁၂။ | မဟာစည်-တရားဂုဏ်တော်(၆)ပါးရှိခိုး | .... | ၂၅၆ |
| ၁၁၃။ | မဟာစည်-သံဃာဂုဏ်တော်(၉)ပါးရှိခိုး | .... | ၂၅၇ |
| ၁၁၄။ | ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဗုဒ္ဓဝင် ခုနစ်နေ့ ဘုရားရှိခိုး | .... | ၂၅၉ |

ညောင်ကန်-အရှင်ဣန္ဒက ၏

ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော်အတွက်

# ကိုးကားချက် ကျမ်းစာရင်း

၁။ ဒီဃနိကာယ်၊ သုတ်မဟာဝါ ပါဠိတော်၊

၂။ ဒီဃနိကာယ် သုတ်မဟာဝါအဋ္ဌကထာ၊

၃။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ၏ဂမ္ဘီရကဗျာကျမ်း-

၄။ ကျေးဇူးရှင် ဘုရားကြီးဆရာတော်ဘုရားကြီး၏ သာသနဗဟုဿုတပ္ပကာသနီကျမ်း

၅။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ပ+ဒု)

၆။ မဟာစည်- သတိပဋ္ဌာန်နိဿယသစ်၊

၇။ မဟာစည်- ဓမ္မစကြာတရားတော်ကြီး၊

၈။ မဟာစည်- ဘာရသုတ္တန် တရားတော်ကြီး၊

၉။ မဟာစည်- ပဋိပတ္တိ သာသနာ့ဝင်ကျမ်း၊

၁၀။ မြို့မိဆရာတော်ဘုရားကြီး၏ ထေရီအပဒါန်ဝတ္ထုတော်ကြီး၊

၁၁။ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် (တတိယတွဲ)

၁၂။ သန္တကန ဓမ္မပါလကအဖွဲ့မှထုတ်ဝေသော ဗုဒ္ဓဝင်သမိုင်းအကျဉ်း၊

အရှင်သုန္ဒရ (ဓမ္မာစရိယ+ဘီအေ)၏

# ဖတ်စမ်းစေချင်

---

## ညောင်ကန်-အရှင်ဣန္ဒက-ဟူသည်

ညောင်ကန် – အရှင်ဣန္ဒက သည် မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရား အဟောအပြော ကျော်ကြားထင်ရှားသည်။

ဗုဒ္ဓဓမ္မလောက စသော တရားစာစောင်များ၊ သင့်ဘဝ စသော မဂ္ဂဇင်းများ၌ ကဗျာများ, ဆောင်းပါးများ ရေးသား ခဲ့သည့်အပြင်—

၁။ ဗုဒ္ဓဓမ္မဆောင်းပါးများ၊

၂။ ဗုဒ္ဓဓမ္မကြေးမုံ၊

၃။ ဒေသနာကြေးမုံ ဆောင်ပုဒ်ကဗျာ၊

၄။ အညာတခွင် တရားဟော ထွက်ခဲ့စဉ်က ခရီးသွား မှတ်တမ်း။

၅။ မြတ်သတိပါဒီ မဟာစည် စာမွန်ဦး (၁+၂+၃) စသော စာအုပ်စာစဉ်များကိုလည်း ရေးသား ထုတ်ဝေပြီး၊ ထုတ်ဝေဆဲ၊ ထုတ်ဝေလတ္တံ့ ဖြစ်သည်။

သို့ဖြစ်၍ ညောင်ကန်-အရှင်ဣန္ဒက ဆိုလျှင် မဟာစည် ယောဂီ ပရိသတ်များသာမက စာပေဝါသနာရှင် များပါ ကြားဘူးသိဘူးပြီး ဖြစ်ကြပေလိမ့်မည်။

ညောင်ကန်-အရှင်ဣန္ဒက ဟူသော အမည်သည် သူ၏ဇာတိ ရပ်ရွာနှင့် အညာစစ်ကိုင်းတိုင်း ဘုတလင်မြို့ အနောက်ဖက် ညောင်ကန်ရွာကိုအစွဲပြု၍ ခေါ်ဝေါ် သမုတ်ထားခြင်း ဖြစ်ကြောင်း ဤတရားစာ၏အစ ပဏာမတွင် သူကိုယ်တိုင်ဖော်ပြ ထားသည်။

ယင်း ညောင်ကန်သည် ကန်းတောင်ခေတ် ဘကြီးတော် ဘုရား လက်ထက်တွင် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြား ခဲ့သော ကျမ်းပြုအကျော်အမော် (ဗုဒ်အစ ဗုဒ္ဓမြတ်စွာဘုရား၊ ဗုဒ်အလယ် အရှင်မဟာဗုဒ္ဓဃောသ၊ ဗုဒ်အဆုံး ညောင်ကန် ဆရာတော်ဦးဗုဒ်-ဟု) ဆိုထုံးပြုခဲ့ကြရသော ဆရာတော်ဦးဗုဒ် အရှင်မြတ်ကြီး၏ ဇာတိချက်မြှုပ်ရွာကြီးပင် ဖြစ်ပါသည်၊ ဤမျှ လောက်ဆိုလျှင် ညောင်ကန်သား ဓမ္မကထိက၊ စာရေးဆရာ အရှင်ဣန္ဒကအကြောင်း စာရှုသူ ရိပ်စားမိအံ့ ထင်ပါသည်။

## ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော်

ဤ "ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော်" သည် ၁၃၃၇-ခုနှစ်၊ တပေါင်းလဆန်း ၆-ရက်နေ့ ညမှစ၍ ၁၀-ရက်စခန်း တရားအားထုတ်ပွဲ ကျင်းပရာ ၁၀-ရက်ပတ်လုံး ဟောကြားထားသော တရားတော်များတွင် ၎င်း ၆-ရက်နေ့

ညနှင့် ၇-ရက်နေ့ည ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့၊ ၁၀-ရပ်ကွက်၊ ဟေမဝန်ဓမ္မာရုံ၌ ၂-ညဆက်တိုက် သြောင်ကန်-အရှင်ဣန္ဒက ဟောကြားခဲ့သော တရားတော်များကို ပထမပိုင်းနှင့်ဒုတိယပိုင်း ၂-ပိုင်းခွဲ၍ ကိုယ်တိုင် ပြန်သည်ရေးသားထားသော တရားတော်ပင် ဖြစ်ပါသည်။

## ပထမပိုင်းမှာ ဖတ်စရာ

ဤတရားတော် ပထမပိုင်း၌ "(က)ဗုဒ္ဓဝင်အကြောင်း၊ (ခ) ပထမမှ ပဥ္စမသံဂါယနာအထိ အဆက်ဆက် သံဂါယနာများနှင့်၊ (ဂ) ဆဋ္ဌသံဂါယနာ အပါအဝင် မဟာစည် ပဋိပတ္တိသာသနာဝင် အကြောင်း" တို့ကို လေ့လာဖတ်ရှုနိုင်ပေသည်။

## ဗုဒ္ဓဝင် အကျဉ်းချုပ်

ဗုဒ္ဓဝင် အကြောင်းတွင် ဒီပင်္ကရာ မြတ်စွာဘုရား ထံတော်၌ အလောင်းတော် သုမေဓာရှင်ရသေ့ ဗျာဒိတ် ခံယူသည်မှ စ၍ ခဲခဲယဉ်းယဉ်း ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး နောက်ဆုံး ဘုရားဖြစ်လာခဲ့ပုံ၊ ဓမ္မစကြာ တရားဦးဟောပုံ၊ ယင်းတရားတော်၏ ဆိုလိုချက် အကျဉ်းချုပ်နှင့် ပရိနိဗ္ဗာန်စံယူတော်မူခါနီးအထိ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဝေနေယျသတ္တဝါတို့၏ အကျိုးကို မြတ်စွာဘုရား သယ်ပိုးဆောင်ရွက်ပုံတို့ကို လူတိုင်းလက်ခံနိုင်မည့် မယုတ်မလွန် အချက်အလက်များဖြင့် ဖတ်ချင့်စဖွယ်ဖော်ပြထားပါသည်။

## လူတိုင်း လက်ခံနိုင်မည့် အချက်

ဤအမှာစာရေးသူ အပါအဝင် သဒ္ဓါတရားရှိပြီးသူ ရဟန်းရှင်လူအပေါင်းတို့ ဒီကြွင်းမဲ့ ယုံကြည်လက်ခံထားသော ဗုဒ္ဓဝင်ဆိုင်ရာ အချို့အကြောင်း အချက်များသည် သဒ္ဓါတရားနည်းသူများ၊ အထူးသဖြင့် ခေတ်လူငယ် ယောင်ဝါးဝါးများ အတွက် မယုံကြည်နိုင်စရာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ယခု ညောင်ကန် အရှင်ဇလနှက တင်ပြထားသော ဗုဒ္ဓဝင်ဆိုင်ရာအကြောင်းအချက်များမှာမူ သဒ္ဓါတရားရှိသူရော၊ သဒ္ဓါတရားနည်းသူပါ လူတိုင်း လက်ခံနိုင်စရာ အချက်အလက်များဖြစ်ကြောင်း စာရှုသူ ကိုယ်တိုင် သိမြင်လာပါလိမ့်မည်။

ဤခေတ် အခြားဘာသာဝင် လူငယ်များသည် မိမိတို့ ကိုးကွယ်ရာ ဘုရားအကြောင်းကို ငယ်စဉ်ကပင် တော်တော် ပြည့်ပြည့်စုံစုံ သိရှိကြကြောင်း ကြားသိရပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် လူငယ်အများစုမှာမူ ဗုဒ္ဓအကြောင်းနှင့်ပတ်သက်လာလျှင် ယောင်ဝါးဝါး သမားတွေသာ ပေါများကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါသည်။ သို့ဖြစ်၍- မိဘတိုင်းက မိမိတို့ ရင်သွေးငယ်များအား အနည်းဆုံး ဤတရားစာပါ ဗုဒ္ဓဝင်အကြောင်းလောက်ကိုတော့ သိအောင် ပညာပေးသင့်ပါသည်။

## သံဂါယနာစဉ်ဆက်

သံဂါယနာ အဆက်ဆက် အကြောင်းတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် မြတ်စွာဘုရား၏ တရားတော်များ မကွယ်

ပျောက်ရေးအတွက် အိန္ဒိယနိုင်ငံဖွား အရှင်မဟာကဿပ စသော ရဟန္တာမထေရ်မြတ်ကြီး များမှစ၍ မြန်မာနိုင်ငံ မင်းတုန်းမင်း ခေတ်အထိ သာသနာရေးခေါင်းဆောင် ဆရာတော်ကြီးများက အဆက်ဆက် သံဂါယနာတင်ခဲ့ပုံ၊ သာသနာတော် တည်တန့် တိုးပွား ပြန့်နှံ့ရေးအတွက် ဆရာဒကာလက်တွဲ၍ ဆောင်ရွက်ခဲ့ပုံ များကို ဖော်ပြထားပါသည်။ ယင်းကို ဖတ်ရှုရခြင်းအားဖြင့် ခေတ်အဆက်ဆက် သာသနာပြုလာခဲ့ပုံကို အားကျ အတုယူပြီး သာသနာရေးအတွက် မိမိတို့လည်း စွမ်းနိုင်သလောက် ဆောင် ရွက်သင့်ပါသည်။

## ပုဂ္ဂိုလ်ခင်မှ တရားမင်

မဟာစည်ပဋိပတ္တိသာသနာဝင် အကြောင်းတွင် ပဌမ သံဂါ ယနာတင် မင်းတုန်းမင်းလက်ထက် စာပေကျမ်းဂန် တတ်ကျွမ်း ရုံမျှမက ဈာန်အဘိညာဉ်ရ အနာဂါမ် ပုဂ္ဂိုလ်မွန်ကြီး-ဟု ထင် ရှားတော်မူခဲ့သော သီးလုံးဆရာတော်မှ စ၍ ကျေးဇူးရှင် အဂ္ဂ မဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးအထိ ဆရာအစဉ် အဆက် ဆင်းသက်လာပုံအပြင် မဟာစည်ထေရုပ္ပတ္တိ အကျဉ်း ချုပ်နှင့် မဟာစည်ဆရာတော်၏ သာသနာရေးအတွက် ပြည် တွင်း ပြည်ပ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ သာသနာပြုလုပ်ငန်း များ အကြောင်းကိုပါ အတော် စုံစုံလင်လင် ဖော်ပြ ထားပါ သည်။

“ပုဂ္ဂိုလ်ခင်မှ တရားမင်သည်” ဟူသော မြန်မာ့ဆိုရိုးစကား ကို အများအသိပင် ဖြစ်ပါသည်၊ ကျေးဇူးရှင် မဟာစည်ဆရာ

တော်ဘုရားကြီး၏ စင်ကြယ်မြင့်မြတ်သော ဆရာအဆက်အနွယ်များ၊ ဆရာတော်ဘုရားကြီး၏ ထူးခြားအံ့ချီးဖွယ် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များ၊ သာသနာရေးအတွက်စွမ်းစွမ်းတမန် ဆောင်ရွက်တော်မူချက်များနှင့် ပတ်သက်၍ အရှိကိုအရှိအတိုင်း သိရခြင်းဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အပေါ် ကြည်ညိုစိတ် ပိုလာနိုင်ပါသည်။ ယင်းမှတဆင့် ဆရာတော်ဘုရားကြီး ညွှန်ကြားပြသနေသော မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်သည့် မဟာသတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်ကြီးကိုလည်း စာရှုသူများအနေဖြင့် ပိုမိုသက်ဝင်ယုံကြည်လာနိုင်ပါသည်။

## မဟာစည် တရားပွဲများရဲ့ အနှစ်သာရ ဝိသေသ

မဟာစည်ဓမ္မကထိကများ ဝိပဿနာတရား ဟောသည့်အခါ ဟောပြောရုံသက်သက်မျှမဟုတ်ဘဲ လက်တွေ့ အားထုတ်နည်းကိုပါ ညွှန်ပြ၍ လက်တွေ့အားထုတ်ခိုင်းပြီးမှ တရားပွဲသိမ်းလေ့ ရှိပါသည်၊ ယခုလည်း ညောင်ကန် အရှင်ဣန္ဒကသည် မဟာစည်ဓမ္မကထိက စာရေးဆရာပီပီ သူ၏တရားတော်ပထမပိုင်းကို မဟာသတိပဋ္ဌာနသုတ်၏ အဓိပ္ပါယ်၊ တရားဟောပြော ရခြင်းရဲ့ ရည်ရွယ်ချက်၊ လက်တွေ့အားထုတ်နည်းနှင့် အားထုတ်စေခြင်းတို့ဖြင့် နိဂုံးချုပ်ထားပါသည်။

## ဒုတိယပိုင်းမှာ ဖတ်စရာ

ဒုတိယပိုင်းသည် တရားစာတပုဒ်လုံး၏ အဓိကပိုင်း၊ အနှစ်သာရပိုင်းပင် ဖြစ်ပါသည်၊ ပထမပိုင်းကား အနှစ်သာရပိုင်းကို

ပိုမိုခိုင်မာ လေးနက် စေရန် ပို့ဆောင်ပေးသည့် "ဇာတ်ပို့ပိုင်း" ပင်တည်း။

ဤ ဒုတိယပိုင်းတွင် " (က) ကုရုတိုင်း၌ မြတ်စွာဘုရား သတိပဋ္ဌာန်တရားကို ဟောကြားတော်မူရခြင်းရဲ့ အကြောင်း၊ (ခ) ဝိပဿနာရှုနည်းနှင့် ဉာဏ်ဖြစ်ပုံ၊ (ဂ) တရားအားထုတ်သင့်ကြောင်း တိုက်တွန်းချက်"စသည်တို့ကို ဖတ်ရှုရပေလိမ့်မည်။

## တရားအားထုတ်နည်းက မခက်
## အားမထုတ်ချင်တာကသာ ခက်-တဲ့

ကုရုတိုင်း၌ သတိပဋ္ဌာန် တရားတော်ကို မြတ်စွာဘုရား ဟောကြားတော် မူရသည့် အကြောင်းတွင် မြတ်စွာဘုရား လက်ထက် ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးရွာကြီး၏ အခြေအနေ ယခုခေတ် တည်ရှိရာနေရာ၊ ကမ္မာသဓမ္မနိဂုံးသူ/နိဂုံးသားတို့၏ ကိုယ်ရောစိတ်ပါ ခန့်ကျန်းခြင်း၊ ကိုယ်စိတ် ခန့်ကျန်းသဖြင့် ဉာဏ်ပညာထက်မြက်ခြင်း၊ ရှေးမဆွကပင် သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို လေ့လာလိုက်စား အားထုတ်နေကြခြင်းတည်း ဟူသော အကြောင်းတို့ကြောင့် ထိုရွာကြီး၌ မဟာသတိပဋ္ဌာန သုတ်တော်ကို အကျယ်တဝင့် မြတ်စွာဘုရားက ဟောကြား တော်မူခြင်း ဖြစ်ကြောင်း အဋ္ဌကထာ အဖွင့်များဖြင့် အခိုင် အမာ တင်ပြထားသည်။

စကားပြေဖြင့်သာမက မှတ်ရလွယ်အောင် ရှစ်လုံးဖွဲ့ကဗျာ များဖြင့် ဖော်ပြထားပါသည်၊ ဝိပဿနာရှုနည်းနှင့် ဉာဏ်ဖြစ်ပုံ

တွင် တရား အားမထုတ်မီ ရှေးဦးပြုဘွယ် များနှင့် တကွ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး မဂ်ဖိုလ်ဝင် နိဗ္ဗာန် မြင်နိုင်သည်အထိ စနစ်တကျ ရှုမှတ်နည်းတို့ကို လူကြီးလူငယ် မရွေး ဖတ်ရှုသူတိုင်း နားလည်နိုင်အောင် လွယ်ကူရှင်းလင်းစွာ ဖော်ပြထားသည်၊ တရားအားထုတ်နည်း များသည် မခက် ကြောင်း၊ အားမထုတ်ချင်တာသာ ခက်ကြောင်း တို့ကိုပါ သတိပေးထားသည်။

## လူနှင့် လူ့ပတ်ဝန်းကျင်ပါ တရားအားထုတ်ကြပုံ

တရားအားထုတ်သင့်ကြောင်း တိုက်တွန်းချက်တွင် မြတ်စွာ ဘုရားလက်ထက် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး ရွာသူ/ရွာသား များသည် ကိုယ်တိုင်လည်း သတိပဋ္ဌာန် ဝိပဿနာ တရား လိုက်စားအားထုတ်ပုံ၊ အားမထုတ်သူ တွေ့ကလည်း အပြစ်ပြ ဆုံးမ၍ အားထုတ်နည်းသင်ပေးပုံ၊ အခြားအားထုတ်ဖက်များ ကိုလည်း ချီးကျူးစကား ပြောကြားအားပေးပုံတို့ကို အတု ယူဖွယ် အားကျဖွယ် ဖော်ပြထားပြီး ထိုရွာ၌ လူများသာ မဟုတ် အဟိတ်တိရစ္ဆာန် ကျေးသားလေးကပင် တရားနှလုံး သွင်းပုံကို လင်္ကာစကားပြေနှစ်ထွေ အရေးအသား ပါသော ဗုဒ္ဓရက္ခိတ ကျေးသားလေးအကြောင်းကို သာဓကပြ၍ ယခု အခါ တရား အားမထုတ်ဖြစ်သေးသော ရဟန်း၊ ရှင်၊ လူ ပြည်သူ များအား ဝိပဿနာတရား အားထုတ်ဖို့ နှိုးဆော် တိုက်တွန်းထားပါသည်၊ အခိုက်အတန့် မေ့လျော့နေသူ မီးခဲ

ပြာဖုံး သူတော်ကောင်း၊ သူမြတ်လောင်းများ သတိရဖွယ် ကျေးဇူးတင်ဖွယ်ပင် ဖြစ်ပါသည်။

## သံဃာနှင့်တွေ့ယင် အိုးနင်းခွက်နင်းတို့ အတွက်

ယခုခေတ် ဗုဒ္ဓသာသနာဝင် လူငယ် တော်တော်များများ သည် ရဟန်းသံဃာတော်များနှင့် တွေ့ကြုံ စကားပြောဆိုရာ၌ 'ရှင်' တခွန်း၊ 'ဘုရား' တခွန်းနှင့် မပြောတတ်မဆိုတတ်၊ အိုးနင်း ခွက်နင်း ဖြစ်ကုန်တတ်ကြသည်။

ဤသို့ဖြစ်ရခြင်းမှာ ခေတ် အခြေအနေအရ သံဃာတော် များနှင့် ခလေးသူငယ်များ အတွေ့အဆုံနည်းပါးခြင်း၊ ရှေးဦး ဆရာများဖြစ်ကြသော မိဘများ ကိုယ်တိုင်က မိမိတို့ရင်သွေး များကို ငယ်ရွယ်နုနယ်စဉ် အချိန်ကတည်းက သင်ပြမပေးဘဲ အမှုမဲ့အမှတ်မဲ့ ပေါ့ပေါ့ဆဆနေကြခြင်း စသော အကြောင်း တို့ကြောင့် ဖြစ်ပါသည်။

ယင်းသို့ မဖြစ်ရလေအောင် ရဟန်းသံဃာတော် များနှင့် စကားပြောဆိုရာ၌ သုံးနှုန်းရသော အခြေခံ စကားလုံးများကို ဗုဒ္ဓရက္ခိတ ကျေးသားလေး ဝတ္ထု၌ပင် ခလေး ပညာပေး အနေဖြင့် တမင်ကြားညပ် ဖော်ပြထားသည်ကိုလည်း သားရှင် သမီးရှင်တိုင်း သတိပြုသင့်ပါသည်။

## အပြောနဲ့မပြီး - အလုပ်ပါမှပြီး

ဝိပဿနာတရားဟူသည် အပြောအဟောသက်သက်လောက်နှင့်မပြီးဘဲ လက်တွေ့အားထုတ်မှသာ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ကြောင်းကို ကမ္မဋ္ဌာနိကသမ္မိနိဂုံးသူ သတိပဋ္ဌာန် ဓမ္မကထိက မိတ္တာကာဠိ ထေရီမဝတ္ထုဖြင့် ထပ်ဆင့်သတိပေးကာ နိဂုံးချုပ်ထားသည်မှာ အဟောသမား အပြောသမားများ သတိပြုဖွယ် သံဝေဂရဖွယ် ဖြစ်ပါသည်။

## သီးခြား လက်ဆောင်မွန်

ဤတရားစာအုပ်၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ "ဓမ္မကထိကများ လိုက်နာရန် စည်းမျဉ်း"ကို သီးခြားလက်ဆောင်မွန်အဖြစ် ပူးတွဲဖော်ပြထားသည် ကိုလည်း တွေ့ရသည်။

မဆင်မခြင် အာလွန်, ရှာလွန် စည်းမဲ့, ကမ်းမဲ့ အရမ်းကာယော ပြောတတ်သူ ဝိပဿနာဓမ္မကထိကအမည်ခံ အချို့ပုဂ္ဂိုလ်များကြောင့် ဝိပဿနာဘုန်းကြီး ဆိုလျှင် ဒါနပယ်ပြီးတဖက်စောင်းနင်း ပြောဟောတတ်သူများ-ဟု အချို့က အထင်မှားတတ်ကြသည်၊ ထိုသို့ အထင်မှားသူများသည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မကထိကများ လိုက်နာရန်စည်းမျဉ်းကို ဖတ်ရှုခွင့်ရခြင်းဖြင့် မဟာစည် ဓမ္မကထိကများနှင့် ပတ်သက်၍ အရှိကို အရှိတိုင်း ခွဲခွဲခြားခြားသိမြင်ဖို့ပင် ဖြစ်ပါသည်။

## နည်းယူဖွယ်ရာ

ဤ"ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော်"ကို စာပေရှုဒေါင့်အမြင်ဖြင့် ပြောရလျှင် မြန်မာစကားလုံး သုံးနှုန်းရာ၌ အရပ်သုံးဆန်ဆန် လွယ်လွယ်သွက်သွက် စကားလုံးများကို အများဆုံးသုံးထားသဖြင့် ဖတ်ရှုရမှာ အခိပ္ပါယ်သိလွယ်သည်၊ မြန်မာစာ အရေးအသား ချောမွေ့ညက်ညောပြီး ခေတ်ပေါ် စာစီစာကုံး ရေးဟန်မျိုးဖြင့် ဖတ်ချင့်စဖွယ် ဝေဝေဆာဆာ ရေးသားထားသဖြင့် မြန်မာစာအရေးအသား ဝါသနာပါသူ လူငယ် ကလောင်ရှင်လောင်းများအတွက် တရားစာဖတ်ယင်း မြန်မာစာ အရေးအသားကိုပါ နည်းယူစရာ ရနိုင်ပါသည်။

## အမှာနိဂုံး

အချုပ်ပြောရလျှင် ညောင်ကန်-အရှင်ဣန္ဒကာ၏ "ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော်" သည် ဝိပဿနာ တရားအလုပ် အားမထုတ်ချင်သေးသူများအား အားထုတ်ချင်လာအောင်၊ အားထုတ်ချင်သူများအား အမြန်အားထုတ်ဖြစ်အောင်၊ အားထုတ်ဆဲ ပုဂ္ဂိုလ်များအား မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်မြင်သည်အထိ ဆက်တိုက် အားထုတ်ဖြစ်အောင် ဖက်စုံဆွဲဆောင်မှုအပြည့်အဝနှင့် နှိုးဆော်တိုက်တွန်း ရေးသားထားသော "မဟာသတိပဋ္ဌာန် ဝိပဿနာ တပ်လှန့်တရားစာ" ဖြစ်သည်-ဟုပင် ဆိုလိုက်ချင်ပါသည်၊ အစမှအဆုံးအထိ "ဖတ်ဖြစ်

အောင် ဖတ်ကြည့်စမ်းပါ" ဟု တိုက်တွန်းယင်း အမှာနိဂုံး အဆုံးသတ်လိုက်ပါသဘည်း။

မဟာစည် ဓမ္မကထိက-ပြန်တန်ဆာ-အရှင်သုန္ဒရ(ဘီ၊အေ)
အမျိုးသား ပဌမဆု ကျော်၊ အစိုးရ ဓမ္မာစရိယ
ပြန်တန်ဆာကျောင်း၊ အလယ်တောရကျောင်းတိုက်၊
ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

သာသနာတော်သက္ကရာဇ် ၂၅၂၁-ခုနှစ်။
ကောဇာသက္ကရာဇ်၊ ၁၃၃၉-ခုနှစ်၊ ဝါခေါင်လဆန်း ၇-ရက်
တနင်္ဂနွေနေ့၊ (၂၁-၈-၇၇)

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

# ဓမ္မကထိကများ လိုက်နာရန် စည်းမျဉ်း

န ခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ၊ ပရေသံ အာနန္ဒ ဓမ္မံ ဒေသေန္တေန ပဉ္စ ဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌပေတွာ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ ကတမေ ပဉ္စ၊ အနုပုဗ္ဗိကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ ပရိယာယဒဿာဝီ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ အနုဒ္ဒယတံ ပဋိစ္စ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ န အာမိသန္တရော ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ (ပဉ္စင်္ဂုတ္တရ - သဒ္ဓမ္မဝဂ်)

အာနန္ဒ၊ အာနန္ဒာ။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတုံ၊ ဟောခြင်းငှာ။ ဝါ၊ ဟောခြင်းသည်။ နခေါ သုကရံ၊ မလွယ်ကူလှပေ။ အာနန္ဒ၊ အာနန္ဒာ။ ပရေသံ ဓမ္မံ ဒေသေန္တေန၊ သူတပါးတို့အား တရားဟောပြသူသည်၊

ပဉ္စမမေ့၊ ငါးပါးကုန်သော နှလုံးသွင်းမှုတို့ကို။ အဇ္ဈတ္တံ ဥပဋ္ဌပေတွာ၊ မိမိ၏သန္တာန်၌ ဖြစ်စေပြီး၍။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောပြောအပ်၏။ ဟောပြောသင့်-ဟောပြောထိုက်၏၊ ဟောပြောရမည်။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့ကို ဖြစ်စေရမည်နည်းဟူမူကား။

(၁) အနုပုဗ္ဗိကထံ၊ အစဉ်အတိုင်းသော တရားစကားကို။ ကထေဿာမိတိ၊ ဟောမည်ဟုနှလုံးသွင်း၍။ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ သူတပါးတို့အား တရားကို ဟောပြအပ်၏။

ဒါနကထာ သီလကထာ သဂ္ဂကထာ ကာမာဒိနဝကထာ-နေက္ခမ္မာနိသံသကထာ- စတုသစ္စာဆိုင်ရာ မဂ္ဂကထာ ဟူသော ဤဒေသနာအစဉ်ဖြင့် ဟောသင့်သော ကာလဒေသတို့၌၊ ၎င်းအစဉ်အတိုင်းပင် ဟောပြောအပ်၏။ အထူးအားဖြင့်ကား ဘာဝနာအလုပ်၌ ကောင်းစွာမလေ့လာဘူးသေးသော အရပ်ဒေသများတွင်၊ ဘာဝနာလုပ်ငန်းတရားကို ဟောလိုလျှင်၊ ဒါနကထာမှ အစချီ၍ ဟောအပ်၏။ ထိုသို့မဟုတ်ဘဲ၊ ဘာဝနာကိုသာ ဟောမိလျှင်၊ ဒါနကိုပယ်သည်ဟုထင်မှတ်၍၊ တရား၌ မလေးစားဘဲရှိတတ်၏။ သုတ်တခုခုကိုဖြစ်စေ၊ ဂါထာတခုခုကို ဖြစ်စေ၊ ဟောရန်အရင်းခံပြု၍ တည်ထားမိလျှင်ကား၊ ထိုသုတ် ထိုဂါထာတို့နှင့် စပ်ဆိုင်သော အနက်အဓိပ္ပါယ်တို့ကို အစဉ်အတိုင်း ရှင်းလင်းဝေဘန်၍ ပြည့်စုံစွာဟောအပ်၏။ ထိုသို့မဟုတ်ဘဲ- ခုန်ကျော်ခုန်ပေါက်နှင့် ရောက်တတ်ရာကိုလျှောက်၍၊ ဘာမော္ကမအားဖြင့် မဟောအပ်ပေ။

(၂) ပရိယာယဒေသနာဝီ၊ အကြောင်းယုတ္တိကိုပြလျက်။ ကထံ၊ တရားစကားကို။ ကထေဿာမိတိ၊ ဟောမည်ဟု နှလုံးသွင်း၍။ ပရေသံ ခမ္မော ဒေသေတဗ္ဗော၊ သူတပါး တို့အား တရားကို ဟောပြောအပ်၏။

ပရိယာယ ဒေသာဝိတိ တဿ တဿ အတ္ထဿ တံတံကာရဏံ ဒေသေန္တော- အဋ္ဌကထာ။ ။ဟော ပြ အပ် သော တရား၏ အဓိပ္ပါယ်၌ တရားနာသူတို့ မသက်ဝင် မယုံကြည် နိုင်ဘွယ်ရှိလျှင် တရားနာသူတို့ နားလည်၍ ယုံကြည်သက်ဝင်နိုင်လောက် အောင် သင့်လျော်မှန်ကန်သော အကြောင်းယုတ္တိကို ဖေါ်ပြ၍ ဟောအပ်၏။ ဥပမာ— ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ- ဤသို့သော ဒေသနာကို ဟောသောအခါ၌၊ "သွားလျှင်သွားသည်"ဟု မှတ်သိရုံဖြင့် အဘယ်သို့ ဝိပဿနာဖြစ်နိုင်ပါမည်နည်း၊ အဘယ်သို့ ပ-ဇာနန-အပြားအားဖြင့်သိခြင်းဖြစ်နိုင်ပါမည်နည်း အများသူငါသိနေပုံနှင့် အဘယ်သို့ထူးခြားပါသနည်း၊ အတူတူ ပင်ဖြစ်ရာသည် မဟုတ်ပါလော" ဤသို့ စသည်ဖြင့် တရားနာသူ တို့မှာ စဉ်းစားဝေဘန်လျက် ယုံမှားမှုဖြစ်တတ်၏။ ထိုအခါမျိုး၌ "ကောဂစ္ဆတိ၊ ဘယ်သူ သွားသနည်း။ ကဿဂမနံ၊ ဘယ်သူ၏ သွားခြင်းပေနည်း၊ ကိံ ကာရဏာဂစ္ဆတိ-ဘယ်အကြောင်းကြောင့် သွားသနည်း၊" ဟူသော ဤအမေး သုံးရပ်လုံး ပြေလည်သွား အောင်၊ ယောဂီ၏ အပြားအားဖြင့် သိပုံကိုပြထားသော အဋ္ဌကထာ အဖွင့်မျိုးကိုမှီ၍၊ ယခု ယောဂီတို့၏ လက်တွေ့ ထူးခြား

သော သိပုံများဖြင့် ရှင်းလင်း ဝေဘန်လျက်၊ တရားနာသူတို့ ကောင်းကောင်း သက်ဝင်ယုံကြည်နိုင်လောက်အောင် ဟောပြအပ်၏။

(၃) အနုဒ္ဒယတံ ပဋိစ္စ၊ သနားခြင်းကိုစွဲမှီ၍။ ကထံ၊ တရားစကားကို။ ကထေဿာမိတိ၊ ဟောမည်ဟုနှလုံးသွင်း၍။ ပရေသံ၊ ဓမ္မော ဒေသေတဗ္ဗော၊ သူတပါးတို့အား တရားကိုဟောပြောအပ်၏။

အလွန်ကျဉ်းမြောင်း ကြပ်တည်းသော ဝဋ်ဆင်းရဲထဲ၌ ကျရောက်နေသော သတ္တဝါတို့အား၊ ထိုဆင်းရဲမှ ထွက်မြောက်နိုင်အောင် နှလုံးသွင်းအားထုတ်ဘို့ တရားကိုဟောမည်ဟုရည်ရွယ်၍ ဟောအပ်၏။ ဤသို့စင်ကြယ်သောရည်ရွယ်ခြင်းသည် ဘာဝနာတရားကို ဟောရာ၌ မလွယ်ကူလှပေ။ ကိုယ်တိုင်က ပြည့်စုံစွာ အားထုတ်ပြီးသော်ငြား၊ အားထုတ်မှု မပြည့်စုံသေးလျှင်လည်း မျက်မှောက် ကိုယ်တိုင်သိများကို များစွာ တွေ့ရပြီးသည့် တိုင်အောင် အားထုတ်ဘူးသည် သော်ငြား၊ ဖြစ်ပါမှ သာလျှင် ဘာဝနာလုပ်ငန်း တရားကိုဟောရာ၌ ထိုသို့သော ရည်ရွယ်ခြင်း စင်ကြယ်စွာဖြစ်နိုင်ပေမည်။ ကိုယ်တိုင် အားထုတ်မှု၊ ကိုယ်တိုင် တွေ့သိမှုက ဘာမျှမရှိသေးပါဘဲလျက်၊ ဘာဝနာလုပ်ငန်းတရားကို ဟောရမည်ဆိုလျှင် သူတပါးတို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်အောင် နှလုံးသွင်းအားထုတ်နိုင်စေရန် စင်ကြယ်စွာရည်ရွယ်နိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်နည်းဟူမူ- ဟောသောပုဂ္ဂိုလ်ကပင် မိမိဟောသော လုပ်ငန်းစဉ်ဖြင့် မဂ်ဖိုလ်သို့ ကေန်ရောက်

နိုင်သည်ဟု စိတ်ချလက်ချ သက်ဝင်ယုံကြည်ချက် မရှိသေးသော ကြောင့်ပေတည်း။ သို့ဖြစ်၍- ဘာဝနာလုပ်ငန်းတရားကို ဟော သော မေ့ကထိက ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ အလိုတော်ကျ အားဖြင့် ဟောလိုလျှင်၊ သိသင့်သမျှကို မျက်မှောက်သိပြီးဖြစ် အောင် မိမိကိုယ်တိုင်ပင် ရှေးဦးစွာ အားထုတ်၍ စိတ်ချလက်ချ သက်ဝင်ယုံကြည်ချက် ရှိသောအခါကျမှ "ငါကဲ့သို့ပင် သိကြ ပါစေ" ဟု သနားသော စိတ်ဖြင့် ဟောအပ်၏။ ဤသို့ဟော ခြင်းသည်--

ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊

ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ၊

သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ၊

တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ၊

ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေ သေတိ၊

ဟူသော စူဠသစ္စကသုတ် ဒေသနာတော်နှင့်အညီ၊ မြတ်စွာ ဘုရား၏ ဟောပြောနည်း အတိုင်းပင်ဖြစ်သောကြောင့်၊ ဖြူစင် မြင့်မြတ်သော ဟောပြောခြင်းပေတည်း။ သို့ဖြစ်၍ ဤသို့သော ဟောပြောခြင်းမျိုးဖြင့် ဟောပြောနိုင်ရန် အားထုတ်ရာ၏။

(၄) နာအာမိသဂ္ဂရော၊ အာမိသ၌ မြော်သောစိတ်မရှိသည် ဖြစ်၍။ ဝါ၊ အာမိသကို မတောင့်တလျှင်း သန့်ရှင်းစင်ကြယ် သော စိတ်ရှိသည်ဖြစ်၍။ ကထံ၊ တရားစကားကို။ ကထေသော

မီတိ၊ ဟောမည်ဟု နှလုံးသွင်း၍။ ပရေသံ ဓမ္မော ဒေသေတဗ္ဗော၊ သူတပါးတို့အား တရားကို ဟောပြောအပ်၏။

တရားဟောသည့်အတွက် "ငါ့ကို ချီးမွမ်းကြလိမ့်မည်၊ ကြည်ညိုကြလိမ့်မည်၊ လှူဒါန်းပူဇော်ကြလိမ့်မည်" ဤသို့စသည်ဖြင့် ဂုဏ်သတင်းနှင့် လာဘ်လာဘပစ္စည်းဟူသော အာမိသကို မြော်လင့်၍ မဟောအပ်။ အာမိသကို မြော်လင့်မှု လုံးဝကင်း၍၊ တရား၌ အလေးပြုလျက် စင်ကြယ် မြင့်မြတ်သော စိတ်ဖြင့်သာ ဟောအပ်၏။ ဟောပြီးသော ကာလ၌လည်း ချီးမွမ်းကြသည်၊ ကဲ့ရဲ့ကြသည်၊ သဘောကျကြသည်၊ မကျကြသည်တို့ကို စုံစမ်းမေးမြန်း၍ မနေရာ။ အကျိုး များစေ နိုင်သော တရားမှန်ကို ဟောခြင်းသည် တရားဟောသော ပုဂ္ဂိုလ်၏ အလုပ်တာဝန်ပေတည်း။ ထိုတရားမှန်ကို သဘောကျခြင်း၊ လိုက်နာ၍ကျင့်ခြင်းများသည်တရားနာပုဂ္ဂိုလ်တို့၏အလုပ်တာဝန်ပေတည်း။သို့ဖြစ်၍ ဓမ္မကထိကပုဂ္ဂိုလ်သည် တရားမဟောမီကလည်း မိမိ၏ အလုပ်တာဝန်ကို ကြေပြွန်အောင် ဆောင်ရွက်ရန်ကိုသာ နှလုံးသွင်း၍ ဖြူစင်မြင့်မြတ်သောစိတ်ဖြင့် ခန့်ခန့်ငြားငြား ဟောပြောအပ်၏။ ဟောပြီးသော ကာလ၌လည်း "ငါ့တာဝန် ကိုတော့ ငါ ဆောင်ရွက်ပြီးပြီ၊ သူတို့၏တာဝန်သာ လိုတော့သည်၊ သူတို့ ကြေပြွန်အောင် ဆောင်ရွက်ကြလျှင် သူတို့မှာ ကျေးဇူးများသွားပေလိမ့်မည်၊ မဆောင်ရွက်ဘဲ နေကြလျှင်လည်း၊ သူတို့မှာသာလျှင် ကျေးဇူးမရှိရုံမျှဘဲ၊ ငါ့တာဝန်မဟုတ်"ဟု နည်းသင့်သမျှအတိုင်းသာလျှင် နှလုံးသွင်း၍ စိတ်အေး လက်အေးနှင့် ဣန္ဒြေရရ နေထိုင်တတ်စေရမည်။

(၅) အတ္တာနဥ္စ၊ မိမိကိုယ်ကိုရင်း။ ပရဥ္စ၊ သူတပါးကိုရင်း။ အနုပဟစ္စ၊ မထိပါးမူ၍။ ကထံ၊ တရားစကားကို။ ကထေ သာမီတိ၊ ဟောမည်ဟု နှလုံးသွင်း၍။ ပရေသံ ဓမ္မော ဒေသေ တဗ္ဗော၊ သူတပါးတို့အား တရားကို ဟောပြောအပ်၏။

မိမိကိုယ်ကို ချီးမြှောက်၍ ဟောခြင်းသည် မိမိကိုယ်ကို ထိပါး၍ ဟောသည်မည်၏၊ သူတပါးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် နှိမ်ချ၍ ဟောခြင်းသည် သူတပါးကို ထိပါး၍ ဟောသည် မည်၏၊ ဤ ၂-မျိုး လုံးကိုပင် ရှောင်ကြဉ်အပ်၏၊ သို့ဖြစ်၍ ဓမ္မကထိကသည် မိမိကျန်းဂန်တတ်ကြောင်း၊ စိတ်သဘောထား မြင့်မြတ်ကြောင်း၊ တရား အားထုတ်ကြောင်း၊ ဉာဏ်အထူး များသို့ ရောက်ကြောင်း စသည်များကိုဖော်ပြလျက် မိမိကိုယ် ကိုလည်း မြှောက်ပင့်၍ မဟောအပ်၊ တပည့်ဒါယကာ ဒါယိ ကာမ ပေါများကြောင်း၊ ဘုန်းကြီးကြောင်း စသည်များကို ဖော်ပြလျက် မဟောကောင်းသည်မှာ ဆိုဘွယ်ပင်မရှိတော့ပြီ၊ သို့ရာတွင် "ကိုယ်တိုင်တော့မကျင့်ပါဘဲ သူတပါးအားသာလျှင် ဟောနေသည် ဟူ၍ရင်း၊ အလှုန်ခဲယဉ်း ကြပ်တည်းသော အလုပ်၌ တိုက်တွန်းနေသည်ဟူ၍ရင်း၊ သူ့အဆုံးအမ အတိုင်း လိုက်နာ၍ အားထုတ်သူရှိမည်မဟုတ်ဟူ၍ရင်း" ဤသို့ စသည် ဖြင့် တရားနာယူသူတို့က ထင်မှားရန်ရှိသော အခါ၌ကား မိမိ၏ အားထုတ်ခဲ့ပုံ အားထုတ်၍ နိုင်နိုင်နင်းနင်း ဖြစ်ခဲ့ပုံ များနှင့် မိမိသြဝါဒကို လိုက်နာ၍ ကျကျနန အားထုတ် သူများ ရှိကြောင်း စသည်များကိုလည်း ဟောပြောကောင်း

၁၂၁၀၄

သေးပေ၏။ ဤသို့ ဟောပြောခြင်း သည်ကား မိမိကိုယ်ကို ချီးမြှောက်၍ အတုက္ကံသနဖြင့် ဟောခြင်း မဖြစ်ပေ၊ အမှန် အားဖြင့်သော်ကား ဗုဒ္ဓသာသနာတော် တရားတော်ကို ချီး မြှောက်၍ ဟောခြင်းသာ ဖြစ်ပေသည်၊ ထို့ကြောင့်ပင်လျှင် ဘုရားရှင် ကိုယ်တော်တိုင်လည်း မိမိ၏အားထုတ်ခဲ့ပုံ စသည်ကို ရံခါရံခါ၌ ထုတ်ဖော်၍ ဟောတော်မူပေသည်။

ထို့ပြင် တစုံတယောက်သောသူကို အမည်နာမဖြင့် ထုတ် ဖော်၍ ထိုသူ၏အပြစ်ကိုဖော်ပြလျက် သူတပါးကို ပုဂ္ဂလဓိဋ္ဌာန် အားဖြင့် နှိမ့်ချ၍မဟောအပ်၊ သို့ရာတွင် လမ်းမှားကို သိစေ ခြင်းဖြင့် လမ်းမှန်ကို ထင်ရှား ခိုင်မြဲအောင် ဟောသင့်သော အခါ၌၊ "အချို့ပုဂ္ဂိုလ်က မည်သို့ ပြောဟောသည်၊ မည်သို့ ယူဆသည်၊ မည်သို့ကျင့်ကြံသည်"ဟု ဓမ္မာဓိဋ္ဌာန် အားဖြင့်သာ သျှင် ဖော်ပြ၍၊ ထိုသို့ဟောပြောခြင်း ယူဆခြင်း ကျင့်ကြံခြင်း များမှာ သဘာဝမကျကြောင်း၊ ကျမ်းဂန်နှင့် မညီကြောင်း များကို ဓမ္မာဓိဋ္ဌာန်အားဖြင့် နှိမ်ချပယ်မြစ်၍ ဟောခြင်းသည် ကား အပြစ် မရှိသည်သာတည်း၊ ထို့ကြောင့်ပင်လျှင် ထိုထို များစွာသော သုတ်တို့၌ ဘုရားရှင် ကိုယ်တော်တိုင်ပင် "သန္တိ ဓေါပန သာရိပုတ္တ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒီနော" စသည်ဖြင့်၎င်း၊ ဣဓ ဘိက္ခဝေ ဧကစ္စော အစေလကောဟောတိ- စသည်ဖြင့်၎င်း လမ်းမှားကို ဓမ္မာဓိဋ္ဌာန်အားဖြင့်ဖော်ပြ၍ လမ်း မှန်ကို မြဲမြန်ထင်ရှားစေလျက် ဟောကြားတော် မူပေသည်၊ ထို့ပြင် ပုဂ္ဂိုလ်အား နှိမ်ချလိုသောစိတ်မရှိပါဘဲ ပါပဓမ္မကိုသာ ရှုတ်ချလျက် ထိုပါပဓမ္မ၏ အပြစ်ကြီးမားကြောင်းကို ထင်ရှား

သိစေလိုသော ကာလ၌မူကား ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ဖော်ပြ၍ ဟောသော်လည်း အပြစ်မရှိဟု ယူသင့်ပေ၏၊ ထို့ကြောင့် ဘုရားရှင် ကိုယ်တော်တိုင်ပင် ဒေဝဒတ္တော အာပါယိကော စသည်ဖြင့်၎င်း၊ သုနက္ခတ္တော အာပါယိကော စသည်ဖြင့်၎င်း ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ထုတ်ဖော်၍ သံဃဘေဒ မိစ္ဆာဒိဋ္ဌိစသော ပါပဓမ္မတို့ကို ရှုတ်ချလျက် ဟောကြားတော် မူပေသည်။

ထို့ပြင် ဥပရိပဏ္ဏာသ အရဏဝိဘင်္ဂသုတ်၌ လာသော ဓမ္မကထိက ဥပဒေသများကိုလည်းလိုက်နာသင့်သေး၏။ ၎င်းတို့မှာ-

(၁) တပည့် ဒါယကာ ဒါယိကာမတို့ကို မြှောက်ပင့်၍ မဟောခြင်း၊

(၂) ခြိမ်းခြောက်နှိမ်ချ၍ မဟောခြင်း၊

(၃) တရားသဘောကိုသာ ရိုးရိုးဟောခြင်း၊

(၄) အစ္ဆုတ္တသုခခေါ် သမထဝိပဿနာ မဂ်ဖိုလ်ချမ်းသာကို မှီဝဲခြင်း၊

(၅) မျက်ကွယ်၌သူတပါးကို မကဲ့ရဲ့ခြင်း၊

(၆) မျက်မှောက်၌ ရန့်ရင်း ကြမ်းတမ်းစွာ နားမခံသာအောင် မရှုတ်ချခြင်း၊

(၇) အမြန် မဟော ပြောမူ၍ ဖြေးညှင်းစွာ ရှင်း ရှင်း လင်းလင်း ဟောပြောခြင်း၊

(ဂ) ရောက်ရာ အရပ်ဒေသ၌ သုံးစွဲသော ဝေါဟာရ စကားတို့ကို မပစ်ပယ်မူ၍ ထိုဝေါဟာရ စကားလုံး များဖြင့်ပင် သုံးစွဲပြောဟောခြင်း၊

(ဃ) အမည် နာမ ပညတ်ကို ကျော်လွန်၍ မဟောခြင်းများ ဖြစ်ပေသည်၊

ဤ ဥပဒေများကိုလည်း ဓမ္မကထိကတို့ လိုက်နာနိုင်သမျှ လိုက်နာသင့်ပေ၏။ လိုက်နာ ဟောပြောခြင်းဖြင့် ဗုဒ္ဓသာသနာ တော်ကို မြှင့်တင်နိုင်ကြပါစေ။

စည်းမျဉ်းခန်း ပြီး၏။

# မဟာစည် ဓမ္မကထိက
# စည်းမျဉ်းကဗျာ

* ဟောပြောတဲ့ခါ စိတ်မှာထားဖို့၊
စည်းမျဉ်းငါးမျိုး ဖော်ပြမယ်။
ဒါန,စလာ အစဉ်တရားကို၊
အထင်မမှားအောင် ဟောရမယ်။
ယုတ္တိချင့်ကာ ဟောဘို့သင့်ယင်၊
ယုတ္တိနှင့်ဘဲ ဟောရမယ်။
သနားစိတ်ကို မပြတ်ပွားလို့၊
အမြတ်တရားကို ဟောရမယ်။
ပစ္စည်းလေးပြာ ပူဇော်ရေးကို၊
မမြော်တွေးဘဲ ဟောရမယ်။
ကိုယ်ရောသူ့ပါ မထိပါးအောင်၊
သတိထားလို့ ဟောရမယ်။
အင်္ဂုတ္တိုရ်လာ မိန့်စကားကို၊
နည်းစံထားလို့ မှတ်ကြကွယ်။
အဲဒီသို့ မဟာစည်ထေရ စည်းမျဉ်းပြ၊
မှချလိုက်နာဖွယ်၊ ဟုတ်တယ် - ဟုတ်တယ်။

မဟာစည်ဓမ္မကထိက ပြန်တန်ဆာ အရှင်သုန္ဒရ
(ဓမ္မာစရိယ ဘီ၊အေ) ရေးဖွဲ့သည်။

# ကျေးဇူးစကား

ဤစာအုပ် ဖြစ်မြောက်ရေး အတွက် ကက်ဆက် တရားကြီးခွေမှ တရားစာမူကြမ်း ကူးယူကူညီတော်မူကြသော....

၁။ မင်္ဂလာဒုံ ကျိုက္ကလဲ့ကျောင်းကြီး မဟာစည် ဓမ္မကထိက-အလင်းရောင် ဦးသာသန အားရင်း၊

၂။ ရန်ကုန် သာသနာ့ရိပ်သာ မဟာစည် ဓမ္မကထိက-ဦးပဏ္ဍိတ (တောင်တွင်းကြီး) အားရင်း၊

လက်နှိပ်စက် ရိုက်နှိပ်ကူညီသော....

၃။ ခတ္တိယ -ကျွန်းဦးရွာ ၁၀-တန်း ကျောင်းသူ မကြည်ငြိမ်းအားရင်း၊

ဘဏ္ဍာရေး ရှာဖွေထိန်းသိမ်း စောင့်ရှောက်ပေးသော....

၄။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ၊ အခန်း (၁၉) မယ်တော်ကြီး ဒေါ်ပွဲဟန်အားရင်း၊

ကျောင်းသားကပ္ပိယအဖြစ် စာရင်းကိုင် ဆောင်ရွက်ပေးသော....

၅။ ရန်ကုန်မြို့၊ ၁၆- သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အဝယ်တော် စာရေးဝန်ထမ်း မောင်အုန်းရွှေ (ဘီ၊အေ) အားရင်း၊

၆။ အစစအရာရာ စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးကြသော ဓမ္မမိတ်ဆွေများအားရင်း ကျေးဇူးတင်ပါသည်။

# ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင်

# တရားတော်

## စကားဦး

ယနေ့ညဟာ ၁၃၃၈- ခု၊ တပေါင်းလဆန်း (၆) ရက်နေ့ ညဘဲ၊ တရားပွဲကျင်းပတဲ့ နေရာကတော့ ရန်ကုန်တိုင်း ဥက္ကလာပမြို့ တောင်ပိုင်း (၁၀) ရပ်ကွက် ကျက်သရေဆောင် ဟေမဝန် ဓမ္မာရုံကြီးပေါ်၊ ကျင်းပနေတဲ့ တရားပွဲကြီးကတော့ မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားပွဲကြီးဖြစ်တယ်။

အဲဒီပွဲတော်ကြီးရဲ့ ဒုတိယညဖြစ်တဲ့ ယနေ့ညမှာ ဘုန်းကြီး ဟောကြားဘို့ စီမံထားတာက "ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွား စေချင် တရားတော်" ဖြစ်ပါတယ်။

ဒီတရားတော်ကို မဟောကြားမီ ရှေးဦးစွာ ဖြဟ္မာ နတ် လူ သုံးဘုံသူတို့ရဲ့ အားထား ကိုးကွယ်ရာ ဆရာမြတ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားကို ရှိခိုးဝပ်တွား ဦးထိပ်ထားပါဦးမယ်။

ညောင်ကန်-အရှင်ဣန္ဒက

## ပဏာမ ပညာပေးဘုရားရှိခိုး

ဗုဒ္ဓေါ သော ဘဂဝါ၊

ဗောဓာယ ဓမ္မံ ဒေသေတိ၊

တံ ဘဂဝန္တံ အဟံ ဝန္ဒာမိ။

သော ဘဂဝါ၊ အကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသောထိုမြတ်စွာဘုရားသည်။ဗုဒ္ဓေါ၊သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည် ဖြစ်၍။ ဗောဓာယ၊ သတ္တဝါအများ အကျွန်ုပ်တို့ အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ သစ္စာလေး တန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့ထား၍ ပညာအား ဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာ ဘုရားကို။ အဟံ၊ ခန္ဓာငါးခု ရုပ်နာမ်စုကို ငါဟုသမုတ် အကျွန်ုပ်သည်။ အဟံ၊ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်ကို ကိုယ်ဝယ်တင်လွှမ်း ရဟန်း မှည့်ခေါ် တပည့်တော်သည်။ အဟံ၊ ရန်ကုန်မြို့ သာသနာ့ရိပ် သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား ကြီး၏တပည့်ဖြင့်တဲ့ ဇာတိရပ်ဌာန် စွဲခေါ်ပြန်သော် ညောင်ကန် ဣန္ဒက- နာမသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး မာန်ညွတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား.... (သာဓု..... သာဓု....သာဓု....)။

## ဗုဒ္ဓဝင်နိဒါန်း ဆုပန်ခန်း

ဤကမ္ဘာမှ ပြန်၍ ရေတွက်သည် ရှိသော် လွန်ခဲ့တဲ့ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်တန်းက ငြိမ်းချမ်းသာယာ စိုပြေလှစွာသော အမရဝတီမင်းနေပြည်တော်မှာ ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ သုမေဓာ မည်တဲ့ ပုဏ္ဏားဖြစ်ခဲ့တယ်။

သူဟာ မိဘနှစ်ပါး ကွယ်လွန်သွားတော့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကတည်းက သူ့ရဲ့မိဘနှစ်ပါးလက်ထက်အထိ ကျန်ရစ်ခဲ့တဲ့ ကုဋေပေါင်းများစွာသော စည်းစိမ်းချမ်းသာတွေကို မြင်တွေ့ရတော့တယ်။

ဒီတော့ "ငါ့မိဘဘိုးဘွား ဆွေမျိုး ခုနစ်ဆက် တို့သည် ဒါလောက်များတဲ့ ဥစ္စာတွေကို စုဆောင်းခဲ့ကြပြီး ကွယ်လွန်ကြတဲ့အခါ တကျပ်တပြားကိုမျှ ယူမသွားနိုင်ရှာကြဘူး၊ ငါတော့ဖြင့် ကွယ်လွန်ရာသို့ တကျပ်တပြားမှမချန်ဘဲ ယူသွားနိုင်တဲ့နည်းကို ပြုလုပ်သင့်လှပေတယ်"လို့ ဆင်ခြင်တော်မူမိတယ်။

ဒါကြောင့် အမရဝတီနေပြည်တော်တခွင်လုံးမှာ "ပစ္စည်းဥစ္စာ လိုသူတိုင်း လာရောက် ယူကြ ပေတော့"လို့ ကျေညာပြီး အယုတ်အလတ် အမြတ်မရွေးဘဲ လာယူသူတိုင်းအား အလှူကြီးပေးတော်မူသတဲ့။

ပြီးတော့ အလောင်းတော် သုမေဓာဟာ လူဝတ်ကြောင်ကို ပယ်လျက် လျှော်တေသကန်းကို ဆင်မြန်းလျက် တောထွက်ပြီး သမထဘာဝနာကို ပွားရာ လောကီစျာန်သမာပတ်များကို ရရှိ တော်မူပါတယ်။

ဒီအခါ လောကသုံးပါး၏ ဦးစီးခေါင်းဆောင် အကြီးအကဲ ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားဟာ လောကမှာ ထင် ရှားပွင့်တော်မူတယ်။

ဒီပင်္ကရာ မြတ်စွာဘုရားလဲ ဘုရား ဖြစ်တော်မူ ပြီးနောက် သုနန္ဒာရာမ အရပ်မှာ ဓမ္မစကြာတရားဦးကို ဟောတော်မူတယ်။ ကုဋေတရာသော နတ်လူတို့အား တရားအမြိုက်ဆေးကိုတိုက်ကျွေး တော်မူပါတယ်၊ ဒီနောက်ဆက်လက်ပြီး သတ္တဝါအများအား ကိလေသာကုန်ခမ်း ငြိမ်းချမ်းမှုရအောင် ဒေသစာရီ လှည့်လည် ဟောကြားတော်မူပါတယ်။

ဂေါတမ မြတ်စွာဘုရား အလောင်းတော် သုမေဓာရသေ့ သည်း ဒီပင်္ကရာမြတ်စွာဘုရား ပွင့်ထွန်းတော်မူသည်ကိုပင် မသိ သေးဘဲ စျာန်သမာပတ် ချမ်းသာစွာဖြင့် ပျော်မွေ့နေစဉ်—

ဒီပင်္ကရာစေမြတ်စွာလဲ တပည့်ရဟန္တာ လေးသိန်း ခြံရံပြီး ဒေသစာရီ လှည့်လည်တော်မူလာရာရမ္မာပြည် သုဒဿနကျောင်း ကြီးမှာ သီတင်းသုံး စံနေတော်မူပါတယ်။

ဒီအခါမှာ ရမ္မာဝတီ ပြည်သူပြည်သားများလဲ ဒီသတင်းကို ကြားရတော့ သုဒဿနကျောင်းတော်မှာ သီတင်းသုံးစံနေတော်မူတဲ့ ဒီပင်္ကရာမြတ်စွာဘုရား ထံတော်သို့ သွားရောက်ပြီး ပန်းနံ့သာ စသည် လှူဘွယ်တွေနဲ့ ပူဇော်ပြီး တရားတော်ကိုလဲ နာကြားကြတယ်။

တရားနာပြီးတော့ နက်ဖန်နံနက်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းစားပင့်ပြီး ပြန်ခဲ့ကြတယ်။

ရမ္မာဝတီ ပြည်သူ ပြည်သားများဟာ ဆွမ်းကပ်မည့်နေ့မှာ အသဒိသအလှူကြီးကို စီစဉ်ပြီးတော့ မဏ္ဍပ်စသည် ပူဇော်ဘွယ် အလီလီကို ပြုပြင်စီရင်ကြတယ်၊ လမ်းတလျှောက်လုံး သန့်ရှင်းရေးလုပ်ပြီး ရွှံ့ဗွက်ဖို့ခြင်း၊ တံတားခင်းခြင်းများ ကိုလဲ ညီညာစုပေါင်း ကောင်းစွာပြုလုပ်နေကြတယ်။

ဒီအခါမှာ အလောင်းတော် သုမေဓာလဲ ကောင်းကင်ခရီးဖြင့် ကြွတော်မူစဉ် ရမ္မာဝတီပြည်သူပြည်သားများရဲ့ လုပ်ရှားပုံကို စိတ်ဝင်စားပြီး သက်ဆင်းကုံစမ်းတယ်။

အကြောင်းစုံ သိရတဲ့အခါ သူ့အတွက်လဲ တနေရာတောင်းပြီးတော့ လုပ်အားကုသိုလ် ပြုတော်မူတယ်။

လူအများကလဲ သူ့ရဲ့ အလောင်းတော် သုမေဓာရသေ့ရဲ့ အဘိညာဏ်တန်ခိုးကိုမြင်ပြီး တန်ခိုးကြွဒ္ဓိပါဒ်နဲ့ပြုပြင်မည်အထင်နဲ့ ဗွက်တူးပြောတဲ့နေရာကို တာဝန်ပေးကြတယ်။

အလောင်းတော် သုမေဓာကလဲ ကုသိုလ်ယူရာမှာ တန်ခိုး အရှိန်အဝါမသုံးဘဲ ရိုးရိုးပင် မြေသယ်ပြီးဖို့တယ်။

အလောင်းတော် သုမေဓာရသေ့ရဲ့ တာဝန်ကျ ဗွက်ကြီး အပြီးမသတ်ခင် ဒီပင်္ကရာမြတ်စွာဘုရားကလဲ ရဟန္တာလေးသောင်း ခြံရံပြီး ကြွလာတော်မူပါရောတဲ့။

ဒီအခါလူနတ်အပေါင်းတို့လဲ စည်တော်ငြိမ့်ညောင်း အိုးစည် ဗုံပေါင်းတို့နဲ့ သောင်းသောင်း ဖျဖျကြိုဆိုကြတယ်။

ဒီအခါမှာ အလောင်းတော်သုမေဓာလဲ အတုမရှိ မှိုင် ထွတ်ထား ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ကြည်ညိုဖွယ်ဂုဏ် အစုံစုံကို မမှိတ်မသုံ ဖူးမျှော်ယင်း–

"ဒီပင်္ကရာ စောမြတ်စွာသည် ငါ့တာဝန်မပြီးသေးတဲ့ ညွန် ပျောင်းမှာ ဆင်းရဲစွာမကြွစေပါလင့်၊ ငါ့အသက် သေလို့ သေပါစေ၊ ကိုယ်ကိုဝပ်စင်း တံတားခင်းလူမည်၊ ရဟန္တာ လေးသောင်းနှင့် မြတ်စွာဘုရားသည် ငါ့ကျောပြင်ကို နင်းကြွ တော်မူပါစေ၊ ဒီအတိုင်းကြွခြင်းဟာ ငါ့အတွက် ကြာရှည်စွာ စီးပွားချမ်းသာဖြစ်ရန် ကောင်းဖြစ်မည်" လို့ ကြံစည်ဆုံးဖြတ်ပြီး ညွန်ပျောင်းပေါ်မှာ ကိုယ်ကိုဝပ်စင်း တံတားခင်းပြီး လှူဒါန်း ပါတယ်၊ ဒါဟာ သက်စွန့်ကြိုးပန်းလှူဒါန်းခြင်းပါဘဲ။

ဒီအခါမှာ အလောင်းတော် သုမေဓာရသေ့အား ဘုရား ဖြစ်ရ ဒီလိုစိတ် ကြံ ဖြစ်တော်မူတယ်။

၁။ ဗုဒ္ဓေါ ဗောဓေယျံ-ရှေးဦးစွာ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် ငါကိုယ်တိုင်ထိုးထွင်းသိမြင်ပြီးတော့ သတ္တဝါများ နတ်လူအားလဲ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားသိအောင် ငါဟောကြားကယ်တင်တော်မူမည်။

၂။ မုတ္တော မောစေယျံ-ရှေးဦးစွာ ငါကိုယ်တိုင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သူ သဗ္ဗညုဘုရားဖြစ်အောင် အားထုတ်ပြီးတော့မှ သတ္တဝါအများ လူနတ်အားလဲ လွတ်မြောက်စေရန် တရားမှန်ကို ကေန်ဟောကြား ကယ်တင်တော်မူမည်။

၃။ တိဏ္ဏော တာရေယျံ-ရှေးဦးစွာ ငါကိုယ်တိုင် သံသရာရေယာဉ်ကျောကို ကူးမြောက်နိုင်သူ သဗ္ဗညု ဘုရားဖြစ်အောင် အားထုတ်ပြီးတော့မှ သတ္တဝါအများ လူနတ်အားလဲ ကူးမြောက်စေရန် တရားမှန်ကို ကေန်ဟောကြား ကယ်တင်တော်မူမည်။

ဒီလိုပင် အလောင်းတော် သုမေဓာက ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တောမောစေယျံ၊ တိဏ္ဏော တာရေယျံ-အကြံသုံးပါး အရင်းထား၍ ဘုရားဖြစ်ရန် ဆုပန်မည်ရှိစဉ်....

ဘုရားဖူး ပရိသတ်များဆီသို့ သုမိတ္တာအမည်ရတဲ့ ပဏ္ဏားပျိုမလေးကလဲ ဘုရားပူဇော်ချန် ကြာပန်းခိုင်ယူပြီး ရောက်လာပါတယ်။

သုမိတ္တာဟာ ပရိသတ်အများ အလယ်က ဘုရားလောင်း သုမေဓာရှင်ရသေ့ကိုမြင်ရတော့ မြင်မြင်ခြင်းပင် မေတ္တာသက်ဝင်မိတယ်၊ လှူဒါန်းဖွယ်အဖျာဖျာကို လှူဒါန်းလိုပါသော်လည်း ဒီကြာရှစ်ခိုင်သာပါလို့မို့- "အရှင်ရသေ့သူမြတ်၊ မြတ်စွာဘုရားအား အရှင်အလိုရှိသလိုလှူနိုင်ရန် ဒီကြာပန်းငါးခိုင်ကို အရှင့်အား လှူဒါန်းပါတယ်၊ ကျန်တဲ့ ကြာပန်းသုံးခိုင်ကတော့ အကျွန်ုပ် လှူဒါန်းဖို့ပါဘဲ" လို့ ပြောဆိုပြီး ကြာပန်းရှစ်ခိုင်ကို အလှူခွဲတန်းချလိုက်ပါတယ်။

ပြီးတော့ "အရှင်ရသေ့သူမြတ်၊ အရှင်ဟာ ဘုရားဖြစ်ရန် ပါရမီဖြည့်နေသမျှ ကာလပတ်လုံး အကျွန်ုပ်လဲ အရှင့်ရဲ့ ပါရမီဖြည့်ဘက်ဖြစ်ပါရစေ" လို့လဲ ဆုတောင်းပါတယ်။

အလောင်းတော် သုမေဓာလဲ ပုဏ္ဏားပျိုမ သုမိတ္တာပေးလှူတဲ့ ကြာပန်းငါးခိုင်ကို ရှေ့တည့်တည့်က ကြွတော်မူလာတဲ့ ဒီပင်္ကရာ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်း ပူဇော်ကာ ပရိသတ်ဗိုလ်ပုံ အလယ်မှာပင် သမ္မာသမ္ဗုဒ္ဓဆုထူးကို ရဲရင့်ပြတ်သားစွာပန်ဆင် တော်မူပါတယ်။

ဒီအခါ ဒီပင်္ကရာဇောမြတ်စွာကလဲ နောင်အခါ "ဂေါတမ မြတ်စွာဘုရား"ရယ်လို့ ထင်ရှားဖြစ်မယ်လို့ ဗျာဒိတ်ပေးတော်မူ ပါတယ်။ သုမိတ္တာကိုလဲ ပါရမီဖြည့်ဘက်ဖြစ်ပြီး ယသောဓရာ ဒေဝီ ဖြစ်မယ်လို့ ဗျာဒိတ်ပေးတော်မူတယ်။

ငါတို့ရဲ့ သုံးလောက ထွတ်ထား ဂေါတမ မြတ်စွာဘုရား အလောင်းတော်ဟာ အဲဒီ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှာ ဝပ်စင်းပြီး ခုနင်ကပြောခဲ့တဲ့ ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ- အကြံသုံးပါး အရင်းထား လျက် ဘုရားဆုပန်တော်မူခဲ့သည်မှ စပြီးတော့ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ဒါနစသည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

## သန္ဓေယူသည်

အလောင်းတော်ဟာ ပါရမီဖြည့်စုံလို့ ဘုရားဖြစ်တော့မည့် နောက်ဆုံးဘဝမှာ တုသိတာနတ်ပြည်မှ စုတေခဲ့ပြီးတော့ မဟာ သက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် မဇ္ဈိမ ဒေသ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန မင်းကြီးရဲ့ နန်းမ တောင်ညာ မာယာတွင်မည် မဟာဒေဝီမိဖုရားကြီးရဲ့ ဝမ်းကြာ တိုက်ဝယ် ပဋိသန္ဓေတည်နေတော် မူပါတယ်။

## ဖွားတော်မူသည်

သန္ဓေယူကာ ဆယ်လကြာတော့ မဟာသက္ကရာဇ် ၆၈-ခု၊ နေ့ဥတု၏ ရှက်နုဝေဖြာ ဝိသာခါကြုံ ကဆုန်လပြည့်နေ့တွင် မဇ္ဈိမဒေသ ဒေဝဒဟ တိုင်းပြည်နဲ့ ကပိလဝတ် တိုင်းပြည်တို့ရဲ့ နှစ်ပြည်ထောင် ကြားရှိ လုမ္ဗိနီသာမော အင်္ကြင်းတော မြိုင်သာ မှာ မယ်တော်မာယာ မိမာတာမှ ဘုရားအလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူပါတယ်။

## ဖွားမြင်ပြီးစ ဒီလိုစကားထူးကို ပြောသည်

အလောင်းတော်မင်းသားဟာ ဖွားမြင်ပြီးလျှင်ပင် မြောက်အရပ်သို့ ခုနစ်ဖဝါး လှမ်းကြွသွားတယ်၊ ခုနစ်ဖဝါးမြောက်မှာ ရပ်တန့်လျက်ပင်....

၁။ "အဂ္ဂေါဟမသ္မိ လောကဿ= ငါဟာ လူသုံးပါးထက် အမြတ်ဆုံးဖြစ်တယ်၊

၂။ ဇေဋ္ဌောဟမသ္မိ လောကဿ= ငါဟာ လူသုံးပါးထက် ကြီးကဲသူဖြစ်တယ်၊

၃။ သေဋ္ဌောဟမသ္မိ လောကဿ= ငါဟာ လူသုံးပါးထက် ချီးမွမ်းအပ်ဆုံးသူဖြစ်တယ်၊

၄။ အယမန္တိမာ ဇာတိ = ယခု ပဋိသန္ဓေတည်နေခဲ့တာဟာ ငါ့အတွက် နောက်ဆုံးဘဲ၊

၅။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ= ယခုအခါ ငါ့အတွက်ရာ တဖန်ဘဝသစ် ဖြစ်ရခြင်း မရှိတော့ပြီ" လို့ ရဲရဲတောက်စကားကို ပြောကြားတော်မူပါတယ်။

## ဗေဒင်ဟောပြီး-တောရပ်မှီးကြသည်

ဘုရားအလောင်းတော်ဟာ ၃၂-ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ် တို့နှင့် ပြည့်စုံတော်မူတယ်၊ ဒီလို ထူးမြတ် တင့်တယ်ပြီး သပ္ပါယ်ချင်တိုင်း သပ္ပါယ်တော်မူတော့၊ ဖွားမြင်ပြီးနောက် ၅-ရက် မြောက်မှာ

ခမည်းတော် မယ်တော် များက အခမ်းအနားနဲ့ ခေါင်းဆေး မင်္ဂလာပြုပြီး အမည်မှည့်ရန် ဗေဒင်တတ်သူ ပုဏ္ဏား တရာ့ ရှစ်ယောက်ထဲက ၈-ယောက်ကို ရွေးချယ်ပြီး လက္ခဏာဖတ်စေ ပါတယ်။

အဲဒီ ၈-ယောက်ထဲက ၃-ယောက်က လက်နှစ်ချောင်းထောင် ပြီး "လေးကျွန်းသဌ်နှင်း စကြာမင်းယင်လဲ ဖြစ်မယ်၊ ဘုံသုံးပါး တွင် ဘုရားမြတ်ယင်လဲ ဖြစ်မယ်"လို့ နှစ်သွယ်နှစ်ခွ ဟောကြပါ သတဲ့။

ကျန်တဲ့ ၅-ယောက်ကတော့ လက်ညှိုးတချောင်းသဲ ထောင် ပြီး "ဘုံသုံးပါးတွင် ကေန်စင်စစ် ဘုရားဖြစ်လိမ့်မယ်"လို့ ကိန်း သေ ဟောကြားပါသတဲ့။

ဒီလို နိမိတ်ဖတ် ပြီးတော့ လောကကောင်းကျိုး ပွားတိုး အောင် ဆောင်ရွက်နိုင်မည့် နိမိတ်ကိုယူလျက် အလောင်းတော် အား "သိဒ္ဓတ္ထ" လို့ နာမည်မှည့်ကြပါတယ်။

သူတို့ ၅-ယောက်ဟာ ဒီလိုဘုရားဖြစ်မည်ကို ဟောကြားပြီး အိမ်ထောင်သံယောဇဉ်မရှိခင် တောထွက်ကာရဟန်းပြုကြတယ်၊ ရဟန်းပြုကြပြီး ဘုရားလောင်းတော် တောထွက်ကာ ရဟန်းပြု ဘာကို ကြိုဆိုင့်လင့်နေကြတယ်တဲ့။

သူတို့ဟာ နောင်အခါမှာ တရားဦးနာကြားရမည့် ပဉ္စဝဂ္ဂီ ရဟန်းတို့ပါဘဲ။

## မယ်တော်နတ်ရွာစံပြီးနောက် အထူးစောင့်ရှောက်ကြတယ်

ဒါကြောင့် ခမည်းတော်မင်းကြီးက သူအို- သူနာ- သူသေ-ရဟန်း ဆိုတဲ့ နိမိတ်ကြီး လေးပါးကို မြင်ပြီး တောမထွက်နိုင်အောင် အထူးစောင့်ရှောက်ထားပါသတဲ့။

အလောင်းမင်းသားကို ဖွားမြင်ပြီးလို့ ခုနစ်ရက်မြောက်ရောက်တော့ မယ်တော် မဟာမာယာဒေဝီဟာ စုတိပြတ်ကြွေသေလွန်ပြီးသော် တုသိတာနတ်ပြည်မှာ "သန္တုသိတ"အမည်ရှိတဲ့ နတ်သား သွားဖြစ်တယ်။

ခမည်းတော် သုဒ္ဓေါဒန မင်းကြီးလဲ သားတော်ကို နို့ထိန်းများစွာခန့်ထားပြီး မွေးမြူစောင့်ရှောက်တယ်၊ အထူးအားဖြင့်မိထွေးတော်ဂေါတမီက နို့ချိုတိုက်ကျွေးပြီး စောင့်ရှောက်ပြုစုပါတယ်။

## သူငယ်ဘဝက-ချာန်ရခဲ့သည်

ဘုရားအလောင်းတော်ကို ကဆုန်လပြည့်နေ့မှာ ဖွားမြင်ပြီးနောက် နယုန် ဝါဆိုလ လောက်မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ ကျင်းပနေကျ လယ်ထွန်မင်္ဂလာပွဲကို ကျင်းပတော်မူပါတယ်။

အဲဒီ အလောင်းတော် မင်းသားလေးကို ကောင်း မြတ် တဲ့အခင်းများဖြင့် သပြေပင်ရိပ်မှာ သိပ်ထားပါတယ်၊ ဘေးပတ်ဝန်းကျင်ကလဲ ကန့်လန့်ကာများကိုလဲ လုံခြုံစွာကာရံထားတယ်၊ အထိန်းတော်များကလဲ ရှိရှိသေသေ စောင့်ရှောက်နေ ကြပါတယ်။

ဒါပေမဲ့ လယ်ထွန်မင်္ဂလာပွဲက ဘုရင်ကိုယ်တိုင် ကျင်းပတဲ့ ပွဲဆိုတော့ အင်မတန်ခန်းနားကြီးကျယ်ပြီး အလွန်တင့်တယ် ရှုချင်စဖွယ်ဖြစ်နေတယ်၊ ဒါကြောင့် အထိန်းတော်များကလဲ မင်းသားကလေး အိပ်ပျော်နေတယ်လို့ထင်ပြီး ခဏလောက် အနေနဲ့ လယ်ထွန်မင်္ဂလာပွဲကို သွားပြီးကြည့်ရှုကြတယ်။

အဲဒီအခါမှာမှ ဘုရားအလောင်းတော် မင်းသားငယ်ကလေး က ဟိုဟိုဒီဒီကြည့်ပြီး အထိန်းတော်တွေ မရှိကြောင်း သိတာနဲ့ လျှဲအိပ်နေရာမှထပြီး တင်ပလ္လင်ခွေထိုင်တယ်။

ဘဝများစွာက ပါရမီအထုံ ပါလာတဲ့အတွက် နှာခေါင်းမှ ဝင်လေထွက်လေကို ရှုနေတယ်၊ တခဏကလေးအတွင်းမှာဘဲ (အာရုံကြံမှု-ဝိတက်၊ အာရုံသုံးသပ်ဆင်ခြင်မှု- ဝိစာရ၊ နှစ်သိမ့် ဝမ်းမြောက်မှု-ပီတိ၊ စိတ်ရွှင်လန်းချမ်းသာမှု - သုခ၊ စူးစိုက် တည်ကြည်မှု-သမာဓိ) ဆိုတဲ့ အင်္ဂါငါးပါးရှိတဲ့ ပဌမစျာန်ကို ရောက်နေတယ်။

အထိန်းတော်များဟာ ခဏလောက် ရည်ရွယ်ပြီးသွားပေမဲ့ ဟိုရောက်တော့ ကြည့်ရှုစရာတွေ စားသောက်စရာတွေနဲ့ဆိုတော့ အချိန်ကကုန်မှန်းမသိကုန်သွားလို့ အတော်ကြာသွားတယ်။

သစ်ပင်တွေကအရိပ်တွေတောင် တခြားတဖက် ရောက်ကုန် တယ်၊ ဒါပေမဲ့ ဘုရားအလောင်းတော်ရှိရာ သစ်ပင်ရိပ်ကတော့ မရွေ့မပြောင်းဘဲ တည်မြဲတည်နေပါသတဲ့၊ ဘုရားအလောင်း တော်ကလေးလဲ မလှုပ်မရှားဘဲ ငြိမ်သက်စွာထိုင်နေတယ်။

အဲဒါကိုတွေ့မြင်ကြရတော့ အထိန်းတော်များက သုဒ္ဓေါဒန မင်းကြီးအား ပြောကြတယ်၊ ဒီထူးခြားပုံကိုမြင်ရတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလဲ သားတော်လေးကိုရှိခိုးပါသတဲ့။

## ထီးနန်းစည်းစိမ်ကိုခံစားသည်

ထိုနောက် အလောင်းမင်းသား ခုနစ်နှစ် အရွယ်လောက် ရောက်တော့ ဆောင်းရာသီမှာ စံမြန်းစရာရမှ၊ နွေရာသီမှာ စံမြန်းစရာသုရမှ၊ မိုးရာသီမှာ စံမြန်းစရာသုဘ-လို့ အမည် အသီးသီးရှိတဲ့ နန်းသုံးဆောင်ကို ဆောက်လုပ်ပြီး ခမည်းတော် မင်းကြီးက အလောင်းမင်းသားအား ချီးမြှောက် စံစားစေ ပါတယ်။

သက်တော် ၁၆-နှစ်အရွယ်ရောက်တော့ ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓရဲ့သမီးတော် ယသောဓရာမင်းသမီးနှင့် စုံဖက်ပေး တယ်၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ အဲဒီ ယသောဓရာမင်းသမီးနှင့်အတူ မောင်းမမိဿံ လေးသောင်းခြံရံ ပြီးတော့ ထီးနန်းစည်းစိမ်ကို ခံစားတော်မူပါတယ်။

## နိမိတ်ကြီးလေးပါးကိုမြင်တော်မူသည်

ဒီလိုတောမထွက်နိုင်ရန် အထူးစောင့်ရှောက်ခံပြီး စံတော် မူနေတဲ့ ဘုရားအလောင်းတော်ဟာ ဥယျာဉ်ကစားထွက်ယင်း သူအို သူနာ သူသေ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို

တခုပြီးတခု မြင်တော်မူရလို့ ငြီးငွေ့ သံဝေစိတ်တွေကြောင့် နန်းတော်ကိုသာ ပြန်လှည့်ပြီးလာတော်မူရတယ်။

နောက်ဆုံးရဟန်းကို မြင်ရပြီးတဲ့အချိန်မှာပင် ကြင်ယာတော် မိဖုရား ယသောဓရာက သားဦးရတနာကို ဖွားမြင်ပါဘယ်၊ ရဟန်းနိမိတ်ကိုမြင်ရလို့ ဥယျာဉ်တော်မှ နန်းတော်ကိုပြန်ကြွရန် စိတ်ကြံနေတဲ့ အလောင်းတော်ဟာ သားဦးရတနာ ဖွားမြင် ကြောင်းသတင်းကိုကြားရတော့ "လ,ကိုဖုံးကွယ်တဲ့ ရာဟုသဖွယ် ဖြစ်လာတယ်၊ အနှောင်အဖွဲ့ဖြစ်လာတယ်" လို့ ညစ်ညူးတော် မူပါသတဲ့။

အဲဒီစကားကို အကြောင်းပြုပြီးတော့ ခမည်းတော် သုဒ္ဓေါ ဒနမင်းကြီးက "ဘုရားအလောင်းတော်အား တောမထွက်နိုင် အောင် ရာဟုကဲ့သို့ပင် ဖမ်းယူထားတဲ့ သားတော်ကလေး ဖြစ်ပါစေ"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီ သားတော်ကလေးအား "ရာဟုလာ"လို့ အမည်ပေးလိုက်သတဲ့။

## ချမ်းမြေ့ရဂုံ တောရပ်လုံသည်

ဘုရား အလောင်းတော်လဲ အဲဒီလို ညည်းညူပြောဆိုပြီး နန်းတော်ကို ပြန်လာခဲ့ရာ အဲဒီညဉ့်မှာ က,ဆို တီး မှုတ်ပြီး ဖျော်ဖြေနေကြတဲ့ ကချေသည်မတွေကိုတောင် မရှုစားတော့ဘဲ ညဉ့်ဦးစောစောကပင် အိပ်ရာဝင်တော်မူတယ်။

ဒီအခါမှာ ကချေသည်မတွေလဲ အဲဒီဖျော်ဖြေတဲ့နေရာမှာဘဲ အိပ်မောကျသွားကြတယ်။

အလောင်းတော် အိပ်ရာမှနိုးလို့ကြည့်လိုက်တော့ မဖွယ်မရာ အိပ်မောကျနေကြတဲ့ ကချေသည်မတွေကိုမြင်ပြီး သူသေကောင်တွေလိုထင်မြင်တဲ့ အသုဘသညာ ဖြစ်ပေါ်လာတယ်။

ဒါနဲ့ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉-နှစ်အရွယ် မဟာသက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညဉ့်သန်းကောင်ယာမ် အချိန်မှာ ကဏ္ဍကဆိုတဲ့ မင်္ဂလာမြင်းတော်ကို စီးပြီး နောက်ဘော်ပါ ဆန္နအမတ်နှင့်တကွ တောထွက်တော် မူခဲ့တယ်။

အနောမာမြစ် ရောက်တဲ့အခါ သဲသောင်ပြင်တွင် ဆံမုတ်ဆိတ်များကို ပယ်ပြီးဘော့ ဃဋီကာရဗြဟ္မာ ကပ်လှူလာတဲ့ သင်္ကန်းကို ဝတ်ဆင်မြန်းပြီး ရဟန်းပြုတော်မူတယ်။

ဒီနောက် လောကီစျာန်သမာပတ် ၇-ပါးကို လက်တွေ့ ညွှန်ကြား ပြသနေတယ်ဆိုတဲ့ အာဠာရရသေ့ကြီးထံကို သွားရောက်ပြီးတော့ နည်းခံကျင့်ခဲ့ရာ အလောင်းတော်ဟာ အာကိဉ္စညာယတနစျာန်အထိ ရတယ်၊ ဒါကြောင့် အာဠာရ ရသေ့ကြီးက အထူးအားရတာနဲ့ သူနဲ့ဂုဏ်ရည်တူပြုပြီး တပည့်တဝက်ပေးကာ တရားပြစေပါတယ်။

ဒါပေမဲ့ ဘုရားအလောင်းတော်ဟာ “ဒီ အာကိဉ္စညာယတန စျာန်လဲ အသေမကင်းသေးဘူး”လို့ ဆင်ခြင်ပြီး အဲဒီဌာနမှာလဲ ခဏမျှ နေထိုင်ယင်း တရားပြပြီးတော့ အသေကင်းတဲ့တရားကို ရှာရန် ထွက်ခဲ့ပြန်ပါတယ်။

ဒီနောက် ရာမပုတ္တ (ရာမရဲ့သားဟာပဲ) ဥဒကရသေ့ကြီးရဲ့ ဂိုဏ်းသတင်းကို ကြားရလို့ အလောင်းတော်ဟာ အဲဒီ ဥဒက ရသေ့ကြီးထံ သွားပြီး ရာမဆရာကြီးရဲ့ တရားကျင့်နည်းကို မေးမြန်းခံယူပါတယ်။

အဲဒီမှာ ဥဒကရသေ့ကြီးက သူ့ဖခင် ဆရာ ရာမကြီးရရှိ ခဲ့တဲ့ နေဝသညာနာသညာယတန စျာန်အထိ သမာပတ်ရှစ်ပါး လုံးကို ပြောပြပါတယ်။

ဘုရားအလောင်းတော်က အဲဒီ နည်းအတိုင်း ကျင့်လိုက်ရာ မကြာမီမှာဘဲ အဲဒီ နေဝသညာနာသညာယတနစျာန်ကို ရရှိ သွားတယ်၊ ဒါကြောင့် ဥဒကရသေ့ကြီးက ဘုရားအလောင်း အား ဂိုဏ်းဆရာအဖြစ် တင်မြှောက်ပါတယ်၊ ပြီးတော့ သူ့ဆရာ ရာမကြီးရဲ့တရားကို သူကတဆင့်ပြောပြတဲ့အတိုင်း ကျင့်လို့ ရရှိ သွားတဲ့ ဘုရားအလောင်းတော်ကို အားကျပြီး ဥဒကရသေ့ဟာ သူကိုယ်တိုင်လဲ ကျင့်သုံးလို့ ရရှိပါတယ်တဲ့။

ဘုရားအလောင်းတော်ကလဲ အဲဒီမှာ အချိန်ကာလအနည်း ငယ်မျှ ဆရာကြီးအဖြစ်နဲ့ ညွှန်ကြားပြသ နေခဲ့ပါသေးတယ်၊ ဒီလို ညွှန်ပြယင်း "ဒီ နေဝသညာနာသညာယတန စျာန်လဲ အသေမကင်းသေးဘူး"လို့ ဆင်ခြင်မိတာနဲ့ ဒီစျာန်ကိုလဲ အလေး မပြုဘဲ အဲဒီဌာနက ထွက်ခွာခဲ့ပါတယ်။

ဘုရားအလောင်းတော်ဟာ အဲဒီဌာနကထွက်ခွာပြီးအနုတ္တရ- သန္တိဝရပဒ-ခေါ်တဲ့ မြတ်သော အသေကင်းကြောင်း တရားကို

ကိုယ်ပိုင်ဉာဏ်ဖြင့် ရှာကြံယင်း မဂဓတိုင်းအတွင်းမှာ လှည့်လည်နေခဲ့ပါတယ်။

အဲဒီလို လှည့်လည်နေယင်း သေနာနိဂုံးရွာကြီးအနီး ဥရုဝေလတောသို့ ရောက်သွားတယ်၊ အဲဒီမှာ စိမ်းစိုတိတ်ဆိတ်တဲ့ တောအရပ်၊ အေးမြကြည်လင် တသွင်သွင် စီးဆင်းနေတဲ့ နေရဉ္ဇရာမြစ် ဆွမ်းခံဘို့ရာ သေနာနိဂုံးရွာကြီးများကို တွေ့မြင်ရတော့—

“ဒီအရပ်ဟာ တရားအလုပ်ကို အားထုတ်လိုသူ အတွက် အကွက်ကောင်းတဲ့ နေရာဘဲ”လို့ ဆင်ခြင်ပြီး အဲဒီ ဥရုဝေလ တောမှာဘဲ နေတော့တယ်။

ဒီအခါမှာ စောစောကပင် ဗေဒင်ဟောပြီး တောထွက်ကာ ရဟန်းပြုလျက် ဘုရားလောင်းကို စောင့်ကြိုနေကြတဲ့ ပဉ္စဝဂ္ဂီ ရဟန်းတို့လဲ ဘုရားအလောင်းတော်နဲ့ တွေ့ဆုံပြီး ဒုက္ကရစရိယာ အကျင့်ကို ကျင့်နေသော ဘုရားအလောင်းတော်ကို “ယခုပင် ဘုရားဖြစ်တော့မည်၊ ယခုပင် ဘုရားဖြစ်တော့မည်” လို့ မျှော်လင့်ချက် ကြီးစွာနဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုပြီး နေကြတယ်။

အဲဒီတုန်းက ဘုရားအလောင်းတော်မှာ တရား အားထုတ်ဖို့ရာ နည်းမှန်ကမရှိသေးဘူး၊ အိန္ဒိယနယ်တဝိုက်မှာကလဲ ကိုယ်ပင်ပမ်းခံပြီး ကျင့်ကြံ အားထုတ်တဲ့ နည်းကလဲ ခေတ်စားနေတယ်။

ဒါကြောင့် အလောင်းတော်ဟာ သေနာနိဂုံးမှာ ဆွမ်းခံစားယင်း အဲဒီခေတ်က ထွန်းကားနေတဲ့နည်းကို အခြေခံပြီး ကြံစည် တွေးခေါ်ကာ ဒုက္ကရစရိယာ ခေါ်တဲ့ ပြုနိုင်ခဲတဲ့အကျင့်ကို ကျင့်တယ်။

ဘယ်လို ကျင့်သလဲဆိုယင် အံသွားချင်း ကြိတ်ပြီးတော့လဲ ကျင့်တယ်၊ လျှာဖြင့် လျှာယင်း အာစောက်ရပ်ကို ထိစပ်ပြီး စိတ်ကိုစိတ်ဖြင့် နှိပ်လဲနှိပ်၊ ကြိတ်လဲကြိတ်၊ ပူလဲပူလောင်စေတယ်။

ဒါကြောင့် ဘုရားလောင်းမှာ ချိုင်းကြားမှ ချွေးများပင် ယိုထွက်လာအောင် ပင်ပန်းတယ်၊ ဒါပေမဲ့ နည်းမှားနေလို့ တရားထူးကိုတော့ မရဘူး။

ဒီတော့ ဘုရားလောင်းက အားမလျှော့ဘဲ တဆင့်တက်ပြီး "ရှူရှိုက်လေကို ထိန်းချုပ်ကာ ရှူရှိုက်လေကင်းတဲ့ အပ္ပါဏကစျာန်ဝင်စားရယင် ကောင်းမယ်" လို့ ကြံစည်တယ်၊ ပြီးတော့ ပါးစပ်ကရော နှာခေါင်းကပါ အသက်ရှူလေ မထွက်နိုင်အောင် ချုပ်ထားတယ်။

အဲဒီအခါမှာ နားပေါက်ကတိုးပြီး ထွက်လာတဲ့လေသံဟာ ပန်းဘဲဖိုကလို ရှူးရှူးရှဲရှဲ မြည်နေပါသတဲ့၊ ဒါကြောင့် ကိုယ်လဲ အလွန် ပူပန်ပြီးဆင်းရဲပါသတဲ့၊ ဒါပေမဲ့ အလျှော့မပေးသေးဘဲ ပါးစပ် နှာခေါင်းနှင့် နားပေါက်မှ လေမထွက်နိုင်အောင် ထိန်းချုပ်ထားပြန်ပါသတဲ့။

ဒီအခါမှာလဲ လေတွေက ဦးခေါင်းထိပ်ကိုတက်ပြီး တိုးလိုက်တာ အားကောင်းသူက လက်နဲ့ ခေါင်းကိုရိုက်သလိုလဲ နာကျင်ပြီး အားကောင်းသူက သားရေကြိုးနဲ့ ခေါင်းကိုရစ်ပတ်ဆွဲသလိုလဲ နာကျင်ပါသတဲ့။

နောက်ပြီးတော့ ဝမ်းဗိုက်ထဲမှာ လေတွေကတိုးဝှေ့လွန်းလို့ သားလှီးဓားနဲ့ ထိုးမွှေသလိုပင် နာကျင်ပါသတဲ့။

ပြီးတော့ လေတွေက တကိုယ်လုံးကို တိုးဝှေ့လွန်းလို့ ဘုရားအလောင်းတော်ရဲ့ တကိုယ်လုံးဟာ မီးကျီးတွင်းမီးကျီးပုံနဲ့အကင်ခံရသလိုလဲ လွန်မင်းစွာ ပူလောင်ပါသတဲ့။

ဘုရားအလောင်းတော်ဟာ အဲဒီလို ဆင်းရဲ နာကျင်လွန်း ပူလောင်လွန်းတဲ့အတွက် စင်္ကြံလမ်းမှာလဲကျပြီးမလှုပ်မယှက်နဲ့ဘဲ ဖြစ်နေရပါသတဲ့။

အဲဒီလို ဖြစ်နေပုံကို မြင်ရတော့ အချို့နတ်တွေက "ရဟန်းဂေါတမ သေသွားပြီ"လို့ ပြောကြသတဲ့။

အချို့နတ်တွေကလဲ "မသေသေးဘူး သေလုနီးပါးဖြစ်နေပြီ"လို့ ပြောကြပါသတဲ့။

အချို့နတ်တွေကလဲ "သေတာလဲမဟုတ်ဘူး၊ သေလုနီးပါးဖြစ်တာလဲမဟုတ်ဘူး၊ ဒီလိုဖြစ်နေတာဟာ ရဟန္တာပုဂ္ဂိုလ်မြတ်ရဲ့ (ဝိဟာရ)နေခြင်းဘဲ"လို့ ပြောကြပါသတဲ့။

အဲဒီလို အပင်ပန်းခံပြီး အားထုတ်တဲ့ အတွက်လဲ ဘုရားအလောင်းတော်မှာတော့ နည်းမှားနေလို့ ဉာဏ်ထူး တရားထူးကို မရသေးပါဘူး။

ဒါကြောင့် ဘုရားအလောင်းတော်ဟာ "အစာအဟာရကို လုံးဝဖြတ်ပြီးကျင့်ယင် ကောင်းမှာဘဲ"လို့ ကြံစည်မိတယ်။

အဲဒီအကြံကို သိတဲ့ နတ်တွေက "အရှင်ဂေါတမ အစာ အဟာရကိုတော့ လုံးဝမဖြတ်လိုက်ပါနဲ့၊ ဖြတ်လိုက်ယင် ကျွန်ုပ်တို့က အရှင့်ရဲ့ကိုယ်တွင်းမှာ မွေးညှင်းပေါက်ကနေပြီး နတ်သြဇာကို ထည့်သွင်းပေးကြရပါလိမ့်မယ်"လို့ ပြောကြသတဲ့။

ဒီတော့ ဘုရားအလောင်းတော်က"ငါက လုံးဝအစာမစားဘူးလို့လဲ ဝန်ခံနေမယ်၊ နတ်တွေက မွေးညှင်းပေါက်ကနေ ထည့်သွင်းပေးတဲ့ နတ်သြဇာ အစာအဟာရနဲ့ မျှတလဲနေမယ် ဆိုယင် လုံးဝမစားဘူးဆိုတဲ့ ငါ့ဝန်ခံချက်ဟာ လိမ်ညာရောက်လိမ့်မယ်" လို့ ဆင်ခြင်ပြီးတော့ "နတ်သြဇာ သွင်းပေးတာကို အလိုမရှိဘူး"လို့ နတ်တွေကို တားမြစ်တယ်။

ဘုရားအလောင်းတော်ဟာ အဲဒီလိုပယ်မြစ်ပြီးတော့ အစာ အဟာရကို လျှော့ပြီး သုံးဆောင်တော်မူတယ်။

ဘယ်လောက်အထိ လျှော့သဲလဲဆိုယင် ပဲပြုတ်ရည်တလက်ဆွမ်းမျှ သောက်ရုံအထိ လျှော့ပါတယ်၊ အဲဒီလို အဟာရလျှော့ သုံးဆောင်ပြီး ကျင့်ကြံအားထုတ်နေတဲ့ ဘုရားအလောင်းတော်မှာ အသားအသွေး လျော့ပါးပြီး ပိန်ချုံးကျသွားတယ်၊ အရည်အကြောအရိုးမျှသာ ကျန်တော့ဘယ်၊ ကျောဆစ်ရိုး တွေဟာ အနိမ့်အမြင့်အဖုအထစ်တွေ ဖြစ်ပေါ်နေတယ်၊ ပုတီးလုံးလို ဖြစ်နေမှာပေါ့၊ နံရိုးများကလဲ ကျိုးတိုးကြဲတဲပေါ်နေတယ်၊ မျက်

လုံးကလဲ ချိုင့်ပြီးဝင်နေလိုက်တာ ရေတွင်းထဲက ရေကိုတွေ့မြင်နေရသလိုပါဘဲတဲ့။

ဦးခေါင်းရေကလဲ ဘူးသီးနုနုခူးပြီး နေလှမ်းထားသလို တွန့်ကြုံနေပါသတဲ့၊ ဝမ်းဗိုက်ကို လက်နဲ့စမ်းကြည့်ယင် ကျောကိုတွေ့ရတယ်၊ ကျောကို စမ်းကြည့်ယင်လဲ ဝမ်းရေကို တွေ့ရတယ်တဲ့။ ကျင်ကြီးကျင်ငယ် စွန့်ဘို့ရာ အားထုတ်ယင်လဲ မှောက်လျက်လဲကျသွားပါသတဲ့။

ဒါကိုမြင်ရသူတချို့က အရှင်ဂေါတမဟာ အသားမဲနက်တယ်လို့ ပြောကြသတဲ့၊ တချို့ကတော့ အသားရောင်ညိုတယ်လို့ ပြောကြသတဲ့၊ တချို့ကတော့ "ငါးခူအဆင်းရှိတယ်"လို့ ပြောကြသတဲ့။

ဒါဟာ အစာအဟာရနည်းပါးတဲ့အတွက် ပကတိ ဝင်းဝါတဲ့ အရည်အဆင်းပါ ပျက်သွားလို့ပါဘဲ၊ ဒီလိုနဲ့ အလောင်းတော်ရဲ့ ဒုက္ကရစရိယာ အကျင့်ခရီးဟာ ၆-နှစ်ပင် ကြာမြင့်ခဲ့ပါပြီ။

## လမ်းမှားကိုပစ်ပြီး လမ်းသစ်ကိုကြံသည်

အဲဒီလို ဒုက္ကရစရိယာ အကျင့်ကို ကျင့်လို့ ခြောက်နှစ် ကြာတော့ ဘုရားအလောင်းတော်မှာ ဒီလို စဉ်းစားဆင်ခြင်ဉာဏ်ပေါ်လာပါတယ်။

"ရှေးက သမဏ၊ ဗြာဟ္မဏ-ဆိုတဲ့ ရဟန်းသူမြတ်တွေဟာ ကိုယ့်ဟာကိုယ် ပင်ပန်းအောင် လုပ်ပြီး အလွန်အခံခက်တဲ့ ဆင်းရဲကိုခံစားနေကြတယ်ဆိုတာလဲ ငါယခုခံစားရသလောက် ရှိမှာဘဲ။

နောင်အနာဂါတ်ကာလမှာ ရဟန်းသူမြတ်တွေ ကိုယ့်ဟာ ကိုယ် ပင်ပမ်းအောင်လုပ်ပြီး ဆင်းရဲကို ခံစားကြမယ် ဆိုယင်လဲ ငါအခု ခံစားရသလောက်ရှိမှာဘဲ။

ယခု ပစ္စုပ္ပန်ခေတ်မှာ သမဏ၊ ဗြဟ္မဏဆိုတဲ့ ရဟန်းသူမြတ် တွေ ကိုယ့်ဟာကိုယ် ပင်ပမ်းအောင်လုပ်ပြီး အလွန်အခံခက်တဲ့ ဆင်းရဲကိုခံစားနေကြတယ်ဆိုတာလဲ ငါယခု ခံစားရသလောက် ရှိမှာဘဲ၊ ဒါထက်တော့ မပိုလွန်နိုင်ပေဘူး။

သို့သော်လဲ ငါဟာ အလွန်ပြုကျင့်နိုင်ခဲ့တဲ့ ဒုက္ကရကာရိကာ ခေါ်တဲ့ ဒီဒုက္ကရစရိယာ အကျင့်ဖြင့် ပကတိလူတို့ ရနိုင်တဲ့ ကုသိုလ်တရားထက် လွန်မြတ်သော ကိလေသာတို့ကို ပယ်စွမ်း နိုင်တဲ့ အရိယဉာဏ် အမြင်ထူးကို မရပါတကား။

ဒီကိုယ်ပင်ပမ်းအောင် ကျင့်တဲ့အကျင့်မှ တပါးသောအကျင့် လမ်းသည်သာလျှင် အမှန်ကိုသိရန် ဖြစ်လေသလော၊ အမှန်ကို သိရန် အခြားတပါးသော အကျင့်လမ်းရှိလေသလော”လို့ဘုရား အလောင်းတော်မှာ ဒီလို အကြံဉာဏ်ဖြစ်ပေါ်တယ်။

ဒီလို အကြံဉာဏ်ဖြစ်ပြီးတော့ သူငယ်ဘဝတုန်းက ခမည်း တော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုနေစဉ် အခါမှာ သပြေပင်အောက်တွင် ပဌမဈာန်ရပြီး ဝင်စားနေခဲ့ဘူး တာကို ပြန်လည်အမှတ်ရလာတယ်။

အမှတ်ရပုံကတော့ “အဲဒီ ပဌမဈာန်အကျင့်လမ်းဟာ အမှန် ကို သိရန်ဖြစ်လေသလား”တဲ့။

အဲဒီလို ဆင်ခြင်ပြီးတော့ "ဤ အာနာပါနစျာန် အကျင့်သာလျှင် တရားမှန်ကိုသိရန်အလို့ငှာ လမ်းမှန်ပေတည်း" လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ပီးတော့ "ငါဟာ အဲဒီတုန်းက စျာန်ချမ်းသာကို ရအောင် အားထုတ်ရမှာ ကြောက်သလား" လို့ သူ့ဟာသူမေးကြည့်တယ်။

ပီးတော့ "ငါဟာ အဲဒီ အာနာပါန စျာန်ချမ်းသာကိုရအောင် အားထုတ်ရမှာ မကြောက်ပါဘူး" လို့လဲ ဖြေကြားဆင်ခြင်မိတယ်။

## အစာလဲစား-အားလဲရှိမှ-တရားအားထုတ်နိုင်မည်

ဒီလိုပြောကြား စဉ်းစားပြီးတော့ အလွန် ပိန်ချုံး ချိနဲ့ပြီး အားမရှိတဲ့ ဒီကိုယ်မျိုးနဲ့တော့ အဲဒီအာနာပါနစျာန်ကိုရအောင် အားထုတ်ရန် မစွမ်းနိုင်ဘူး၊ စားသုံးနေကြ ဆွမ်းဘောဇဉ် အာဟာရကြမ်းကို သုံးဆောင်မှကောင်းမှာဘဲ၊ အဲဒီလိုသုံးဆောင်ပြီး အားအင်ပြည့်တဲ့အခါကျမှ အဲဒီအာနာပါနစျာန်ကို ရအောင် အားထုတ်နိုင်မယ်" လို့လဲ ဆင်ခြင်မိတယ်။

အဲဒီလို ဆင်ခြင်ပြီးတော့ ရှေးက သုံးဆောင်နေကျ ဆွမ်းဘောဇဉ် အာဟာရကို ဆွမ်းခံပြီး ဘုဉ်းပေးတော်မူတယ်။

အစာဖြတ်ထားရာက ပြန်ပြီးစားယင် နူးနူးညံ့ညံ့ အစာကစပြီး နည်းနည်းချင်း စားရတယ်၊ ဒါမှ အစာအိမ်က လက်ခံကြေညက်စေနိုင်တယ်၊ ဒါကြောင့် အဲဒီလိုနည်းနည်းချင်းကစပြီး သုံးဆောင်တာဖြစ်တယ်။

## ပဥ္စဝဂ္ဂီတို့ အထင်လွဲမှား ထွက်ခွာသွားကြသည်

အဲဒီလို ဘုရားအလောင်းတော်က အစာအဟာရကောင်းကို ပြန်လည်ပြီး သုံးဆောင်တော့ ဝတ်ကြီးဝတ်ငယ် ပြုစုယင်း အလောင်းတော်ရဲ့ ဘုရားအဖြစ်ကို စောင့်နေကြတဲ့ ပဥ္စဝဂ္ဂီတွေက အထင်အမြင်လွဲကြတယ်။

''ပဲပြုတ်ရည် တလက်ဆွမ်းလောက်အထိ အစာအာဟာရကို လျှော့ဖြတ်ပြီး ကျင့်တာတောင် ဉာဏ်ထူးတရားထူးကိုမရခဲ့ဘူး၊ ယခု အစာအာဟာရကြွမ်းတွေကို စားမြဲစားသုံး နေယင်တော့ ဉာဏ်ထူးတရားထူးကို ရနိုင်မှာ မဟုတ်ဘူး၊ ဒို့ဆရာက အပြင်းအထန်အားထုတ်တဲ့ ပဓာနအလုပ်က ထွက်ပြီး ပစ္စည်း လေးပါး များအောင်၊ ဘုန်းကြီးအောင် လုပ်နေပြီ'' လို့ အထင်လွဲကြတယ်။

ဒါကြောင့် ပဥ္စဝဂ္ဂီများဟာ ဘုရားအလောင်းတော်ကို စွန့်ခွာပြီး ဗာရာဏသီမြို့နယ် မိဂဒါဝုန် တောအုပ်မှာ သွားနေကြတယ်။

## အာနာပါနစျာန်ကို ဝင်စားသည်

အဲဒီလို ပဥ္စဝဂ္ဂီတွေ ထွက်ခွာ သွားကြတာဟာ အလောင်းတော်မှာ ကာယဝိဝေက ရပြီး တရားအားထုတ်ရန် အခွင့်သာခြင်းရဲ့ အကြောင်းဖြစ်တယ်။

ဘုရားအလောင်းတော်ဟာ ၂၉-နှစ်အရွယ်မှာ တောထွက်ခဲ့ပြီး ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့တာဟာ ၆-နှစ်ဆိုတော့ ယခုအခါ သက်တော် ၃၅-နှစ်သာရှိသေးတယ်။

ဒီလို အရွယ်ကလဲ နုပျိုတုန်း၊ ပကတိ ကျန်းမာရေးကလဲ ကောင်းတုန်းမို့ ၁၅-ရက်လောက် ဆွမ်းဘောဇဉ်များကို ပြန်လည် သုံးဆောင် လိုက်တယ် ဆိုယင်ဘဲ မူလကလိုပင် အသားအရေတွေက ပြန်လည်ပြည့်ဝလာတယ်။

အစာအာဟာရလျှော့ပြီး သုံးဆောင်စဉ်တုန်းက ပျောက်ကွယ်သလိုဖြစ်ခဲ့တဲ့ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်များလဲ ထင်ရှား ပေါ်လွင်လာတယ်။

ဒီလို အားရှိလာတဲ့ အခါမှာ ဘုရားအလောင်းတော်ဟာ အာနာပါနခေါ်တဲ့ ရှူရှိုက်လေကိုမှတ်ရှုပြီးတော့ ဝိတက်၊ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ-ဆိုတဲ့ အင်္ဂါငါးပါးရှိတဲ့ ပဌမစျာန်ကိုလဲ ဝင်စားပြီး စျာန်ချမ်းသာဖြင့် နေခဲ့တယ်။

ပီတိ၊ သုခ၊ ဧကဂ္ဂတာ-ဆိုတဲ့ အင်္ဂါသုံးပါးရှိတဲ့ ဒုတိယစျာန်ကိုလဲ ဝင်စားပြီး စျာန်ချမ်းသာဖြင့် နေခဲ့တယ်။

ထို့အတူ သုခ၊ ဧကဂ္ဂတာ-ဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ တတိယစျာန်ချမ်းသာ၊ ဥပေက္ခာ၊ ဧကဂ္ဂတာ-ဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ စတုတ္ထစျာန်တို့ကို ဝင်စားပြီး စျာန်ချမ်းသာဖြင့် နေခဲ့တယ်။

## သူဌေးသမီးသုဇာတာ၏ နို့ဆွမ်းကို ၄၉-လုပ်ဘဉ်းပေးသည်

အလောင်းတော်ဟာ အဲဒီလို ဈာန်လေးပါးကို ဝင်စား သျက်ဈာန်ချမ်းသာဖြင့် နေခဲ့ပြီးနောက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်စောစောမှာ သေနာနိဂုံးရွာကြီး အနီး ပညောင်ပင်ကြီး အောက်မှာ ဆွမ်းခံသွားရန် အချိန်ကို ငံ့လင့်ယင်း ထိုင်နေတော်မူခဲ့တယ်။

အဲဒီအချိန်မှာ သေနာနိဂုံးရွာကြီးထဲက သူဌေးသမီး သုဇာတာက အဲဒီညောင်ပင်က အရှင်ကြီးကို ပူဇော်ပသဘို့ရာ အမျိုးသမီးတဒယာက်ကို ညောင်ပင်ခြေရင်းကို သုတ်သင်ရှင်းလင်းရန် စေလွှတ်လိုက်တယ်။

အဲဒီအမျိုးသမီးက ဆွမ်းခံချိန်စောင့်ယင်း ထိုင်နေတော်မူတဲ့ ဘုရားအလောင်းတော်ကို တွေ့ရတော့ သူတို့ ပူဇော်မည့်အရှင်ကြီးက ကိုယ်ထင်ပြပြီး ပူဇော်ခံရန်ထိုင်နေတယ်လို့ ထင်မှတ်ကာ သုဇာတာ သူဌေးသမီးထံ အမြန်ပြန်ပြီး ပြောကြားတယ်။

သုဇာတာလဲ ဒီလိုကြားသိရတော့ ဝမ်းသာအားရနဲ့ နံနက် ဓောစောကပင် ပူဇော်ရန်ကျိချက်ထားတဲ့နို့ဆွမ်းကို တသိန်းတန် ရွှေခွက်ထဲမှာထည့်ပြီး ရွှေခွက်နှင့်ပင် ဖုံးအုပ်ပြီးတော့ ယူလာပြီး အဲဒီ တသိန်းတန် ရွှေခွက်ပါ ဘုရားအလောင်းတော်ရဲ့ လက်ထဲ ဆက်ကပ်လှူဒါန်းလိုက်တယ်။

"အကျွန်ုပ်၏ နှလုံးအလိုကို ပြည့်ဝပြည့်မြောက်သလို အသင့်အားလဲ ပြည့်ဝပြည့်မြောက်ပါစေ"လို့ ဆုမွန်ကောင်းလဲတောင်းပြီး ပြန်သွားတယ်။

သူ့အလိုပြည့်ဝတယ်ဆိုတာကတော့ "အမျိုးဇာတ်တူတဲ့သူနဲ့ အိမ်ထောင်ကျပြီး သားဦးရတနာဖွားမြင်ပါစေ၊ အဲဒီဆုပြည့်စုံလျှင် ပူဇော်ပါမယ်"လို့ အဲဒီညောင်ပင်မှာ အပျိုစင်ဘဝက ဆုတောင်းခဲ့တယ်။

အဲဒီဆုတောင်းပြည့်တဲ့အတွက် အဲဒီညောင်ပင်က နတ်အရှင်ကြီးကို ရည်ရွယ်ပြီး ပူဇော်တာပါဘဲ၊ (ဒါပေမဲ့-နောက်ကာလကျတော့ "ဘုရားအလောင်းတော်ဟာ အဲဒီ နို့ဆွမ်းကိုဘုဉ်းပေးပြီး ဘုရားဖြစ်တော်မူတယ်"ဆိုတာ သိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ အာရုံပြုပြီး အမြတ်ဆုံး ဒါနကုသိုလ်ဖြစ်ပွားပါသတဲ့။)

ဘုရားအလောင်းဟာ သုဇာတာ သူဌေးသမီးလှူတဲ့ ဆွမ်းကို ခံယူပြီး နေရဉ္ဇရာမြစ်သို့သွား၍ ရေချိုးတော်မူတယ်၊ ရေချိုးပြီးတော့ သုဇာတာ လှူလိုက်တဲ့နို့ဆွမ်းကို ၄၉-လုပ် ဘုဉ်းပေးတော်မူတယ်။

## သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူပြီ

ဘုဉ်းပေးပြီးတော့ "ယနေ့ပင် ငါ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်မည်ဖြစ်လျှင် ရွှေခွက်ဟာ ရေစီးကြောင်းအထက် ဆန်တက်သွားပါစေ"လို့ အဓိဋ္ဌာန်ပြုပြီး ရွှေခွက်ကို နေရဉ္ဇရာမြစ်ထဲ မျှောလိုက်ပါတယ်။

ဒီအခါမှာ ရွှေခွက်ဟာ အရှိန်ပြင်းပြင်း ဒလဟော စီးဆင်းနေတဲ့ ရေစီးကြောင်းကို အတော်ကြာအောင် ဆန်တက်သွား

ပြီးတော့ ကာလနဂါးမင်း၏ နေရာသို့ နစ်မြုပ်ဝင်ပြီး ရှေးဘုရား ၃-ဆူတို့ရဲ့ ရွှေခွက်များအောက်၌ ဆက်လျက် တည်နေပါသတဲ့။

ဘုရားအလောင်းတော်ဟာ အဲဒီနေ့ကတနေ့လုံး အဲဒီတောအရုပ်မှာဘဲ နေ့သန့်စင် ပြီးတော့ ညနေခင်းအချိန်မှာ ဗောဓိညောင်ပင်ကြီးရှိရာ အရပ်သို့ ကြွချီတော်မူတယ်။

အဲဒီလို ကြွချီရာမှာ သောတ္ထိယ-ဆိုတဲ့ မြက်ရိတ်သမားက မြေပေါ်မှာ ခင်းထိုင်ဘို့ရာ ဘုရားအလောင်းတော်အား မြက်ရှစ်ဆုပ်ကို လှူလိုက်တယ်။

ဘုရားအလောင်းတော်လဲ ဗောဓိပင်အောက် ရောက်တဲ့အခါ မြက်ရှစ်ဆုပ်ကို အရှေ့မျက်နှာမှာ ဖြန့်ခင်းလိုက်တယ်၊ အဲဒီလို ဖြန့်ခင်းပြီးတော့ "ဗုဒ္ဓဘုရားအဖြစ် ဗောဓိဉာဏ်သို့မရောက်သေးမချင်း ဒီတင်ပလ္လင်ခွေထိုင်ကို မဖျက်တော့ဘူး" လို့ အဓိဋ္ဌာန်ပြုပြီး အဲဒီ မြက်အခင်းပေါ်မှာ အရှေ့အရပ်သို့မျက်နှာမူလျက် တင်ပလ္လင်ခွေပြီး ထိုင်တော်မူတယ်။

အဲဒီအခါ နောက်လိုက် စစ်သည်ဗိုလ်ပါ များစွာနဲ့အတူမာရ်နတ်က အဓိဋ္ဌာန်ပျက်ပြီး ဘုရားအဖြစ်သို့ မရောက်နိုင်အောင် ရည်ရွယ်ချက်နဲ့ နေရာပလ္လင်ကို လာပြီးလုတယ်။

ဘုရားအလောင်းတော်က ဒါနအစရှိတဲ့ ပါရမီတော်များစွမ်းအားဖြင့် နေမဝင်မီပင် မာရ်နတ်ကို အောင်မြင်တော်မူတယ်။

အဲဒီလို အောင်မြင်ပြီးတဲ့နောက် ဈာန်ဘာဝနာရဲ့အစွမ်းဖြင့် ညဉ့်ဦးယာမ်မှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူတယ်။

သန်းခေါင်ယာမ်မှာ အနီး အဝေး အကြီး အသေး မြင်လိုရာကို မြင်စွမ်းနိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကို ရတယ်။

မိုးသောက်ယာမ်မှာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူပြီးနောက် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ရဲ့ အဖြစ်အပျက်ကိုရှုမြင်တဲ့ ဝိပဿနာဉာဏ်ကို ပွားစေသဖြင့် အရိယာ မဂ်ဉာဏ်လေးပါးကို အစဉ်အတိုင်းရောက်ပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။ ဒီလို ရောက်တော်မူတဲ့ အချိန်ဟာ မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့ ညဉ့်အလွန် တရက်နေ့ နံနက် အာရုံတက်လုလု အချိန်ပါဘဲ။

ဒီကို ရည်ရွယ်ပြီးတော့ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ခုနစ်နေ့ ဘုရားရှိခိုးတွင် ဒီလိုရေးသားတော်မူခဲ့ပါတယ်။

"တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်ရှိ၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ပြတန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မူခပင်း၊အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက် ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို"တဲ့-။

ဒီလို ဘုရားအဖြစ်သို့ရောက်ပြီးနောက် အဲဒီဗောဓိပလ္လင်ဌာန နှင့်တကွ ခုနစ်ပါးသော ဌာနတို့တွင် တဌာနလျှင် ခုနစ်ရက်စီ သီတင်းသုံးလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားခြင်း တရား တော်ကို ဆင်ခြင်တော်မူခြင်း တို့ဖြင့် ၄၉-ရက် ကုန်လွန် စေခဲ့ တယ်။

## တရားဦးဟောရန် ကြံတော်မူသည်

ဒီလို ခုနစ်ဌာနမှာ ခုနစ်ရက်စီ ၄၉-ရက်စံတော်မူပြီးတဲ့အခါ ရက် ၅၀-မြောက် ဝါဆိုလဆန်း ၆-ရက်နေ့မှာ ဗုဒ္ဓမြတ်စွာသည် အဇပါလ ညောင်ပင်အောက်သို့ ပြန်ကြွတော်မူတယ်။

မြတ်စွာဘုရားဟာ အဲဒီမှာ ထိုင်နေတော်မူယင်း "ဘယ်သူ့ အား ရှေးဦးစွာ တရားဦး ဟောရပါမည်လဲ၊ ဘယ်သူဟာ ဒီတရားကို လျင်မြန်စွာသိနိုင်ပါလိမ့်မလဲ"လို့ တရားဟောဘို့ရာ ဆင်ခြင်တော်မူတယ်၊ ဒီအကြံတော်ဟာ ဒီပင်္ကရာစေမြတ်စွာရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းကော်ရော် ဗျာဒိတ်ပန်းခံယူတော်မူခဲ့တဲ့ သုမေဓာရှင်ရသေ့ဘဝ တုန်းက....

၁။ ငါတဦးတည်းနိဗ္ဗာန်ကူးလို့ ဘာအကျိုးထူးမလဲ၊ ဗုဒ္ဓေါ ဗောဓေယျံ- ငါကိုယ်တိုင် သစ္စာလေးပါး အမှန်တရားကို ထိုး ထွင်းသိသူ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ပြီးယင် လူ နတ် ဗြဟ္မာ သတ္တဝါဝေနေယျအားလဲ သစ္စာလေးပါးကိုသိအောင် ဟော ကြား ချွတ်ချွတ်မယ်။

၂။ မုတ္တော မောစေယျံ၊ ငါ သံသရာ ဝဋ်ဆင်းရဲမှ လွတ်ကင်းသူ သဗ္ဗညုဘုရားဖြစ်ပြီးယင် လူ နတ် ဗြဟ္မာ သတ္တဝါဝေနေယျများအားလဲ ထံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် သံသရာလွတ်လပ်ရေး တရားဆေးကို တိုက်ကျွေး ဟောကြား ချွေချွတ်မယ်။

၃။ တိဏ္ဏော တာရေယျံ၊ ငါကိုယ်တိုင် သံသရာ ရေယဉ်ကျောကို ကူးမြောက်သူ သဗ္ဗညု ဘုရားဖြစ်ပြီးယင် လူ နတ် ဗြဟ္မာ ဝေနေယျအားလဲ သံသရာရေယဉ်ကျောကို ကူးမြောက်အောင် ကူးမြောက်ရေး တရားဆေးကို တိုက်ကျွေး ချွေချွတ်တော်မူမယ် ဆိုတဲ့ မူသုံးချက်ကို စတင် အကောင်အထည်ဖော်ထုတ်တဲ့ အကြံအစီမြတ်ဖြစ်တယ်။

ဒီအခါမှာ "ကာလာမအနွယ် အာဠာရ ရသေ့ဟာ ပညာရှိဘဲ၊ တတ်သိတယ်၊ ဉာဏ်ထက်တယ်၊ ပညာမျက်စိမှာ ကိလေသာ မြူမှုန် နည်းပါးနေတာကြာပြီ၊ အဲဒီ အာဠာရအား ရှေးဦးစွာ တရားဟောရယင် ကောင်းမှာဘဲ၊ သူဟာ ဒီတရားကို လျင်မြန်စွာ သိလိမ့်မယ်"လို့ ပကတိ စိတ်ထဲမှာ ပေါ်လာပါသတဲ့။

ဒီနောက် အာဠာရဟာ လွန်ခဲ့တဲ့ခုနစ်ရက်က ကွယ်လွန်သွားပြီးတော့ သူရထားတဲ့ ဈာန်ကုသိုလ်ရဲ့အစွမ်းဖြင့် အာကိဉ္စညာယတန ဆိုတဲ့ အရူပဘုံ ရောက်နေကြောင်းသိမြင်တော်မူတယ်။

အဲဒီတော့ မြတ်စွာဘုရားက "ကာလာမော-ကာလာမ အနွယ်ရှိသော။ အာဠာရော-အာဠာရသည်။ မဟာဇာနိယော-အများကြီး ဆုံးရှုံးသွားရှာပြီ"လို့ ညည်းညူတော်မူပါတယ်။

အဲဒီကနောက် ရာမပုတ္တ-ဥဒက ရသေ့အား တရားဦးဟော ရန် မြတ်စွာဘုရားက တဖန် ဆင်ခြင်တော်မူပါတယ်၊ ဒီတော့ "ဥဒကရသေ့ဟာ ညဥ့်ဦးယံကမှ ကွယ်လွန်ပြီး သူရထားတဲ့ဈာန် ကုသိုလ်ရဲ့အစွမ်းဖြင့် နေဝသညာနာသညာယတန ဘုံသို့ ရောက် နေကြောင်း သိမြင်တော်မူပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက "ရာမပုတ္တာ၊ ရာမ၏ သား (တပည့်) ဖြစ်သော၊ ဥဒကော-ဥဒက ရသေ့သည်၊ မဟာဇာနိ ယော၊ အများကြီး ဆုံးရှုံးသွားရရှာပြီ"လို့ စိတ်ဖြင့် ညည်းညူ တော်မူပြန်ပါတယ်။

အဲဒီကနောက် ဘယ်သူ့ကို တရားဦး ဟောရပါမည်လဲလို့ ဆင်ခြင်တော်မူပြန်တဲ့အခါ ပဥ္စဝဂ္ဂီရဟန်းငါးပါးအား တရားဦး ဟောဘို့ ဉာဏ်မှာပေါ်လာတယ်၊ သူတို့ရဲ့နေရပ်ကို ဉာဏ်ဖြင့် ကြည့်တော်မူတဲ့အခါ ဗာရာဏသီမြို့နယ်ထဲက မိဂဒါဝုန် ဆိုတဲ့ တောအရပ်မှာ နေကြတာကို မြင်တော်မူတယ်။

## မိဂဒါဝုန်ဒေသနာခရီးမှာ ဥပကကြီးနှင့်တွေ့သည်

အဲဒီလို မြင်တော်မူတဲ့အခါ ဗာရာဏသီမြို့နယ် မိဂဒါဝုန် တောဆီကို ကြွချီတော်မူပါတယ်၊ အခြားဘုရားရှင်များ ကြွချီ သလို တန်ခိုးတော်နှင့်မကြွချီဘဲ လမ်းခုလပ်မှာ ဥပက တက္ကဒွန်း ကြီးနဲ့တွေ့ပြီး မိန့်မြွက်စရာရှိလို့ ခြေလျင်ဘဲကြွချီတော်မူပါတယ်။

ရည်ရွယ်ချက်အတိုင်းပင် ဂယာသို့မရောက်မီ လမ်းခုလတ်မှာ ဥပက တက္ကဒွန်းကြီးနှင့် ရင်ဆိုင်တွေ့ပါတယ်၊ တက္ကဒွန်း ဆိုတာ အဝတ်မဝတ်ဘဲကျင့်နေကြတဲ့ နာဋပုတ္တဆိုတဲ့ ဂိုဏ်းဆရာကြီးရဲ့ ဂိုဏ်းဝင်တပည့်တွေပါဘဲ။

အဲဒီ ဥပကတက္ကဒွန်းကြီးက မြတ်စွာဘုရားကို တွေ့မြင်ရတော့ "ငါ့ရှင် သင်ရဲ့ မျက်စိ မျက်နှာစတဲ့ ဣန္ဒြေများက တယ်ကြည်လင်ပါကလား၊ အရေအဆင်းကလဲ သန့်ရှင်းဖြူစင်ပါပေတယ်၊ ဘယ်ဆရာကိုရည်ရွယ်ပြီး ရဟန်းပြုခဲ့ပါသလဲ၊ သင့်ဆရာက ဘယ်သူပါလဲ၊ ဘယ်ဆရာရဲ့ တရားကို သင်နှစ်သက် သဘောကျပါသလဲ"လို့ မေးပါတယ်၊ မြင်မြင်ချင်း ကြည်ညိုပြီးမေးတဲ့သဘောပါဘဲ။

အဲဒီတော့ မြတ်စွာဘုရားက "ငါဟာ မျက်စိ အဆင်းစတဲ့ တရားအားလုံးကို နိုင်နင်းသူဖြစ်တယ်၊ တရားအားလုံးကို အကုန်သိတယ်၊ ကပ်ငြိတွယ်တာမှုအားလုံး ကင်းသူဖြစ်တယ်၊ တဏှာကုန်ရာ နိဗ္ဗာန်မှာ လွတ်မြောက်သူလဲဖြစ်တယ်၊ ကိုယ်ပိုင်ဉာဏ်နှင့် သိပြီးဖြစ်လို့ ဘယ်သူ့ကို ဆရာလို့ညွှန်ပြနိုင်ပါမည်လဲ။

"ငါ့အား လောကုတ္တရာတရားထူးကိုရရန် ညွှန်ပြတဲ့ဆရာမရှိပါ၊ ငါနှင့်ဂုဏ်ရည်တူသူမရှိပါ၊ နတ်လူပြဟ္မာတွေထဲမှာ ငါနှင့် ရင်ဘောင်တန်း ဖက်ပြိုင်နိုင်သူ မရှိဘူး" လို့ မြတ်စွာဘုရားက ဖြေကြားတော်မူတယ်။

ဒီတော့ ဥပကတက္ကဒွန်းကြီးက "အရဟတ်- ဆိုတဲ့ ရဟန္တာတော့ ဖြစ်ပြီလား"လို့ ထပ်မေးပြန်တယ်။

ဒါကြောင့် မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပြန်ပါတယ်။

မိန့်ပုံက- "လောကမှာ ငါသည်သာ တပါးတည်းသော ရဟန္တာဖြစ်ပေတယ်၊ ငါဟာ အမြတ်ဆုံးဆရာဖြစ်တယ်၊ ငါဟာ တဆူတည်းသော သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တယ်၊ ကိလေသာမီး ငြိမ်းပြီး၍ အေးချမ်းသူဖြစ်တယ်"တဲ့။

ဒီတော့ ဥပကတက္ကဒွန်းက တဖန် "ဒါဖြင့် ဘယ်ကိစ္စအတွက် ဘယ်အရပ် ကြွမည်လို့ပါလဲ"လို့ မေးပြန်ပါတယ်။

ဒီအခါ မြတ်စွာဘုရားက "တရားစက်လည်ရန်အတွက် ကာသိတိုင်းသူများရဲ့ ဗာရာဏသီမြို့သို့ သွားနေတယ်၊ ပညာမျက်စိမရှိလို့ အကန်းလိုဖြစ်နေကြတဲ့ လောကသားများထဲမှာ အသေကင်းကြောင်း ငြိမ့်ညောင်းသာကြည် အမြိုက်စည်ကြီးကို တီးခေါက်ပုံအလား တရားဟောကြားလိုက်ဦးမည်"လို့ မိန့်တော်မူပါတယ်။

ဒီတော့ ဥပက တက္ကဒွန်းကြီးက "ငါ့ရှင်- သင်ဝန်ခံတဲ့အတိုင်းဆိုယင် အဆုံးမရှိအောင်မြင်တဲ့ အနန္တဇိနကော ဖြစ်ထိုက်ပါသလား"လို့ မေးပြန်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက "ငါ့လိုကိလေသာ တကယ်ကုန်တဲ့ပုဂ္ဂိုလ်သာလျှင် ဇိနမည်တယ်၊ ငါဟာ ယုတ်မာညစ်ကျုံးမကောင်းမှုကို အောင်မြင်အပ်ပြီးပြီ၊ ဒါကြောင့် ငါဟာ ဇိနမည်တယ်"လို့ မိန့်ကြားတော် မူရှတယ်။

ဒီတော့ ဥပကတက္ကဒွန်းကြီးက "အာဝုသော၊ ငါ့ရှင်-ဟုပေ၊ ယပါ၊ သင်ဝန်ခံသည့် အတိုင်း ဟုတ်သော်လဲ ဟုတ်ပေရာ၏" လို့ ခေါင်းငြိမ့်ကာ ပြောပြောဆိုဆိုပင် မြတ်စွာဘုရားအား လမ်းဖယ်ပေးပြီး သူ့လမ်း သူဆက်သွားပါရောတဲ့။

အဲဒါကို အထူးသတိပြုစရာ ကောင်းတယ်၊ ဥပကဟာ ဘုရားအစစ်နဲ့ တွေ့နေရပါလျက် သူ့ခမျာ ဘုရားမှန်း မသိရှာဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင်က "ငါဟာ ဘုရားအစစ်ဘဲ" လို့ ဝန်ခံမိန့်ကြားပါလျက်လဲ "ဘုရားအစစ်ဘဲ" လို့ သူကောင်းကောင်း မယုံနိုင်ရှာဘူး။

ဒါဟာ ဘာကြောင့်လဲဆိုယင် တက္ကဒွန်းဂိုဏ်းရဲ့ မိစ္ဆာအယူဝါဒစွဲနေလို့ပါဘဲ၊ ယခုခါမှာလဲ နည်းမှားကို စွဲယူထားသူများဟာ နည်းမှန်ကို ကြားရပေမဲ့ မယုံကြည်နိုင်ဘဲ ဖြစ်နေဘတ်တယ်၊ နည်းမှန်အတိုင်း ဟောပြော ကျင့်ကြံနေသူများကိုလဲ အထင်အမြင်သေးပြီး မရှိမသေ ပြုတတ်ပြောတတ်ကြတယ်၊ အဲဒီလို မမှားရအောင် အထူးသတိပြုဖို့ပါဘဲ။

ဥပကဟာ မြတ်စွာဘုရားကို တကစ်ချ မယုံကြည်ပေမဲ့ အတော်အတန် ယုံကြည်တဲ့ သဒ္ဓါတရားကိုတော့ ရသွားတယ်၊ ဒါကြောင့်သူဟာ နောင်ကာလမှာ မုဆိုးသမီး စာပါ(ဆာဝါ) နဲ့ အိမ်ထောင်ကျပြီးတော့ သားတယောက်ရတဲ့အခါ ညီးငွေ့ပြီး ဘုရားထံလိုက်လာတယ်၊ ဘုရားထံ ရောက်တော့ ရဟန်းပြုပြီး ဘုရားကျင့်လို့ အနာဂါမ် ဖြစ်တယ်၊ ဒီနောက် ကွယ်လွန်တဲ့

အခါ သုဒ္ဓါဝါသအဝိဟာဘုံ ရောက်ပြီး မကြာခင် ရဟန္တာ ဖြစ်သွားတယ်။

ဒီလိုဖြစ်ပေါ်လာမည့် အကျိုးကို မြော်မြင်တော်မူပြီးတော့ မြတ်စွာဘုရားက ဒီရှုပကနှင့်တွေ့ရအောင် ခြေလျင် ကြွတော်မူကာ သူမေးသမျှကိုလဲ ဖြေကြားတော်မူပါတယ်။

မိဂဒါဝုန် တောရဂုံဝယ်

ဒီလို ပြောဆို ဖြေကြားပြီးနောက် မြတ်စွာဘုရားကလဲ ဗာရာဏသီမြို့နယ် မိဂဒါဝုန်ဆီသို့ ကြွချီမြဲ ကြွလာတော်မူလာပါတယ်။

ခပ်လှမ်းလှမ်းမှ ဘုရားကြွလာတာကို ပဥ္စဝဂ္ဂီတို့က လှမ်းမြင်ကြတော့ သူတို့အချင်းချင်း ကတိကဝတ်ပြုကြတယ်၊ ပြုကြပုံကတော့ "ငါ့ရှင်တို့၊ ဟိုမှာ ရဟန်းဂေါတမ လာနေတယ်၊ သူဟာ အစာအာဟာရဖြတ်တဲ့ ပဓာနအကျင့်မှထွက်ပြီး လာဘ်လာဘများအောင် အားထုတ်နေတယ်၊ ဒါကြောင့် သူ့ကို ခမ်းမခိုရဘူး၊ ခရီးဦးကြိုမပြုရဘူး၊ သူ့သပိတ်ကို လှမ်းမယူရဘူး၊ ဒါပေမဲ့သူက အမျိုးမြတ်တဲ့အတွက် နေရာတော့ အသင့်ထားပေးရမယ်၊ သူထိုင်ချင်ယင်လဲ ထိုင်လိမ့်မယ်" လို့ ကတိကဝတ် ပြုကြတယ်တဲ့။

ဒါပေမဲ့ မြတ်စွာဘုရားရဲ့ဘုန်းတန်ခိုးတော်ကြောင့် တကယ် အနီးရောက်တဲ့ အခါကျတော့ ပဥ္စဝဂ္ဂီတွေဟာ ကတိကဝတ် အတိုင်း မတည်နိုင်ကြဘူး၊ တပါးက ခရီးဦးကြိုဆိုပြီး သပိတ်ကို

လှမ်းယူတယ်၊ တပါးကသက်န်းကို လှမ်းယူတယ်၊ တပါးက နေရာခင်းပေးတယ်၊ တပါးက ခြေဆေးခုံပြင်ပေးတယ်၊ ဒါပေမဲ့ သူတို့က မြတ်စွာဘုရားကို ခေါ်ဝေါ် ပြောဆိုနေကျအတိုင်း "ဂေါတမ" ဆိုတဲ့ အမည်ရင်းဖြင့်ဘဲ ပြောဆို နေကြတယ်၊ "ငါ့ရှင်" ဆိုတဲ့ မရိုမသေ ပြောဆိုခြင်းဖြင့်လဲ ပြောဆိုနေကြတယ်။

ဒီအခါ မြတ်စွာဘုရားက သူတို့ခင်းပေးတဲ့နေရာမှာ ထိုင်ပြီးတော့ ဒီလိုမိန့်မြွက်တော်မူတယ်။

"ပဉ္စဝဂ္ဂီ ရဟန်းတို့၊ ရှေးဘုရားတို့နှင့် အလားတူဖြစ်တဲ့ငါ့ကို (ဂေါတမ) ဆိုတဲ့ အမည်နဲ့လဲ မခေါ်ကြနဲ့၊ (ငါ့ရှင်) လို့လဲ မပြောကြနဲ့။

ရဟန်းတို့၊ ငါဟာ အရဟံ=ပူဇော်အထူးကိုခံထိုက်တဲ့ ဘုရားဖြစ်ပြီ၊ ရဟန်းတို့ ငါဟာ တထာဂတော=ရှေး ဘုရားတို့နှင့် အလားတူဖြစ်ပြီ၊ သမ္မာသမ္ဗုဒ္ဓေါ-ကိုယ်တိုင်မှန်စွာသိတဲ့ ဘုရားဖြစ်ပြီ။

ရဟန်းတို့ နားထောင်ကြ၊ အမတမဓိဂတံ = ငါဟာ သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်ကို သိလာပြီ၊ ငါ နည်းပေး ညွှန်ပြမယ်၊ တရားကို ငါဟောမယ်၊ ငါညွှန်ပြတဲ့ အတိုင်း သင်တို့ကျင့်ကြယင် အမျိုးကောင်းသားတို့ ရဟန်းပြုကျင့်ကြ စဉ်က (ယံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယစသည်) ရည်ရွယ်ရင်းအကျိုးဖြစ်တဲ့ အမြတ်ဆုံး အရဟတ္တဖိုလ် နိဗ္ဗာန်ကို

မျက်မှောက်ဘဝ မကြာမီပင် ကိုယ်ပိုင်ဉာဏ်ထူးဖြင့် မျက်မှောက် ထင်ထင် ရောက်ရှိရရှိနေကြမယ်”လို့ ရဲရဲတင်းတင်း ပွင့်ပွင့် လင်းလင်းကြီး ဝန်ခံလျှောက် မိန့်မြွက်တော်မူတယ်။

ဒီလို မိန့်တော်မူတာတောင် ပဉ္စဝဂ္ဂီတွေက မယုံကြည်ကြ သေးဘူး၊ “ဒုက္ကရစရိယာ ကျင့်စဉ်တုန်းက အစာအာဟာရ ဖြတ်ပြီး ကျင့်နဲ့တာတောင် တရားထူးမရခဲ့ဘဲနဲ့ ယခု ပဓာန အကျင့်မှထွက်ပြီး လာဘ်လာဘ ပေါများအောင် လျှော့ပေါ့ စွာ အားထုတ်နေမှ သင်ဟာ ဘယ်မှာတရားထူးကို ရနိုင်မှာလဲ” လို့ ချေပပြောဆိုကြတယ်။ ဒါလဲ တရားမမြင်လို့ ဘုရားမြင် ကြတာဘဲ။

ဒီအခါ မြတ်စွာဘုရားက မဟာကရုဏာတော်ဖြင့် သနား တော်မူပြီး ဒီလိုကြောင်းကျိုးပြပြီး မိန့်တော်မူပါတယ်။

“ပဉ္စဝဂ္ဂီရဟန်းတို့၊ငါဘုရားဟာပစ္စည်းလာဘ်ပေါများအောင် အားထုတ်နေတာလဲ မဟုတ်ဘူး၊ ကိလေသာကို ငြိမ်းစေနိုင်တဲ့ ပဓာနအကျင့်မှန်မှ ထွက်တာလဲ မဟုတ်ဘူး၊ ပစ္စည်းများရေး အတွက် ပြန်လည်ကျင့်တာလဲ မဟုတ်ဘူး၊ ငါဟာ အရဟံဘုရား ဖြစ်ပြီ၊ တထာဂတ ဘုရားဖြစ်ပြီ၊ သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်ပြီ၊ နားထောင်ကြ၊ အသေကင်းတဲ့တရားကို ငါဟောမယ်”စသည် ဖြင့် ပဌမက ပြောခဲ့တဲ့အတိုင်း မိန့်တော်မူပါတယ်။

ဒုတိယအကြိမ်လဲ ပဉ္စဝဂ္ဂီတွေဟာ မသိရှာကြလို့ မပြော သင့်တာတွေကို ပြောဆိုနေကြတာဘဲလို့ သိမြင် သနားတော်

မှုပြီး တတိယအကြိမ်လဲ နည်းတူပင် ကြောင်းကျိုးပြပြီး မိန့်တော်မူရတယ်။

အဲဒါလဲ ပဥ္စဝဂ္ဂီတွေကတော့ မယုံကြည်ကြသေးဘဲ ပြန်လည်ချေပပြီး ငြင်းဆန်နေကြတာဘဲ။

အဲဒီတော့ မြတ်စွာဘုရားက "ပဥ္စဝဂ္ဂီရဟန်းတို့ သင်တို့ စဉ်းစားကြလော့၊ ငါနှင့် သင်တို့ဟာ ယခုမှ တွေ့ကြရတာ မဟုတ်ဘူး၊ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေတုန်းက သင်တို့ဟာ ၆-နှစ်ပတ်လုံး ဝတ်ကြီးဝတ်ငယ်ပြုစုပြီး ငါနှင့်အတူနေသာခဲ့ကြတာဘဲ။

အဲဒီတုန်းကများ သင်တို့အား ငါယခုပြောကြားခဲ့တဲ့စကားမျိုးကို ပြောကြားဘူးပါသလား" လို့ စဉ်းစားဘို့အရေး မေးခွန်းထုတ်တော်မူလိုက်ပါတယ်။

ဒီတော့မှ ပဥ္စဝဂ္ဂီတွေကလဲ အမှန်ကိုစဉ်းစားမိပြီး ယုံကြည်သာကြတယ်၊ ဒါကြောင့် "ဟိုရှေးတုန်းက-ဒီလိုမပြောခဲ့ဘူးပါဘူးဘုရား" လို့ ရိုသေစွာဖြေကြားကြတယ်။

အဲဒီအခါမြတ်စွာဘုရားက "ရဟန်းတို့ ငါဟာ အရဟံ၊ ပူဇော်ခံထိုက်တဲ့ ဘုရားဖြစ်လာပြီ၊ တထာဂတော-ရှေးဘုရားရှင်များနှင့် အလားတူဘုရားဖြစ်လာပြီ၊ သမ္မာသမ္ဗုဒ္ဓေါ-ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်လို့ အဟုတ်သိလာတဲ့ဘုရားဖြစ်လာပြီ။

နားထောင်ကြ၊ သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်တရားမှန်ကို ငါသိလာပြီ၊ ငါနည်းပေးလမ်းညွှန်ပြမယ်၊ ငါတရားကိုဟော

မယ်၊ ငါညွှန်ပြတဲ့အတိုင်း သင်တို့သိကြယ် အမျိုးကောင်းသားတို့ ရဟန်းပြုစဉ်က ရည်ရွယ်ရင်းအကျိုးဖြစ်တဲ့ ဖာကျင့်လမ်းဆုံးအမြတ်ဆုံး အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ဘဝမကြာမီပင် ကိုယ်ပိုင်ဉာဏ်ထူးနဲ့မျက်မှောက်ပြုလျက် ရောက်ရှိနေကြရမယ်”လို့ ထပ်မံဝန်ခံတော်မူရတယ်။

## ဓမ္မစကြာတရားတော်

ဒီတော့မှ ပဉ္စဝဂ္ဂီရဟန်းတွေလဲ ဘုရားဟောမည့်တရားကိုနာကြားလိုတဲ့စိတ်ထက်သန်စွာနဲ့ ရိုသေစွာနဲ့ နားထောင်နေကြပါတယ်။ သိနားလည်ဖို့ရာ စိတ်စောနေကြပါတယ်။

အဲဒီနှစ်ဟာ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်ဖြစ်တယ်၊ အဲဒီနေ့ဟာ နွေမိုးကူးစ- ဝါဆိုလပြည့်နေ့ဖြစ်တယ်။ အချိန်ကတော့—နေဝင်လထွက်ရောင်စုံယှက်တဲ့အချိန်ပေါ့၊ ဝင်လုခါနီး နေဝန်းကြီးကလဲ နီနီရဲရဲ ပတ္တမြားခဲ ပတ္တမြားလုံးကြီးပမာ အနောက်ဂေါယာဆီမှာ အနီရောင်ဖြာထွက်နေတယ်၊အရှေ့လောကဓာတ်ဆီက ဝါဝါဝင်းဝင်းလမင်းကြီးကလဲ ရွှေရောင်တလက်လက်အရောင်ထွက်နေတယ်၊မြတ်စွာဘုရားအားပူဇော်တဲ့အနေ-တရားဦးကိုလဲ ပူဇော်တဲ့အနေနဲ့ လောကဓာတ်တခွင်လုံးတွင် ပန်းမျိုးစုံတွေကလဲ ပွင့်ဖူးမွေးကြိုင်နေပါတယ်၊ ဘုရားရှင်ရဲ့ ၃၂-ပါးသောလက္ခဏာတော်ကြီးများနှင့် ၈၀-သောလက္ခဏာတော်ငယ်တွေကလဲ သပ္ပါယ်ထူးထွေ အနန္တကျက်သရေနှင့် ပြည့်စုံနေပါတယ်။

တရားနာပရိသတ်ကတော့ လူသားထဲက ပဥ္စဝဂ္ဂီငါးဦးသာ ရှိပါတယ်၊ ဗြဟ္မာတွေကတော့ ၁၈-ကုဋေရှိပြီး၊ နတ်တွေက တော့ ကုဋေကုဋာမရေသာပါဘူးတဲ့။

ဒီအခါမှာ နတ်ဗြဟ္မာတွေရဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကလဲ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေမှာပါဘဲ။

ဒီလိုနေရောင်လရောင် နတ်ဗြဟ္မာအရောင်နှင့် ဗုဒ္ဓရောင်ခြည် ပေါင်းစုံညီလို့ စီရရီပန်းပွင့် ထူးတင့်ကျက်သရေ ရွှန်းရွှန်းဝေတဲ့ အချိန်မြတ်မင်္ဂလာမှာ ဗုဒ္ဓမြတ်စွာက—

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"အစချီ တဲ့ ဓမ္မစကြာတရားတော်ကို စတင်ဟောတော်မူပါတယ်။

ဒီတရားတော်ရဲ့လိုရင်းကတော့-"ကာမချမ်းသာ၊ သုံးဆောင် ဘာ၊ ပယ်ခွါရှောင်ရမည်" ဆိုတဲ့ ကာမဂုဏ်ချမ်းသာကို သုံး ဆောင်ရုံ ကာမသုခလ္လိကာနုယောဂအကျင့်ကိုကျင့်ရုံနဲ့လဲ သံသ ရာဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့ဂုဏ်ထူး တရားထူးကိုမရနိုင်ဘူး။

"မသုံးဆောင်ဘဲ ကိုယ်ညှင်းဆဲ၊ ဒါလဲ ရှောင်ရမည်" ဆိုတဲ့ သုံးဆောင်သင့် သုံးဆောင်ထိုက်တဲ့ အစားအသောက် အနေ အထိုင်များကို လုံးဝမသုံးဆောင်ဘဲနဲ့ သစ္စာလဲမမြင် မဂ္ဂင်လဲမပါ ဘဲနဲ့ ကိုယ့်ကိုယ်ကို ဆင်းရဲအောင် ညှင်းဆဲတဲ့ အတ္တကိလမထာ နုယောဂ အကျင့်ကို ကျင့်ရုံနဲ့လဲ သံသရာဝဋ်ဆင်းရဲမှ လွတ် မြောက်တဲ့ ဥာဏ်ထူးတရားထူးကို မရနိုင်ဘူး။

"အစွန်းနှစ်သွယ်၊လမ်းမှာဖယ်၊အလယ်လမ်းမှန်သည်" ဆိုတဲ့ ရှစ်ဖြာမဂ္ဂင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်မှသာလျှင် သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်တဲ့ ဉာဏ်ထူးတရားထူးကို ရနိုင်တယ်။

အဲဒီ မဇ္ဈိမပဋိပဒါ အကျင့်လမ်းမှန်ဆိုတာ—

၁။ ဆင်းရဲအစစ်အမှန် ဒုက္ခသစ္စာကို ပိုင်းခြားသိအောင်။

၂။ ဆင်းရဲဖြစ်ကြောင်း အစစ်အမှန် သမုဒယသစ္စာကို ပယ်နိုင်အောင်၊

၃။ ဆင်းရဲငြိမ်းရာအစစ်အမှန် နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်အောင်၊

၄။ အဲဒီ ဒုက္ခ-သမုဒယတွေငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း၊ ရောက်ကြောင်း ရကြောင်း အစစ်အမှန်ဖြစ်တဲ့ မှန်စွာမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာပြောခြင်း၊ မှန်စွာပြုခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအမှတ်ရခြင်း၊ မှန်စွာအားထုတ်ကြောင့်ကြစိုက်ခြင်း၊ မှန်စွာစူးစိုက်တည်ကြည်ခြင်း ဆိုတဲ့ မဂ္ဂသစ္စာကို ပွားခြင်းပါဘဲ။

အဲဒီ ဓမ္မစကြာတရားတော်နှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံသိလိုယင်တော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ "ဓမ္မစကြာတရားတော်ကြီး" စာအုပ် ကိုသာ ကြည့်ကြပေတော့။

## ပဥ္စဝဂ္ဂီရဟန်းတော်များ ရဟန္တာ ဖြစ်တော်မူကြသည်

အဲဒီ ဓမ္မစကြာတရားတော်အဆုံးမှာ တရားနာယင်း ရှုမှတ်နှလုံးသွင်းလို့ ပဥ္စဝဂ္ဂီရဟန်း ငါးဦးထဲက အရှင်ကောဏ္ဍညဟာ ဝိပဿနာဉာဏ်တွေပြည့်စုံပြီးသောတာပန်ဖြစ်သွားတယ်၊ဒီတော့ ရသေ့ရဟန်းအဖြစ်မှ သာသနာ့ဝင် ရဟန်းအဖြစ် တောင်းပန်တယ်၊ ဒီတော့ မြတ်စွာဘုရားဟာ "ဧဟိဘိက္ခု" ခေါ်တော်မူတယ်၊ ဒီနောက် မြတ်စွာဘုရား ကိုယ်တော်တိုင် စောင့်ရှောက်ပြီး အဲဒီ ပဥ္စဝဂ္ဂီရဟန်းတော်များအား တရားကိုဆက်လက်ဟောပြ စောင့်ရှောက်တော်မူပါတယ်။

ပဥ္စဝဂ္ဂီရဟန်းတော်များဟာ နှစ်ပါးတလဲ သုံးပါးတလဲဆွမ်းခံပြီး ဘုရားပါ အားလုံး ဆွမ်းဘုဉ်းပေးလို့ တရားနာနှလုံးသွင်းအားထုတ်ကြတယ်။

ဒီလို ဓမ္မစကြာသုတ်တော်လာတဲ့ မဂ္ဂင်ရှစ်တန် ကျင့်လမ်းမှန်များကို ဆက်လက်အားထုတ်ကြယင်း ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှာ အရှင်ဝပ္ပဟာ သောတာပန်ဖြစ်တယ်၊ ရဟန်းအဖြစ်တောင်းပန်လို့ ဧဟိဘိက္ခု-ဖြင့် ရဟန်းပြုတယ်၊ အဲဒီ ၂-ရက် နေ့မှာ အရှင်ဘဒ္ဒိယ- သောတာပန်ဖြစ်တယ်၊ ၃-ရက်နေ့မှာ အရှင်မဟာနာမ်-သောတာပန်ဖြစ်ပြီး ရှေးနည်းအတိုင်း ဧဟိဘိက္ခုဖြစ်တယ်၊ ဝါဆိုလပြည့်ကျော် ၄-ရက်နေ့မှာ အရှင်အဿဇိ-သောတာပန်ဖြစ်ပြီး ရှေးနည်းအတိုင်း ဧဟိဘိက္ခု ဖြစ်တယ်။

ဝါဆိုလပြည့်ကျော် ၅-ရက် နေ့မှာတော့ ပဉ္စဝဂ္ဂီရဟန်းငါးပါးလုံးအား မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူတယ်။

အဲဒီမှာလဲ တရားနာယင်း ရှုမှတ် နှလုံးသွင်းကြလို့ တရားအဆုံးမှာ ပဉ္စဝဂ္ဂီရဟန်းတော်ငါးပါးလုံး ကိလေသာ ကုန်ခမ်း ရဟန္တာဖြစ်ကြတယ်။

ဒီနောက် ဗာရာဏသီပြည်က ဂဏာနဲ့ဆွမ်းကပ်လှူဘူးသော သူဌေးကတော် သုဇာတာရဲ့သားဘော် ယသ-အမှူးရှိတဲ့ သူငယ်ချင်း ၅၅-ယောက်တို့လဲ မြတ်စွာဘုရားထံသို့ အသီးသီးရောက်ရှိလာကြဘယ်။

မြတ်စွာဘုရားကလဲ ၁၊ ဒါနကထာ- ဒါနနှင့် စပ်သော တရားစကား၊ ၂၊ သီလကထာ- သီလနှင့် စပ်သောစကား၊ ၃၊ သဂ္ဂကထာ- နတ်ရွာသုဂတိနှင့် စပ်သော စကား၊ ၄၊ မဂ္ဂကထာ- မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့် စပ်သော တရားစကားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူပါတယ်။

အမှတ် ၄-မဂ္ဂကထာ-တွင် ကာမာနံ အာဒီနဝကထာ-ကာမဂုဏ်ချမ်းသာတို့ရဲ့ အပြစ်ကိုပြသော တရားစကားနှင့် နေက္ခမ္မအာနိသံသကထာ- ထိုကာမဂုဏ်တို့မှ ထွက်မြောက်ရာ ရှင်ရဟန်းအဖြစ်မှ စပြီး နိဗ္ဗာန် တိုင်အောင်သော နေက္ခမ္မ တရားမှာ အကျိုးအာနိသင်ကို ဖေါ်ပြတဲ့ တရားစကားများလဲ ပါဝင်ပါတယ်။

အဲဒီတရားတော်များကို နာကြားရှုမှတ် နှလုံးသွင်းကြရလို့ ယသ-အမှူးရှိတဲ့ သူဌေးသား ၅၅-ယောက်တို့လဲ သောတာပန် ဖြစ်ကြပြီး မြတ်စွာဘုရားထံ ရဟန်းအဖြစ် တောင်းပန်ကြတယ်၊ မြတ်စွာဘုရားကလဲ "ဟေတိဘိက္ခု" ဖြင့် ရဟန်းပြုပေးတော်မူပါ တယ်၊ ဒီနောက် ဆက်လက်ဟောကြားတဲ့ တရားတော်များကို နာကြားယင်းပင် သူတို့လဲအာသဝေါကုန်ခမ်း ရဟန္တာဖြစ်တော် မူကြပါတယ်။ ဒီမှာ ယသရဲ့မိခင်နှင့်ဇနီးဆိုတဲ့ မိသားစုများလဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားထူးကို ရကြပါသေးတယ်။

ယခုပြောခဲ့တဲ့ ပဉ္စဝဂ္ဂီရဟန္တာငါးပါးရယ်၊ ယသ- အမှူးရှိတဲ့ သူဌေးသား ၅၅-ယောက် ရဟန္တာများရယ် ပေါင်း ရဟန္တာ ၆၀-နှင့်အတူ မြတ်စွာဘုရားရှင်ဟာ ဗာရာဏသီပြည် ဣသိပတန အမည်ရတဲ့ မိဂဒါဝုန်တောမှာပင် ပဌမဝါကို ဆိုတော် မူပါ တယ်။

## ပဌမ ဝါကျွတ်စ မြတ်ဗုဒ္ဓရဲ့ သာသနာပြုမိန့်ခွန်း

မြတ်စွာဘုရားဟာ တဝါကင်းလွှတ် သီတင်းကျွတ်တဲ့အခါ တပည့် ရဟန္တာ ၆၀-ကို ခေါ်တော်မူပြီး ဒီလိုသာသနာပြု မိန့် ခွန်းကို မိန့်ကြားတော်မူပါတယ်။

"ရဟန်းတို့၊ ငါဘုရားဟာ နတ်လူအာရုံ ကာမဂုဏ်လောဘ ဘဏ္ဍာ ကျော့ကွင်းအားလုံးတို့မှ ကင်းလွတ်ခဲ့လေပြီ။ ရဟန်းတို့၊ သင်တို့လဲ နတ်လူအာရုံ ကာမဂုဏ်လောဘဘဏ္ဍာ ကျော့ကွင်း အားလုံးတို့မှ ကင်းလွတ်ခဲ့ကြလေပြီ။

ရဟန်းတို့၊ သင်တို့သည် များစွာကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ လောကီလောကုတ္တရာ ချမ်းသာ စီးပွား ကောင်းကျိုးတရား ဖြစ်ပွားစေရန် ဒေသစာရီ လှည့်လည်ကြကုန်လော။

လမ်းတလမ်း၌ ရဟန်းနှစ်ပါး ပေါင်း၍သွားသော် တပါးက တရားဟောလျှင် ကျန်တပါးက အလကားထိုင်နေရမည် ဖြစ်သောကြောင့် လမ်းတကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြကုန်လင့်။

ရဟန်းတို့၊ သင်တို့သည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက် အနက်သဒ္ဒါ ပုဒ်ပါဌ်အက္ခရာနှင့်လည်း ပြည့်စုံသော တရားကို ဟောကြားကြကုန်လော့။

အပိုအလို မရှိ ထက်ဝန်းကျင် ပြည့်စုံသော ဒုစရိုက်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ သမာဓိ ပညာသုံးပါး သိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့။

"ရဟန်းတို့....ပညာမျက်စိမှာ ကိလေသာမြူမှုန် နည်းပါးကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့သည် များစွာရှိကြကုန်၏၊ ထိုသူအများ တရားမနာကြားရလျှင် မဂ်ဖိုလ်တရားအထူးကိုရခြင်းမှ ဆုံးရှုံးနစ်နာကြကုန်မည်၊ တရားအချက်သဘောနက်ကို ပြက်ပြက်ထင်ထင် နားလည်သိမြင်ကြမည့်သူ နတ်လူတို့သည်လည်း အထင်အရှား ပေါ်ပေါက်လာကြပေမည်။

ရဟန်းတို့....ငါဘုရားသည်လည်းရသေ့ညိနှောင်ရှင်တထောင်တို့ကို ချေချွတ်ရန် တရားဟောရန် ဥရုဝေလတောအရပ်ရှိရာ သေနာနိဂုံးသို့ ကြွတော်မူပေဦးမည်”

မြတ်စွာဘုရားက တပည့်ရဟန္တာ အမာခံခြောက်ကျိပ်တို့အား ဒီလိုသာသနာပြုခရီးထွက်ရန် တိုက်တွန်းမိန့်မြွက်တော်မူခဲ့ပါတယ်၊ ကိုယ်တော်တိုင်လဲ သာသနာပြုကြွချီတော်မူပါဘယ်။

ဒီလိုကိုယ်တော်တိုင်လဲ ဒေသစာရီ ကြွချီသာသနာပြုတော်မူသလို တပည့်များအားလဲ သာသနာပြုဒေသစာရီလှည့်လည်ရန် တိုက်တွန်းတော်မူတဲ့ မိန့်ခွန်းတော်ဟာလဲ သုမေခါရသေ့ဘဝ တုန်းက ဒီပင်္ကရာစေမြတ်စွာရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းပြီးတော့....

ဗုဒ္ဓေါ ဗောဓေယျံ၊မုတ္တော မောစေယျံ၊တိဏ္ဏော တာရေယျံ-အကြံသုံးပါး အရင်းထား၍ ဘုရားဖြစ်ရန် ဆုတောင်းပန်တော်မူခဲ့စဉ်တုန်းက မူသုံးချက်ကို အင်နဲ့အားနဲ့ ထပ်ဆင့်အကောင်အထည်ဖော်တော်မူတဲ့ မှန်မြတ်သော လမ်းစဉ်မိန့်ခွန်းဖြစ်ပါတယ်။

## ဗုဒ္ဓကိစ္စငါးပါး

ဒီလို အကောင်အထည်ဖေါ်တဲ့နေရာမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ တလောကလုံးတွင် အလုပ်-အလုပ်ဆုံးအဖြစ် စံချိန်တင်ရပါတယ်၊ ၂၄-နာရီခေါ်တဲ့ တနေ့နှင့်တညအတွင်းမှာ တနာရီကျော်ကျော်မျှသာ ကျိန်းစက်နားနေတော်မူခဲ့ပါတယ်။

အဲဒီဗုဒ္ဓမြတ်စွာဘုရားရဲ့ တရက်အလုပ်ကို ကျမ်းဂန်များမှာ

အချိန်ငါးပိုင်းပိုင်းပြီး ပြဆိုထားပါတယ်၊ အဲဒါကို ဗုဒ္ဓကိစ္စ ၅-ပါးလို့ခေါ်ပါတယ်။

## ဗုဒ္ဓကိစ္စငါးပါးဆိုတာ

၁။ နံနက်ပိုင်း ဆွမ်းကိစ္စပြီးသည့်တိုင်အောင် ပြုရတဲ့ ပုရေဘတ္တကိစ္စ-က တပါး၊

၂။ ဆွမ်းကိစ္စပြီးသည့်နောက် နေ့ခင်းပိုင်းမှာပြုရတဲ့ ပစ္ဆာဘတ္တကိစ္စ-က တပါး၊

၃။ ညနေချမ်းနှင့် ညဉ့်ဦးယံမှာပြုရတဲ့ ပုရိမယာမကိစ္စက တပါး၊

၄။ ညဉ့်အလယ်ပိုင်းမှာပြုရတဲ့ မဇ္ဈိမယာမကိစ္စ-က တပါး၊

၅။ ညဉ့်ရဲ့နောက်ဆုံးပိုင်း မိုးသောက်ယံမှာပြုရတဲ့ ပစ္ဆိမယာမကိစ္စ-က တပါး၊ ပေါင်းငါးပါးရှိပါတယ်။

## ၁။ ပုရေဘတ္တကိစ္စ

ဒီငါးပါးထဲမှာ– ၁။ ပုရေဘတ္တကိစ္စ ဆိုတာ နံနက်ပိုင်း ဆွမ်းခံကိစ္စပြီးသည့်တိုင်အောင် နေ့စဉ် ဆောင်ရွက်တော်မူရတဲ့ ကိစ္စပါဘဲ။

ဆောင်ရွက်တော်မူပုံကတော့ မြတ်စွာဘုရားဟာ နံနက်စောစောပိုင်းမှာ ညအလုပ်ကြွေးပုဂ္ဂိုလ်က- ဆက်ကပ်တဲ့မျက်နှာသစ်ရေ ဒန်ပူတိုကိုခံယူပြီး မျက်နှာသစ်တော်မူတယ်၊

အဲဒီကနောက် ဆွမ်းခံချိန်တိုင်အောင် ဆိတ်ငြိမ်ရာအရပ်မှာ သီတင်းသုံးတော်မူတယ်၊ ဆွမ်းခံချိန်ရောက်တဲ့အခါ သင်္ကန်းများကို သပွါယ်စွာ ပြုပြင်ဝတ်ရုံပြီးတော့ တရံတခါ တပါးတည်း၊ တရံတခါ သံဃာတော်များနှင့်တကွ မြို့ရွာနိဂုံးများသို့ ဆွမ်းခံကြွတော်မူတယ်။

တရံတခါ တန်ခိုးမပြဘဲ ရိုးရိုးကြွတော်မူတယ်၊ တရံတခါ တန်ခိုးပြာဋိဟာတွေပြပြီး ကြွတော်မူတယ်။

ဘယ်လိုတန်ခိုးပြာဋိဟာတွေလဲဆိုယင် မြတ်စွာဘုရားကြွတော်မူမည့်လမ်းကိုလေပြေလေညှင်းတွေကတိုက်ခတ်ပြီး သုတ်သင်ရှင်းလင်းပေးတယ်၊ မိုးတိမ်တွေက မိုးရေမိုးပေါက်တွေကို ရွာချပြီး ဆွတ်ဖြန်းပေးတယ်၊ အဲဒီလိုမိုးရေဆွတ်ဖြန်းပြီး မြူမှုန်တွေကိုငြိမ်သက်စေသည့်ပြင် မြတ်စွာဘုရားရဲ့အထက်မှ ပြတန်မျက်နှာကျက်သဖွယ်ဖြစ်ပြီးတော့လဲ လိုက်ပါနေတယ်၊ အခြားလေတွေကပန်းတွေကိုတိုက်ခတ်ဆောင်ယူလာပြီးတော့ လမ်းတလျှောက်မှာဖြန့်ကြဲပြီးခင်းကြတယ်၊မြေပြင်မှာ မြင့်မောက်တဲ့နေရာတွေကနိမ့်ပြီး၊ ချိုင့်တဲ့နေရာတွေကလဲ မြင့်တက်လာကာ ညီညွတ်နေတယ်၊ ဆူးညောင့်ခလုတ်ကျင်းချိုင့်တွေမရှိဘဲလမ်းဟာတပြင်တည်းချောပြီး ညီညာနေတယ်၊ ညီညာရုံတင်တောင်မဟုတ်သေးဘူး ခြေတော်နင်းချလိုက်တဲ့အခါ နူးညံ့ချောညက်တဲ့ ကြာပန်း စသည်က ခံလျက်ခံလျက်ဖြစ်နေတယ်။

ရွှေတံခါး၊ မြို့တံခါးပေါက်က ဝင်မိသည်နှင့် တပြိုင်နက် ညိုသောရောင်ခြည်တော်၊ ဝါရွှေသောရောင်ခြည်တော်၊နီမြန်း

သောရောင်ခြည်တော်၊ဖြူသောရောင်ခြည်တော်၊ အနီနုပန်းရောင်ရှိတဲ့ မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြက်ပြက် တလက်လက်တောက်ပသော ရောင်ခြည်တော်ဆိုတဲ့ ဒီရောင်ခြည်တော်ခြောက်သွယ်က ကိုယ်တော်မှ ထွက်ပေါ်လာကြပြီး ထိုထိုအရပ်သို့ပြေးသွားကြတယ်၊ ယခုကာလမီးရောင်စုံနဲ့ ဆလိုက်ထိုးထားသလိုနေမှာပေါ့။

ဆင် မြင်း ငှက် စသည်တို့ကလဲ သူတို့နေရာမှာနေယင်း သာယာတဲ့အသံနဲ့မြည်နေကြတယ်၊စောင်း သရော ပုံစတဲ့ ဒူရိယာတွေကလဲ မတီးမမှုတ်မရဘဲ သူ့အလိုလိုမြည်နေကြတယ်၊ဒီလိုတန်ခိုးပြာဋိဟာတွေကိုပြရတာကလဲ တခြားအကြောင်းကြောင့်မဟုတ်ပါဘူး၊ ဒီလို တန်ခိုးပြာဋိဟာကိုတွေ့ရမှ မြတ်စွာဘုရားအပေါ်ကြည်ညိုသဒ္ဓါတရားဖြစ်ပြီး ကျွတ်တန်းဝင်နိုင်မည့် ပုဂ္ဂိုလ်တွေအား အကျွတ်တရားရစေလိုတဲ့အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်။

သတ္တဝါတွေက အမျိုးမျိုးရှိနေကြတယ်၊ တချို့ကရိုးရိုးတရားဟောတာလောက်သာ ကြိုက်ကြတယ်၊ တချို့ကတော့ထူးထူးဆန်းဆန်း တန်ခိုးပြတာကိုကြိုက်ကြတယ်။

တခါက အထူးအဆန်းကြိုက်တဲ့ ဒကာမကြီးရှိသတဲ့၊ သူကဘုရားပင့်တဲ့အခါ "ရွှေသင်္ကန်းကိုဝတ်ရုံပြီး စိန်စီတဲ့ မြသပိတ်နဲ့ရတနာမျိုးစုံချယ်စီထားတဲ့ တောင်ဝှေးကိုစွဲကိုင်ပြီး တပည့်တော်မရဲ့ခေါင်းပေါ်ကို ကြွရောက်တော်မူပါမြတ်စွာဘုရား" စသည်ဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ပင့်ပြီး ကြည်ညိုလေ့ရှိပါတယ်တဲ့၊ သဒ္ဓါတရားအားကြီးပီး ပင့်တာပါဘဲ၊

ဒါပေမဲ့ သူ့အကိုကြီးကတော့ "ဟဲ့ နင်ဘုရားပင့်တာက လဲ ကိရိယာကျယ်လှပါတကား၊ နင့်ခေါင်းပေါ်ကြွတဲ့ရာ မြတ်စွာဘုရားမှာ အများကြီးဖန်ဆင်းရ ပြုပြင်ရဦးမယ်၊ ငါသာ ဘုရားဆိုယင်တော့ ဒီလိုပင့်တဲ့နေရာကို ကြွမှာမဟုတ်ဘူး" လို့ ပြောပါသတဲ့။

အနောက်နိုင်ငံက အမျိုးသမီးကြီးတယောက်ကတော့ "မြန်မာပြည်က စေတီတော် ဆင်းတုတော်တွေမှာ ရွှေတွေကျောက်တွေနဲ့ စက္ကူပန်း ပလပ်စတိတ်ပန်း စသည်တွေနဲ့ဒီလိုပူဇော်ထားတာကိုတောင် အပိုတွေဘဲ၊ သက်တော်ထင်ရှား ဘုရားသာဆိုယင် သူ့အနားမှာ ဒီလိုဟာတွေလာထားယင် လက်ခံမှာမဟုတ်ဘူး" စသည်ဖြင့် သူကဝေဖန်ပြောဆိုပါသတဲ့။

ဒါတွေဟာ စိတ်ခေတ်ချင်းမတူဘဲ ကွဲနေကြတာတွေပါဘဲ၊ အဲဒီလိုစိတ်ခေတ်ကွဲနေကြရာမှာ အထူးအဆန်းတွေမှ ကြည်ညိုနိုင်မည့်ပုဂ္ဂိုလ်တွေအတွက် တရံတခါ တန်ခိုးပြာဋိဟာတွေနဲ့ ဆွမ်းခံကြွတော်မူပါတယ်၊ ဒါပေမဲ့ အဲဒီလို တန်ခိုးပြာဋိဟာတွေနဲ့ ဆွမ်းခံကြွတော်မူတာကတော့ အလွန်နဲ့ဟန်လက္ခဏာရှိပါတယ်။

အဲဒီလိုပြာဋိဟာတွေနဲ့ကြွလာတော်မူတဲ့အခါ အဲဒီလမ်းအဲဒီ ရပ်ကွက်ကလူတွေက အဲဒီတန်ခိုးပြာဋိဟာတွေကို တွေ့ရတာနဲ့ "ဒီကနေ့ မြတ်စွာဘုရား ငါတို့လမ်း ငါတို့ရပ်ကွက်ကို ဆွမ်းခံကြွလာတော်မူတယ်" လို့ သိကြတယ်။

အဲဒီလိုသိပြီးတော့ အဝတ်အစားများကို ကောင်းကောင်းမွန်မွန်သပ်သပ်ရပ်ရပ်ဝတ်ရုံပြီး ပန်းနံ့သာမျိုးနဲ့တကွလမ်းထွက်

ပြီး မြတ်စွာဘုရားကို ပူဇော်ကြ ရှိခိုးကြတယ်၊ မိမိတို့နိုင်သမျှ သံဃာတော် ၁၀-ပါး၊ အပါး ၂၀-၊ အပါး ၃၀၊၄၀၊၅၀၊ ၁၀၀-စသည်ဖြင့်ပင့်ပြီး ဆွမ်းလှူကြတယ်။

ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရားက တရားနာပုဂ္ဂိုလ်များရဲ့ အလိုအကြိုက်ကိုကြည့်ပြီး သင့်လျော်တဲ့ တရားကိုဟော ကြားတော်မူတယ်။ အဲဒီတရားကိုကြားနာကြပြီးတချို့ကငါးပါး သီလ၌ တည်ကြတယ်၊ တချို့က သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်ကြတယ်၊ တချို့ကရဟန်းပြုပြီး ရဟန္တာဖြစ်ကြ တယ်။

အဲဒီလို အနုမောဒနာတရားဟောပြီးတဲ့အခါ ကျောင်းတော် သို့ပြန်ကြွတော်မူတယ်၊ ကျောင်းတော်ရောက်တော့ စည်းဝေး ဆောင်ထဲက ဘုရားနေရာပလ္လင်မှာ ဆွမ်းကိစ္စမပြီးသေးတဲ့ရဟန်း တွေပြန်မရောက်လာသေးတဲ့ ရဟန်းတွေကိုစောင့်ယင်း ခေတ္တ သီတင်းသုံးနေတော်မူတယ်၊ အကုန်လုံးဆွမ်းကိစ္စ ပြီးစီးကြောင်း ကို အလုပ်အကျွေးရဟန်းတော်တို့က လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက ဂန္ဓကုဋိကျောင်းတော်သို့ ဝင်တော်မူတယ်၊ ဒါနံက်ပိုင်း ပုရေဘတ္တကိစ္စကို ဆောင်ရွက်တော်မူပုံပါဘဲ။

## ၂။ ပစ္ဆာဘတ္တကိစ္စ

၂။ ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်ပုံကတော့ ခုနကပြောခဲ့ တဲ့အတိုင်း ဂန္ဓကုဋိကျောင်းတော်ကိုဝင်တဲ့အခါ ခြေတော်များ ကိုဆေးပြီး ရပ်တော်မူလျက် ရဟန်းတော်များအား ဩဝါဒ စကားကို ဒီလိုမိန့်ကြားတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သီလ၊ သမာဓိ ပညာ ကိစ္စကို ပြီးစေကြကုန်လော့၊ ပြီးစီးပြည့်စုံအောင်အားထုတ်ကြကုန်လော့။ လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ မြတ်စွာဘုရားတို့၏ ပွင့်ထွန်းရာကာလကို။ ဒုလ္လဘော၊ ရခဲ၏။

(မြတ်စွာဘုရားပွင့်တော်မူပြီးတော့ ဘုရားအဆုံးအမ သာသနာတည်ရှိနေတဲ့ အခါကာလကိုကြုံခဲတယ်၊ ရခဲတယ်၊ ဒါကြောင့် ရခဲတဲ့အခွင့်ကောင်းကြီးကို ရနေတဲ့အခါမှာ မမေ့ကြနဲ့ သတိတရား လက်ကိုင်ထားပြီး ကြိုးစားအားထုတ်ကြလို့ ဆိုလိုပါတယ်)

မနုဿပဋိလာဘော၊ လူ့အဖြစ် လူ့ဘဝကိုရခြင်းကို။ ဒုလ္လဘော၊ ကြုံခဲရခဲ၏။ သမ္ပတ္တိ၊ ပြည့်စုံခြင်းကို။ ဒုလ္လဘော၊ ရခဲ၏။

(ပြည့်စုံခြင်းဆိုတာမဂ်ဖိုလ်တရားထူးရရေးအတွက်သင့်လျော်သောအရပ်၌နေရခြင်း မျက်စိနားစသော ရုပ်ရေအင်္ဂါဣန္ဒြေတို့နှင့်ပြည့်စုံခြင်း၊ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ဆိုတဲ့ရတနာသုံးပါးကို ကြည်ညိုတဲ့ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ခေတ်ကာလကောင်းခြင်း စားဘွယ်သုံးဘွယ်တို့နှင့် ပြည့်စုံခြင်း ကျန်းမာခြင်း တရားအားထုတ်နိုင်လောက်အောင် သန့်စွမ်းခြင်း ဆိုတာတွေပါဘဲ။ အဲဒီရခဲတဲ့ ပြည့်စုံခြင်းဆိုတာတွေကို ရနေတဲ့အခါမှာ ကြိုးစားအားထုတ်ကြရမယ်လို့ ဆိုလိုပါတယ်။)

ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းအဖြစ်ကို။ ဒုလ္လဘာ၊ ရခဲ၏။ သဒ္ဓမ္မဿဝနံ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရား ကြားနာရခြင်းကို။ ဒုလ္လဘံ၊ ရခဲ၏။

(အဲဒီ ရခဲတာတွေ ရနေတဲ့ ယခုအခါမှာ မေ့မနေကြနဲ့၊ အရဟတ္တဖိုလ်ရောက်သည်တိုင်အောင် ကြိုးစားအားထုတ်ကြလို့ ဆိုလိုပါတယ်။)

အဲဒီဒုလ္လဘငါးပါးနဲ့ ဩဝါဒပေးပြီးတဲ့အခါမှ အချို့ရဟန်းတော်တွေက မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းတောင်းကြတယ်။ မြတ်စွာဘုရားကသူတို့ရဲ့စရိုက်ကိုကြည့်ပြီး သင့်လျော်တဲ့ကမ္မဋ္ဌာန်းကိုပေးတော်မူတယ်။ အဲဒီလို ကမ္မဋ္ဌာန်းပေးပြီးတဲ့အခါမှာ အားလုံးသောရဟန်းတော်တွေဟာ တောအရပ်သစ်ပင်အောက် အစရှိတဲ့ သင့်လျော်ရာဌာနကိုသွားပြီး တရားနှလုံးသွင်း အားထုတ်နေကြပါတယ်။

မြတ်စွာဘုရားလဲ ဂန္ဓကုဋီကျောင်းတော်ကိုဝင်ပြီးတော့အလိုရှိခဲ့ပါလျှင် လက်ျာနံတောင်းဖြင့် ခေတ္တခဏ လဲလျောင်းပြီး အနားယူပါတယ်။

ကိုယ်၏ ညောင်းညာ ပင်ပန်းမှု သက်သာရာရတဲ့အခါ လည်းလျောင်းရာမှ ထတော်မူပြီး ဒုတိယပိုင်းအချိန်မှာ လောကကိုပြန်ပြီး ကြည့်ရှုတော်မူပါတယ်။

သတ္တဝါတို့ရဲ့ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့်ကိုသိနိုင်တဲ့ ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်ရယ် သတ္တဝါတို့ရဲ့အလိုအကြိုက်

စရိုက်စိတ်နေ သဘောထားတွေကိုသိနိုင်တဲ့ အာသာယာနုသယ ဉာဏ်တော်ရယ်-ဒီဉာဏ်တော်ကြီးနှစ်ပါးကို ဗုဒ္ဓစက္ခုဘုရားမျက် စိလို့ခေါ်ပါတယ်။ အဲဒီဗုဒ္ဓစက္ခုဖြင့် ကျွတ်သင့်ကျွတ်ထိုက်တဲ့ဝေ နေယျသတ္တဝါတွေကို ကြည့်ရှုတော်မူတာပါဘဲ။

ကျွတ်ထိုက်တဲ့သူဟာ မိမိထံသို့ရောက်လာမည်ဆိုယင် အသင့် စောင့်နေတော်မူပါတယ်။ အဝေးမှာနေတယ်ဆိုယင်လဲ ကိုယ် တော်တိုင်တန်ခိုးဖြင့်ကြွတော်မူပြီး ဟောကြား ဆုံးမတော်မူပါ ဘယ်။

ဒီလိုကြည့်ရှုတော်မူပြီးတဲ့နောက် တတိယအချိန်ပိုင်းမှာမြတ် စွာဘုရားသီတင်းသုံးရာ ဆွမ်းခံရာဖြစ်တဲ့ မြို့ရွာနိဂုံးကလူတွေဟာ ကောင်းစွာဝတ်ရုံပြီး ပန်းနံ့သာများကိုလဲယူခါ တရားနာရန် ဘုရားထံသို့လာကြတယ်။ အဲဒီလိုတရားနာဘို့ အမျိုးသားအမျိုး သမီးတွေ တသီတတန်းကြီးလာနေကြပုံကိုလဲ အာရုံပြုပြီးကြည့် ညိုနိုင်ပါတယ်။ ယခုတောင်ဉက္ကလာပ ဆယ်ရပ်ကွက် ဟေမဝန် ဓမ္မာရုံကြီးဆီကို တရားနာသို့လာနေကြသလိုရှိမှာပေါ့။

အဲဒီလိုတရားနာပရိသတ်တွေ မြို့ထဲကလာနေကြသလို စုံလဲ ညီလင် တရားဟောချိန်လဲကျတဲ့အခါ မြတ်စွာဘုရားက ဓမ္မာရုံ ကြီးသို့ကြွပြီး သင့်လျော်တဲ့တရားကိုဟောကြားတော်မူပါတယ်။ အဲဒီအခါမှာ ရဟန်းပရိသတ်တွေကလဲ ငါးရာ တထောင် နှစ် ထောင်စသည်ဖြင့် ရာနဲ့ထောင်နဲ့ချီပြီး များစွာဘဲရှိနေတယ်။ မြတ် စွာဘုရားကိုယ်တော်တိုင် ဟောတယ်ဆိုတော့ အနီးအပါးမှာရှိ

သမျှ ကျန်းမာတဲ့ရဟန်းတော်တွေဟာ အကုန်လုံးလာရောက်ပြီး တရားနာကြပါတယ်။ နောက်ပြီး ရဟန်းမိန်းမတွေလဲလာရောက်ပြီးတရားနာကြပါတယ်။ ပြီးတော့ လူအမျိုးသား ဥပါသကာ အမျိုးသမီး ဥပါသိကာတွေလဲ တရားနာ လာကြပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရားက ပဓာနဖြစ်တဲ့ ရဟန်းတော်များ လိုသာ "ဘိက္ခဝေ–ရဟန်းတို့" လို့ ခေါ်တော်မူပြီး တရားဟောလေ့ရှိပါတယ်။ အဲဒီလို တရားဟောပြီးတဲ့အခါ ပရိသတ်ကို ပြန်ကြဘို့ ခွင့်ပေးတော်မူပါတယ်၊ ဒီအခါ လူပရိသတ်များက မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး ပြန်သွားကြပါတယ်၊ အဲဒါဟာ ဆွမ်းကိစ္စပြီးတဲ့နောက် နေ့ခင်းပိုင်း ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်တော်မူပုံပါဘဲ။

## ၃။ ပုရိမယာမကိစ္စ

၃။ ပုရိမယာမကိစ္စ ဆောင်ရွက်တော်မူပုံကတော့ ခုနင်က ပြောခဲ့သည့်အတိုင်း နေ့ခင်းပိုင်းကိစ္စကို ဆောင်ရွက်ပြီးတဲ့နောက် ညနေချမ်းအချိန်မှာ အလိုရှိတော်မူလျှင် မြတ်စွာဘုရားဟာ ရေသုံးသပ်(ရေချိုး)တော်မူပါတယ်။ ရေချိုးပြီးတဲ့နောက် ဂန္ဓကုဋီ ပရဝုဏ်အတွင်းက တရားပလ္လင်မှာ တပါးတည်းထိုင်နေပါတယ်။ အဲဒီအခါ ထိုထိုအရပ်မှ ရဟန်းတော်များက လာရောက်ပြီး ဆည်းကပ်ခစားနေကြပါတယ်၊ တချို့က ပြဿနာမေးလျှောက်ကြတယ်၊ တချို့က ကမ္မဋ္ဌာန်း တောင်းကြတယ်၊ တချို့က တရား ဟောဘို့လျှောက်ကြတယ်၊ မြတ်စွာဘုရားက သူတို့၏အလိုအားလျော်စွာ ပြည့်စုံအောင် ဖြေရှင်းဟောကြားတော် မူပါတယ်။

ဒါဟာ ညနေချမ်း ညဉ့်ဦးယာမ်ခေါ်တဲ့ ပုရိမယာမမှာ ဆောင်ရွက်တော်မူပုံပါဘဲ။

## ၄။ မဇ္ဈိမယာမကိစ္စ

၄။ အဲဒီလို စက်နာရီဖြင့် ည(၁၀)နာရီလောက်အထိညဉ့်ဦးယာမ်ကိစ္စက ဆောင်ရွက်ပြီးတဲ့နောက် ရဟန်းများပြန်သွားကြတဲ့အခါ စကြာဝဠာပေါင်း တိုက်တသောင်းက နတ်ဗြဟ္မာတွေက မြတ်စွာဘုရားထံလာရောက်ပြီး အမျိုးမျိုးသောမေးခွန်းပြဿနာများကို မေးမြန်းကြပါတယ်၊ သဂါထာဝဂ္ဂသံယုတ်မှာ ဒီလိုမေးခွန်းတွေအများကြီးရှိပါတယ်။ မင်္ဂလသုတ်မေးခွန်းမျိုးပါဘဲ၊ အဲဒီလိုမေးခွန်းတွေ ဖြေကြားယင်း ညဉ့်ဦးသန်းခေါင်ယာမ်ကုန်သွားတယ်၊ အဲဒါက ညဉ့်အလယ်ပိုင်းမှာ မဇ္ဈိမယာမကိစ္စကိုဆောင်ရွက်တော်မူပုံပါဘဲ။

## ၅။ ပစ္ဆိမယာမကိစ္စ

၅။ ပစ္ဆိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံကတော့ အဲဒီ (၂)ချက်တီးအချိန်လောက်မှ နောက်မိုးလင်းချိန်အထိ သုံးနာရီလောက်ကို သုံးပိုင်းပိုင်းပြီး ပဌမပိုင်းအချိန်မှာ ကိုယ်ကာယမျှတအောင် စင်္ကြံ-ကြွတော်မူပါတယ်၊ ဒုတိယပိုင်းမှာ ညာဘက်နံတောင်းဖြင့် လျောင်းလျက် ကျိန်းစက်တော် မူပါတယ်။ တတိယပိုင်းအချိန်မှာ ကျိန်းစက်ရာမှထပြီး လောကကြီးကိုကြည့်ရှုတော်မူပါတယ်၊ ပစ္စာဘတ္တကိစ္စ ပြောခဲ့တုန်းကလို ကျွတ်ထိုက်တဲ့ဝေနေယျသတ္တဝါတွေကိုကြည့်ရှုတော်မူဒါပါဘဲ။ အဲဒါဟာ

မိုးသောက်ယာမ်မှာ ပစ္ဆိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံပါဘဲ။

မြတ်စွာဘုရားဟာ အဲဒီဗုဒ္ဓကိစ္စငါးပါးကို တရက်နှစ်ရက်လဲမဟုတ် တလနှစ်လလဲမဟုတ် တနှစ်နှစ်နှစ်လဲမဟုတ် တရက်လျှင်တနာရီကျော်ကျော်မျှ ကျိန်းစက်ပြီးတော့ လေးဆဲ့ငါးနှစ်တို့ကာလပတ်လုံး ဆောင်ရွက်တော်မူပါတယ်။

## ဝါတော်စဉ်ဒေသနာခရီး

ဗုဒ္ဓမြတ်စွာရဲ့ လေးဆဲ့ငါးဝါ သာသနာပြု ဒေသနာခရီးကိုကြည်ညိုအားကျ ပူဇော်ရအောင် ဒီနေရာမှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ ဝါဆိုစဉ်ဆောင်ပုဒ်လင်္ကာကိုအခြေခံပြီးပြောပြပါမယ်။

၁။ ဗုဒ္ဓမြတ်စွာဘုရားဟာ စောစောက ဟောခဲ့တဲ့အတိုင်းအမာခံ ရဟန္တာ ရဟန်းတော် (၆)ကျိပ်နှင့်အတူတကွ ဗာရာဏသီပြည် ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်တောမှာ ပထမဦးဆုံး ဝါဆိုတော်မူပါတယ်။

၂။ ဒီနောက် ဒုတိယဝါဆိုမှစပြီး စတုတ္ထဝါအထိ သုံးမိုးသုံးဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးသာသနာပြုတော်မူတယ်။

ဒါကိုရည်ရွယ်ပြီးတော့"ပထမဝါ၊မိဂဒါ၊သုံးဝါရာဇဂြိုလ်"လို့ ဆောင်ပုဒ်စီသားပါတယ်-၊ အဲဒါကိုဆိုကြရမယ်။

က။ ပထမဝါ၊မိဂဒါ၊သုံးဝါရာဇဂြိုဟ်။ (သုံးခေါက်ဆိုပါ)

၃။ ဒီနောက် ဝေသာလီပြည် မဟာဝန်တော ကူဋာဂါရ သာလာ၌ ပဥ္စမဝါကိုဆိုတော်မူတယ်၊ မကုလတောင်၌ ဆဋ္ဌမဝါဆိုတော်မူတယ်၊ တာဝတိံသာနတ်ပြည်၌ သတ္တမဝါကိုဆိုတော်မူတယ်။ ဒါကိုအကြောင်းပြုပြီးတော့ ဒီလိုဆောင်ပုဒ်စီထားပါတယ်။ အဲဒါကိုဆိုကြရမယ်။

ခ။ ဝေ—မကုလ၊ ငါး-ခြောက်ကျ၊ တာဝခုနစ်ဆို (သုံးခေါက်ဆိုပါ)

ဒီနောက် အဋ္ဌမမြောက်ဝါကို သံသုမာရဂိရိမြို့၌ သီတင်းသုံးတော်မူတယ်။ နဝမမြောက်ဝါကို ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဆိုတော်မူတယ်။ ဒသမမြောက်ဝါကို ပါလိလေယျကခေါ် ပလလဲတော၌ ဆိုတော်မူတယ်။ ဒါကိုရည်ရွယ်ပြီးတော့ ဒီလိုဆောင်ပုဒ်စီထားပါတယ်။ အဲဒါကိုလိုက်ဆိုကြပါ။

ဂ။ သံသုကောသမ်၊ ရှစ်-ကိုးစံ၊ ဆယ်တန်ပါလိဆို (သုံးခေါက်ဆိုပါ)

ဒီနောက် ကောဒသမဝါကို နာလာမည်သော ပုဏ္ဏားရွာ၌ ဆိုတော်မူတယ်၊ ဒွါဒသမဝါကို ဝေရဉ္စာပြည်၌ဆိုတော်မူတယ်။ ဒါကိုရည်ရွယ်ပြီးတော့ စီထားတဲ့ဆောင်ပုဒ်ကိုလဲလိုက်ဆိုကြပါ။

ဃ။ နာလာဆဲ့တစ်၊ တဆဲ့နှစ်၊ မှတ်လစ်ဝေရဉ်ဆို။ (သုံးခေါက်ဆိုပါ)

ဒီနောက် တေရသမဝါကို စာလိယတောင်၌ဆိုတော်မူတယ်။ စုဒ္ဒသမဝါကို သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ဆိုတော်မူတယ်။ ပန္နရသမဝါကို ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ဆိုတော်မူတယ်။ သောဠသမဝါကို အာဠဝီပြည်၌ ဆိုတော်မူတယ်။ ဒါကို မှတ်သားမိအောင် စီထားတဲ့ ဆောင်ပုဒ်ကိုလဲ လိုက်ဆိုကြပါ။

င။ စာ—ဇေ—ကပိ၊ အာဠဝီ၊ကပ်၏တစ်စီဆို။ (သုံးခေါက်ဆိုပါ)

ဒီနောက် သတ္တရသမဝါကို ရာဇဂြိုဟ်ပြည်၌ဆိုတော်မူတယ်၊ အဋ္ဌာရသမ၊တဆယ့်ရှစ်ခုမြောက်ဝါနှင့် ဧကူနဝီသတိမ၊တဆဲ့ကိုးခုမြောက်ဝါတို့ကို စာလီယတောင်၌ ဆိုတော်မူတယ်။ဝီသတိမ၊နှစ်ဆယ်မြောက်ဝါကို ရာဇဂြိုဟ်မြို့၌ဆိုတော်မူတယ်။ ဒါကိုရည်ရွယ်ပြီးတော့ စီထားတဲ့ဆောင်ပုဒ်ကိုလဲလိုက်ဆိုကြပါ။

စ။ ရာဇဂြိုဟ်တစ်၊ စာလီနှစ်၊ထပ်လစ်ရာဇဂြိုဟ်။(သုံးခေါက်ဆိုပါ)

ဒီနောက် နှစ်ဆဲ့တစ်ခုမြောက်ဝါမှစ၍ လေးဆယ့်လေးဝါအထိ နှစ်ဆယ့်လေးဝါကို သာဝတ္ထိပြည်၌ဆိုတော်မူတယ်။ အဲဒီနှစ်ဆယ့်လေးဝါအနက် သာဝတ္ထိပြည်ထဲက ပုဗ္ဗာရုံကျောင်းမှာ ခြောက်ဝါဆိုတော်မူပါတယ်။ ဇေတဝန်ကျောင်းမှာ တစ်ဆဲ့ရှစ်ဝါဆိုတော်မူတယ်၊ နောက်ဆုံး လေးဆယ့်ငါးခုမြောက်ဝါကို

ဝေသာလီမြို့အနီးက ဝေဠုဝနမှာ၌ ဆိုတော်မူပါတယ်။ ဒါကိုလဲ မှတ်သားရအောင် စီကုံးထားတဲ့ဆောင်ပုဒ်ကို ချပေးပါဦးမယ်။

ဆ။ နှစ်ဆယ့်လေးခါ၊ သာဝတ်မှာ၊ ဆုံးဝါဝေဠုဆို။ (သုံးခေါက်ဆိုပါ။)

ဇ။ နှစ်ဆယ့်လေးဝါမှ၊ ခြောက်ပုဒ်၊ ဇေတာ အကြွင်းဆို။ (သုံးခေါက်ဆိုပါ။)

အင်္ဂုတ္တရအဋ္ဌကထာ ဒုတိယနှာ ၃၀။ ဓမ္မပဒ အဋ္ဌကထာ ပထမနှာ ၃။

မြတ်စွာဘုရားရှင်ရဲ့ ၄၅-ဝါ ဒေသနာခရီးတွင် ပဥ္စဝဂ္ဂီ ရဟန်းများ အစ အရှင်သုဘဒ္ဒအဆုံး ထင်ရှားတဲ့ သာဝက အားလုံးအရေအတွက်မှာ အများ ကြားဘူးကြတဲ့အတိုင်း ရှစ်ဆယ်ရှိခဲ့ပါတယ်။

အဲဒီရှစ်ဆယ်ထဲမှာ အရှင်သာရိပုတ္တရာ အစ အရှင်သုဘူတိ အဆုံး လက်ျာတော်ရံက ၄၀-ရှိပါတယ်။

အရှင်မောဂ္ဂလာန် အစ အရှင် မောဃရာဇအဆုံး လက်ဝဲတော်ရံက ၄၀-ရှိပါတယ်။

ဒီအထဲတွင်လဲ လက်ျာတော်ရံစာရင်းမှ ၂၃-ပါး ဧတဒဂ် ဂုဏ်ထူး ရတော်မူပြီး လက်ဝဲတော်ရံစာရင်းမှ ၁၈-ပါး ဧတဒဂ် ဂုဏ်ထူး ရတော်မူကြပါတယ်၊ ကျန်တဲ့ ၃၉-ပါး ကတော့ ဧတဒဂ်ဂုဏ်ထူး မရတဲ့ မဟာသာဝကများ ဖြစ်ကြပါတယ်။

ရဟန်းမိန်းမထဲကလဲ မဟာပဇာပတိ ဂေါတမီ၊ ပဋာစာရီ၊ ခေမာထေရီစတဲ့ ဗုဒ္ဓသာဝိကာဘိက္ခုနီထေရီတွေလဲ ပေါ်ထွန်းခဲ့တယ်။

ဒီပြင် သာသနာတော်တွင် ထင်ရှားတဲ့ လူဥပါသကာဖက်က အနာထပိဏ်၊စိတ္တသူကြွယ်စတဲ့ ဘုရားတပည့်တွေ၊လူဥပါသိကာဘက်က ဝိသာခါ၊နန္ဒမာတာ၊ ဥတ္တရာစတဲ့ ဘုရားတပည့်မတွေလဲ ပေါ်ထွန်းခဲ့ပါတယ်။

ကျွတ်တန်းဝင်ခဲ့ကြတဲ့ ရဟန်း ရှင် လူ နတ် ဗြဟ္မာ အရေအတွက်ကလဲ ကုဋေကုဋာ မရေသာပါဘူး။

ဒီလို သက်တော်ထင်ရှား မြတ်စွာဘုရား လက်ထက်တော်ဘုန်းကမြတ်စွာဘုရား အမှူးရှိတဲ့ ဗုဒ္ဓသာသနာဝင် ရှင်လူတွေပြုခဲ့ကြလို့သာသနာတော် နေဝန်း ထွန်းလင်းခဲ့တယ်။

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက်လဲ ကျန်ရစ်တော်မူကြတဲ့ အရှင်မဟာကဿပ စတဲ့ မထေရ်ရဟန်းမြတ်တွေကလဲ ဆက်လက်ဆင့်ပွားပြီး သာသနာတော် ထွန်းကားစည်ပင်လာအောင် ဆောင်ရွက်တော် မူခဲ့တယ်။

## ပဌမ သံဂါယနာ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သုံးလအကြာတွင် ရာဇဂြိုဟ်ပြည်မှာ အဇာတသတ်မင်းရဲ့ အကူအညီဖြင့် အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အမှူးရှိတဲ့

ရဟန္တာငါးရာတို့ဟာ ပဌမ သံဂါယနာကို တင်တော်မူခဲ့ကြပါတယ်၊ ထိုအရှင်များက ဆင့်ပွားတဲ့ သာသနာ့ ဝန်ထမ်းရှင်ရဟန်း အရေအတွက်ဟာ သိန်းသန်းမက များပြားခဲ့ပါတယ်။

## ဒုတိယ သံဂါယနာ

ဒီနောက် သာသနာတော် သက္ကရာဇ် ၁၀၀-တွင် ဝေသာလီပြည်မှာ ကာလသောကမင်းရဲ့ အကူအညီဖြင့် အရှင်ယသ၊ အရှင် ရေဝတ၊ အရှင်သဗ္ဗကာမီစတဲ့ ရဟန္တာ ခုနစ်ရာတို့က ဒုတိယ သံဂါယနာကို တင်တော်မူခဲ့ပါတယ်၊ ထိုအရှင်မြတ်များမှ တဆင့်ပွားတဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းလဲ သိန်းသန်းမက များခဲ့ပါသတဲ့။

## တတိယ သံဂါယနာ

ဒီနောက် သာသနာတော်သက္ကရာဇ် ၂၃၅-ခုနှစ်တွင် ပါဋလိပုတ်ပြည်မှာ သီရိဓမ္မာသောကမင်းကြီးရဲ့ အကူအညီဖြင့် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ၊ အရှင်မဇ္ဈန္တိက၊ အရှင်မဟာ ဒေဝစတဲ့ ရဟန္တာတထောင်တို့က ဦးစီးပြီး တတိယ သံဂါယနာကို တင်ခဲ့ပါတယ်။

ဒီခေတ်မှာတော့ သီရိဓမ္မာသောကမင်းကြီး ကိုယ်တိုင်က မြို့ရွာအနှံ့တွင် စေတီ၊ ကျောင်း၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်စီ တည်တော်မူခဲ့တယ်။

ဒါပြင် အများကြားဘူးကြတဲ့အတိုင်း ဆရာဒကာညီညွတ်ပြီး ကိုးတိုင်းကိုးဌာနသို့ပင် သာသနာပြု စေလွှတ်တော်မူခဲ့ကြတယ်။

## ကိုးတိုင်းကိုးဌာန သာသနာပြုကြ

ဒီတုန်းက စေလွှတ်ခဲ့ပုံအကျဉ်းကတော့—

၁။ ယခု ကရှမီးယားနှင့် အာဖဂန် နစ္စတန်နယ်ခေါ်ကြတဲ့ ကသ္မီရဂန္ဓာရတိုင်းကို မဇ္ဈန္တိကထေရ်နှင့် အခြား လေးပါးကို စေလွှတ်ခဲ့တယ်။

၂။ ယခု မိုက်ဆိုးနယ်ခေါ်နေကြတဲ့ မဟိံသကတိုင်းကို မဟာဒေဝထေရ်နှင့် အခြားလေးပါးကို စေလွှတ်ခဲ့တယ်။

၃။ ယခု ကန္နဒနယ်ခေါ်နေကြတဲ့ နဝဝါသီတိုင်းကို ဓမ္မရက္ခိတထေရ်နှင့် အခြားလေးပါးကို စေလွှတ်ခဲ့တယ်။

၄။ ယခု ဘုံဘေနယ် ခေါ်နေကြတဲ့ အပရန္တတိုင်းကို ယောနက ဓမ္မရက္ခိတထေရ်နှင့် အခြားလေးပါးကို စေလွှတ်ခဲ့တယ်။

၅။ ယခု မဟာရပ်ရှ်တရာနယ် ခေါ်နေကြတဲ့ မဟာရဋ္ဌတိုင်းကို မဟာဓမ္မရက္ခိတထေရ်နှင့်အဖွဲ့ကို စေလွှတ်ခဲ့တယ်။

၆။ ယခု ယူနံနယ်ခေါ်တဲ့ ယောနကတိုင်းကို မဟာရက္ခိတနှင့် အခြားလေးပါးကို စေလွှတ်ခဲ့တယ်။

၇။ ယခင်ရော ယခုပါ ဟိမဝန္တာခေါ်ကြတဲ့ အရပ်ကို မဇ္ဈိမထေရ်နှင့် အခြားလေးပါးကို စေလွှတ်ခဲ့တယ်။

၈။ ယခု မြန်မာနိုင်ငံ သထုံပြည်လို့ခေါ်နေကြတဲ့ သုဝဏ္ဏဘူမိသို့ သောဏမထေရ်နှင့် အခြားလေးပါးကို စေလွှတ်ခဲ့တယ်။

၉။ ယခု သီဟိုဠ်ပြည် သီရိလင်္ကာ-လို့ ခေါ်နေကြတဲ့ လင်္ကာဒီပကို မဟာမဟိန္ဒထေရ်နှင့်အခြားလေးပါးကို စေလွှတ်ခဲ့တယ်။ ဒီတုန်းကလဲ သာသနာ့ ဝန်ထမ်းပေါင်း သိန်းသန်းပေါင်း များစွာ တိုးတက်စည်ပင်ခဲ့တယ်။

## စတုတ္ထ သံဂါယနာ

သာသနာတော် သက္ကရာဇ် ၄၅၀-ခုနှစ်တွင် သီဟိုဠ်ပြည်မှာ ဝဋ္ဋဂါမဏိမင်းရဲ့ အကူအညီဖြင့် ရဟန္တာ မထေရ်ကြီးပေါင်း (ငါးရာ-၅၀၀)တို့က ပေထက္ခရာဖြင့် စတုတ္ထသံဂါယနာ တင်တော်မူကြတယ်၊ ဒါကြောင့်လဲ သာသနာတော်ဟာ စည်ပင်ထွန်းကားခဲ့တယ်။

## ပဉ္စမ သံဂါယနာ

ယခု မန္တလေးတောင်ခြေ ကုသိုလ်တော်ခေါ်တဲ့ မဟာလောကမာရဇိန် စေတီတော်ကြီးရဲ့ ပတ်လည်မှာ ကျောက်ချပ်ရေပေါင်း ၇၂၉-ဆူနဲ့ ကျောက်အက္ခရာတင်ခြင်းကိုမူ မင်းတုန်းမင်းတရားကြီး၏အကူအညီဖြင့် ဇာဂရာဘိဝံသတိပိဋကဓရ မဟာ-

ဓမ္မရာဇာဓိ ရာဇာဂုရု ဒက္ခိဏာရာမ ဘုရားကြီး ဆရာတော်ဘုရားကြီး နန္ဒာဘိသိရီ သဒ္ဓမ္မဇောတိပါလဓဇ မဟာဓမ္မရာဇာဒိ ရာဇဂုရု ဆရာတော်ဘုရားကြီး၊ သုမင်္ဂလာသာမိသိရီ ပရဝမဏိဓဇ မဟာဓမ္မရာဇာဒိ ရာဇဂုရု ဆရာတော်ဘုရားကြီးတို့က ဦးစီးပြီး **သာသနာသက္ကရာဇ် ၂၄၁၂-** ခုနှစ် ကပင် တင်တော်မူခဲ့ကြတယ်။

**သာသနာ**တော် သက္ကရာဇ် ၂၄၁၅-ခုနှစ်တွင် မြန်မာနိုင်ငံ ရတနာပုံ မန္တလေးမြို့မှာ မင်းတုန်းမင်းကြီးရဲ့ အကူအညီဖြင့် တံဆိပ်ရ-မရ ဆရာတော်ကြီးတို့က ပဉ္စမသံဂါယနာကို တင်တော်မူကြတယ်၊ ဒါကြောင့်လဲ သာသနာတော် ထွန်းကား စည်ပင်ပါတယ်။

## ကင်းတောရနှင့် သီးလုံးဆရာတော် ၂-ပါး

အဲဒီ ပဉ္စမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးရဲ့ လက်ထက်မှာ ပရိယတ်နှင့် ပဋိပတ်ဖက်က ထင်ပေါ်ကျော်ကြားတော်မူကြတဲ့ ကင်းတောရဆရာတော် ဦးခေမာနှင့် သီးလုံးဆရာတော် ဦးစန္ဒိမာ ဆိုတဲ့ဆရာတော်ကြီး ၂-ပါးဆိုတာ ထွန်းကားတော်မူခဲ့ကြပါတယ်။

ဆရာတော် ဦးခေမာ ဆိုတာ မန္တလေး တဖက်ကမ်း မင်းကွန်းရဲ့ မြောက်အရပ်မှာရှိတဲ့ ကင်းတောရမှာ သီတင်းသုံးတော်မူပါတယ်။

ဒီဆရာတော်ကြီး ၂-ပါးဟာ အကျွမ်းဘဝင် ခင်မင်ရင်းနှီးတော်မူကြပါသတဲ့။

သီးလုံးဆရာတော်ဆိုတာ သီးလုံးဂိုဏ်းချုပ်ဥက္ကဋ္ဌ ဖြစ်တော်မူပြီး ပရိယတ္တိစာပေများကို ပို့ချနေတဲ့ ဆရာတော်ပါဘဲ၊ မင်းတုန်းမင်းတရားကြီးက အလေးအမြတ်ထားပြီး ကိုးကွယ် ဆည်းကပ် လို့လဲ မင်းဆရာလေးလို့ ထင်ရှားတော်မူပါတယ်၊ ကင်းတောရ ဆရာတော်ဘုရားကြီးကတော့ ပရိယတ် စာပေများကို သင်ကြား တတ်မြောက်ပြီးနောက် တောရဝင်ကာ ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်မွေလျော်တော်မူတယ်။

ကင်းတောရဆရာတော်ဘုရားကြီးဟာ မိမိနှင့် အကျွမ်းတဝင် ခင်မင်ရပါသော သီးလုံးဆရာတော်ဘုရားကြီးထံကို ညနေတိုင်းလိုလို ကြွရောက်ပြီး တရားဆွေးနွေးလေ့ရှိပါတယ်။

## နှုတ်ဆက်ပြီး ကောင်းကင်ပျံတက်တယ်

ဆရာတော်ဘုရားကြီး ၂-ပါး ဆွေးနွေးတော်မူကြတဲ့ တရားစကားထဲတွင် တရံတခါ စျာန်နှင့်စပ်တဲ့တရားစကား၊ တရံတခါ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နှင့်စပ်တဲ့ စကားများလဲ ပါဝင်မြဲပါဘဲ။

တနေ့သ၌မှာတော့ ကင်းတောရ ဆရာတော်ဘုရားကြီးက "ဆရာတော်တို့လို သာသနာတော်တွင် ဂန္ထဓုရလောက်သာဖြည့်ကျင့်ပြီး မင်းဆရာလုပ်နေနိုင်ရုံလောက်နဲ့တော့ မသေဝံ့သေးပါ" လို့ မိန့်ကြားပါသတဲ့။

ဒီလို စကားမျိုးကို နှိုးနှော ပြောဆိုပြီးလို့ ပြန်ချိန်တန်ယင် သီးလုံးဆရာတော်ဘုရားကြီးက ကင်းတောရ ဆရာတော်ဘုရားကြီးအား လိုက်ပို့နေကျ ကျောင်းအလွန်တောစပ်အထိ လိုက်ပို့တော်မူပါတယ်။

ဒီတခါတော့ ကင်းတောရ ဆရာတော်ဘုရားကြီးက တောစပ်အရောက်မှာ—

"သီးလုံးဆရာတော်ရေ့၊ မြတ်စွာဘုရားသာသနာတော်တွင် ကောင်းမြတ်သောလုံ့လ၊ မြဲမြံသော သတိတရားနှင့် အသိဉာဏ်ယှဉ်ပြီးသာ နေရစ်ပေတော့"လို့ မိန့်ကြားပြီး သင်္ကန်းကိုခါတွက်ကာ ကောင်းကင်သို့ တက်ကြွတော်မူပါသတဲ့၊ ကောင်းကင်ရောက်တော့လဲ "ငါ့ရှင် နေရစ်ပေတော့လို့" ထပ်မံနှုတ်ဆက်ပြီး ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူပါသတဲ့။

သီးလုံးဆရာတော်ဘုရားကြီးလဲ အဲဒီနေရာမှာပင် နောက်သပ် ကင်းတောရဆရာတော်ဘုရားကြီးကို တွေ့ရနိုးနိုးနှင့် ငေးမော ကျန်ရစ်တော်မူပါသတဲ့။

ဒီလို ငေးမောအံ့သြယင်း ကျန်နေရစ်ခဲ့တဲ့ သီးလုံးဆရာတော်ကြီးဟာ အချိန်ကြာမှန်းမသိ ကြာသွားပါတယ်၊ ဒါကြောင့် ဘပည့်ကိုရင်ကင်းက စိုးရိမ်ပူပန်ပြီး ကျောင်းကနေ လိုက်လာခဲ့တယ်၊ တောစပ်တနေရာမှာ ငိုင်တွေတွေကြီး ရပ်နေတော်မူတဲ့ သီးလုံးဆရာတော်ဘုရားကြီးကို တွေ့ရတော့ "ဆရာတော်ဘုရား" လို့ သတိပေး လျှောက်ထားမှ သတိရပြီး ဆရာတပည့် နှစ်ဦး ကျောင်းကို ပြန်ခဲ့ကြတယ်။

၇

သီးလုံး ဆရာတော် ဘုရားကြီးလဲ ကင်းတော ဆရာတော် ဘုရားကြီးရဲ့ အံ့ဩဘွယ်ရာ အဖြစ်ကို အောက်မေ့ ဆင်ခြင်ရင်း မိမိကိုယ်ကို အားမရဖြစ်ပြီး....

"သီးလုံး—သီးလုံးနဲ့ ဘာမှအသုံးမကျပါဘဲကလား၊ ကိုခေမာ တို့များ သာသနာတော်နှင့် ကြုံတွေ့ရကျိုးနပ်ပါပေတယ်" လို့ တပါးတည်း ညည်းတွားတော်မူပါသတဲ့၊ ဒီလို ညည်းတွားတာကို အနီးနေ ကိုရင်ကင်း ကကြားလို့—

"ဘယ်လို အကြောင်းကြောင့်ဘာလဲ ဘုရား" လို့ လျှောက်ထားတယ်။

ဒီတော့ ဆရာတော်ဘုရားကြီးက "နင်တို့နှင့်အရာမဟုတ်ပါဘူး"လို့ မိန့်တော်မူပါသတဲ့။

## ကင်းတော-ဈာပန

ကင်းတော ဆရာတော် ဘုရားကြီးလဲ သီးလုံး ဆရာတော် ဘုရားကြီးအား နှုတ်ဆက် သတိပေးပြီး ပြန်ကြွသွားတဲ့ နေ့ညအရုဏ်တက်ချိန်မှာပင် ခန္ဓာဇာတ်ရုပ်သိမ်း ဒုက္ခစုံငြိမ်းပြီး ကိန်းအမှန် မြတ်နိဗ္ဗာန်ကို စံဝင်တော်မူပါတယ်။

နံနက်လင်းတော့ ဒီသတင်းကို ကြားသိတော်မူရတဲ့ သီးလုံး ဆရာတော်ဘုရားကြီးဟာ ကိုယ်တော်တိုင် ကြွရောက်ပြီး ဈာပနကိစ္စကို ခုနစ်ရက်အတွင်း ကိစ္စပြီးအောင် ဆောင်ရွက်တော်မူပါသတဲ့။

ဈာပနကိစ္စ ပြီးသွားတဲ့နောက်မှာ သီးလုံးဆရာတော်ဘုရားကြီးရဲ့ နေထိုင်သွားလာမှုစတဲ့ အမူအရာများဟာ ရှေးကနှင့်မတူ တမူထူးခြားနေပါသတဲ့၊ တောစပ်မှာ ငေးမော နေရစ် စဉ်က တကြိမ်၊ ညည်းတွားတော်မူစဉ်က တကြိမ်နှင့် ယခု ကင်းတောရ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတဲ့ အချိန်များမှာ သီးလုံးဆရာတော်ဘုရားကြီးရဲ့ အမူအရာဟာ သံဝေဂဖြစ်တော်မူနေကြောင်း ပေါ်လွင်နေပါသတဲ့၊ ဒါကြောင့် ကိုရင်ကင်းက ဆရာရင်းဖြစ်တဲ့ သီးလုံးဆရာတော် ဘုရားကြီးထံ ချဉ်းကပ်ပြီး အကြိမ်ကြိမ် မေးလျှောက်ပါတယ်တဲ့၊ ဒီတော့မှ သီးလုံးဆရာတော်ဘုရားက ဖြစ်ကြောင်းကုန်စင်ကို မိန့်ကြားတော်မူပါသတဲ့။

## ဈာန်အဘိညာဉ်နဲ့-ရေချိုးကြွတယ်

သီးလုံးဆရာတော်ဘုရားကြီးလဲ အဲဒီအချိန်ကစပြီး နဝကမ္မကိစ္စများနှင့် စာပေပို့ချမှု ကိစ္စများကို ရပ်စဲရုပ်သိမ်းကာ ကပ္ပိယ ဖိုးသူတော် တယောက်ကိုသာ ခေါ်ပြီး သင့်တော်တဲ့ တောအရပ်မှာ တရားအလုပ်ကိုသာ နေ့ရောညပါ အားထုတ်တော်မူတယ်။

ဒီနောက် ပူအိုက်လွန်းလှတဲ့နွေရာသီရဲ့ ညတညမှာတော့ ကပ္ပိယဖိုးသူတော်ဟာ ကျောင်းနှင့် အတော်ကလေးဝေးကွာတဲ့ ရေကန်သို့ ရေချိုးရန်ထွက်ခဲ့ဘယ်။

ရေကန်ရောက်တော့ ရေသုံးသပ်တော်မူနေတဲ့ မိမိရဲ့ဆရာရင်း သီးလုံးဆရာတော်ဘုရားကြီးကို ဖူးမြင်ရတယ်။ ဒီတော့ "အင်း-

အိုမင်းမစွမ်းအားအင်နွမ်းနယ် အရွယ်တော်ရင့်ရော်တဲ့ ဒီဆရာတော်ကြီးဟာ ဒီလိုဝေးကွာလှတဲ့ တောတွင်းရေကန်ကို ညကြီးမင်းကြီး အချိန်မတော်မှာ ဘယ်နည်းနဲ့များကြွလာတော်မူလေသလဲ”လို့ ဖိုးသူတော်က တွေးတောဆင်ခြင်မိပါသတဲ့။

ဒီအခါမှာ ရေသုံးသပ်ပြီးစ ဖိုးသူတော်ကို ပြုံးကနဲမြင်ရတဲ့ သီးလုံးဆရာတော်ဘုရားကြီးကလဲ “ဟဲ့သူတော် ငါ့အသက်ထင်ရှားရှိနေသမျှကာလပတ်လုံး ငါနှင့် ဒီလိုတွေ့တဲ့အကြောင်းအရာကို ဘယ်သူ့ကိုမျှ မပြောနဲ့”လို့ နှုတ်ပိတ်စကား မိန့်ကြားပြီးကောင်းကင်ခရီးဖြင့် ကျောင်းပြန် ကြွတော်မူပါသတဲ့။ ဒီအကြောင်းကို သီးလုံးဆရာတော်ဘုရားကြီး လွန်တော်မူမှ ဖိုးသူတော်က အခြားသူများအား ပြောကြားလို့ အခြားသူများစွာသိကြရပါသတဲ့။

## အနာဂါမ်ရဟန္တာ သီးလုံးဆရာတော်

သီးလုံးဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်တုန်းက ဒုန်းမကားရွာမှာ ကြီးကျယ်တဲ့ သိမ်သမုတ်ပွဲကြီးဖြစ်ခဲ့ပါတယ်။

ရာဇာဂုရုတံဆိပ်ရ မရဆရာတော်ဘုရားကြီးများ ကိုယ်တော်တိုင်ကြွရောက်ချီးမြှောက်တော်မူကြတဲ့ သိမ်သမုတ်ပွဲကြီးပေါ့။

ဒီသိမ်သမုတ်ပွဲမှာ သံဃာတော်များရဲ့လျှောက်ထားချက်အရ သီးလုံးဆရာတော်ဘုရားကြီးက တရားချီးမြှင့်တော်မူပါတယ်။

ဒီတုန်းက သီးလုံးဆရာတော်ဘုရားကြီးက “မိမိသဘောကျသနှုန်းလုံးသွင်းအားထုတ်နေတဲ့တရားဟောကြားမယ်”လို့ပလ္လင်ခံ

စကားမိန့်ကြားပြီး—အခြေခံဝိပဿနာရှုပုံအပြည့်အစုံ ဝိပဿနာရှုပုံ၊ ဝိပဿနာဉာဏ်စဉ်များကို သိမြင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်ပုံ၊ ဖလသမာပတ်ဝင်စားပုံများကို အနာဂါမိမဂ်ဖိုလ် အထိ ဟောကြားတော်မူပါသတဲ့။

ဒီတရားတော်မြတ်ကို နာကြားရသူ ရှင်လူအများဟာ ဝမ်းသာအားရ သဘောကျချီးကျူးကြပါသတဲ့။

အထူးအားဖြင့် စာပေကျမ်းဂန်တတ်ဆရာတော်ကြီးများက "သိမ်မွေနက်နဲခက်ခဲတဲ့ တရားတော်ကို နာကြားရပါပေတယ်" လို့ပင် ချီးကျူးတော်မူကြပါသတဲ့။

ဒီဆရာတော်ဘုရားကြီးများထဲက ဦးအဂ္ဂ-အမည်တော်ရှိတဲ့ သင်္ဂဇာဆရာတော်ဘုရားကြီးက "ဆရာတော်ယခုဟောကြားတဲ့ တရားတော်များကို ကျမ်းဂန်ရေးသားပြုစုပြီး ဝေငှယင် သာသနာတော်မှာ လွန်စွာကျေးဇူးများဖွယ်ရှိပါကြောင်း" တောင်းပန်လျှောက်ထားပါသတဲ့။

ဒီတော့သီးလုံးဆရာတော်ဘုရားကြီးက "ဦးအဂ္ဂရေ-၊ဟောမှု၊ ပြောမှု၊ ကျင့်ကြံမှုကိုတော့ ကိုယ်သဘောကျအတိုင်း ဟောနိုင် ပြောနိုင် ကျင့်နိုင်ပါတယ်၊ ကျမ်းဂန်ရေးသားမှုကတော့ မလွယ်လှဘူး၊ ကျမ်းဂန်ရေးသားရာမှာ သူတပါးကျမ်းဂန်နှင့် မတူညီယင် ဝိဝါဒဖြစ်တတ်တယ်၊ ငါတို့ရှိချိန်မှာ ဖြေရှင်းဟောကြားနိုင်ပေမဲ့ ငါတို့မရှိတဲ့အခါမှာ ဒီလိုထူးထွေတဲ့ တရားမှာငြင်းခုန်မှုဖြစ်ပွားနေရစ်မှာ စိုးရိမ်ရတယ်" လို့ မိန့်ကြားတော်မူပါသတဲ့။

ဒီသီးလုံးဆရာတော်ဘုရားကြီးအား ဖိုးသူတော်ရဲ့ မျက်မြင်ကောင်းကင် ကြွသွားတော်မူပုံနှင့် မိမိအားထုတ်လျက်ရှိသောတရားကိုဟောကြားမည်လို့ဝန်ခံပြီး ဟောကြားတော်မူတဲ့ အနာဂါမိမဂ်ဖိုအထိ ဟောကြားတော်မူပုံများကို ထောက်ထားပြီး "ဈာနလာဘီအဘိညာဥ်ရ–အနာဂါမ်ဆရာတော်ဘုရားကြီး" လို့အများကယုံကြည်ကြတယ်။ ဒီလိုအနာဂါမိမဂ်ဖိုလ်အထိ တရားဟောကြားပြီး နောက်လဲ ဆက်လက်အားထုတ်ယင်း ရဟန္တာလဲဖြစ်သွားနိုင်ပါသေးတယ်။

## သီးလုံးဆရာတော်တပည့်
## မင်းကွန်းဦးရာဇိန္ဒ၊ မင်းကွန်းဦးမဥ္ဇူ

ဒီနောက် စစ်ကိုင်းမင်းကွန်း တောင်ပေါ်ကြီးကျောင်း ၃-ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဦးရာဇိန္ဒနှင့်စစ်ကိုင်းမင်းကွန်း အလယ်တောရ ဆရာတော်ဘုရားကြီး ဦးမဥ္ဇူဆိုတဲ့ ဆရာတော်ဘုရားကြီး ၂-ပါးလဲ ထင်ရှားပေါ်ပေါက်ခဲ့ပါတယ်။

ဒီဆရာတော်ဘုရားကြီး ၂-ပါးဟာသီးလုံးဆရာတော်ဘုရားကြီးရဲ့တပည့်ရင်းများဖြစ်ကြပါတယ်၊ မင်းကွန်းအလယ်တောရ ဦးမဥ္ဇူဆရာတော်ဘုရားကြီးဟာကျောင်းသား ငယ်စဥ်ဘဝကစပြီး သီးလုံးဆရာတော်ဘုရားကြီးရဲ့နောက်ပါအဖြစ်နဲ့ ထံနီးမကွာနေလာခဲ့ရပါတယ်။

ဒါကြောင့် သီးလုံးဆရာတော်ဘုရားကြီးရဲ့ နည်းကိုခံယူကာ ဘာရားဘာဝနာများကို အားထုတ်လို့ ဆရာတော်ဘုရားကြီးရဲ့

အမူအရာ သီလသမာဓိ ပညာကို သတိသား အကဲခပ်မိကြတဲ့မင်းကွန်းဌာန တပည့်များက အလယ်တောရ မင်းကွန်းဆရာတော် ဦးမဥ္စုကိုလဲ အနာဂါမ်ဆရာတော်ဘုရားကြီး-လို့ ယူဆယုံကြည်ကြပါတယ်။

## မူလမင်းကွန်းဇေတဝန်ဆရာတော်

ဒီနောက်—ပရိယတ်ဖက်တွင်ပေဋကောပဒေသအဋ္ဌကထာနှင့် မိလိန္ဒပဥ္စာအဋ္ဌကထာအပါအဝင် ကျမ်းဂန်ပေါင်း များစွာကို ရေးသားပြုစုတော်မူနိုင်ပြီး ပဋိပတ်ဖက်မှာလဲ ရဟန္တာအရှင်မြတ်တပါးလို့ တပည့်များ ယူဆယုံကြည်ကြတဲ့ "မူလ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးဦးနာရဒ"ဆိုတာလဲ ပေါ်ပေါက်ခဲ့ပါတယ်။

ဒီဆရာတော်ဘုရားကြီး ဦးနာရဒ-ဟာ ခုနှင်ကပြောခဲ့တဲ့စစ်ကိုင်းမင်းကွန်း တောင်ပေါ်ကြီးကျောင်း သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးရာဇိန္ဒနှင့် စစ်ကိုင်းမင်းကွန်း အလယ်တောရ ဦးမဥ္စုဆရာတော်ဘုရားကြီးများရဲ့တပည့် ဖြစ်ပါတယ်။

## ဝစ်ကိုင်းနယ်ဇာတိ

ဆရာတော်ဦးနာရဒလောင်းလျာကို မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းမြို့၏မြောက်ဖက် ၁၁-မိုင်ခန့်အကွာ ကျောက်ပန်းရွာ—ခမည်းတော် ဦးညို၊ ကျောက်ပန်းရွာရဲ့မြောက်ဖက် ၁—မိုင်ခန့်အကွာကန်ကြီးကုန်းရွာသူ မယ်တော် ဒေါ်ပိုင်တို့မှ ၁၂၃၀—ပြည့်နှစ် တပို့တွဲလဆန်း ၅-ရက် စနေနေ့ညနေ ၆-နာရီမှာ ဖွါးမြင်ပါတယ်။

## သိတလုံးချောင်

၁၄-နှစ်သား အရွယ်မှာ စော်ကဲကျောင်း ဆရာတော်ဘုရားထံတွင် သာမဏေပြုခဲ့ပါတယ်၊ ကိုရင်ဝတ်နှင့်ပင် ဝိနည်း ၅-ကျမ်းကို ပေါက်ရောက်ခဲ့ပါတယ်၊ ရဟန်းပြုချိန်မှာ တောင်ပေါ်ကြီးကျောင်း ဆရာတော် ဦးရာဇိန္ဒကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းပြုခဲ့ပါတယ်။

ဒီနောက် ရာဇဂုရုတံဆိပ်ရ မရ ဆရာတော်ဘုရားကြီးများထံတွင် စာသင်ကြားခဲ့ရာ အဌကထာ ကျမ်းပြုနိုင်သည် အထိ တတ်မြောက်ခဲ့ပါတယ်။

ဒီနောက် လက်ပံတန်းမြို့နှင့် စစ်ကိုင်းမင်းကွန်းအလယ်တောရတွင် စာပေပရိယတ္တိများကို ပို့ချပြီး သာသနာပြုခဲ့ပါတယ်။

ဒီနောက် စစ်ကိုင်းမင်းကွန်း အလယ်တောရ ဦးမဥ္ဇူ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို ခံယူပြီး သတိပဌာန် ဝိပဿနာဘာဝနာတရားများကို စစ်ကိုင်းမင်းကွန်း တောင်ပေါ်မှာပင် ကြိုးစား အားထုတ်ခဲ့ပါတယ်၊ ဒါကြောင့် တရားထူးများကိုရရှိတော်မူခဲ့ပါတယ်၊ ဆရာတော် ဦးနာရဒ တရားအားထုတ် ခဲ့တဲ့ ချောင်ကို ယနေ့တိုင်ပင် "သိတလုံးချောင်"လို့ ခေါ်တွင် နေပါသေးတယ်။

## မင်းကွန်းဒေသနာာရီး

သက်တော် ၄၀-အရွယ်တော်မှစပြီး ဆရာတော် ဦးနာရဒဟာ ကိုယ်တွေ့ဉာဏ်မြင် သတိပဌာန်ဝိပဿနာလမ်းစဉ်ကို ရဟန်းရှင်လူ တပည့်တပန်းများအား ဟောကြားတော်မူခဲ့ပါတယ်။

ဆရာတော်ဘုရားကြီးဟာ ပင့်ဖိတ်ရာ မြို့ရွာအသီးသီးသို့ကြွ ရောက် ဟောကြားယင်းက မြို့လှမှ မော်လမြိုင်သို့အကြွမှာ (ယခု ပဲခူးမြို့ ဆံတော်တွင်း ဆရာတော် ဦးကေလာသရဲ့) ပင့်လျှောက် ချက်အရ သထုံမြို့တွင် ဆင်းပြီး သတိပဋ္ဌာန် ဝိပဿနာ တရား တော်များကို ဟောကြားတော်မူတယ်။

ဒီအခါမှာ တရားအားထုတ်သူ ရဟန်း ရှင်လူ ယောဂီများ တစတစများလာလို့ ဆရာတော် ဦးကေလာသက ဦးဆောင်ပြီး စက်ရှင်မင်းကြီး ဦးဖိုးစ၊ အရေးပိုင် ဦးကျော်ဒွန်း၊ ဘုရားအမ ကြီး ဒေါ်ကျော်တီ စတဲ့ရဟန်းရှင်လူ သူတော်စင်များက သထုံ မြို့မှာ တရားဌာနကျောင်းတိုက်ကြီး တည်ထောင်ကြတယ်။

## မူလ မင်းကွန်း ဇေတဝန် ကျောင်းတိုက်

အဲဒီကျောင်းတိုက်မှာ ဆရာတော်ဘုရားကြီး ဦးနာရဒအား ပင့်ဆောင်ပြီး သီတင်းသုံးရန်လျှောက်ထားကြတယ်၊ ဆရာတော် ဘုရားကြီး ဦးနာရဒက လက်ခံပြီး တရားပြတော်မူပါတယ်။

အဲဒီ သထုံမြို့မှာ တည်ဆောင်တဲ့ တရားဌာနကို "မူလ မင်း ကွန်း ဇေတဝန်ကျောင်းတိုက်" လို့ နာမည်မှည့်ကြတယ်၊ အဲဒီ အချိန်မှစပြီး အဲဒီကျောင်းတိုက်မှာ သီတင်းသုံးတော်မူတဲ့ ဆရာ တော်ဘုရားကြီး ဦးနာရဒ ကိုလဲ "မူလမင်းကွန်းဇေတဝန် ဆရာ တော်ဘုရားကြီး" လို့ အများက အလေးအမြတ်ပြုခေါ်ဝေါ်ကြ ပါတယ်။

## ယောဂီအရှင်သောဘန

ဒီနေ့ဟာ ၁၂၉၃- ခုနှစ်ရဲ့ ဆောင်းအသွေ နွေ အပြောင်း အခါကောင်းတဲ့ တပေါင်းလဆန်း ၅- ရက်နေ့ ဖြစ်ပါတယ်။ အဲဒီနေ့မြတ် မင်္ဂလာတွင် သုဝဏ္ဏဘုံ မြို့သထုံရဲ့ မူလမင်းကွန်း ဇေတဝန်တိုက် ဆရာတော်ဘုရားကြီး ထံတော်မှောက်သို့ အရှင် သောဘန အမည်တော်ရတဲ့ ဂ-ဝါရ ရဟန်းတော်တပါးရောက် လာပါတယ်၊ ရောက်ရောက်ချင်းပင် တရားတောင်းပန်ပြီး ဆရာ တော်ဘုရားကြီးရဲ့ ညွှန်ကြားချက် အတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာတရားအလုပ်ကို ကြိုးစား အားထုတ်တော်မူပါတယ်၊ အရှင်သောဘန သတိပဋ္ဌာန်ဝိပဿနာတရားအလုပ်ကို အားထုတ် ဘာဟာ ရှက်ဟောင်းကြွေပြောင်း ရွက်သစ်လောင်းတဲ့ လတ ပေါင်းမှ မိုးဦးမိုးသေး ရွာစ ပေးလို့ သားမွေးမြက်ကြွ နယုန်လ အထိ လေးလရှိခဲ့ပါပြီ။

ဒီလေးလတာ တရားအားထုတ်တဲ့ ခရီးအတွင်းမှာ စကား သုံးဝ မပြောဘဲ ဆက်တိုက်အားထုတ်ခဲ့တဲ့ ရက်များလဲ ပါဝင်ခဲ့ တယ်၊ နေ့ရောညပါ မီးပွတ်ယောကျ်ားပမာ အားထုတ်တဲ့ ရက် များလဲပါတယ်၊ နေ့လုံးပေါက် စကြံလျှောက်ပြီး အားထုတ်တဲ့ ရက်များလဲပါတယ်။

ဒီလို ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ရက်ရက်စက်စက်ကြိုးစား အားထုတ်ပါလျက် ခန္ဓာကိုယ်ဟာ နေမကောင်း ထိုင်မသာ မကျန်းမာဘူးရယ်လို့ လုံးဝ မဖြစ်ခဲ့ပါဘူး၊ ဒါကြောင့် အံ့သြ

ချွင်ပြ လွန်အားရလို့ ဆရာတော်ဘုရားကြီးထံ အစီရင်ခံလျှောက်ထားပါတယ်။

ဆရာတော် ဘုရားကြီးက တရားအားထုတ်သူ ယောဂီရဲ့ သန္တာန်မှာ သတိသမ္ဗောဇ္ဈင်စတဲ့ ဗောဇ္ဈင်တရားများ ဖြစ်ပွားနေလို့ ဗောဇ္ဈင်တရားရဲ့ စွမ်းရည်ကြောင့် အနာကင်းတယ်၊ ဒါကြောင့် ကျန်းမာနေခြင်းဖြစ်တယ်လို့ မိန့်တော်မူပါတယ်၊

ဒီလေးလအတွင်းမှာပင် အရှင်သောဘနဟာ တရားထူးများကို မိမိရဲ့ ပါရမီအား၊ ဝီရိယအား၊ ဉာဏ်အားလျော်စွာရရှိခဲ့ပါတယ်၊ ဒါထက် ဆက်လက်ပြီး အနည်းဆုံး တနှစ်ခန့် ဒီဌာနမှာနေပြီး တရားအားထုတ်နေရန် ရည်သန်ချက်ရှိပါတယ်။

## တောင်ဝိုင်းကလေးဘုန်းကြီး

ဒါပေမဲ့ မော်လမြိုင်သို့ မပြန်ယင် မဖြစ်တဲ့ အကြောင်းကဖန်လာပါတယ်၊ ဒီအကြောင်းကတော့ မော်လမြိုင်မြို့ တောင်ဝိုင်းကလေး တိုက်ကျောင်းက မိမိရဲ့ဆရာရင်း တိုက်ကျောင်းဆရာတော်ဘုရားကြီး အသဲအသန်မကျန်းမမာဖြစ်နေလို့ အမြန်လာပါ ဆိုတဲ့ သံကြိုးစာရောက်လာလို့ပါဘဲ။

ဒါကြောင့် အရှင်သောဘနဟာ ၁၂၉၄-ခု ဝါဆိုလဆန်း ၈-ရက် နေ့တွင် သထုံမှ မော်လမြိုင်မြို့ တောင်ဝိုင်းကလေးကျောင်းတိုက်သို့ ပြန်ခဲ့ရပါတယ်၊ အရှင်သောဘန ရောက်လို့ ၃-နှစ်ရက်အကြာမှာ ဆေးဝါး ကုသပြုစုကြတဲ့အထဲက တိုက်ကျောင်းဆရာတော်ကြီးလဲ ပျံလွန်တော်မူရပါတယ်။

ဒါကြောင့် အရှင်သောဘနဟာ အကြီးဆုံးတပည့်ဖြစ်နေလို့ ၈-၀ါရရုံနဲ့ တိုက်ကျောင်းရဲ့ တာဝန်ခံ အစောင့်အရှောက်ဖြစ်ရတယ်။

## ကျောင်းထိုင် စာချ ကမ္မဋ္ဌာန်းပြ

၁၀-ဝါပြည့်တဲ့ ၁၂၉၅-ခုနှစ်မှ ကျောင်းထိုင်အဖြစ်လက်ခံပြီး အခြေအနေအရ ပရိယတ်စာပေများကို ပို့ချနေခဲ့ရပါတယ်။ ကိုယ်တိုင်ကတော့ သတိပဋ္ဌာန် ဝိပဿနာအလုပ်ကိုလဲ ဆက်လက်အားထုတ်လျက်ပါဘဲ၊ အခွင့်သာယင် အခြားသူများအားလဲ တရားပြသရန် စိတ်သန်နေပါတယ်။

အရှင် သောဘနဟာ ၁၃၀၀-ပြည့်နှစ်မှာတော့ မိမိအားထုတ်တွေ့သိထားတဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားကို မိမိရဲ့ ဆွေမျိုးများအား ဟောကြားပြသရန် အထူး စိတ်သန်လွန်းလို့ မော်လမြိုင် တောင်ဝိုင်းကလေးကျောင်းတိုက်မှ မိမိရဲ့ ဇာတိရပ်ရွာ ဆိပ်ခွန်ရွာသို့ ပြန်ကြွတော်မူခဲ့ပါတယ်။

## ရွှေဘို-ဆိပ်ခွန်မှာဖွားခဲ့တယ်

ဆိပ်ခွန်ရွာဆိုတာ မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းအတွင်းက ရွှေဘိုမြို့ရဲ့ အနောက်ခုနစ်မိုင်အကွာမှာ ရှိပါတယ်။

ဒီဆိပ်ခွန်ရွာကြီးဟာ ဦးအောင်ဇေယျတို့ ရွှေဘိုမြို့ကို တည်စဉ်က ရွှေဘိုမြို့ရဲ့ အရံကျေးရွာဖြစ်ခဲ့သလို ယနေ့လဲ အိမ်ခြေ ၁၂၀၀-ခန့်ရှိတဲ့ မြို့လောက်နီးနီး နိဂုံးရွာကြီးအဖြစ် တည်ရှိနေပါသေးတယ်။

အရှင်သောဘန လျှောင်းလျှာကို အဲဒီဆိပ်ခွန်ရွာ ခမည်းတော် ဦးကံတော်+မယ်တော် ဒေါ်အုပ်တို့မှ ၁၂၆၆-ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၃-ရက် သောကြာနေ့ နံနက် ၃-နာရီမှာ ဖွားမြင်ခဲ့တယ်၊ မွေးချင်း ၇–ယောက် တို့တွင် ဒုတိယမြောက် သားရတနာဖြစ်ပါတယ်။

၆-နှစ်သား အရွယ်မှာ ပျဉ်းမနားကျောင်း ဆရာတော် ဦးအာဒိစ္စထံမှာပင် စာသင်၍ ၁၂-နှစ်သားအရွယ်မှာ ဆရာတော် ဦးအာဒိစ္စထံမှာပင် ရှင်သာမဏေပြုလို့ ရှင်သောဘန အမည်ရခဲ့ပါတယ်။

ဒီနောက် ၁၇-နှစ်အရွယ်၌ ချိပါမြောက်ရွာ ရွှေသိမ်တော်ကျောင်းတိုက် နာယကမြောင်းကြီး ဆရာတော် ဦးအာစရထံ၌ ပညာ သင်ရတယ်၊ ဒီနောက် ဆိပ်ခွန်ရွာ အင်ကြင်းတောကျောင်းတိုက်၊ တိုက်သူကြီးကျောင်း စာချဆရာတော် ဦးပရမထံ၌ စာသင်ကြားရတယ်။

ဒီအရွယ်အတွင်းကပင် ရှင်သောဘနဟာ သဒ္ဒါကြီး သဒ္ဒါငယ်၊ နျာသ၊ ရူပသိဒ္ဓိ၊ ဝိနည်းပါဠိတော် အဋ္ဌကထာများကို သင်ကြားပေါက်ရောက်ခဲ့ပြီး ဖြစ်တယ်၊ ဋီကာကျော်ကိုမူ စာဆိုယင်း အာဂုံရနေခဲ့တယ်။

ရှင်သောဘနဟာသက်တော် ၁၉-နှစ်နှင့်၄-လရှိတဲ့ ၁၂၈၅-ခု တန်ဆောင်မုန်း လပြည့်ကျော် ၄-ရက်၊ တနင်းလာနေ့မှာ အင်ကြင်းတော ကျောင်းတိုက်တွင်းက ဗဒ္ဓသိမ်တော်တွင် ဆိပ်

ခွန်ရွာအနီးရှိ ထန်းစင်ရွာသုမေဓာ ဂိုဏ်းချုပ်ဆရာတော်ဘုရား
ကြီး အရှင်နိမ္မလကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းပြုခဲ့တယ်။

အရှင်သောဘနဟာ ကိုရင်ဘဝကပင် ပါဠိတော်အဋ္ဌကထာ ဋီကာများကိုလဲ သင်ကြား ပေါက်ရောက်ခဲ့တယ်။

ရဟန်း ၄-ဝါမရမီပင် အစိုးရပဋ္ဌမပြန်၊ ပဋ္ဌမငယ်၊ ပဋ္ဌမလတ်တန်း၊ ပဋ္ဌမကြီးတန်းကို အောင်မြင်ခဲ့တယ်၊ ဒီခေတ်တုန်းက ပဋ္ဌမကြီးတန်းကို အောင်ရင် စာမေးပွဲ လမ်းဆုံးနေတယ်။

ဒါပေမဲ့ စာပေနည်း ပြည့်စုံစွာရအောင် မန္တလေးတက်ပြီး အနောက်ပြင် ခင်မကန်ကျောင်းတိုက် ဘုရားတော်ကျောင်းမှာ နေလျက် အကျော်အမော် ဆရာတော်ကြီးများထံ စာပေ လေ့လာ သင်ကြားခဲ့သေးတယ်၊ ဒီနှစ်ဟာ ၁၂၉၀-ပြည့်နှစ် ဖြစ်တယ်။

တနှစ်ခန့် လေ့လာပြီးနောက် ဆိပ်ခွန်ပြန်ကြွပြီး မော်လမြိုင် တောင်ဝိုင်းကလေး ကျောင်းတိုက်ရှိ ဆိပ်ခွန်ရွာဇာတိ ဆရာ တော်ကြီးက ခေါ်ကာ သူ့တပည့်များအား စာကူညီချပေးရန် တိုက်တွန်းတာနဲ့ အရှင်သောဘနဟာ မော်လမြိုင်သို့ ရောက်ခဲ့ ရတယ်။

အရှင်သောဘနဟာ မော်လမြိုင်မှာစာချနေယင်းက ပဋိပတ် အလုပ်ကို အားထုတ်ချင်စိတ်ထက်သန်လို့ စောစောကပြောခဲ့တဲ့ သထုံမြို့ မုလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးထံမှာ သတိပဋ္ဌာန်တရားအလုပ်ကို အားထုတ်ခဲ့ခြင်းဖြစ်ပါတယ်။

## တရားဦးယောဂီ ၃–ဦး

ယခု ၁၃၀၀-ပြည့်နှစ်မှာတော့ မိမိရဲ့မွေးရပ်မြေက ဆွေမျိုးများအား တရားပြရန် စိတ်ထက်သန်လို့မော်လမြိုင်မှ ဆိပ်ခွန်ရွာသို့ ပြန်ကြွလာခြင်းဖြစ်ပါတယ်။

ဆိပ်ခွန်ရွာရောက်တော့ အင်ကြင်းတော ကျောင်းတိုက်မှာ သိတင်းသုံးပြီး တရားပြပါတယ်။

ဒီတုန်းက ပဌမဆုံး အရှင်သောဘနထံမှာ တရားအား ထုတ်သူ ယောဂီများကတော့ ဦးထွန်းအေး၊ အကိုဝမ်းကွဲ ဦးဘိုးချို၊ ညီဝမ်းကွဲဆရာကြံတို့ ၃-ဦးဖြစ်ပါတယ်၊ သူတို့သုံးဦးလုံးပင် ဝိပဿနာအလုပ်ကို ထိထိမိမိ ကြိုးစားအားထုတ်ကြပြီး ရုပ်နာမ်ဖြစ်ပျက် အနိစ္စ- ဒုက္ခ- အနတ္တ အချက်များကို အားရလောက်အောင် သိမြင်ကြတယ်။

ဒီနောက် သူတို့ကိုအားကျပြီး အားထုတ်ကြတာ ယောဂီပေါင်း ၅၀-အထိ တိုးတက်ခဲ့တယ်၊အရှင်သောဘနဟာ အဲဒီနှစ် တန်ဆောင်မုန်းလအထိ ခုနှစ်လ ဆိပ်ခွန်မှာ တရားပြနဲ့ပြီး တာဝန်အရ မော်လမြိုင်တောင်ဝိုင်းကလေးသို့ ပြန်ခဲ့ရတယ်။

## သီရိပဝရ ဓမ္မာရိယ

အရှင်သောဘနဟာ တောင်ဝိုင်းကလေးမှာ စာချနေယင်း ၁၃၀၂-နှစ်မှစ၍ ဗြိတိသျှအစိုးရက တိုးချဲ့ကျင်းပတဲ့ စာချတန်း စာမေးပွဲရဲ့ ဒုတိယနှစ်ဖြစ်တဲ့ ၁၃၀၃-ခုနှစ်မှာ ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ၅- ကျမ်းကိုပါ

ဖြေဆို အောင်မြင်တော်မူတယ်၊ ဒါကြောင့် “သာသနဓဇ သိရိပဝရ ဓမ္မာစရိယ” ဘွဲ့ကို ရရှိခဲ့တယ်။

ဒီနောက် ၁၃၀၃-ခုနှစ် နတ်တော်လတွင် ဒုတိယကမ္ဘာစစ်ကြောင့် လေယာဉ်ကွင်းရှိတဲ့ တောင်ဝိုင်းကလေးဝန်းကျင်ရှိသူများအား ခုနစ်ရက်အတွင်း ဖယ်ရှားရန် သက်ဆိုင်ရာက ကြေညာတယ်၊ ဒါကြောင့် အရှင်သောဘနလဲ မော်လမြိုင် တောင်ဝိုင်းကလေးမှ ဆိပ်ခွန်သို့ပြန်ကြွလာခဲ့ရပြန်တယ်။

ဒီအချိန်ဟာ ဂျပန်နှင့် အင်္ဂလိပ် အမေရိကန်တို့ တိုက်ခိုက်ခဲ့ကြသော ဒုတိယကမ္ဘာစစ်ဖြစ်နေချိန်ဘဲ၊ ဒီလိုစစ်ဖြစ်နေတဲ့ကြားထဲမှာ မြန်မာနိုင်ငံရဲ့ကံကောင်းတဲ့ရွာတချို့ဟာ စစ်မရောက်ဘဲ ငြိမ်းချမ်းသာယာနေကြတယ်၊ အဲဒီကံကောင်းတဲ့ရွာထဲမှာ ပါဝင်နေတဲ့ ဆိပ်ခွန်ရွာ အင်ကြင်းတော ကျောင်းတိုက်မှာ အရှင်သောဘနကရပ်သူရွာသားများအား သတိပဋ္ဌာန်ဝိပဿနာ အလုပ်ကို ဟောကြားပြသနေတယ်။

## ကျမ်းဦး ၂-ဆူ

ဒီလိုတရားပြယင်း ယောဂီများ တစတစများပြားလာတယ်၊ စိတ်ဝင်စားသူများလာလို့ အခြားရပ်ရွာသူ ရပ်ရွာသားများပါ လေ့လာအားထုတ်ခွင့်ရရန် ဝိပဿနာ လုပ်ငန်းပြတရားစာအုပ် ရေးသားတော်မူပါလို့ တပည့်ဒကာများက တောင်းပန်ကြလို့ အရှင်သောဘနက ကျမ်းပြုတယ်၊ အဲဒီကျမ်းဟာ ယခုအကြိမ်ပေါင်း မြောက်မြားစွာ ရိုက်နှိပ်ပြီး ရိုက်နှိပ်ဆဲ ရိုက်နှိပ်လတ္တံ့

ဖြစ်တဲ့ "ဝိပဿနာရှုနည်းပထမတွဲနှင့် ဒုတိယတွဲ" များ ဖြစ်ပါတယ်၊ ဒီကျမ်း ၂-စောင်ဟာ ရှုင်ဆိုက်နဲ့ ၉၅၀-ခန့် ရှိပါတယ်၊ ဒီလိုကြီးကျယ်တဲ့ကျမ်းကို ခုနစ်လနဲ့အပြီးရေးခဲ့ပေမဲ့ ကျမ်းကတော့ ဖြစ်ကာဘတ်ဆန်းမဟုတ်ပါဘူး၊ ပရိယတ် ပဋိပတ်ပညာရှင်သူတော်စင်တိုင်းက အလေးအမြတ်ပြုကာ ချီးကျူးထောပနာပြုကြတဲ့ကျမ်းပါ။

ဒီကျမ်းပြုချိန်မှာ ဆိပ်ခွန်မှာ စစ်ဘေးကင်းတယ်ဆိုပေမဲ့ ဆိပ်ခွန်နဲ့ခုနစ်မိုင်ဝေးတဲ့ ရွှေဘိုမြို့ကိုတော့ အမေရိကန်က နေ့စဉ်လိုလို ဗုံးကြဲနေလို့ ဗုံးသံ အမြောက်သံ စက်သေနတ်သံကြားနေရတဲ့အချိန်ပါ။

ဒီကြားထဲက ဒီကျမ်းကြီး ၂-တွဲကို ခုနစ်လနဲ့ပြီးအောင်ရေးနိုင်ခဲ့တဲ့ အရှင်သောဘနရဲ့ ဉာဏ်ဝီရိယကို ပညာရှိသူတော်ကောင်းတိုင်း မလေးစားမမြတ်နိုးဘဲ မနေနိုင်ကြပါဘူး။

ဒီကျမ်း ၂-စောင်ပြီးပြန်တော့ စာအုပ်ဖြင့်ဖို့ အခက်အခဲရှိနေလို့ ဆိပ်ခွန်ရွာအနီးက ရွာသစ်ကြီးရွာ ပုံနှိပ်တိုက်တွင်ယခုရွှေစေတီဆရာတော်ဘုရားကြီးလို့ ထင်ရှားတော်မူတဲ့ ဆရာတော်ကို ကြပ်မတ်ရိုက်နှိပ်ဖို့ အပ်နှံပြီး ရိုက်နှိပ်ခဲ့ရပါတယ်။

ဒါတောင် စစ်အတွင်း စက္ကူအခက်အခဲကြောင့် ပဌမတွဲအုပ်ရေ ၂၀၀-သာရိုက်နိုင်ပြီး ဒုတိယတွဲစာမူမှာ ရိုက်အုံ့ဆဲဆဲမှာ စစ်မီးတောက်ထဲပါသွားခဲ့ရတယ်၊ ဒါကြောင့် စစ်ပြီးတော့ ထပ်မံရေးရတယ်၊ စစ်အပြီးမှာ ပဌမတွဲကို မန္တလေးမြို့ သုခဝတီ

ပုံနှိပ်တိုက်မှာ ရိုက်နှိပ်ပြီး ဒုတိယတွဲကို လှခင်အင်ဆန်းမှာရိုက်နှိပ်ပြီးစီးခဲ့ပါတယ်။

ဒီလိုအရှင်သောဘနရဲ့ တရားဟောပြတဲ့ဂုဏ်သတင်း၊ ကျမ်းပြုတဲ့ဂုဏ်သတင်းဟာ ကျော်ဇောလာခဲ့တယ်၊ ဒါကြောင့်ပရိသတ်လဲ တိုးတင်စည်ကားလာတယ်။

## မဟာစည်ဆရာတော်

ဒီနေရာမှာ မဟာစည်ဆရာတော်လို့ ထင်ရှားလာကြောင်းကို ပြောချင်ပါသေးတယ်၊ အရှင်သောဘနသီတင်းသုံးတဲ့ အင်ကြင်းကျောင်းတိုက်အဝင်အဝမှာ အလွန်ကြီးမားတဲ့ ကုက္ကိုပင်ကြီးတပင်ရှိခဲ့တယ်၊ အဲဒီကုက္ကိုပင်ကြီးဟာ လေပြင်းဒဏ်ကြောင့်လဲသွားရတဲ့အခါ ပင်စည်လုံးကြီးဟာ အခေါင်းပေါက်နေတဲ့အတွက် စည်ကြီးလုပ်ရန်အဆင်သင့်ဖြစ်နေတယ်၊ ဒါကြောင့် စည်ကျက်ကြတော့ ဒီစည်ကြီးဟာ ၁၂၆-လက်မရှိပြီး အလျား၁၀၅-လက်မရှိတယ်၊ အများထင်မြင်လွယ်အောင်ပြောရယင် လုံးပတ်အားဖြင့် လူ၂-ယောက်ဖက်ခန့်ရှိပြီး ထောင်ထားယင် ရန်ကုန်မြို့သာသနာ့ရိပ်သာတွင်းက ဖလ်ယဉ်ဓမ္မာရုံလူဝင်ပေါက်က တံခါးပေါက် တံခါးထက် ၃-လက်မခန့် မြင့်ပါတယ်။

ဆိပ်ခွန်ရွာ အင်ကြင်းတောကျောင်းတိုက်ထဲမှာ စည်ကြီးကို ပြုလုပ်ထားခဲ့တာဟာ ၁၂၉၅-ခုနှစ်ကတည်းက ဖြစ်ပါတယ်၊ ဒီစည်ကြီးထားတဲ့ စည်တော်ရုံပင် ကျောင်းငယ်လေး တဆောင်လောက်ရှိပါတယ်၊ ဒီစည်ကြီးဟာအင်ကြင်းတောကျောင်းတိုက်ရဲ့

ဘုရားဝတ်ပြုချိန် နေ့လည်မွန်းတည့် ၁၂-နာရီအချိန်တိုင်းမှာ ပတ်ဝန်းကျင်ရောက်ရာလူသားတိုင်းအား အသိပေး မြည်ဟီးမြဲပါဘဲ။ ဒီစည်ကြီးဟာ ခုလိုရေဒီယို နာရီများမပေါ်များသေးခင်က ဆိပ်ခွန်ရွာဝန်းကျင်အတွက် လန်ဒန်မြို့က ဘစ်ဘင်နာရီစင်ကြီးပမာ အားထားရပါတယ်။

အရှင်သောဘန အင်ကြင်းတောကျောင်းတိုက်သို့ရောက်ရှိပြီး တရားပြချိန်မှာ တော့ ဒီစည်ကြီးဟာ ဘုရားဝတ်ပြုချိန် မွန်းတည့်ချိန် အချက်ပေးရုံမျှမကတော့ဘဲ တရားဟောခါနီး အချက်ပေးတဲ့ နိမိတ်ဆောင်ဖြစ်လာရပါတယ်။

ဒါကြောင့် ဒီစည်ကြီးရှိတဲ့ ကျောင်းတိုက်ကို မဟာစည်ကျောင်းတိုက်၊ ဒီကျောင်းတိုက်မှာ ဒီစည်ကြီး မြည်ဟိန်းချိန်အတွင်း တရားဟောကြားတဲ့ ဆရာတော်ကိုလဲ "မဟာစည်ဆရာတော်"လို့ ထင်ပေါ်ကျော်ကြားခဲ့ပါတယ်၊ အဲဒီတုန်းက အင်ကြင်းတော ကျောင်းတိုက်ရဲ့ နာယက ဆရာတော်ဟာ ဦးကုသလဖြစ်ပေမယ့် တရားဟောတဲ့ အရှင်သောဘန ကိုသာအသိများပြီး မဟာစည် ဆရာတော်လို့ ခေါ်ကြပါတယ်၊ မဟာစည် ဆရာတော်ရဲ့ ဂုဏ်သတင်းဟာ ဝေးနီး ထက်အောက် ထွင်းဖောက်ပျံ့သင်းလာတယ်၊ မဟာစည်ရိပ်သာဌာနခွဲပင် ၄၀-ကျော်ရှိလာတယ်၊ အထူးအားဖြင့် ပရိယတ္တိ- ပဋိပတ္တိ သာသနာတော်ကို ချီးမြှောက် အားပေးပို့ချရန် ရည်သန်ပြီး ၁၃၀၉-ခုနှစ်ကပင် ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ကို ဖွဲ့၍ ဆာဦးသွင်က ဥက္ကဋ္ဌ အဖြစ်သူဆောင်ရွက်နေတဲ့ အဖွဲ့ကြီးဆီသို့ပင် မဟာစည်ဆရာတော်ရဲ့

ဂုဏ်သတင်းက ပျံ့သင်း မွေးကြိုင် ခဲ့တယ်၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ကလဲ ကမ္မဋ္ဌာန်းဌာနဖွင့်လှစ်ရန်အတွက် ဆရာကောင်းရှာမှီး နေကြတယ်၊ ရိပ်သာတည်ရန် မြေကော ၅-ဧက ကျော်ကို ဆာ ဦးသွင် ကပင် လှူဒါန်းထားတယ်။

ဒီလိုအချိန်မှာ ကြားသိရတဲ့ မဟာစည်ဆရာတော်ရဲ့ ဂုဏ် သတင်းကို ဥက္ကဋ္ဌ ဆာဦးသွင် ကိုယ်တိုင်ပင် မှန်ကန်ကြောင်း ထောက်ခံပါတယ်၊ သူထောက်ခံတာကလဲ ၁၃၀၉- ခုနှစ်မှာ သူ့သမီးရှိရာ စစ်ကိုင်းရောက်စဉ်က သမိဒ္ဓေါချောင်တွင် ပင့်ပြီး ကျင်းပတဲ့ မဟာစည်ဆရာတော်ရဲ့တရားပွဲမှာ တရားကို ကိုယ်တိုင် နာကြားခဲ့ဘူးလို့ပါဘဲ။

## ရန်ကုန်သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ

ဒါကြောင့် သူဌေးကြီး ဆာဦးသွင်က ထိုစဉ်က ဝန်ကြီး ချုပ်ဖြစ်နေသော ဦးနုနှင့် တိုင်ပင်ပြီး မဟာစည်ဆရာတော်ကို ပင့်လျှောက်ကြလို့ မဟာစည်ဆရာတော်ဟာ ရွှေဘိုဦးမုနိန္ဒနှင့် ရွှေမင်းဝံဦးကောသလ္လတို့ကိုပါအကူအညီခေါ်ခဲ့ပြီး ၁၃၁၁-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၆- ရက် နေ့မှာ ရန်ကုန်မြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ချုပ်တည်ရာ သာသနာ့ရိပ်သာကိုရောက် ရှိတော်မူခဲ့ပါတယ်။

ထိုစဉ် ရန်ကုန် သာသနာ့ရိပ်သာ ဆိုတာ ကမ္မဋ္ဌာနာစရိယ သစ်သားကျောင်းငယ် ၄-ကျောင်း၊ စံကျောင်း တကျောင်းနှင့် ဆွမ်းစားကျောင်းသာ ရှိပါသေးတယ်၊ ဒီနှစ် နတ်တော်လပြည့်

နေ့မှာ ယောဂီ ၂၅-ဦးအား ဝိပဿနာတရားကို စတင်ပြခဲ့ပါတယ်၊ ဒီနောက် ယောဂီများ တိုးပွားလာရုံမျှမကဘဲ ယောဂီတပည့် ရဟန်းရှင်လူများရဲ့ အဆင့်ဆင့် သာသနာပြုမှုကြောင့် မြန်မာပြည်အရပ်ရပ်တွင် သာသနာ့ရိပ်သာခွဲများလဲမြောက်များစွာ ပေါ်ပေါက်ခဲ့တယ်၊ ဒီနောက်တော့ မြန်မာပြည်မှာသာမကကမ္ဘာ့နိုင်ငံအသီးသီးတို့သို့အထိ မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရား၊ မဟာစည် ယောဂီ၊ မဟာစည် သာသနာ့ရိပ်သာ အသီးသီးတွေ ပေါ်ပေါက်ထွန်းကားခဲ့ပါတယ်၊

## အဂ္ဂမဟာ ပဏ္ဍိတ

မဟာစည်ဆရာတော်ဟာ ရန်ကုန်သာသနာ့ရိပ်သာ ရောက်ပြီးနောက် ၂-နှစ်ကျော်အကြာ ၁၃၁၃-ခု နှစ်မှာ နိုင်ငံတော်အစိုးရက ဆက်ကပ်တဲ့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ကိုလဲ ရရှိတော်မူပါတယ်။

မြန်မာနိုင်ငံတော် အစိုးရဟာ လွတ်လပ်ရေးရပြီးစအချိန်မှ စပြီး ဆဋ္ဌသံဂါယနာတင်ရန် စီမံခဲ့ပါတယ်၊ တင်တဲ့အခါ ယခင်သံဂါယနာများလို တနိုင်ငံတည်းကတင်သော သံဂါယနာမျိုး မဟုတ်ဘဲထေရဝါဒ ၅-နိုင်ငံလုံး ပေါင်းစည်းတင်သော သံဂါယနာမျိုးဖြစ်စေလိုပါတယ်၊ ထေရဝါဒ ၅-နိုင်ငံဆိုတာက မြန်မာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို ဆိုတဲ့ ၅-နိုင်ငံ ဖြစ်ပါတယ်။

## ဆဋ္ဌသံဂါယနာ စည်းလုံးရေးမစ်ရှင်အဖွဲ့ ကမ္ဘာလှည့်

ဒါကြောင့် မြန်မာနိုင်ငံမှာ တခြား ထေရဝါဒနိုင်ငံများရဲ့ အစိုးရနှင့် သံဃာတော်များ ပါဝင်ဆောင်ရွက် လာအောင် ဆဋ္ဌသံဂါယနာရွှေပြေး စည်းလုံးရေးအဖြစ် သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို နိုင်ငံများသို့စေလွှတ်ရန် ဆဋ္ဌသံဂါယနာ စည်းလုံးရေး သာသနာ့မစ်ရှင်အဖွဲ့ကို ဖွဲ့စည်းရတယ်၊ အဲဒီ အဖွဲ့အစည်းတွင် သံဃာတော်များ ဘက်က ညောင်ရမ်းဆရာတော်နှင့် မဟာစည်ဆရာတော်တို့ ပါဝင်ပြီး လူပုဂ္ဂိုလ်များ ဘက်က ဆရာတော်တို့ရဲ့ စကားပြန်အဖြစ် ရွှေပြည်တော် ဦးဘတင်နှင့် ကပ္ပိယအဖြစ် ပါလီမန် အဘွင်းဝန် ဦးသန်းစိန်တို့ ပါဝင်ကြပါတယ်။

မဟာစည်ဆရာတော် ပါဝင်တဲ့ ဆဋ္ဌသံဂါယနာ စည်းလုံးရေး သာသနာ့မစ်ရှင်အဖွဲ့ဟာ ၁၃၁၄-ခုနှစ် သီတင်းကျွတ် လတုန်းက ယိုးဒယား၊ ကမ္ဘောဒီးယား၊ သီဟိုဠ်နိုင်ငံများသို့ သွားရောက် ဆောင်ရွက်ခဲ့ရာ အောင်မြင် ပြီးစီးခဲ့ပါတယ်၊ သီဟိုဠ်ကို ကြွစဉ်တုန်းက အခြားရဟန်းတော်ငါးပါးလဲ ပါ သေးတယ်။

မဟာစည်ဆရာတော်ဟာ ဆဋ္ဌသံဂါယနာရဲ့ ရွှေပြေး စည်းလုံးရေးကို ဆောင်ရွက်ခဲ့သလို ကမ္ဘာနှင့်ချီ၍ မြန်မာနိုင်ငံမှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သော ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် အရေးပါအရာရောက်သော ဆဋ္ဌသံဂါယနာရဲ့ သော့ချက်နေရာများက ဆောင်ရွက် ခဲ့ရပါတယ်။

ဒီ ဆဋ္ဌသံဂါယနာမှာ အရေးကြီးတဲ့ လုပ်ငန်းကြီးနှစ်မျိုး ရှိပါတယ်၊ ဒီနှစ်မျိုးဟာ သံဂါယနာတင်အခန်းအနား ဆောင် ရွက်ရေးနှင့် ဒီလုပ်ငန်းရဲ့ အခြေခံဖြစ်တဲ့ ပိဋကတ်တော်များကို သုတ်သင်ရိုက်နှိပ်ရေးများ ဖြစ်ပါတယ်၊ ဒီလုပ်ငန်းကြီး ၂-ရပ် လုံးမှာပင် ဆရာတော်သုံးပါး ပါဝင် ဆောင်ရွက်ခဲ့ကြတယ်။

အဲဒီသုံးပါးတို့ဘွင် ဝိဇ္ဇာလင်္ကာရ ဆရာတော်ဦးဝိသုဒ္ဓါဘိဝံ သက အစီအစဉ်ပြုလုပ်ညွှန်ကြားခြင်း ကိုယ်တိုင်ပါဝင် ဆောင် ရွက်ခြင်းတို့ဖြင့် ကြိုးပမ်းတော်မူခဲ့တယ်။

၁၃၁၅-ခုနှစ်တွင် ပိဋကသုံးပုံလုံး အာဂုံရော သဘောမေး ဖြေပါ အောင်မြင်တော်မူတဲ့ သာသနာ့အာဇာနည် တိပိဋက ဓရမေ့ဘာဏ္ဍာဂါရိက မင်းကွန်း ဦးဝိစိတ္တသာရာဘိဝံသ ဆရာ တော်က ပိဋကတ်တော် ပြင်ဆင်ရေးနှင့် အခန်းအနားမှာ အဖြေဘက်က ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇကအဖြစ် ဆောင်ရွက်တော် မူခဲ့ပါတယ်။

မဟာစည် ဆရာတော်ဟာ ပိဋကတော် ပြင်ဆင်ရိုက်နှိပ်ရေး နှင့် အခန်းအနားမှာ အမေးဘက်က ဆဋ္ဌသင်္ဂီတိပုစ္ဆကအဖြစ် ဆောင်ရွက် ခဲ့ပါတယ်၊ ဆဋ္ဌသံဂါယနာ ဝန်ဆောင်အဖွဲ့တွင်လဲ မဟာစည်ဆရာတော်ဟာ ပါဝင်ဆောင်ရွက် ခဲ့ပါတယ်၊ ဆဋ္ဌ သံဂါယနာမှာ စာမူပြင်ဆင်ရိုက်နှိပ်ရေးတွင် နောက်ဆုံးပြင်ဆင် သုတ်သင်ရတဲ့ ဩဝါဒါနုသာသကအဖွဲ့ဘွင်လဲ မဟာစည် ဆရာ တော် ပါဝင်ခဲ့ပါတယ်၊ မဟာစည်ဆရာတော်ဟာ အစအဆုံး ပါဝင်ဆောင်ရွက်ခဲ့တဲ့ ဆဋ္ဌသံဂါယနာမူပါဠိတော် အဋ္ဌကထာ

ဋီကာစာအုပ်ပေါင်းဟာ ၁၁၇-အုပ်ဖြစ်တယ်၊ စာမျက်နှာပေါင်း ၄-သောင်းကျော်ခန့်ရှိမယ်။ အဲဒီစာအုပ်များကိုဆင့်ပြီးတင်ထားမယ်ဆိုယင် မန္တလေးမြို့က မဟာမြတ်မုနိရုပ်ပွါး ဆင်းတုတော်ကြီးရဲ့ဥာဏ်တော်လောက်မြင့်ပါလိမ့်မယ်။

## ကျမ်းပြုမဟာစည်

မဟာစည်ဆရာတော်ဟာ ဆဋ္ဌသံဂါယနာ တင်ချိန်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးသို့လဲ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို လှည့်လည်ဟောကြား ဖြန့်ချီတော် မူခဲ့ပါတယ်၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယကျမ်း၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်ကျမ်းလို ကျမ်းကြီးများနှင့် အရိယာဝါသတရားတော်၊ ဘာရသုတ္တန်တရားတော် ပဋိစ္စသမုပ္ပါဒ်တရားတော်လို့ တရားစာအုပ်ပေါင်း ၃၀-ကျော်ကို ပြုစုခဲ့ပါတယ်။

## သတိပဋ္ဌာန်လမ်း ကမ္ဘာလင်း

ယခုအခါ မဟာစည်ဆရာတော် ကြိုးပမ်းမှုကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာပင်ဗုဒ္ဓမြတ်စွာဘုရားရဲ့ ၄၅-ဝါ ဒေသနာခရီးအချုပ် အပ္ပမာဒ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များဟာ ကိုယ်စိတ်ငြိမ်းချမ်းနိဗ္ဗာန်လမ်းပြအဖြစ်နဲ့ ကွန့်မြူးနေပါပြီ။

ရန်ကုန်သာသနာ့ရိပ်သာသို့မဟာစည်ဆရာတော်ရောက်စက ရိပ်သာမြေ ၅-ဧကကျော်ကျော်သာ ရှိပေမဲ့ ယခုအခါ ဧကပေါင်း ၂၀-ကျော်ရှိနေပါပြီ။ မဟာစည်ဆရာတော်ရောက်စက

ရိပ်သာတွင်း အဆောက်အဦဟာ ၆-ခုမျှသာရှိပေမဲ့ ယခုအခါ ၄၀-ကျော်ရှိနေပါပြီ။အဲဒီ ၄၀-ကျော်ထဲမှာ တသိန်းကျော်တန် အဆောက်အဦက ခုနစ်ခုမျှပါဝင်ပါတယ်၊ဆရာတော်ဟာ ဒါတွေကို ရေစက်ချတဲ့အခါ ပုဂ္ဂလိကအဖြစ်မချဘဲ ဂဏိကအဖြစ်သာချပြီး ချီးမြှောက်တော်မူပါတယ်။

မြန်မာပြည်အရပ်ရပ်မှာ မဟာစည်ရိပ်သာခွဲပေါင်းလဲနှစ်ရာကျော်သုံးရာရှိခဲ့ပါပြီ၊ ယခုအခါ မဟာစည်ယောဂီပေါင်း ခုနစ်သိန်းကျော်ပေါ် ထွန်းခဲ့ပါပြီ။

ခုနစ်သိန်းကျော်ယောဂီအရေအတွက်ဟာ ပြုံးကနဲဆိုတော့ များသလိုရှိပေမဲ့ မြန်မာပြည်လူဦးရေ သန်းသုံးဆယ်နဲ့စာယင် နဲပါးနေပါသေးတယ်။

## ကမ္ဘာကျော်ကျေးဇူးရှင်

မြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာတဝှမ်းလုံးကတော့ မဟာစည် သတိပဋ္ဌာန်ဝိပဿနာတရားကို တနေ့ထက်တနေ့ တိုးတက်အားထုတ်နေပါတယ်၊ဒါကြောင့် ခရီးမိုင်ပေါင်းထောင်သောင်းဝေးကွာတဲ့နိုင်ငံရပ်ခြား တိုင်းတပါးသားများဟာ ရန်ကုန်သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ထံတော်ပါးသို့ စာနဲ့တမျိုး လူကိုယ်တိုင်တဖုံ အမျိုးစုံလာရောက်ဖူးမြှော်ယင်း တရားတော်နာကြား ရှုမှတ်ကြပါတယ်။ မြန်မာပြည်အရပ်ရပ်ကလဲ တရားပွဲများကို မနားမစဲ ပင့်ဖိတ်ကျင်းပကြပါတယ်။

ဒါကြောင့် ၁၂၂၆-ခုနှစ်ဖွါးဖြစ်တဲ့ မဟာစည်ဆရာတော် ဟာ သက်တော် ၇၀-ကျော် သိက္ခာတော် ၅၀-ကျော်ရှိပါပြီ။ ဒါကြောင့် မဟာစည်ဆရာတော်ကို ယခုအခါမှာ ကမ္ဘာကျော် ကျေးဇူးရှင်မှာဖြစ် အလေးအမြတ်ပြုပြီး "ကျေးဇူးရှင်အဂ္ဂမဟာ ပဏ္ဍိတမဟာစည်ဆရာတော်ဘုရားကြီး" လို့ ခေါ်ဝေါ်သုံးနှုန်း ကြပါတယ်။

ဆရာတော်ဘုရားကြီးကလဲ ယခုလို သက်တော် ၇၀-ဆယ် ကျော်အချိန်အထိပင် တရားအားထုတ်ပွဲ၊ ရိပ်သာဖွင့်ပွဲများသို့ကြွ ရောက်ချီးမြှင့်တော်မူဆဲဖြစ်ပါတယ်။

## မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့

ယခုအခါမှာ ဆရာတော်ဘုရားကြီးတပါးတည်းဟောကြား ချီးမြှောက်ခြင်း၊ ရေးသားချီးမြှောက်ခြင်းဖြင့်ပင် စိတ်ဝင်စားသူ ရဟန်းရှင်လူ ကမ္ဘာသူကမ္ဘာသားတွေက များပြားလာလို့မသုံ လောက်သလိုဖြစ်လာပါတယ်။

ဒါကြောင့်ဆရာတော်ဘုရားကြီးကို အမှူးတင်ပြီးတပည့်ကြီး ငယ်ကမ္မဋ္ဌာနာစရိယဓမ္မကထိကဆရာတော်များကလဲဆရာတော် ဘုရားကြီးရဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာသာသနာပြုလုပ်ငန်းကို ကူညီနေကြရပါတယ်။

ယခုအခါအခြေအနေအရ ကမ္ဘာ့နိုင်ငံများအထိ သာသနာ ပြု ကမ္မဋ္ဌာနာစရိယဓမ္မကထိကများကို မစေလွှတ်နိုင်သေးသော် လည်း၁၃၃၂-ခုနှစ်မှစပြီး"မဟာစည်နယ်လှည့်ကမ္မဋ္ဌာနာစရိယ

ခမ္မကထိကာအဖွဲ့ကြီး''ကို ဖွဲ့စည်းပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် တိုင်းနှင့်ပြည်နယ်အသီးသီးသို့ နှစ်စဉ်နှစ်တိုင်းပင် တာဝန်ခွဲဝေကာ မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို လှည့်လည် ဟောကြားပြသကြပါတယ်၊ စာအုပ်စာတန်းများကို လဲ့ရေးသားဖြန့်ချိနေကြရပါတယ်။

အဲဒီလို ဟောကြားပြသ ရေးသားပြီး ဆရာတော်ဘုရားကြီးအား ကူညီကာ-သတိပဋ္ဌာန်ဝိပဿနာ သာသနာပြုတဲ့အဖွဲ့ထဲမှာ ဘုန်းကြီးလဲ တပါးအပါအဝင်ပါဘဲ။

ယခုဆိုယင် ရန်ကုန်တိုင်း၊ ဥက္ကလာပတောင်ပိုင်း ၁၀-ရပ်ကွက် ဟောမဝန်ခမ္မာရုံဂေါပကအဖွဲ့ရဲ့ ပင့်လျှောက်ချက်အရ ဟောရုံပြောင်ရုံမျှမကဘဲ ကိုယ်တွေ့ဉာဏ်မြင် ကျင့်သုံးအားထုတ်ကြတဲ့ ၁၀—ရက်စခန်းများဖွင့်ပြီး ကျင်းပနေကြရတယ်၊ ဒါဟာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်တုန်းက—

''စရထ—ဘိက္ခဝေ—စာရိကံ ဒေသစာရိ°=ချစ်သား ရဟန်းများတို့ သင်တို့တတွေ တရားဟောဒေသစာရီလှည့်လည်ကြကုန်လော့'' လို့တိုက်တွန်းမိန့်ခွန်း ချွေတော်မူခဲ့ဘာနှင့်အညီ သာသနာပြုနေကြတာဘဲ။

ဒီလို ဗုဒ္ဓမြတ်စွာအလိုတော်ကျသာသနာပြုကြရတာလဲ ဝမ်းသာစရာ မကောင်းဘူလား—ပရိတ်သတ်များ....(ဝမ်းသာစရာကောင်းလှပါဘုရား)။

## သာသနာပြုအဓိဋ္ဌာန် ဆန္ဒမွန်

ဟုတ်တယ်၊ ဝမ်းသာရောအင်မတန်ကောင်းတယ်၊ ဒါကြောင့် တရားနာသူ အားထုတ်သူ ယောဂီသူတော်စင် များနှင့်အတူ ဘုန်းကြီးတို့ပါ သာသနာပြု အဓိဋ္ဌာန်ဆန္ဒမွန်ကဗျာကို ဆိုကြရ အောင်၊ ဘုန်းကြီးကချပေးမယ်၊ အားလုံးလိုက်ဆိုကြပါနော်....၊ (မှန်ပါလိုက်ဆိုကြပါမယ်ဘုရား)။

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေ သော်။

၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေ သော်။

၃။ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြ စေသော်။

၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

ဒီတရားပွဲကြီး ကျင်းပသော အားဖြင့် ဗုဒ္ဓမြတ်စွာဘုရား ရှင်ရဲ့ အဆုံးအမ ဒေသနာတွေကို သင်အံလေ့ကျက် ပို့ချ ဆောင်ရွက်မှု ပရိယတ္တိသာသန ၊ အဲဒီပရိယတ္တိမှကွန့်ဒေသနာ ပါတဲ့အတိုင်း ကိုယ်တွေ့ ကျင့်ကြံအားထုတ်ဟောပြမှု ပဋိပတ္တိ သာသနာ၊ မိမိတို့ ပါရမီအား၊ ဝီရိယအား၊ ဉာဏ်အား လျော်စွာ ကျင့်ကြံအားထုတ်လို့ သိမြင်ကြရတဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓသာသနာ၊ ဒီသာသနာ

တော် သုံးရပ်သည် အခွန့်ကြာရှည် ခိုင်တည်စည်ပွား ထွန်းကားပါစေ၊ ထိုဗုဒ္ဓမြတ်စွာ ၄၅-ဝါပတ်လုံး မနေမနား တည်ထောင် ဟောကြားတော်မူခဲ့တဲ့ အဆုံးအမသာသနာ ဒေသနာ ခရီးအချုပ် အပ္ပမာဒ မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်ကို သာသနာတော် ၂၅၀၀-ခေတ်မှာ ပြန်လည် ထွန်းဖော်တော်မူခဲ့တဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ သတိပဋ္ဌာန် ဝိပဿနာ လ-ရောင်ခြည်တွေ၊ ဆရာတော်ဘုရားကြီးရဲ့ တပည့် ရဟန်း ရှင် လူ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက- ယောဂီတွေရဲ့ သတိပဋ္ဌာန် ဝိပဿနာကြယ်ရောင်တွေ ကမ္ဘာအနှံ့ပြန့်နှံ့ ထွန်းလင်းပါစေ။

ကမ္ဘာသူကမ္ဘာသားတွေကလဲ အဲဒီ သတိပဋ္ဌာန် လ-ရောင်ခြည် ကြယ်ရောင်ခြည်တွေကို လက်ခံနှစ်လို ကြိုဆိုသိမ်းပိုက်နိုင်ကြပါစေ။

ကမ္ဘာသူ ကမ္ဘာသားတိုင်း လက်ခံနှစ်လို ကြိုဆိုသိမ်းပိုက်သောအားဖြင့် ဟောပြောနာကြား ဆွေးနွေးမှတ်သား အားထုတ် ပွားများကြသဖြင့် လောဘ ဒေါသ မောဟ ထိန်ညီး ကမ္ဘာစစ် မီးတောက်ကြီးများလဲ ငြိမ်းကြပါစေ၊ ပဋိသန္ဓေ၊ အိုနာသေ ဖြစ်ပျက်တွေ မပြတ်နှိပ်စက် လည်ပတ်နေတဲ့ သံသရာမီးပုံမီးတောက်ကြီးတွေလဲ ငြိမ်းပြီးတော့ ကိလေသာ ကုန်ခမ်း နိဗ္ဗာန်နန်းကိုလဲ စံမြန်းနိုင်ကြပါစေ။

ဒီလို သာသနာပြု အဓိဋ္ဌာန် ဆန္ဒမွန်ကဗျာနဲ့လဲ တရားပွဲကြီးကို ခမ်းနားဝင့်ထည်စွာ ဖွင့်လှစ်လိုက်ရတယ်။

## မဟာသတိပဋ္ဌာနသုတ္တ-ဟူသည်

ဒီတရားပွဲကြီးဟာ သက်တော်၇၀-ကျော် သိက္ခာတော်၅၀-ကျော်ပြီးဖြစ်တဲ့ ကမ္ဘာကျော် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်ပြီး ဖွင့်လှစ်ထားတဲ့ တရားပွဲကြီးဘဲ။

ဒီလို ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်ပြီး ယခုဘုန်းကြီးတို့ ဒကာဒကာမတို့တတွေ ဟောကြား နာကြား ပြုသအားထုတ်နေကြတဲ့ တရားတော်ကြီးဟာ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော် မူခဲ့တဲ့ "မဟာ သတိပဋ္ဌာနသုတ္တန် တရားတော်ကြီး" ဖြစ်တယ်။

ဘာသုတ္တန်တဲ့လဲ ပရိသတ်များ (မဟာသတိပဋ္ဌာနသုတ္တန် တရားပါဘုရား)။

ဟုတ်တယ်၊ အဲဒီ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော် မူထားတဲ့ "မဟာသတိပဋ္ဌာနသုတ္တန် တရားတော်" ကို လူတိုင်း တလုံးချင်း မှတ်မိအောင် ဘုန်းကြီးက ဆောင်ပုဒ်ကဗျာ စီထားပါတယ်၊ ဒါကို ဒီဧဟာမငန်မွှာရုံ ဂေါပကအဖွဲ့က ပုံနှိပ်ပြီး ဝေငှထားပါတယ်၊ အဲဒီ စာရွက်ကလေးတွေကို ကိုယ်စီကိုယ်ငှ ကိုင်ထားကြပါ၊ ဘုန်းကြီးက ယခုချပေးပါမယ်၊ အားလုံးကြည့်ပြီး လိုက်ဆိုကြပါ။

## မဟာသတိပဋ္ဌာနသုတ် ဆောင်ပုဒ်

၁။ မဟာ—များ-မြတ်-ပြုအပ်ပူဇော်၊
သတိ—အမှတ်-ဉာဏ်မြတ်ဓမ္မ။
ပဋ္ဌာန—ဆက်-လေးထက်တည်နေ၊
သုတ္တ—ကြိုး-ပန်းမျိုးကုံးပန်လေ။

အဓိပ္ပါယ်ကတော့ "မဟာသတိပဋ္ဌာနသုတ္တန်" ဆိုရာတွင် မဟာ-ဆိုတဲ့ စာနှစ်လုံးက "များတယ်၊ မြတ်တယ်၊ ပူဇော်အပ်တယ်"လို့ အဓိပ္ပါယ်ရတယ်၊ ဒါကြောင့် မဟာ-များ-မြတ် ပြုအပ် ပူဇော်-လို့ ဆိုပါတယ်။

သတိ-ဆိုတဲ့ စာနှစ်လုံးကတော့ "အမှတ်အသိ ဖြစ်တယ်၊ သတိဉာဏ် ဖြစ်တယ်"လို့ အဓိပ္ပါယ် ရပါတယ်၊ ဒါကြောင့် သတိအမှတ် ဉာဏ်မြတ်ဓမ္မ-လို့ ဆိုပါတယ်။

ပဋ္ဌာန-ဆိုတဲ့ စာသုံးလုံးကတော့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ-ဆိုတဲ့ သတိပဋ္ဌာန် အာရုံလေးပါးမှာ "ကပ်၍တည်တယ်၊ သက်ဝင်၍ မပြတ်ဖြစ်တယ်၊ ငြိမြဲတယ်"လို့ ဆိုလိုပါတယ်၊ ဒါကြောင့် "ပဋ္ဌာန-ဆက်-လေးထက်တည်နေ"လို့ ဆိုပါတယ်။

ဒီသတိနှင့်ပဋ္ဌာနကတော့ ၂-ရပ်လုံးပေါင်းပြီး "သတိပဋ္ဌာန" လို့ စာလုံးငါးလုံးပေါင်းလိုက်မှ ပိုပြီး အဓိပ္ပါယ်ပြည့်စုံပါတယ်၊ သတိပဋ္ဌာနဆိုတဲ့ စာလုံးငါးလုံးပေါင်းမိယင် "ကပ်၍တည်သော

အမှတ်ရမှု၊ သက်ဝင်၍ မပြတ်ဖြစ်သော အမှတ်ရမှု''လို့အဓိပ္ပါယ်ရပါတယ်၊ တနည်းအားဖြင့်ဆိုယင် သတိပဋ္ဌာန ''သတိကပ်၍တည်မှု၊ သတိသက်ဝင်၍ မပြတ်ဖြစ်မှု၊သတိစွဲမြဲမှု''လို့ အဓိပ္ပါယ်ရပါတယ်။

သုတ္တန္တ-သုတ္တန်ဆိုရာတွင် ဒီနေရာမှာ သုတ္တ-ဆိုတဲ့ စာလုံးရဲ့အဓိပ္ပါယ်ကတော့ ''ကြိုး'' လို့ ဖြစ်ပါတယ်။

ဘုန်းကြီးရဲ့ တရားဆောင်ပုဒ် ရှစ်လုံးဖွဲ့ကဗျာမှာ- ဘုရားရှင်ဟောကြားတော်မူတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုတဲ့ သတိပဋ္ဌာန်တည်းဟူသော ပန်းမြတ်တွေကို သုတ္တဆိုတဲ့ကြိုးတွင် သီကုံးပြီးတော့ ဓမ္မမာမကသူတော်စင်များဟာ အမြဲပန်ဆင်ထားကြပါ-လို့ ဆိုလိုပါတယ်၊ ဒါကြောင့် ''သုတ္တကြိုး-ပန်းမျိုးကုံးပန်လေ''လို့ ဆိုပါတယ်။

အဲဒီ အဓိပ္ပါယ်တွေကို အားလုံးစုပေါင်းပြီးတော့ ဆိုလိုက်ကြဦးစို့ရဲ့။

၁။ မဟာ—များမြတ်-ပြူအပ်ပူဇော်၊
သတိ—အမှတ်-ဉာဏ်မြတ် ဓမ္မ။
ပဋ္ဌာန—ဆက်-လေးထက်တည်နေ၊
သုတ္တ—ကြိုး-ပန်းမျိုး ကုံးပန်လေ။

## သတိပဋ္ဌာန်ပန်းကို ဒီလိုပန်ဆင်ပါ

ဒီလို မဟာသတိပဋ္ဌာနသုတ်-ဆိုတဲ့ စကားလုံးများကို လုံးကောက် အဝယဝတ္ထ အဓိပ္ပါယ်နှင့် စုပေါင်းအချုပ် ပိဏ္ဍတ္ထ အဓိပ္ပါယ်ကို ရှင်းလင်းဟောပြပြီးတော့ လက်တွေ့ပန်ဆင်ရှုမှတ်နည်းကိုလဲ ဟောပြရဦးမယ်၊ ဒါမှလဲ တရားဟောရကျိုး၊ နာကြားရကျိုး နပ်မှာ ဖြစ်တယ်၊ ဒီညွှန်ကြားချက်အတိုင်းလဲ လက်တွေ့အားဖြင့်လဲ ၅-မိနစ်ခန့် ရှုမှတ်ကြရမယ်၊ ဒါမှလဲ ဒီ ၁၀-ရက် စခန်းတရားပွဲမှာ လာရောက်အားထုတ်ရန် အကြောင်း မညီညွတ်သေးလို့ နာကြားရုံမျှ နာကြားကြတဲ့ တရားနာ ပရိသတ်တွေလဲ တသက်တာ လက်သုံးပြုဘို့ အားထုတ်နည်းကို ရသွားကြမယ်၊ နမူနာ အားထုတ် မြည်းစမ်းခွင့် ရကြမယ်၊ ဒါမှလဲ ၁၀-ရက်စခန်း သတိပဋ္ဌာန် ဝိပဿနာ တရားအားထုတ် တရားပွဲ ဆိုတဲ့ အဓိပ္ပါယ်လဲ ပြည့်စုံသွားမယ်။

လက်တွေ့ သတိပဋ္ဌာန်ပန်းကို ရှုမှတ်ပန်ဆင်ရယင် မကောင်းဘူးလား ပရိသတ်များ၊ (ကောင်းပါတယ်ဘုရား)။

ဒီလိုဆိုယင် ဒို့ ဒီ မဟာသတိပဋ္ဌာနသုတ်တော် အစမှာ ပါဝင်တဲ့ ဥဒ္ဒေသ-အကျဉ်းချုပ် သတိပဋ္ဌာန်အလုပ်ကို ပြောပြရမယ်၊ အဲဒီ ဥဒ္ဒေသပိုင်းကို မြတ်စွာဘုရားက ဒီလို ဟောကြားထားတော်မူပါတယ်။

## သတိပဋ္ဌာန် ဥဒ္ဒေသပါဠိ

ကာယေ ကာယာနုပဿီ ... 

ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

## သတိပဋ္ဌာန်ဥဒ္ဒေသအနက်

စတ္တာရော၊ လေးပါးကုန်သောသတိပဋ္ဌာန်တို့သည်။ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဘိက္ခဝေ၊ သံသရာဘေးဘယကို တွေးဆရှုမှန်း အို—ရဟန်းတို့။ ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးရှုငြား အို—ချစ်သားတသီး ချစ်သမီးဟူလူနတ်ပြဟ္မာ ဝေနေယျာတို့။ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်မှာ အားထုတ်နေသောပုဂ္ဂိုလ်သည်။ အာတာပီ၊ ကိလေသာ အစေး စိတ် အညစ်အကြေးကို ပူနွေး ခြောက်သွေ့ ကင်း ပျောက် စေ နိုင် သောသမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန်အား

ထုတ်သည်ဖြစ်၍။ သတိမာ၊ သတိရှိသည် အမှတ်ရသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍။ ကာယေ၊ မမြဲဆင်းရဲ အစိုးလဲမရ မလှပသော ရုပ်အပေါင်းကိုယ်၌။ ကာယာနုပဿီ၊ မမြဲဆင်းရဲ အစိုးလဲမရ မလှပသော ရုပ်အပေါင်းမျှဟု ရှုမှတ်လျက်။ လောကေ၊ ရှုမြင်အပ်သော ရုပ်အပေါင်းလောက၌။ ဝါ၊ ဥပါဒါနက္ခန္ဓာငါးပါး ဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂ ဝိက္ခမ္ဘနပဟာန် အားဖြင့် ပယ်ရှားဖျောက်ဖျက်၍။ ဝိဟရတိ၊ နေ၏။

အာတာပီ၊ ကိလေသာအစေးစိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန် အားထုတ်သည် ဖြစ်၍။ သတိမာ၊ သတိရှိသည် အမှတ်ရသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍။ ဝေဒနာသု၊ မမြဲဆင်းရဲ အစိုးလဲမရ ခံစားမှုမျှဖြစ်သော ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ မမြဲဆင်းရဲ အစိုးလဲမရ ခံစားမှုမျှဟု ရှုမြင်လျက်။ လောကေ၊ ရှုမြင်အပ်သော ခံစားမှုလောက၌။ ဝါ၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ မရှုမိလျှင်ဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝါ၊ မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့် မရအောင် တဒင်္ဂဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားဖျောက်ဖျက်၍။ ဝိဟရတိ၊ နေ၏။

အာတာပီ၊ ကိလေသာအစေး စိတ်အညစ် အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယ ရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန်အားထုတ်သည်ဖြစ်၍။ သတိမာ၊ သတိရှိသည်အမှတ်ရသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍၊ စိတ္တေ၊ မမြဲဆင်းရဲအစိုးလဲမရ ကြံသိမှုမျှ ဖြစ်သော စိတ်၌။ စိတ္တာနုပဿီ၊ မမြဲဆင်းရဲအစိုးလဲမရ ကြံသိမှုမျှဟု ရှုမြင်လျက်။လောကေ၊ ရှုမြင်အပ်သော ကြံသိမှု လောက၌။ ဝါ၊ ဥပါဒါနက္ခန္ဓာ ငါးပါး ဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ မရှုမိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝါ၊ မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂဝိက္ခမ္ဘနပဟာန် အားဖြင့် ပယ်ရှား ဖျောက်ဖျက်၍။ ဝိဟရတိ၊ နေ၏။

အာတာပီ၊ ကိလေသာ အစေး စိတ်အညစ် အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန် အားထုတ်သည်ဖြစ်၍။ သတိမာ၊ သတိရှိသည် အမှတ်ရသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍။ ဓမ္မေသု၊ မမြဲဆင်းရဲအစိုးလဲမရ အတ္တမဟုတ်သော သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ မမြဲဆင်းရဲ အစိုးလဲမရ အတ္တမဟုတ်သော သဘောတရားမျှဟုရှုမြင်လျက်။ လောကေ၊ ရှုမြင်အပ်သော သဘောတရားလောက၌။ ဝါ၊ ရှုမြင်အပ်သော ဥပါဒါနက္ခန္ဓာငါးပါးဟူသောလောက၌။

အဘိဇ္ဈာဒေါမနဿံ၊ မရှိမိလျှင် မဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝါ၊ မရှိမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင်၊တဒင်္ဂ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှား ဖျောက်ဖျက်၍။ ဝိဟရတိ၊ နေ၏။ ဝိဟရတိ၊ ပေါ်လာသမျှ သဘောတရားအပေါ်မှာ လုံးလစိုက် သတိသားအသိပွား၍ သဘောတရားမျှဘဲဟု အမြဲရှုမြင် လောဘနှင့် ဒေါသကိုနှင့်လျက် မသွေ့ငြိမ်းအေးစွာ နေပါလေသတည်း။

(သာဓု....သာဓု....သာဓု....)

## တိုက်ရိုက်ဘာသာပြန်အဓိပ္ပါယ်ကတော့

"ရဟန်းတို့၊ ဒီသာသနာတော်က ယောဂီရဟန်းဟာ အပြင်းအထန် အားထုတ်မှု၊ အာတာပ၊ အမှတ်ရမှုသတိ၊ အသိဉာဏ် သမ္ပဇဉ်ဖြစ်ပြီး မမြဲဆင်းရဲ အစိုးလဲမရ မလှပတဲ့ ရုပ်အပေါင်း ကိုယ်မှာ မမြဲဆင်းရဲအစိုးလဲမရ မလှပတဲ့ ရုပ်အပေါင်းမျှလို့ ရှုမြင်လျက် ရှုမြင်အပ်တဲ့ ရုပ်အပေါင်းလောက ဉပါဒါနက္ခန္ဓာ ငါး ပါးလောကမှာ မရှိမိလျှင် ဖြစ်နိုင်တဲ့ အဘိဇ္ဈာနှင့်ဒေါမနဿ ခေါ်တဲ့ လောဘနှင့်ဒေါသကိုဖြစ်ခွင့်မရအောင် တဒင်္ဂ၊ ဝိက္ခမ္ဘန ပဟာန် အားဖြင့် ပယ်ရှားဖျောက်ဖျက်နေတယ်။

"ရဟန်းတို့၊ ဒီသာသနာတော်က ယောဂီရဟန်းဟာ အပြင်းအထန် အားထုတ်မှု အာတာပ၊အမှတ်ရမှု သတိ၊ အသိဉာဏ် သမ္ပဇဉ်ဖြစ်ပြီး- မမြဲဆင်းရဲ အစိုးလဲမရ ခံစားမှုမျှဖြစ်တဲ့ ဝေဒနာများမှာ မမြဲဆင်းရဲ အစိုးလဲမရ ခံစားမှုမျှလို့၊ ရှုမြင်လျက် ရှုမြင်အပ်တဲ့ခံစားမှုလောက၊ဉပါဒါနက္ခန္ဓာငါးပါး လောကမှာ

မရှုမိလျှင် ဖြစ်နိုင်တဲ့ အဘိဇ္ဈာနှင့်ဒေါမနဿခေါ်တဲ့ လောဘနှင့် ဒေါသကို ဖြစ်ခွင့်မရအောင် တဒင်္ဂ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှား ဖျောက်ဖျက်နေတယ်။

"ရဟန်းတို့၊ ဒီသာသနာတော်က ယောဂီရဟန်းဟာ အပြင်းအထန် အားထုတ်မှု အာတာပ၊ အမှတ်ရမှု သတိ၊ အသိဉာဏ် သမ္ပဇဉ်ဖြစ်ပြီး မမြဲဆင်းရဲ အစိုးလဲမရ ကြံသိမှုမျှဖြစ်တဲ့ စိတ်မှာ မမြဲ ဆင်းရဲ အစိုးလဲမရ ကြံသိမှုစိတ်ဟုလို့ ရှုမြင်လျက် ရှုမြင်အပ်တဲ့ ကြံသိမှုစိတ်လောက- ဥပါဒါနက္ခန္ဓာငါးပါး လောကမှာ မရှုမိလျှင်ဖြစ်နိုင်တဲ့ အဘိဇ္ဈာနှင့် ဒေါမနဿခေါ်တဲ့ လောဘနှင့် ဒေါသကို ဖြစ်ခွင့်မရအောင် တဒင်္ဂဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားဖျောက်ဖျက်ပြီးနေပါတယ်။

ရဟန်းတို့၊ ဒီသာသနာတော်က ယောဂီရဟန်းဟာ အပြင်းအထန် အားထုတ်မှု အာတာပ၊ အမှတ်ရမှု သတိ၊ အသိဉာဏ် သမ္ပဇဉ်ဖြစ်ပြီး မမြဲဆင်းရဲ အစိုးလဲမရ အတ္တမဟုတ်တဲ့ သဘောတရားမှာ မမြဲဆင်းရဲ အစိုးလဲမရ အတ္တမဟုတ်တဲ့ သဘောတရားမျှလို့ရှုမြင်လျက် ရှုမြင်အပ်သော သဘောတရားလောက ဥပါဒါနက္ခန္ဓာငါးပါးလောကမှာ မရှုမိလျှင်ဖြစ်နိုင်တဲ့ အဘိဇ္ဈာနှင့် ဒေါမနဿခေါ်-လောဘနှင့် ဒေါသကို ဖြစ်ခွင့်မရအောင် တဒင်္ဂဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားဖျောက်ဖျက်ပြီး နေတယ်တဲ့။

ဒါဟာ တိုက်ရိုက်ဘာသာပြန် အဓိပ္ပါယ်ပါဘဲ၊ ဒီလို တိုက်ရိုက် ဘာသာပြန် အဓိပ္ပါယ်မျှနဲ့တော့ မရှုမှတ်ဘူးသူများဟာ

သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းကို ရှုမှတ်နိုင်ကြမှာ မဟုတ်သေးပါဘူး၊ လက်တွေ့အလုပ် လုပ်ဖြစ်အောင် ပြောပြပါဦးမယ်။

## ဒီနေရာမှာ ဘိက္ခုဆိုတာ အားလုံးသိပါတယ်

ဒီမှာ "ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု၊ ဒီသာသနာတော်က ယောဂီရဟန်းသည်" လို့ ဟောကြားထားတာကို သဘောမပေါက်ယင် ဒီတရားဟာ ရဟန်းယောကျ်ားတွေနှင့်သာဆိုင်တဲ့ တရားဘဲလို့ ထင်မှတ်စရာရှိပါတယ်၊ ရဟန်းမိန်းမတွေ၊ ဥပါသကာ၊ ဥပါသိကာမတွေ၊ နတ်တွေ၊ ဗြဟ္မာတွေနှင့် မဆိုင်ဘူးလို့ ထင်မှတ်စရာရှိနေပါတယ်၊ ဒီလိုထင်မှတ်ယင် ရာနှုန်းပြည့်မမှန်ပါဘူး၊ မပြည့်စုံတဲ့ အဓိပ္ပါယ်ဖြစ်နေပါတယ်။

အမှန်ကတော့ သတိပဋ္ဌာန်တရားကို ပွားများ အားထုတ်စေတဲ့ ပုဂ္ဂိုလ်များမှာ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ၊ နတ်၊ ဗြဟ္မာ-ရယ်လို့ များစွာပင် ရှိပါတယ်၊ ဒါပေမဲ့- ဒီမှာ ရဟန်းယောကျ်ားကိုသာ ထုတ်ဖော်ပြီး၊ "ဘိက္ခဝေ၊ ဘိက္ခု"လို့ ဟောတော်မူတာဟာ မြတ်စွာဘုရားရဲ့ တရားတော် လက်ခံကျင့်ကြံ သူတို့တွင် ရဟန်းဟာ အဆုံးအမ သာသနာတော် ဟူသမျှရဲ့ တည်ရာဖြစ်လို့ အမြတ်ဆုံး ဖြစ်သောကြောင့် ဟောတော်မူတာပါဘဲ။

ဒီလို ပဓာနနည်းနဲ့ ဘိက္ခု-ရဟန်းကို ဟောရာမှာ အပ္ပဓာန ဖြစ်တဲ့ ဘိက္ခုနီ ရဟန်းမိန်းမလဲ ပါဝင်ပါတယ်၊ လူဥပါသကာ ယောကျ်ားလဲ ပါဝင်ပါတယ်၊ လူဥပါသိကာမိန်းမလဲ ပါဝင်

တယ်၊ နတ်လဲပါဝင်တယ်၊ ဗြဟ္မာလဲပါဝင်တယ် လို့ မှတ်ကြရ မယ်၊ ပရိသတ်ကြီး သဘောပေါက်ကြပလား။ (သဘောပေါက် ပါပြီ ဘုရား)။

တနည်းပြောရယင် ဒီသတိပဋ္ဌာန်တရားအကျင့်ကို ကျင့်သူ မှန်သမျှဟာ ဘိက္ခု- မည်တာချည်းပါဘဲ၊ သိက္ခာတင် သိမ်ဝင်တဲ့ ရဟန်းမျိုးတော့ မဟုတ်ဘူး၊ တရားအားထုတ်တဲ့ယောဂီရဟန်း လို့ မှတ်ရမယ်နော်၊ (မှန်ပါဘုရား)။

ဟုတ်တယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာနသုတ်တော် အဋ္ဌ ကထာမှာ "ပဋိပန္နကော- ဒီသာသနာတော်မှာ တရားအလုပ် အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ၊ ဒေဝေါ ဝါ ဟောတု၊ နတ် ဗြဟ္မာဘဲဖြစ်ဖြစ်။ မနုဿော ဝါ ဟောတု၊ ကျား-မရည်တူ ကြီးသူ ငယ်သူ ပျိုရွယ်သူတွင် ဘယ်လူဖြစ်ဖြစ်။ ဘိက္ခုတိသင်္ခံ၊ တရားရှုသူ ဘိက္ခု ဟူသော အရေအတွက်သို့။ ဂစ္ဆတိယေဝ၊ ရောက်ကို ရောက်ရသည်သာတည်း။ ဂစ္ဆတိယေဝ၊ သတိပဋ္ဌာန် အလုပ် အားထုတ်သူဆိုမူ နတ်နတ် လူလူ ဘယ်သူမဆို ဘိက္ခုဆိုတဲ့အရေ အတွက်သို့ မသွေမပျက် ရောက်ရသည်သာတည်း။

(သာဓု....သာဓု....သာဓု....)

ဒါလောက်ဆိုယင် သတိပဋ္ဌာန်တရားကို အားထုတ်သူတိုင်း ဟာ ရဟန်းယောကျ်ားသာမက လူရော နတ်ပါ ဗြဟ္မာ မကြွင်း ခပင်း ဥဿုံ ပါဝင်ကြောင်း သိသာထင်ရှား လောက်ပါပြီ။ ဘယ်သူမဆို တရားအားထုတ်လိုက သတိပဋ္ဌာန်တရားကို အား

ထုတ်ကောင်းတယ် ဆိုတာ မှတ်မိ ကြပြီလား။ (မှတ်မိပါပြီ ဘုရား)။

အဲဒီလို သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်သူဟာ- ကာယာနုပဿနာကို အားထုတ်မယ်ဆိုယင် မမြဲဆင်းရဲ အစိုးလဲ မရ မလှပတဲ့ ရုပ်အပေါင်းမှာ မမြဲဆင်းရဲအစိုးလဲမရ မလှပတဲ့ ရုပ်အပေါင်းမျှဘဲလို့ ရှုနေပါတယ်၊ ဝေဒနာနုပဿနာကို အား ထုတ်မယ်ဆိုယင် မမြဲဆင်းရဲအစိုးလဲမရ ခံစားမှု ဝေဒနာ များ မှာ မမြဲဆင်းရဲ အစိုးလဲမရ ဝေဒနာသဘောမျှ လို့ ရှုမှတ်နေပါ တယ်။

စိတ္တာနုပဿနာကို ရှုမှတ်နေမယ်ဆိုယင် မမြဲဆင်းရဲအစိုးလဲ မရ ကြံသိမှုစိတ်မှာ မမြဲဆင်းရဲ အစိုးလဲမရ ကြံသိမှုမျှလို့ ရှုမှတ် နေပါ။

ဓမ္မာနုပဿနာကို ရှုမှတ်မယ်ဆိုယင်လဲ မမြဲဆင်းရဲ အစိုးလဲ မရ အတ္တမဟုတ်တဲ့ သဘောတွေမှာ မမြဲဆင်းရဲ အစိုးလဲမရ အတ္တမဟုတ်တဲ့ သဘောတရားမျှလို့ ရှုမှတ်နေပါတဲ့။

ရှုတဲ့အခါမှာ လျော့လျော့ယဲယဲ ပေါ့ပေါ့ဆဆ ရှုရုံနဲ့ဘော့ တရားမရနိုင်ပါဘူးတဲ့၊ ပြင်းပြင်းထန်ထန် ရှုမှတ်ပါတဲ့။

"ရိုးကြောအရေ၊ ကြွင်းကျန်စေ၊ ကုန်စေ အသားသွေး၊ အသက်ကိုမျှ မညှာရ၊ သမ္မပ္ပဓာလေး" ဆိုတဲ့ ဘုရားဟောနှင့် အညီ အသားအသွေးတွေ ကုန်ခမ်းချင် ကုန်ခမ်းပြီး အရိုး အကြော အရေမျှလောက်သာ ကြွင်းကျန်ချင်လဲ ကြွင်းကျန်

ပါစေ၊ တရားအလုပ်နဲ့ပတ်သက်ယင် အသက်တောင်မှ သေချင် သေသွားပါစေ-ဆိုတဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယမျိုးလဲ ထားရှိရ ခယ်တဲ့၊ ကိုယ်နှင့်အသက်ကို မငဲ့ညှာဘဲ တရားရရှိရေး ကိုသာ ဦးစားပေးပြီး ကြိုးစားအားထုတ်ရမယ်။

## စင်္ကြံမှတ်ပုံ

အားထုတ်ပုံကတော့ စင်္ကြံသွားပြီး ရှုမှတ်မယ်ဆိုယင် လက် နှစ်ဖက်ကိုပိုက်ပြီး သွားချင်တဲ့စိတ်ကိုလဲ "သွားချင်တယ်၊ သွား ချင်တယ်" လို့ ရှုမှတ်ပါ၊ သွားတဲ့အခါ သွားနေတဲ့ တကိုယ် လုံးကို သတိထားပြီး "သွားတယ်၊ သွားတယ်" လို့ ရှုမှတ်ပါ၊ စင်္ကြံဆုံးတော့ "ရပ်ချင်တယ်၊ ရပ်တယ်၊ ရပ်တယ်" လို့ ရပ်နေတဲ့ ခန္ဓာကိုယ်ကို ခြေမှနေ ခေါင်းဆုံးအောင် သတိထားမှတ်ပါ၊ ပြီးတော့ "လှည့်ချင်တယ်" လှည့်တော့ "လှည့်တယ်၊ လှည့် တယ်" လို့မှတ်ပါ၊ "ရပ်တယ်၊ ရပ်တယ်" လို့မှတ်ပါ၊ "သွား ချင်တယ်၊ သွားချင်တယ်" လို့မှတ်ပါ၊ သွားတော့ "သွားတယ်၊ သွားတယ်" လို့ ရှုမှတ်ပါ။

ဒီထက် တဆင့်တက်ပြီး ဘယ်ဘက်ခြေထောက်က လှမ်း ယင်လဲ "ဘယ်လှမ်းတယ်" ညာဘက်ခြေထောက်က လှမ်းယင်လဲ "ညာလှမ်းတယ်" လို့ သတိထားပြီးရှုမှတ်ပါ၊ စင်္ကြံဆုံးလို့ လှည့် ချင်တာ၊ လှည့်တာ၊ ရပ်တာ၊ လှည့်တာတွေကိုလဲ ရှုမှတ်မြဲရှုမှတ်ပါ၊ ဒါကို နိုင်နင်းလာလို့ တဆင့်တက်ပြီး ရှုမှတ်လိုယင်လဲ ခြေ

တဖက်ကို နှစ်ချက်ပိုင်းပြီးတော့ "ကြွတယ်၊ ချတယ်"လို့ ရှုမှတ်ပါ၊ စကြံဆုံးတော့ မှတ်ပုံများကိုလဲ ရှေးနည်းတူမှတ်ပါ။

ဒါကို နိုင်နင်းလာလို့ တဆင့်တက်ပြီး မှတ်လိုယင်လဲ ခြေတဖက်ကို သုံးချက်ပိုင်းပြီး "ကြွတယ်၊ လှမ်းတယ်၊ ချတယ်"လို့ ရှုမှတ်ပါ၊ စကြံဆုံးတော့ လှည့်ချင်တာ၊ လှည့်တာ၊ ရပ်တာ၊ သွားချင်တာ စသည်တွေကိုလဲမှတ်ပါ၊ အဲဒီလို တနာရီလောက်တော့ မှတ်ပါ၊ ဒီစကြံမှာ ရပ်ခြင်းဣရိယာပုထ်ပါ ပါတယ်။

## ထိုင်မှတ်ပုံ

စကြံ တနာရီလောက်ကြာလို့ ထိုင်ပြီးရှုမှတ်ချင်တဲ့ အခါမှာလဲ ထိုင်ချင်တဲ့စိတ်ကစပြီး "ထိုင်ချင်တယ်၊ ထိုင်ချင်တယ်၊ ထိုင်တယ်၊ ထိုင်တယ်"လို့ ထိုင်ချင်တဲ့စိတ်နဲ့ ထိုင်ရုပ်ကို အာရုံပြုမှတ်ပါ၊ ထိုင်တဲ့အခါ ကိုယ်ကိုဖြောင့်ဖြောင့်မတ်မတ် ထားပါ၊ မျက်စေ့၂-လုံးကို အသာအယာမှိတ်ထားပါ၊ သတိစိတ်ကို ရှေးဦးစွာ ဝမ်းဗိုက်ဆီသို့ ညွတ်ထားပါ၊ အသက် ရှုတိုင်း ရှုတိုင်း ဝမ်းဗိုက်ကလှုပ်ရှားတာကို "ဖောင်းတယ်လို့" ရှုမှတ်ပါ၊ ပိန်ကျသွားတာကို "ပိန်တယ်"လို့ ရှုမှတ်ပါ။

အဲဒီလို"ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်"လို့ ရှုမှတ်ယင်း စိတ်က ဟိုထွက်သည်ထွက် "စိတ်ထွက်တယ်၊ စိတ်ထွက်တယ်၊ စိတ်ကူးတယ်၊ စဉ်းစားတယ်၊ အိမ်ရောက်တယ်၊ သူငယ်ချင်းနဲ့ တွေ့တယ်" စသည်ဖြင့် စိတ်အမူအယာ ပေါ်တဲ့

အတိုင်း ရှုမှတ်ပါ၊ အဲဒီစိတ်ငြိမ်သွားယင် "ဖောင်းတယ်၊ ပိန်တယ်"လို့ ရှုမှတ်ပါ။

နားထဲက အသံကြားရယင်လဲ ဘယ်အသံမျိုးမဆို "ကြားတယ်၊ ကြားတယ်"လို့ ရှုမှတ်ပါ၊ ကြားတာ ပျောက်သွားယင် ဖောင်းတာ ပိန်တာကို ပြန်ပြီး ရှုမှတ်ပါ၊ ကိုယ်ထဲက ညောင်းတာ ကိုက်တာ ယားတာတွေပေါ်လာယင်လဲ အထင်ရှားဆုံးကို သတိပြုပြီးမှတ်ပါ၊ ညောင်းယင် ညောင်းတဲ့နေရာကို သတိပြုပြီး "ညောင်းတယ်၊ ညောင်းတယ်"လို့ မပျောက်မချင်း သည်းခံပြီး ရှုမှတ်ပါ၊ ယားယင်လဲ "ယားတယ်၊ ယားတယ်"လို့ မပျောက်မချင်း သည်းခံပြီး ရှုမှတ်ပါ၊ သည်းခံနိုင်သမျှ သည်းခံပြီး "သည်းခံယင် နိဗ္ဗာန်ရောက်တယ်"လို့ နှလုံးသွင်းပြီး ရှုမှတ်ပါ၊ အလွန်သည်းမခံနိုင်ယင် ပြုပြင်ချင်စိတ်ကစပြီး "ပြုပြင်ချင်တယ်၊ ပြုပြင်တယ်" စသည်ဖြင့် ရှုမှတ်ပြီးပြုပြင်ပါ၊ ပျောက်သွားယင်တော့ ရှုမှတ်နေကျ ဖောင်းတာပိန်တာကို ဆက်ပြီးရှုမှတ်ပါ။

မှတ်သားတဲ့ မှတ်စိတ်ထဲမှာ ဘာဘာညာညာ မြင်ယင်လဲ "မြင်တယ်၊ မြင်တယ်"လို့ ရှုမှတ်ပါ၊ မြင်တာလေး ပျောက်သွားယင် ဖောင်းတာပိန်တာကိုဘဲ ပြန်မှတ်ပါ။

နှာခေါင်းက အနံ့ နံလာယင်လဲ ဘယ်အနံ့မျိုး ဖြစ်ဖြစ် "နံတယ်၊ နံတယ်"လို့ ရှုမှတ်ပါ၊ ပျောက်သွားယင်လဲ ဖောင်းတာ ပိန်တာကို ပြန်မှတ်ပါ။

ပါးစပ်က တံထွေးများလာယင်လဲ“လုံးချင်တယ်၊လုံးတယ်” “မျိုချင်တယ်၊ မျိုတယ်”လို့ မှတ်ပါ၊ ပျောက်သွားယင် ဖောင်းတာ ပိန်တာကို ပြန်မှတ်ပါ။

ဒီလိုထိုင်နေယင်းက ဒူးရှေ့ အာရုံဆိုတိုင်း ပေါ်လာတဲ့ ရုပ်နာမ် မှန်သမျှကိုလဲ ရှုမှတ်လို့ရပါတယ်၊ တကြိမ်ထိုင်ယင် တနာရီလောက်ဘော့ ထိုင်ပြီးရှုမှတ်ပါ။

အကြောင်း ကိစ္စပေါ်လို့ ထိုင်ရာက ထချင်တာ၊ ထတာ၊ ရေသောက်ချင်တာ၊ ရေအိုးဆီသွားတာ၊ ရေခွက်ကိုင်တာ၊ ရေခပ်ယူတာ၊ ပါးစပ်ဟတာ၊ ရေသောက်တာတွေကိုလဲ ရှုမှတ်ရပါတယ်။

စားချိန်တန်လို့ စားစရာကိုစားယင်လဲ စားချင်တာ၊ လက်ဆေးတာ၊ ထမင်းခွက်ဆီ လက်လှမ်းတာ၊ ထမင်းလုပ်ပြင်တာ၊ ဟင်းခတ်တာ၊ ထမင်းလုပ်ယူတာ၊ ပါးစပ်ဟတာ၊ ခွန့်တာ၊ ဝါးတာ၊ မျိုတာတွေ အားလုံးကိုလဲ ရှုမှတ်ပါ။ ကျင်ကြီးကျင်ငယ် စွန့်ချင်တာ စွန့်တာတွေကိုလဲ အကုန်လုံး ရှုမှတ်ပါ။

ဘုန်းကြီးတို့ သာသနာ့ရိပ်သာများမှာ ထိုင်တာက တနာရီ၊ စင်္ကြံသွားတာက တနာရီ၊ အိပ်ချိန် ၄-နာရီ၊ အထိုင် ၈-ကြိမ်၊ စင်္ကြံ ၈-ကြိမ်၊ စားသောက်ရေချိုး တရားနာတာတွေကလဲ ရှုမှတ်မှုနဲ့ ၄-နာရီ၊ ပေါင်း ၂၄-နာရီ စုံချိန်မှီအောင် ရှုမှတ်ကြပါတယ်။

ဒီသို့ရှုမှတ်နေရာမှာ ပေါ်ရာပေါ်ရာ ရုပ်နာမ်အာရုံကို ရှုမှတ်တာက "သတိမာ၊ အာမှတ်သတိ မပြတ်ရှိသည်ဖြစ်၍" ဆိုတဲ့ သတိပဋ္ဌာန်ပါဠိနှင့် အညီပါဘဲ။

ဒီလို ရှုမှတ်နေတော့ အချိန်ရသာဘဲ့အခါ စိတ်ကလေးတွယ်တာမရှိသလောက် ဖြစ်လာတယ်၊ မရှုမှတ်မိဘဲ လွတ်သွားတာရယ်လို့လဲ မရှိတော့ဘူး၊ ရှုမှတ်ရာ ရှုမှတ်ရာအာရုံမှာ ကပ်ကန့်ကပ်ကန့် စိုက်စိုက်ကျသွားတဲ့ သတိအား ကောင်းလာတယ်၊ မှတ်ချက်တိုင်း မှတ်ချက်တိုင်း ထိထိမိမိ တည်တည်ငြိမ်ငြိမ် ရှုမှတ်လာနိုင်တယ်၊ အဲဒါဟာ—ဝိပဿနာခဏိကသမာဓိ အားကောင်းလာတာဘဲ။

ဒီတော့ ရှုမှတ်စရာအာရုံနှင့် ရှုမှတ်မှုသတိနာမ် ၂-မျိုး တွဲကန့် တွဲကန့် ရှုမှတ်ယင်း ရှုမှတ်စရာအာရုံက တခု၊ ရှုမှတ်မှုသတိနာမ်က တခု၊ ၂-မျိုး ကွဲကွဲပြားပြား ဖြစ်ပုံပျက်ပုံကိုလဲ သိလာတယ်၊ ဖောင်းတာ ပိန်တာ စတဲ့ ရှုမှတ်စရာအကြောင်း ရှိလို့ ဖောင်းတယ် ပိန်တယ် ရှုမှတ်မှုအကျိုး ပေါ်ရတယ်။ သွားချင် ရပ်ချင်စတဲ့ အကြောင်းနာမ်ရှိလို့ သွားမှု ရပ်မှု စတဲ့ အကျိုးရုပ် ပေါ်ရတယ်၊ စသည်ဖြင့်လဲ ကြောင်းကျိုးချုပ်နာမ်ကို သိလာရတယ်။

ရှုမှတ်ယင်းပင် ရှုမှတ်စရာအာရုံရော၊ ရှုမှတ်တဲ့နာမ်သတိပါ ပျက်ပျက်သွားတာကိုလဲ သိမြင်လာတယ်၊ ဒါဟာ "သမ္ပဇာနော၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍" ဆိုတာနှင့် အညီ သမ္ပဇဉ်ဉာဏ် ဖြစ်ပေါ်မှုလမ်းစပါဘဲ။

ဒီလို ရှုမှတ်သိရာမှာ ဖောင်းမှု၊ ပိန်မှု၊ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှုစတဲ့ ကိုယ်အမူအယာတွေကို သိမြင်တာက ကာယာနုပဿနာသတိပဋ္ဌာန်ဘဲ၊ "ကာယေကာယာနုပဿီဝိဟာရတိ" နှင့် အညီ သိမြင်ပုံဘဲ။

နာတာ၊ ကျင်တာ၊ ချမ်းသာတာစတဲ့ခံစားမှုတွေကို ရှုမှတ်သိမြင်တာက ဝေဒနာနုပဿနာသတိပဋ္ဌာန်ဘဲ၊ဝေဒနာသု ဝေဒနာ နုပဿီ ဝိဟာရတိနှင့်အညီ သိမြင်ပုံဘဲ။

စိတ်ထွက်တာ၊ စိတ်ပျက်တာ၊ လိုချင်တာ၊ ပြန်လှည့်တာ၊ တည်ငြိမ်တာ – စတဲ့ စိတ်အမူအရာတွေကို ရှုမှတ်သိမြင်တာက စိတ္တာနုပဿနာသတိပဋ္ဌာန်ဘဲ။ "စိတ္တေစိတ္တာနုပဿီဝိဟာရတိ" နှင့် အညီသိမြင်ပုံဘဲ။ မြင်တာကြားတာ၊ နံတာစားတာ၊ တွေ့ထိတာ၊ စတဲ့သဘောတရားတွေကို ရှုမှတ်သိမြင်တာက ဓမ္မာနုပဿနာသတိပဋ္ဌာန်ဘဲ။ "ဓမ္မေသုဓမ္မာနုပဿီ ဝိဟာရတိ" နှင့် အညီသိမြင်ပုံဘဲ။

ထင်ရှားတိုင်းသော ရုပ်နာမ်များကို ဒွါရနှင့် အာရုံဆုံခိုက်မှာ မရှုမှတ်ယင် အမြဲတည်နေတဲ့ "ငါကောင် သတ္တဝါကောင်" လို့ ယင်မှတ်စွဲလမ်းပြီး အဘိဇ္ဈာခေါ် လိုချင်နှစ်သက်မှုလဲဖြစ်နိုင်တယ်၊ ဒေါမနဿခေါ် စိတ်ပျက် စိတ်ဆိုး မုန်းငြိုးပစ်မှားမှုလဲ ဖြစ်နိုင်တယ်။

ဒီလိုဖြစ်နိုင်တဲ့ လောဘနှင့်ဒေါသကို ဒွါရနှင့်အာရုံဆုံတိုင်း ရှုမှတ်နေတဲ့ယောဂီက ဖြစ်ခွင့်မပေးဘဲ ပယ်နိုင်တယ်၊ ဒီလို

မရှုမှတ်လျှင် ပေါ်လာဖြစ်လာနိုင်တဲ့ လောဘနှင့် ဒေါသကို ဖြစ်ခွင့်မပေးဘဲ ဒွါရနှင့်အာရုံဆုံတိုင်း ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ ရုပ်နာမ်များကို "မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူး၊ နှစ်သက်ဖွယ်မဟုတ်ဘူးလို့၊ ငါကောင် သူကောင် မရှိဘူး" လို့ အမှန်အတိုင်း သိသိသွားတာကိုပင် အနုပဿနာဉာဏ် တဒင်္ဂပဟာန်အားဖြင့် ပယ်ဖျောက်တယ်လို့ ဆိုပါတယ်၊ ဒါပြင် ထင်ရှားဖြစ်ပေါ်တိုင်း ရုပ်ဝေဒနာ စိတ်သဘောမှန်သမျှကို မပြတ်ရှုမှတ်ယင်း "မမြဲ၊ ဆင်းရဲ၊ မလှမပ၊ အနတ္တ" လို့ ပြတ်ပြတ်သားသား သိတိုင်း သိတိုင်း ဝီရိယသတိ၊ သမာဓိ-ဆိုတဲ့ သမာဓိက္ခန္ဓာသမထဘာရားတွေလဲ ထက်ထက်သန်သန်ဖြစ်ကြတယ်။

ဒီသမထရဲ့အစွမ်းကြောင့်လဲ ယောဂီရဲ့စိတ်ဟာ နူးညံ့ပျော့ပျောင်းနေတယ်၊ ကြာလေနူးညံ့လေဖြစ်နေတယ်။

ဒါကြောင့် မရှုမိတဲ့ တခြားရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်မှာလဲ စဉ်းစားကြံစည်ပြီး လောဘဒေါသတွေလဲ မဖြစ်ဘဲငြိမ်းနေတတ်တယ်၊ ကြမ်းကြမ်းတမ်းတမ်း လောဘဒေါသတွေဟာ ရှေးကလိုမရှုမှတ်ဘဲနဲ့ပင် မပေါ်လာဘဲလဲနေတတ်တယ်၊ ဒီလိုဖြစ်နေတဲ့သဘောဟာ ဝိက္ခမ္ဘနဝိနယဖြင့် လောဘနှင့်ဒေါသကို ပယ်နေပုံဘဲ၊ ဒါဟာ "ဝိနေယျလောကေအဘိဇ္ဈာဒေါမနဿံ" နှင့် အညီပါဘဲ။

ဒီလိုသတိပဋ္ဌာန်အလုပ်ကို ပြည့်ပြည့်စုံစုံ အားထုတ်သွားယင်တော့ ဝိပဿနာဉာဏ်အားကောင်းပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်

အဆင့်ဆင့် တက်လှမ်းခါ ဆိုင်ရာဆိုင်ရာမဂ်က ဆိုင်ရာဆိုင်ရာ ကိလေသာကို သမုစ္ဆေဒပဟာန်နဲ့လဲ အပြတ်ပယ်ပါတယ်။

ကဲယခုပြောတဲ့ သတိပဋ္ဌာန်၄-ပါး ရှုပွားပုံ သိမြင်ပုံများကို အကျဉ်းချုပ် မှတ်သားရအောင် ဆောင်ပုဒ်ချပေးဦးမယ်၊ အားလုံးလိုက်ဆိုကြပါ။

အဘိဇ္ဈာဒေါမနဿ-ပယ်ချမှန်စွာ၊

သုံ့လဒ္ဓရှိ-သတိမဂ္ဂါ။

ကာဝေစိတ္တ-ဓမ္မလေးဖြာ၊

ဖန်ဖန်ရှု-ဘိက္ခုလမ်းစဉ်ပါ။

ကဲယခုပြောခဲ့တဲ့ သတိပဋ္ဌာန်အားထုတ်ပုံ သွားရပ်ထိုင် လျောင်းတို့တွင် ယခုတရားနာယင်း အားထုတ်လို့ဖြစ်တဲ့ထိုင်ခြင်း ဣရိယာပုထ်နဲ့ ၅-မိနစ်လောက်ထိုင်ပြီးရှုမှတ်ကြပါဦး၊ရှုမှတ်ပုံကို ယခုဘဲပြောထားတာမို့အားလုံးသိနေကြပါပြီ၊+++ကဲ-၅မိနစ် လဲစေ့ပါပြီ၊ ဒီနေ့ဒါလောက်နဲ့ဘဲတော်ကြဦးစို့၊ ယခုပူသမျှ ကုသိုလ်များနဲ့ ရတနာမြတ်သုံးပါးကို ပူဇော်၊ ဆုတောင်း၊ အမျှဝေ၊ မေတ္တာပို့ပြီး တရားပွဲသိမ်းကြစို့။

ဓမ္မာနုဓမ္မပဋိပတ်ဘုရားရှိခိုး ပြီး၏။

## ပါဠိ

ကုမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊
ကုမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊
ကုမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

## မြန်မာပြန်

အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ (သတိပဋ္ဌာန် ဝိပဿနာ) အကျင့်မြတ်ပဋိပတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏။

အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ (သတိပဋ္ဌာန် ဝိပဿနာ) အကျင့်မြတ်ပဋိပတ်ဖြင့် တရားတော်မြတ်ကို ပူဇော်ပါ၏။

အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ (သတိပဋ္ဌာန် ဝိပဿနာ) အကျင့်မြတ်ပဋိပတ်ဖြင့် သံဃာတော်မြတ်ကို ပူဇော်ပါ၏။

## အဓိဋ္ဌာန်ပါဠိ

အဒ္ဓါ ကုမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

## မြန်မာပြန်

အကျွန်ုပ်သည် ဤ (သတိပဋ္ဌာန် ဝိပဿနာ) အကျင့်မြတ်ပဋိပတ်ဖြင့် အိုဘေးဆိုးကြီး သေဘေးဆိုးကြီးမှ မလွဲကေန်လွတ်မြောက်ရတော့မှာပါတကား။

ဆုတောင်း

ဣဒံမေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မြန်မာပြန်

အကျွန်ုပ်၏ ဤကောင်းမှုသည် နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေသတည်း။

အမျှဝေ

ဣဒံမေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမိ။

အကျွန်ုပ်၏ ဤကောင်းမှုကုသိုလ်အဖို့ကို အားလုံးသော သတ္တဝါတို့အား အမျှပေးဝေပါ၏၊ အမျှပေးဝေပါ၏။ (အားလုံးသော သတ္တဝါတို့သည် အမျှရကြ၍ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျန်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

( သာဓု....သာဓု....သာဓု )

# ကုရုတိုင်းသွင် သတိပဋ္ဌာန် ပွားစေချင် တရားတော်

## ဒုတိယပိုင်း

### စကားဦး

ဒီနေ့ည ဆက်လက်ပြီး ဟောကြားရမှာက ကုရုတိုင်းသွင် သတိပဋ္ဌာန် ပွားစေချင် တရားတော် ဒုတိယပိုင်း ဖြစ်တယ်၊ ဒီဒုတိယပိုင်းမှာ မဟာသတိပဋ္ဌာနသုတ်တော် နိဒါန်းနှင့် ကုရုတိုင်းမှာ သတိပဋ္ဌာန်တရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခြင်းရဲ့ အကြောင်းလဲပါမယ်၊ သတိပဋ္ဌာန် ဝိပဿနာတရား ရှုမှတ်ပွားများနည်းနှင့် ဝိပဿနာဉာဏ် ဖြစ်ပုံများလည်း ပါမယ်၊ သာဓကဝတ္ထုများလဲပါမယ်၊ ဒီတရားကို ဟောကြားခါနီးမှာ မြတ်စွာဘုရားအား ယဉ်ကျေးမှု ဘုရားရှိခိုးနှင့် ရှိခိုးကြပါဦးမယ်၊

### ပဏာမ ယဉ်ကျေးမှု ဘုရားရှိခိုး

ဒန္တော ဒန္တေဟိ သဟ ဂဝမ္ပတိ ...

ဒန္တော သော ဘဂဝါ၊
ဒမထာယ ဓမ္မံ ဒေသေတိ၊
တံ ဘဂဝန္တံ အဟံ ဝန္ဒာမိ။

**သောဘဂဝါ၊** အကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဒန္တော၊ မြင်ကြားတွေ့ရာ ကြံသိရာမှ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည်ဖြစ်၍။ ဒမထာယ၊ သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူပင် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ယဉ်ကျေးစေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏၊ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အဟံ၊ နှစ်ရာ့နှစ်ဆယ်ခုနှစ် သွယ်ကို ကိုယ်ဝယ်ဆင်မြန်း ရဟန်းမည့်ခေါ် တပည့်တော်သည်။ အဟံ၊ ရန်ကုန်မြို့သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ တပည့်ဖြစ်တဲ့ ညောင်ကန် ဋ္ဌနက နာမသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး မာန်ညွှတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။

(သာဓု....သာဓု....သာဓု)

မြတ်စွာဘုရားကိုတော့ ရှိခိုးဝပ်တွားပြီးပါပြီ၊ ဘုန်းကြီး ကျေညာထားတဲ့ ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော် ဒုတိယပိုင်းကို ဆက်ကြပါစို့။

## သတိပဋ္ဌာန် နိဒါန်း

ယခု တရားနာပရိသတ်များ ရှုပွားကြတဲ့ မဟာသတိပဋ္ဌာန သုတ် တရားတော်ကြီးကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘယ်မှာ ဟောခဲ့သလဲ၊ ဘယ်သူတွေကို ဟောခဲ့သလဲ ဆိုတာ

နာကြားမှတ်သား သဒ္ဓါပွားရအောင် ဆက်လက်ပြီး ဟောကြားပါဦးမယ်။

## မဟာသတိပဋ္ဌာနသုတ် ပါဠိတော်နိဒါန်း

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံနာမ ကုရူနံ နိဂမော။ တတြခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။ ဘဒန္တေတိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ။

## မဟာသတိပဋ္ဌာနသုတ်-နိဒါန်း အနက်

ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤမဟာသတိပဋ္ဌာန သုတ်တော်ကို။ မေ-မယာ အာနန္ဒေန၊ အကျွန်ုပ် အာနန္ဒာသည်။ (ဘဂဝတော၊ ဘုန်းတော် ၆-ပါး သခင်ရှင်တော် မြတ်ဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။) ဧဝံ၊ ဤဆိုလတ့် အခြင်းအရာအားဖြင့်။ သုတံ၊ ကောင်းစွာနာကြားမှတ်သားမိပါသည် အရှင်ဘုရား။

(သာဓု....သာဓု....သာဓု)

ဒါက ဆဋ္ဌသံဂါယနာ ပုစ္ဆက ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက မေးမြန်းသလို၊ ပထမ သံဂါယနာ တင်စဉ်ဘုန်းက အရှင်မဟာကဿပမထေရ်မြတ်က မေးမြန်းတော်မူလို့၊ (ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်သူမြတ်က ဖြေကြား

သလို) ပထမ သံဂါယနာ တင်စဉ်တုန်းက အရှင်အာနန္ဒာ မထေရ်သူမြတ်က ဖြေကြားတော်မူတဲ့ စကားရပ်ဖြစ်တယ်။

အဓိပ္ပါယ်ကတော့ အို-အရှင်မဟာကဿပ မထေရ်သူမြတ်၊ ဒီမဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို အကျွန်ုပ် အာနန္ဒာ ကိုယ်တိုင် မြတ်စွာဘုရားရဲ့ မျက်မှောက်တော်မှ ဒီဆိုလတ့်သော အခြင်းအရာအားဖြင့် ကောင်းစွာ ကြားနာ မှတ်သား ခဲ့ရပါ တယ်တဲ့။

ကထံ၊ ဘယ်သို့ ကြားနာခဲ့ရပါသနည်း ဟူမူကား၊ ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော ဘုရား ရှင်သည်။ ကုရူသု၊ ကုရုတိုင်းပြည်၌။ ကမ္မာသဓမ္မံနာမ၊ ကမ္မာသ ဓမ္မမည်သော။ ကုရူနံနိဂမော၊ ကုရုတိုင်းပြည်၏ နိဂုံးရွာကြီး သည်။ အတ္ထိ၊ ရှိပါ၏။ တတ္ထ၊ ထိုကမ္မာသဓမ္မ နိဂုံးရွာကြီး၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။ တတြခေါ၊ ထိုသို့နေတော် မူသော အခိုက်အခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော ဘုရား ရှင်သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ အာရုံစိုက်ရေး သတိပေးနိုးဆော် မိန့်ခေါ်တော် မူလေပြီ။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ် စွာဘုရားအား။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ပစ္စဿောသုံ၊ ခွန်းတုံ့ပြန်ကြား လျှောက်ထားကြကုန်ပြီ။ ဘဂဝါ၊ ဘုန်းတော် ကြီးသော မြတ်စွာဘုရားရှင်သည်။ ဧတံ၊ ယခုပင်ရွတ်ဆိုတော့ မည့် ဤတရားကို။ အဝေါစ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပါပေသတည်း။

(သာဓု....သာဓု....သာဓု)

အခိပ္ပါယ်ကတော့ ဘယ်လို ကြားနာ မှတ်သား ခဲ့ရပါသလဲ ဆိုယင် အခါတပါး မြတ်စွာဘုရားဟာ ကုရုတိုင်းပြည် ကမ္မာသဓမ္မ မည်တဲ့ နိဂုံးရွာကြီးမှာ သီတင်းသုံးမွေ့လျော် နေတော်မူပါတယ်တဲ့။

ကုရုတိုင်းပြည် ကမ္မာသဓမ္မ နိဂုံးရွာကြီးမှာ နေတယ်ဆိုပေမဲ့ ရွာထဲမှာ နေတာတော့ မဟုတ်ပါဘူး၊ အဲဒီရွာကြီးအနီး တောထဲမှာ နေတော်မူပါတယ်၊ ဒီရွာကြီးမှာ ဆွမ်းခံကြွပြီးတော့ တောထဲမှာနေပါတယ်၊ မှတ်သားရလွယ်အောင် ကမ္မာသဓမ္မ နိဂုံးရွာကြီးမှာ နေတယ်လို့ဆိုခြင်းပါတဲ့။

နိဂုံးရွာကြီးဆိုတာ ထီးနန်းမစိုက်လိုသာ မြို့-လို မခေါ်ရပေမဲ့ ဈေးဆိုင်ဈေးရုံများနဲ့ စည်ကားပြီး မြို့လောက်နီးပါး မြို့ယောင်ယောင်ရှိတဲ့ ရွာကြီးကို ခေါ်ပါတယ်၊ မြတ်စွာဘုရား ဆွမ်းခံရွာအဖြစ် အသုံးပြုပြီး သီတင်းသုံးခဲ့ရာ ကမ္မာသဓမ္မ နိဂုံးရွာကြီးဆိုတာလဲ ဈေးတိုင် ဈေးရုံများနဲ့ စည်ကားတဲ့ မြို့လောက်နီးနီး နိဂုံးရွာကြီးပေါ့၊ အဲဒီ ကုရုတိုင်းပြည် ကမ္မာသဓမ္မနိဂုံးရွာကြီးဆိုတာ ယခုအခါ ဣန္ဒိယပြည်ထဲက အနောက်မြောက်ပိုင်းမှာတည်ရှိတဲ့ ဒေလီမြို့နယ်ပါတဲ့တဲ့။

အဲဒီ နိဂုံးရွာကြီးမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် တုန်းကမြတ်စွာဘုရားထံတော်ပါးမှာ လူရှင်ရဟန်းပရိသတ်များ စုဝေးမိတဲ့အခါ မြတ်စွာဘုရားက အနီးဆုံး ပဓာနဖြစ်တဲ့ ရဟန်းတော်များကို တရား ဟောတော့မှာမို့ တရားတော်ကို

အာရုံစိုက် နားကြားရေး သတိပေးတဲ့အနေနဲ့ ငါ့ရဲ့ ချစ်သား ရဟန်းများတို့လို့ ခေါ်တော်မူလိုက်ပါတယ်။

ဒီတော့ ရဟန်းတော်များကလဲ အရှင်ဘုရားလို့ ခွန်းတုံ့ ပြန်ကြား လျှောက်ထားပြီး မြတ်စွာဘုရား ဟောကြားမည့် တရားတော်ကို နားစိုက်ယင်း မြော်လင့်နေကြပါတယ်။

ဒီအခါမှ မြတ်စွာဘုရားက ဒီမဟာသတိပဋ္ဌာနသုတ် တရား တော်ကို ဟောကြားတော်မူပါတယ် တဲ့။

## ဘာ့ကြောင့် ဒီမှာ ဒါကို ဟောသလဲ

ဘာ့ကြောင့် ဒီသတိပဋ္ဌာနသုတ်တရားတော်ကို ဒီကုရုတိုင်း ကမ္မာသဓမ္မနိဂုံးမှာ မြတ်စွာဘုရားက ဟောကြားတော်မူပါသလဲ ဆိုတဲ့အကြောင်းကို မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ဒီလို ဖွင့်ပြထားပါတယ်။

ကသ္မာ ဘဂဝါ ဣဒံ သုတ္တမဘာသိ? ကုရုရဋ္ဌဝါ
သီနံ ဂမ္ဘီရဒေသနာပဋိဂ္ဂဟဏသမတ္ထတာယ။

ကသ္မာ၊ အဘယ့်ကြောင့်။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရားသည်။ ဣဒံ- သုတ္တံ၊ ဤမဟာသတိပဋ္ဌာနသုတ်တော်ကို။ အဘာသိ၊ ဟော ကြားတော် မူရပါသနည်း။ ကုရုရဋ္ဌဝါသီနံ၊ ကုရုတိုင်း၌ နှစ်ချိုက်ပျော်မွေ့ နေလေ့ရှိကုန်သော သူတို့၏။ ဂမ္ဘီရဒေသနာ ပဋိဂ္ဂဟဏသမတ္ထတာယ၊ သိမ်မွေ့နက်နဲ ခက်ခဲလှစွာ ဒေသနာ

ကို ကြားနာကျင့်ပွား မှတ်သားခြင်း၌ မမှားပိုင်ပိုင် သိစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ အဘာသိ၊ ကရုဏာ ရှေ့သွား ဉာဏ်အားဖြင့် ဟောကြားတော်မူပါပေ၏။

(သာဓု....သာဓု....သာဓု)

အခိုပါယ်ကတော့ မြတ်စွာဘုရားဟာ ဒီမဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို ကုရုတိုင်းမှာ ဘယ်ဘက်တာကြောင့် ဟောကြားတော် မူရပါသလဲဆိုယင် ကုရုတိုင်း၌ နှစ်ချိုက်ပျော်မွေ့ နေလေ့ရှိသူ ရဟန်း ရှင် လူများဟာ သိမ်မွေ့နက်နဲ ခက်ခဲလှစွာ ဒေသနာကို ကြားနာကျင့်ပွား မှတ်သားပိုင်ပိုင် သိစွမ်းနိုင်ကြလို့ပါဘဲ တဲ့။

ဒါဟာ မြတ်စွာဘုရားရှင်ရဲ့ ပရိသတ်ကိုသိတော်မူတဲ့ ပရိသညုဉာဏ်တော်ကြီးပုံ အံ့သြ ချီးကျူးစရာ အချက်ပါဘဲ၊ သတိပဋ္ဌာန် တရားတော်ဆိုတာ ကိုယ်တွေ့ကျင့်ပွား အားထုတ်နိုင်သူသာ သိစွမ်းနိုင်တဲ့ သုတ်တော်ဖြစ်တယ်၊ အသိဉာဏ်ခေတ်ခံ မရှိသူများဆိုယင် နာကြားရုံနဲ့ သဘောပေါက်ဖို့ ခဲယဉ်းပါတယ်၊ အသိဉာဏ်ခေတ်ခံ နဲ့ပါးသူပရိသတ်အား ဒီသတိပဋ္ဌာန်တရားကို ဟောကြားမိယင် ပျင်းရိငြီးငွေ့ အကြိုက်မတွေ့ဘဲ ငိုက်၍သာ နေတတ်ကြတယ်၊ အသိဉာဏ်ခေတ်ခံရှိတဲ့ ပရိသတ်များဆိုယင်တော့ ဒီလိုသတိပဋ္ဌာန် အလုပ်တရားကို ကြားနာရယင် လန်းဆွင်ပီတိ တအိအိနဲ့ ကြားနာပြီး နာပြီးယင်း နာကြားချင်ကြတယ်၊ ဒီသတိပဋ္ဌာန် အလုပ်တရားမျိုး မပါ

ယင်လဲ ဆားမပါတဲ့ဟင်း စားရသလို အားမရ တင်းမတိမ်ဘဲ ရှိတတ်ကြတယ်။

ဒါကြောင့် ငါတို့ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား ကို တရားဟောပင့်ယင် ဆရာတော်ဘုရားကြီးက အဲဒီပင့်တဲ့ အရပ်ကလူတွေက သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ် ဘူးကြသလား၊ အားမထုတ်ဘူးယင် ဒီတရားကို နာကြားနိုင်ဘို့ မလွယ်ဘူးလို့ မိန့်ကြားလေ့ရှိပါတယ်။

အားတော့ မထုတ်ဘူးသေးပါ ဘုရား၊ ဒါပေမဲ့ ဒီသတိ ပဋ္ဌာန်တရားကို စိတ်ဝင်စားကြပါတယ် ဘုရား၊ စသည်ဖြင့် မရမကပင့်နေယင်တောင် ဒီလိုဆိုယင် ဟောဒီက ဦးစန္ဒာဝရတို့ ဦးဇနကာဘို့လို မဟာစည်မဓမ္မကထိကများကိုဘဲ အယင်ပင့်သွား ကြပါဦး၊ သူတို့ တခါနှစ်ခါလောက်ဟောကြားပြီး လက်တွေ့ တရား အနည်းအပါးလောက် အထိုင်ခိုင်းပြီးလို့ နောက်ထပ် (၁၀)ရက်လောက် (၁၅)ရက်လောက် အားထုတ်ချင် ကြပါ တယ်ဆိုယင်ဘုန်းကြီး ၂-ည ၃-ည လောက်တော့ လိုက်ဟော တာပေါ့လို့မိန့်လေ့ရှိပါတယ်။

ဒါဟာ သတိပဋ္ဌာန်တရားကို နာကြားစမရှိသေးတဲ့ နေရာ ဆိုယင် ဘုရားခွင့်ပြုတဲ့ ဝိနည်းစည်းကမ်း တရားဟော စည်း ကမ်းကို မကျော်လွန်စေဘဲ သာယာနာပျော်ဘွယ် အသံလေး ဟန်လေးရှိတဲ့ တပည့်ဓမ္မကထိကများရဲ့တရားကို အယင်နာကြား စေဘို့ ညွှန်ကြားတော်မူခြင်းပါဘဲ၊ ပြီးတော့မှ သတိပဋ္ဌာန်

စိတ်ဝင်စားပြီး နာကြား ကျင့်ပွားနိုင်လောက်မှ ကိုယ်တိုင် ကြွရောက် ချီးမြှောက်တော် မူလေ့ရှိပါတယ်။

ဒါလဲ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ပရိသတ်ကို အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး အကဲခပ် ရှုမြင်စမ်းသပ်ချက်ပါဘဲ၊ ဒါမှလဲ ဟောကြားရကျိုးနပ်မှာဖြစ်ပါတယ်။

ယခု မြတ်စွာဘုရားကတော့ ပရိသည့်ဉာဏ်တော်ကြီးနဲ့ ရှုမြင်ပြီး သတိပဋ္ဌာန်တရားကို နာကြားနိုင်တဲ့ စွမ်းအားရှိသူ ကုရုတိုင်း ပြည်သူ ကုရုတိုင်းပြည်သား တို့အား ဒီသတိပဋ္ဌာနသုတ်တော်ကို ဟောကြားတော် မူပါတယ်-လို့ အဋ္ဌကထာဆရာက ဖွင့်ပြထားခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ အဋ္ဌကထာဆရာက ကုရုတိုင်းသား ပြည်သူတွေရဲ့ သတိပဋ္ဌာန်တရားတော်ကို နာကြားကျင့်ပွား မှတ်သားနိုင်ခြင်းရဲ့ အကြောင်းအင်္ဂါများကိုပါ ဆက်လက်ပြီး ဒီလို ထုတ်ပြထားပါတယ်။

ဥတုကောင်းရ—ဉာဏ်ကြီးကြ—ဟောပြသတိပဋ္ဌာန်။

## အဋ္ဌကထာ ပါဠိ

ကုရုရဋ္ဌဝါသိနော ကိရ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော ဥတုပစ္စယာဒိသမ္ပန္နတ္တာ တဿ ရဋ္ဌဿ သပ္ပါယဥတုပစ္စယသေဝနေန နိစ္စံ ကလ္လသရီရာ ကလ္လစိတ္တာစ ဟောန္တိ၊ တေ စိတ္တသရီရ-

ကလ္လတာယ အနုဂ္ဂဟိတပညာဗလာ ဂမ္ဘီရကထံ ပဋိဂ္ဂဟေတုံ သမတ္ထာဟောန္တိ၊ တေန နေသံ ဘဂဝါ ဣမံ ဂမ္ဘီရဒေသနာ ပဋိဂ္ဂဟဏသမတ္ထတံ သမ္ပဿန္တော ကောဝိသတိယာဌာနေသု ကမ္မဋ္ဌာနံ အရဟတ္တေ ပက္ခိပိတွာ ဣဒံ ဂမ္ဘီရတ္ထံ မဟာသတိပဋ္ဌာနသုတ္တံ အဘာသိ။

## အဋ္ဌကထာ နိဿယ

ကုရုရဋ္ဌဝါသိနော၊ ကုရုတိုင်း၌ နှစ်ချိုက်ပျော်မွေ့ နေလေ့ရှိကုန်သော။ ဘိက္ခူ၊ သံသရာဘေးလာမည့်ရေးကို မြော်တွေး ရှုဈြား ရဟန်းယောကျ်ားတို့သည်ရှင်း။ ဘိက္ခုနီယော၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးရှုဈြား ရဟန်းမိန်းမများသည်ရှင်း။ ဥပါသကာယော၊ ရတနာသုံးပါး အမြတ်ထား၍ ခစားဆည်းကပ် ကျင့်ဝတ်မြတ်ကို ပြတဲ့လေဈြား ဒါယကာယောကျ်ားတို့သည်ရှင်း။ ဥပါသိကာယော၊ ရတနာ သုံးပါး အမြတ်ထား၍ ခစားဆည်းကပ် ကျင့်ဝတ်မြတ်ကို ပြတဲ့ကြဈြား ဥပါသိကာ မိန်းမများသည်ရှင်း။ တဿရဋ္ဌဿ၊ ထိုကုရုတိုင်း၏။ ဥတုပစ္စယာဒိသမ္ပန္နတ္တာ၊ ဥတုကောင်းမှုအကြောင်းစုရှိ စသည်တို့၏ စုံညီပြည့်ဝ ပေါကြွယ်လှသည်၏ အဖြစ်ကြောင့်။ သပ္ပါယဥတုပစ္စယသေဝနေန၊ တင့်တယ်လျောက်ပတ် ကောင်းမြတ်ဥတု အကြောင်းစုသည် အရှည်သဟဲ မှီဝဲရခြင်းဖြင့်။ နိစ္စံ၊ အမြဲမပြတ် ကာလပတ်လုံး။ ကလ္လသရီရာစ၊ အနာရောဂါကင်းရှင်းကွာသဖြင့် ခံ့ကျန်းဤသာ ကိုယ်ခန္ဓာရှိကုန်သည်ရှင်း။ ကလ္လစိတ္တာစ၊ စိတ်ဆင်းရဲခြင်း ပူပန်ကင်းသဖြင့် သန့်ရှင်းလန်း

ဖြာ ချမ်းသာတည်တံ့ ခိုင်ခံ့သော စိတ် ရှိကုန်သည်ဖြစ်၏။ ဟောတ္တိ ကိရ၊ ဖြစ်ကြကုန်သတဲ့။

## စကားပြေ

ကုရုတိုင်း၌ နှစ်ချိုက်ပျော်မွေ့ နေထိုင်လေ့ရှိကြတဲ့ ရဟန်းယောကျ်ား ရဟန်းမိန်းမများနှင့် လူဥပါသကာ ယောကျ်ား လူဥပါသိကာ မိန်းမများဟာ ကုရုတိုင်းပြည်ရဲ့ ဥတုသပ္ပါယ မျှတကောင်းမြတ်ခြင်း၊ စားကုန်သောက်ကုန် ပြည့်စုံ ကောင်းမြတ်ခြင်း၊ သူခိုးဓားပြ ဘေးဘယကင်းကွာ ငြိမ်းချမ်းသာယာ ကောင်းမြတ်ခြင်း စတဲ့ ကောင်းမြတ်ခြင်းတွေကို ရရှိမှီဝဲကြရတယ်တဲ့။

ဒါကြောင့် ကုရုတိုင်းသား ပြည်သူ ရဟန်း ရှင် လူများဟာ ကိုယ်လဲ ကျန်းမာ စိတ်လဲချမ်းသာကြတယ်တဲ့၊ ဒီလို ဥတုရာသီ ကုန်စည်ပြည့်ဝ ဘေးဘယကင်း ကျန်းမာချမ်းသာခြင်းများကို ရရှိကြလို့ နက်နဲတဲ့ သတိပဋ္ဌာန်တရားတော်ကို နာကြား မှတ်သား အသိပွားနိုင်ကြပုံကိုလဲ ဒီလို အဋ္ဌကထာမှာ ဆက်လက် ပြထားပါတယ်။

## နိဿယအဆက်

တေ၊ ထိုကုရုပြည်ဖွား တိုင်းသားပြည်သူ ရဟန်း ရှင်လူတို့သည်။ စိတ္တသရီရကလ္လတာယ၊ စိတ်ရော ကိုယ်ပါ ချမ်းသာ ကျန်းမာ ကြသည်၏ အဖြစ်ကြောင့်။ အနုဂ္ဂဟိတပညာဗလာ၊

ချီးမြှင့်အပ်သော ပညာစွမ်းအားရှိကုန်သည်ဖြစ်၍။ ဝါ၊ ပညာရေးကို ဦးစားပေးကာ မှန်ဖွေရှာတတ် ဖန်ခါခါဖြစ်စေအပ်သော ပညာဉာဏ်စွမ်းရှိကုန်သည်ဖြစ်၍။ ဂမ္ဘီရကသံ၊ သိမ်မွေ့နက်နဲ ခက်ခဲလေဘိ သတိပဋ္ဌာန်အလုပ် အားထုတ်ရှုပွား ဟောခွန်းတရားကို။ ပဋိဂ္ဂဟေတုံ၊ မှန်စွာကြားနာ ဝမ်းသာနှစ်လိုကြိုဆိုလက်ခံခြင်းငှာ။ သမတ္ထာ၊ မှတ်သားကျင့်ပွား ဘင်ရှားပိုင်ပိုင် သိစွမ်းနိုင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေန၊ ထို့ကြောင့်။ ဘဂဝါ၊ ဘုန်းဂုဏ်ရန့်သုံးဘုံနှံ့အောင် ပျံ့လွှင့်ကျော်ကြား ရှင်တော်မြတ်ဘုရားသည်။ နေသံ၊ ထိုကုရုတိုင်းဖွား တိုင်းသားပြည်သူ ရဟန်းရှင်လူတို့၏။ ဣမံ ဂမ္ဘီရ ဒေသနာ ပဋိဂ္ဂဟဏသမတ္ထတံ၊ ဤသို့ နက်နဲခက်ခဲ အဖိုးတန် မဟာသတိပဋ္ဌာန်ဒေသနာကို ကြားနာမှတ်သား ကျင့်ပွားခြင်းငှာ မမှားပိုင်ပိုင်စွမ်းနိုင်သည်၏ အဖြစ်ကို။ သမ္ပဿန္တော၊ သဗ္ဗညုတဉာဏ်ဝထင်ဘင် ကောင်းစွာ သိမြင်တော် မူသည်ဖြစ်၍။ ဧကဝီသတိယာ ဌာနေသု၊ နှစ်ဆယ့်ဘခန်း ရှိသောဌာနတို့၌။ ကမ္မဋ္ဌာနံ၊ သတိပဋ္ဌာန် ရှုပွား လေးပါးသစ္စာ ကမ္မဋ္ဌာန်းဒေသနာကို။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပက္ခိပိတွာ၊ ထည့်သွင်းတော်မူ၍။ ဂမ္ဘီရတ္ထံ၊ သိမ်မွေ့နက်နဲ ခက်ခဲသော သဘောတရား စကားရှိသော။ ဣဒံမဟာ သတိပဋ္ဌာနသုတ္တံ၊ ဤမဟာ သတိပဋ္ဌာနသုတ္တန် တရားမှန်ကို။ အဘာသိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပါပေသတည်း။

(သာဓု...သာဓု...သာဓု)

## စကားပြေအဓိပ္ပါယ်ကတော့

စကားပြေအဓိပ္ပါယ်ကတော့- ကုရုတိုင်းပွား တိုင်းသားပြည်သူ ရဟန်းရှင်လူများဟာ စိတ်ရောကိုယ်ပါ ချမ်းသာကျန်းမာကြလို့မို့ ပညာကြီးမြင့် ဉာဏ်စွမ်းပွင့်ကြတယ်တဲ့၊ ကျန်းမာရေးစီးပွားရေး ပြည့်ဝကြတော့ ပညာရေးကို ဦးစားပေးကာ လေ့လာ သင်ကြားနိုင်ကြလို့ ဉာဏ်ပညာ အစွမ်းထက်မြက်ကြတယ်တဲ့၊ ဒါကြောင့်လဲ သိမ်မွေ့နက်နဲခက်ခဲတဲ့ သတိပဋ္ဌာန်ဒေသနာတော်ကို နာကြားမှတ်သား ကျင့်ပွားသိမြင်နိုင်ကြတယ်တဲ့။

ဒီအကြောင်းကို သဗ္ဗညုတဉာဏ်တော်နဲ့ရှုမြော်ဆင်ခြင်သိမြင်တော်မူတဲ့ မြတ်စွာဘုရားဟာ အဲဒီကုရုတိုင်းဖွား တိုင်းသားပြည်သူ ရဟန်းရှင်လူတို့အား ၂၁-ကဏ္ဍရှိတဲ့ ဌာနများမှာ သတိပဋ္ဌာန်ရှေ့သွား သစ္စာလေးပါး တရားကို အရဟတ္တဖိုလ် နိဗ္ဗာန်တွင် ထည့်သွင်း၍ နက်နဲအဖိုးတန်တဲ့ ဒီသတိပဋ္ဌာနသုတ်တရားကို ဟောကြားတော်မူပါတယ်တဲ့။

### ချီးကျူးစရာတရား

သတိပဋ္ဌာနသုတ် အဋ္ဌကထာ ဆရာမြတ်ကဖြင့် မဟာသတိပဋ္ဌာန် အလုပ်တရားတော် ဟောကြားခြင်းရဲ့ အကြောင်းကိုတခမ်းတနားဖွင့်ပြ ချီးကျူးတော်မူတယ်၊ ချီးလဲချီးကျူးစရာကောင်းတဲ့ တရားတော်ကြီးကိုး၊ ဒီလို အဋ္ဌကထာ ဆရာမြတ်များကပင် ချီးကျူး ဂုဏ်တင်ရတဲ့ အထက်ဘန်းစား တရားဒေသနာတော်ကြီးကို နာကြားကြရတာလဲ အတော် ဝမ်းသာ

စရာကောင်းလှပေတယ်၊ ဝမ်းသာစရာ ကောင်းဘူးလား ပရိသတ်များ၊ (ဝမ်းသာစရာကောင်းလှပါဘုရား)။

ဟုတ်တယ်၊ ကမ္ဘာသူများသာ ဒီလိုအထက်တန်းစားတရားတော်ကြီးကို နာကြားနိုင်ကြတာဘဲ၊လမ်းဘေးစားသောက်ဆိုင်မှာ လူတိုင်းစားသောက်နိုင်ပေမဲ့- အထက်တန်း စားသောက်ဆိုင် ဟော်တယ်ကြီးများကို တက်ပြီးတော့ စားသောက်နိုင်သူက နည်းပါးတယ်၊ ဒီလိုပါဘဲ အဆီအသား မပါဘဲ အချိုအပြစ် အဟဲအဟစ်တွေနဲ့ ဟောတဲ့တရားကို အပေါစားလူတွေ နာကြားနိုင်ကြပေမဲ့- ဒီလို မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်မြင် သတိပဋ္ဌာန် တရားမျိုးကိုတော့ လူတိုင်း နာကြားနိုင်ကြတာ မဟုတ်ဘူး၊ အငှားသိ အကြွားသိမပါဘဲ ကိုယ်တိုင် နာကြားကျင့်ပွားသိမြင်ရတဲ့ သဗ္ဗညုက ဂုဏ်တော်နှင့် ပြည့်စုံတဲ့ တရားဆိုတော့ အချောင်သမား တရားနာတွေလဲ မနာနိုင်ကြဘူး၊ ဒီတရားတော်က အချောင်သမားအပေါစားတွေ နာနိုင်ရဲ့လား ပရိသတ်များ။ (သူတို့ မနာနိုင်ကြပါ ဘုရား)။

ဟုတ်တယ်၊ အချောင်သမားတွေ ချောင်သွားပြီး တကယ်ကျင့်ကြံပွားများ အားထုတ်ချင်သူ တွေသာ နာကြား နိုင်တဲ့ အဖိုးတန် အမျိုးမှန် တရားကြီးဘဲ၊ ဒါကြောင့်လဲ အဌကထာဆရာက တခမ်းတနား ချီးကျူးတော်မူပေတာဘဲ။

ဒါလောက် ချီးကျူးဖွင့်ပြရတာတောင် အဌကထာဆရာက တင်းတိမ်အားရခြင်း မရှိသေးဘူး၊ ဒီလို ဥပမာ ဥပမေယျတွေ ပြပြီးတော့တောင် ဆက်လက်ချီးကျူးတော် မူပါသေးတယ်။

## ရွှေပန်းတောင်းနှင့် ပန်းပေါင်းစုံ

## ရွှေသေတ္တာနှင့် ရတနာစုံ

ယထာ ဟိ ပုရိသော သုဝဏ္ဏစင်္ကောဋကံ လဘိတွာ တတ္ထ နာနာပုပ္ဖာနိ ပက္ခိပေယျ၊ သုဝဏ္ဏမဉ္ဇူသံ ဝါပန လဘိတွာ သတ္တရတနာနိ ပက္ခိပေယျ၊ ဧဝံ ဘဂဝါ ကုရုရဋ္ဌဝါသိပရိသံ လဘိတွာ ဂမ္ဘီရဒေသနံ ဒေသေသိ။

ဟိ-တံ ပါကဌ် ကရောမိ၊ ထိုစကားကို ဥပမာ ဥပမေယျ များနဲ့ ထင်ရှားစွာပြပါဦးအံ့။ ပုရိသော၊ ဘုန်းကံသူငြွေး လုလင်ယောကျ်ားသည်။ သုဝဏ္ဏစင်္ကောဋကံ၊ ရောင်ဝါထိန်လျှမ်း ရွှေပန်းတောင်းကို။ လဘိတွာ၊ ဝမ်းသာစရာရရှိပါ၍။ တတ္ထ၊ ထိုရောင်ဝါထိန်လျှမ်း ရွှေပန်းတောင်း၌။ နာနာပုပ္ဖာနိ၊ ဂမုန်း ခတ္တာ ဇီဇဝါနှင့် ရွှေကြာ မြတ်လေး ညမွှေး စွယ်တော်နှင်း ကံ့ကော်ဟု အကျော်စန္ဒကူး ထူးထူးခြားခြား အစားစားသော ပန်းများကို။ ပက္ခိပေယျယထာ၊ ဝမ်းသာနှစ်မျိုး ထည့်သွင်းသကဲ့သို့ရှင်း။ သုဝဏ္ဏမဉ္ဇူသံဝါပန၊ ရွှေတံတင်းခေါ် ရွှေသေတ္တာတော်ကို။ လဘိတွာ၊ ဝမ်းသာစရာရရှိပါ၍။ တတ္ထ၊ ထိုရွှေတံတင်းခေါ်သေတ္တာတော်၌။ သတ္တရတနာနိ၊ ရတနာခုနစ်ပါးတို့ကို။ ပက္ခိပေယျယထာ၊ ဝမ်းသာနှစ်မျိုး ထည့်သွင်းသကဲ့သို့ရှင်း။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည်။ ကုရုရဋ္ဌဝါသိပရိသံ၊ ကုရုတိုင်း၌ နှစ်ချိုက်ပျော်မွေ့ နေထိုင်လေ့ရှိသော ပရိသတ်ကို။ လဘိတွာ၊ ရရှိတော်မူ၍။ ဂမ္ဘီရ

ဒေသနံ၊ နက်နဲအဖိုးတန် မဟာ သတိပဋ္ဌာန် တရားတော်ကို။
ဒေသေသိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပါပေ၏။

(သာဓု....သာဓု....သာဓု....)

အခိပ္ပါယ်ကတော့- ဘုန်းကံထူးလတ် ယောကျ်ားမြတ်ဟာ ရွှေပန်းတောင်းကို ရရှိလို့ ဂမုန်း ခတ္တာ ဇီဇဝါနှင့် ရွှေကြာမြတ်လေး ညမွှေး စွယ်တော် နှင်းကုံကော်ဟု အကျော် စန္ဒကူးစတဲ့ အထူးထူးသော ပန်းတွေကို ပန်းတောင်းတွင် ထည့်သွင်းအသုံးချတယ်-တဲ့။

နောက်ပြီး ရွှေသေတ္တာကိုရပြန်တော့လဲ ရတနာခုနစ်ပါးတို့ကို ရွှေသေတ္တာတွင်ထည့်ထားပြီး အသုံးချတယ်တဲ့။

## ကုရုတိုင်းသားနှင့် သတိပဋ္ဌာန်တရား

ထို့အတူပင် မြတ်စွာဘုရားရှင်ကလဲ ရွှေပန်းတောင်းနှင့် ရွှေသေတ္တာပမာ ကုရုတိုင်းဖွား တိုင်းသားပြည်သူ ရဟန်းရှင်လူများကို ရရှိတော်မူလို့ ထိုကုရုတိုင်းပရိသတ်ရဲ့ အဇ္ဈတ္တရွှေပန်းတောင်းနှင့် ရွှေသေတ္တာတွင်းသို့ နက်နဲအဖိုးတန်တဲ့ မဟာသတိပဋ္ဌာန်တရားတော်ကို ဟောကြားတော်မူပါတယ်တဲ့။

ဒီလိုဆိုတော့ သတိပဋ္ဌာန်တရားကို နာကြားသူများဟာ ရွှေပန်းတောင်း ရွှေသေတ္တာတွေပမာ အဖိုးတန်မြင့်မြတ်ကြရပြန်တယ်၊ ဒီလိုဆိုယင် ဒို့ယခု သတိပဋ္ဌာန်တရား နာကြားကျင့်ပွားသူ

တွေလဲ ကုရုတိုင်းဖွားရှင်လူများပမာ ရွှေပန်းတောင်းရွှေသေတ္တာ အဖိုးတန် သူတော်ကောင်းတွေ - လို့ ဂုဏ်မပြုထိုက်ဘူးလား၊ ( ဂုဏ်ပြုထိုက်ပါတယ်ဘုရား )

ရွှေပန်းတောင်း ရွှေသေတ္တာဆိုယင် အဖိုးမတန် အမျိုးမမှန်နဲ့ အမှိုက်သရိုက်တွေကို ထည့်လို့ သင့်တော်ပါ့မလား၊ ( မသင့်တော်ပါဘုရား )။

ဘာတွေကိုထည့်ရမလဲ (ပန်းမြတ်ရတနာတွေကိုထည့်ရမှာပါဘုရား)။ ဟုတ်တယ်၊ ဒါမှသင့်လျော်ကောင်းမြတ်တယ်။

ဒီလိုဆိုယင် ဒို့မြန်မာပြည်ဖွား သာသနာ့တွင်းသားများဟာ ကပ္ပဲသဘင် ပျော်ရွှင်တေးဆို တီးမှုတ်တာတွေကို ကြည့်ရှုနားထောင် မွေ့မောနေလို့ သင့်တော်ပါ့မလား၊ ( မသင့်တော်ပါဘုရား )။

ဒါဖြင့် ဘယ်လိုတရားကို နာကြားကြမလဲ၊ (သတိပဋ္ဌာန်တရားကို နာကြားကြပါမယ်ဘုရား)။

ဟုတ်တယ်၊ ဒါမှပန်းမြတ်ရတနာနဲ့တူတဲ့ သတိပဋ္ဌာန်တရားမြတ်ကို ရနိုင်ကြမှာဘဲ။

အခုတရားနာပရိသတ်များ ဒီလို သတိပဋ္ဌာန်အမြိုက်တရားကို နာကြားခွင့်အားထုတ်ခွင့်ရတာ ဝမ်းသာစရာမကောင်းဘူးလား။ (ဝမ်းသာစရာကောင်းပါတယ်ဘုရား)။

ဘုန်းကြီးတို့ ဟောနေတဲ့ တရားအခိပ္ပါယ်ကို ပြန်ကောက်ကြဦးစို့၊ ကုရုတိုင်းမှာ သတိပဋ္ဌာန်တရားတော်ကို မြတ်စွာဘုရား

ဟောကြားတော်မူတာဟာ ကုရုတိုင်းသားပြည်သူတွေရဲ့ကျန်းမာချမ်းသာ ငြိမ်းချမ်းသာယာမှုနှင့် ပြည့်စုံလို့ ဂုဏ်ပညာထက်မြက်တာကြောင့် ဒီနက်နဲအဖိုးတန်တဲ့ သတိပဋ္ဌာန်တရားကို နာကြားမှတ်သား ကျင့်ပွားလက်ခံ သိစွမ်းနိုင်ကြဗျာကို သိမြင်လို့ ဟောတော်မူတယ်တဲ့။

ကုရုတိုင်းသား ပြည်သူရဟန်းရှင်လူများဟာ ဒါကြောင့် သတိပဋ္ဌာန်ပန်းမြတ်ရတနာကို ခံယူသိမ်းထားနိုင်တဲ့ ရွှေပန်းတောင်း ရွှေသေတ္တာနှင့်တူတယ်တဲ့၊ ဒါဟာ ကုရုတိုင်းမှာ သတိပဋ္ဌာန်တရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခြင်းရဲ့ ပဌမအကြောင်းရင်းဘဲတဲ့။

ကဲဒီနေရာမှာဟောခဲ့တဲ့ အခိပ္ပါယ်သရုပ်ကို အကျဉ်းချုပ်မှတ်သားကြရအောင် ရှစ်လုံးဖွဲ့ဆောင်ပုဒ်ချပေးမယ်၊ လိုက်ဆိုကြပါ။

### ရွှေပန်းတောင်း ရွှေသေတ္တာ ရှစ်လုံးဖွဲ့ကဗျာ

၁။ တိုင်းကြီးကုရု-ဥတုကောင်းရာ၊
ကိုယ်စိတ်ခန့်ကျန်း-ပွင့်လန်းပညာ။
သတိပဋ္ဌာန်တရား-နာကြားသိမှာ၊
ရှင်တော်သိ-ဟောဘိသုတ်တော်ပါ။

၂။ ရွှေပန်းတောင်းတွင်း-ထည့်သွင်းပန်းစုံ၊
ရွှေသေတ္တာတွင်း-ထည့်သွင်းရတနာပုံ။
ကုရုတိုင်းသား-ရွှေနားကြည်ယုံ၊
မြတ်ဘုရား-ဟောကြားသတိထုံ။

## သတိပဋ္ဌာန်တရား ခေတ်စားရာ ကုရုတိုင်းမှာ သတိပဋ္ဌာန်တရားကိုမိန့်ဟောတယ်

ဒီမျှမကသေးပါဘူး၊ သတိပဋ္ဌာန်အဋ္ဌကထာဆရာက ကုရုတိုင်းမှာ သတိပဋ္ဌာန်တရားကို မြတ်စွာဘုရား ဟောကြားတော်မူရခြင်း အကြောင်းရင်းတမျိုးကိုလဲ ဒီလို ဆက်လက်ဖွင့်ပြတော်မူပါသေးတယ်။

အပိစ တသ္မိံ ဇနပဒေ စတဿော ပရိသာ ပကတိယာဝ သတိပဋ္ဌာနဘာဝနာ နုယောဂမနုယုတ္တာ ဝိဟရန္တိ အန္တမသော ဒါသကမ္မကရပရိဇနာပိ သတိပဋ္ဌာနပဋိသံယုတ္တမေဝ ကထံ ကထေန္တိ။

ဥဒကတိတ္ထသုတ္တကန္တနဋ္ဌာနာဒီသုပိ နိရတ္ထကကထာနာမ နပ္ပ-ဝတ္တတိ။

အပိစ၊ ကုရုတိုင်းမှာ မြတ်စွာဘုရား သတိပဋ္ဌာန်တရားကို ဟောကြားတော်မူခြင်း အကြောင်းအရင်းတနည်းကား။ တသ္မိံ ဇနပဒေ၊ ထိုကုရုတိုင်း ကမ္ဘာသမမွန်ဂိုဏ်းရွာကြီးဟူသော ဇနပုဒ်၌။

စတသော ပရိသာ၊ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ ဟူသော လေးပါးသောပရိသတ်တို့သည်။ ပကတိယာ၀၊ ရှေးဦး မဆွ ပင်ကိုယ်ကပင်လျှင်။ သတိပဋ္ဌာနဘာ၀နာနုယောဂံ၊ သတိ ပဋ္ဌာန်အလုပ် အားထုတ်ခြင်းကို။ အနုယုတ္တာ၊ အစဉ်မပြတ် ရှုမှတ်အားထုတ်ကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

ကုရုတိုင်းမှာ မြတ်စွာဘုရား သတိပဋ္ဌာန်တရားကို ဟောကြား တော်မူခြင်း အကြောင်းရင်း နောက်တမျိုးကဒီလိုတဲ့။

ကုရုတိုင်းသူပြည်သား ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါ သိကာဆိုတဲ့ ပရိသတ်လေးပါးဟာ ယခုတကြိမ် မြတ်စွာဘုရား သတိပဋ္ဌာန် တရားကို မဟောကြားခင်ကပင် သတိပဋ္ဌာန် အလုပ်ကို အားထုတ်လေ့ ရှိကြပါတယ်တဲ့။

ဒီစကားအရ ဒီသတိပဋ္ဌာန်သုတ် တရားတော်ကို မြတ်စွာ ဘုရားဟာ ဒီအယင်ကလဲ ဟောကြားဘူးတယ်၊ ဒီကုရုတိုင်း အပြင် တခြားနေရာတွေမှာလဲ ဟောဘူးသေးတယ်လို့ သိရ ပါတယ်၊ ဒါကြောင့်မို့သာ ဒီကုရုတိုင်းသား ပြည်သူတွေဟာ ယခင်ကပင် ဒီသတိပဋ္ဌာန်တရားကို အားထုတ်နေနှင့် ကြတာ ပေါ့၊ ဒီလို သတိပဋ္ဌာန်တရားကို စိတ်ဝင်စားသူ လေ့လာ အားထုတ်သူ လေးမြတ်ကြည်ဖြူသူများရှိလို့လဲ မြတ်စွာဘုရားက ဒီကုရုတိုင်းမှာ ဒီသတိပဋ္ဌာန်တရားတော်ကို ဟောကြားတော် မူတာဘဲ၊ ဒီ အကြောင်းကတော့ ပိုပြီး အဓိကကျလှပါပေ တယ်။

## နေရာတကာမှာ သတိပဋ္ဌာန်စကားကိုသာ ပြောကြတယ်

ကုရုတိုင်းမှာ သတိပဋ္ဌာန်တရားကို အားထုတ်ကြတာဟာ နဲနဲပါးပါး မဟုတ်ဘူး၊ များများစားစား အားထုတ်ကြတာဘဲ၊ ဆင်းရဲချမ်းသာမရွေး အားထုတ်ကြတယ်၊ အတော်စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဘယ်လိုလဲဆိုတော့—

အန္တမသော၊ အလွှာပိုင်းခြား အောက်ဆုံးအားဖြင့်။ ဒါသကမ္မကရပရိဇနာပိ၊ ကျွန်အမှုလုပ် အခြွေရံလုပ်သား ပရိသတ်တို့သည်လည်း။ သတိပဋ္ဌာနပဋိသံယုတ္တမေဝကထံ၊ သတိပဋ္ဌာန်နှင့်စပ်သော စကားကိုသာလျှင်။ ကထေန္တိ၊ စိတ်ဝင်စားစွာ ပြောဆိုကြလေကုန်၏၊ ဥဒကတိတ္ထသုတ္တကန္တနဋ္ဌာနာဒိသုပိ၊ ရေဆိပ်အရပ် ဗိုင်းချည်ငင်ရာအရပ် စသည်တို့၌လည်း။ နိရတ္ထကကထာနာမ၊ အကျိုးမဲ့ခြင်း ပြိန်ဖျင်းသော စကား မည်သည်။ နပ္ပဝတ္တတိ၊ မဖြစ်တော့လေတဲ့။

ကုရုတိုင်းမှာ သတိပဋ္ဌာန်ခေတ်စားလိုက်ပုံကတော့ အောက်ထစ်ဆုံးအားဖြင့် ကျွန်အမှုလုပ် အခြွေအရံ ပရိသတ်များပင် သတိပဋ္ဌာန်နှင့်စပ်တဲ့ စကားကိုသာ ပြောကြသတဲ့။

သောက်ရေ သုံးရေခပ်ရာ ရေဆိပ်ကမ်းသာ ရေတွင်း ရေကန် မြစ်ကမ်းများမှာ ရေခပ်သူတွေ စုမိကြယင်လဲ ဒီ သတိပဋ္ဌာန်တရားစကားကိုသာ ပြောကြတယ်။

ဗိုင်းငင်ရာ ချည်ရစ်ရာ ရက္ကန်းရှည်ရာ အိမ်ပေါ်အိမ်အောက် သစ်ပင်အောက်နှင့် ညရောက်ကွင်းပြင် ရွှေလသာစဉ် ပန်း

ဥယျာဉ် ရက္ခန်းစင်နှင့် ရက္ခန်းရုံ ဌာနတွေမှာ စုမိကြယင်လဲ ဒီသတိပဋ္ဌာန် တရားစကားကိုသာ ပြောကြတယ်။

ထင်းခွေ ထန်းတက် တောထွက်ရှာဝင် စုမိကြယင်လဲ ဒီ သတိပဋ္ဌာန်စကားကိုသာ ပြောကြတယ်။

တောင်သူ လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံလုပ်ငန်း လုပ် ကြစဉ်မှာ စုမိကြယင်လဲ ဒီသတိပဋ္ဌာန် တရားစကားကိုသာ ပြောကြတယ်။

ကုန်တင်ကုန်ချရာ မောင်းတောင်း ဆန်ပြာရာ ဌာနစတဲ့ အောက်တန်းလွှာတို့ရဲ့ စုမိရာဆုံမိရာ နေရာတကာမှာပင် ဒီသတိ ပဋ္ဌာန်စကားကိုသာ ပြောဆိုကြတယ်။

တရားလွှတ်စကား တောစကား တောင်စကား ရပ်စကား ရွာစကား အိုးစကား အိမ်စကား အဝတ်အစားစကား ဘာမရ ညာမရ ကောလာဟလစကား ယုတ္တိကင်းကွာ ဒဏ္ဍာရီစကား စတဲ့ ပြိန်ဖျင်းတဲ့စကားတွေဆိုယင်လဲ ရှောင်ကြဉ်ကြတယ်။

ဒီလို ရှေးစနစ်အရ ကြေးခေတ် ကျွန်ခေတ်မို့လို့ အောက် တန်းလွှာလို့ သမုတ်ရတဲ့ ယောကျ်ား မိန်းမဟူ ကြီးသူငယ်သူ လူလတ်ပိုင်း အရွယ်ရှိသူအားလုံးပင် ဒီသတိပဋ္ဌာန် တရားကို စိတ်ဝင်စားစွာ ပြောကြတယ်ဆိုယင် အလယ်တန်းလွှာ အထက် တန်းလွှာ အရာတမ်း အမှုထမ်း ကုန်သည်ပွဲစားတွေ ဆိုယင်လဲ အဘယ်မှာလျှင် ဒီသတိပဋ္ဌာန် တရားစကားကို မပြောကြားဘဲ နေကြမလဲ၊ မုချမှန်စွာ ပြောကြားကြမှာဘဲ။

ဒီလို အိုးအိမ်ရာတည်ထောင်တဲ့ လူ့ဘောင်မှာ နေသူများပင် ဒီသတိပဋ္ဌာန် တရားစကားကို စိတ်ဝင်စားစွာ ပြောကြားကြ သေးယင် အိမ်ရာမထောင် ရှင်ရဟန်း ဘောင်မှာ နေကြတဲ့ သာမဏေ သာမဏေရီ ဘိက္ခု ဘိက္ခုနီတွေကတော့ ပိုလို့ပင် စိတ်ဝင်စားစွာ ပြောကြားတာပေါ့။

ကုရုတိုင်း ကမ္မာသဓမ္မ နိဂုံးကြီးမှာ သတိပဋ္ဌာန် ခေတ်စား ပုံဟာ စိတ်ဝင်စားစရာ မကောင်းဘူးလား ပရိသတ်များ၊ (စိတ်ဝင်စားစရာ ကောင်းလှပါဘုရား)။

စိတ်ဝင်စားပြီး နမူနာယူဘို့ အားကျစရာကော မကောင်း ဘူးလား၊ (နမူနာယူကာ အားကျစရာလဲ ကောင်းလှပါတယ် ဘုရား)။

နမူနာယူကာ သတိပဋ္ဌာန်တရားကို ရှုပွားယင် နိဗ္ဗာန်ကို အမြန် ဝင်နိုင်တယ်၊ ဒီအဓိပ္ပါယ်များကိုလဲ ကျင့်မှတ်သားရ အောင် တရားဆောင်ပုဒ် ရှစ်လုံးဖွဲ့ ကဗျာ ချပေးဦးမယ်၊ အားလုံး လိုက်ဆိုကြပါ။

သတိမြတ် ရှုမှတ်နိဗ္ဗာန်ဝင် ဆောင်ပုဒ်

ကုရုတိုင်းမှ—ကမ္မာသ,တွင်၊
သတိတရား—ခေတ်စားသိမြင်။
ဒါကြောင့်ဗုဒ္ဓ—ဟောပြမြင့်တင်။
သတိမြတ်—ရှုမှတ်နိဗ္ဗာန်ဝင်။

## မြန်မာပြည်နှင့် ကုရုပြည်

စိတ်ဝင်စားကြလို့လဲ ဘုန်းကြီးတို့ ပြည်ထောင်စု မြန်မာနိုင်ငံအလုံးမှာ မဟာသတိပဋ္ဌာန် တရားပွဲတွေဟာ မနားမစဲ တအားဘဲ ကျင်းပနေကြတာဘဲ။

ဒီတောင်ဥက္ကလာပ ၁၀-ရပ်ကွက်သူ ရပ်ကွက်သားတွေလဲ သတိပဋ္ဌာန် ဝိပဿနာတရားကို စိတ်ဝင်စားကြလို့ ဒီဟေမဝန်ဓမ္မာရုံကြီးမှာ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားအားထုတ်ပွဲကြီး ကျင်းပကြတာလဲ အင်မတန် ဝမ်းသာစရာ ကောင်းပေတယ်။ ဝမ်းသာစရာမကောင်းဘူလား ပရိသတ်များ။ (ဝမ်းသာစရာ ကောင်းလှပါတယ်ဘုရား)။

ဟုတ်တယ်၊ ဘုန်းကြီးတို့ မြန်မာပြည်ဖွား တိုင်းရင်းသားတွေ နေကြတဲ့ ဒီတောင်ဥက္ကလာပ ၁၀- ရပ်ကွက်ကြီးဟာလဲ ကုရုတိုင်းပြည်ကြီးနှင့် တူနေတော့တာဘဲ၊ မတူဘူးလားပရိသတ်များ။ (တူပါတယ်ဘုရား)။

## သတိပဋ္ဌာန်မပွားယင် အသက်ရှင်လဲ သေသူပင်

ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးရွာသူရွာသားတွေ သတိပဋ္ဌာန်ကို စိတ်ဝင်စားကြပုံနှင့် စပ်ပြီး အမျိုးတစု ဆုံမိကြရာတွင် သတိပဋ္ဌာန်စကား ပြောကြပုံကို အဋ္ဌကထာဆရာက ဒီလိုနမူနာထုတ်ပြထားပါတယ်။

အမျိုးသမီး ယောဂီမယ်တဦးက ယောင်လည်လည် အမျိုးသမီးတဦးအား အများထဲမှခွဲထုတ်ပြီး "အို-ညီမငယ်၊ ညီမ

ငယ်က ဘာသတိပဋ္ဌာန်တရားကိုများ ကြိုးစား အားထုတ်ပါသလဲ''လို့ မေးခွန်းစကားစလိုက်ပါတယ်။

ဒီလိုမေးတော့ အမေးခံရသူ အမျိုးသမီးငယ်က "ဪ-ကျမကို မေးသလား၊ ကျမဖြင့်ရှင် သမုဒ္ဒရာဝမ်းတထွာဆိုတာလို စားဝတ်နေရေးအတွက် ကြိုးပမ်းနေရတာနဲ့ ဘာသတိပဋ္ဌာန်တရားကိုမျှ အားထုတ်ခွင့် အချိန်မရပါဘူးရှင်၊ ပွင့်ပွင့်လင်းလင်း ဝန်ခံရယင် သတိပဋ္ဌာန်တရားဆိုတာ ဘယ်လိုအားထုတ်ရတယ် ဆိုတာကိုပင်မကြားနာဘူး၊ မမှတ်သားမိပါဘူးရှင်''လို့ ခပ်ရှို့ရှို့ ခပ်ကုပ်ကုပ် ခေါင်းငုံ့ပြီး ဖြေကြားရှာပါသတဲ့။

ဒီတော့ မေးခွန်းထုတ်သူ ယောဂီမယ်နှင့် အခြားယောဂီများက တံ ဂရဟန္တိ "မိရတ္ထု တဝဇီဝိတံ၊ ဇီဝမာနာပိ တွံ မတာသဒိသာ''တိ။

အမ္မ၊ ဘုရားမြတ်စွာ စိန္တေယျာ၏ သတိပဋ္ဌာန် ဘာဝနာ ထွန်းလင်းသာတဲ့ ကမ္မာသဓမ္မ အမည်ရရာ နိဂုံးရွာတွင် လူလာဖြစ်လျက် ဘာဝနာသတိ မရှိပျက်ပြယ် အို-ညီမငယ်၊ တဝ၊ အသိမကြွယ်သင်ညီမငယ်၏။ ဇီဝိတံ၊ သတိလွတ်ကင်း အသက်ရှင်ခြင်းသည်။ မိရတ္ထု၊ လူဖြစ်ရကျိုး တန်ဘိုးမကြွယ် စက်ဆုပ်ဖွယ်ရာ ဗလချာမို့ ရှုံ့မုန်းစရာ နှလုံးနာစရာ အရှုံးသာအဖတ်တင် လေစွတကား။ တွံ၊ ရက်စဖွယ် ရှုံ့စဖွယ် သင်ညီမငယ်သည်။ ဇီဝမာနာပိ၊ သာသနာခေတ်လူအဖြစ်နဲ့ စင်စစ်မပျက် ရက်,လ, နှစ်တည် အသက်ရှည်စွာ အသက်ရှင်နေပါသော်လည်း။ မတာသဒိသာ၊ ပေါ်တိုင်းမပြတ် ရှုပွားမှတ်သည့် အမြတ်သတိပဋ္ဌာန်

ကင်းကွာဟန်ကြောင့် ပူပန်ကိလေ သတ်ဖြတ်နေသဖြင့် ယခင်ကလည်းသေ ယခုလည်းသေ နောင်လည်းသေ အမှောင်ထဲသေ တသေထဲ သေတဲ့ သူသေကောင်နှင့် နှိုင်းချင့်မကွာ တူညီနေပါတော့၏။ ဣတိ၊ ဤသို့ဤပုံ။ ဂရုဟန္တိ၊ မှတ်လောက် သားလောက် နောင်ကြဉ် လောက်အောင် ရှက်လောက်အောင်ကို ပြောကြ ဆိုကြ ပညာပေးကြ ကဲ့ရဲ့ရှုတ်ချကြ လေကုန်သတည်း။

(သာဓု....သာဓု....သာဓု)

ဒီသာဓုကတော့ လူတဦးတယောက်အား အပုပ်ချတဲ့စကားကို ဝမ်းသာအားရလို့ ခေါ်တဲ့ သာဓုမျိုးမဟုတ်ဘူး။ မေ့လျော့သူအား သတိသံဝေဂ- ရစေလိုတဲ့ စေတနာကောင်းနဲ့ မှတ်လောက် သားလောက် နောင်ကြဉ်သောက်အောင် ပညာပေးဆုံးမဩဝါဒ စကားကို ချီးကျူးထောပနာတဲ့ သာဓုလို့မှတ်ကြရမယ်နော်။ (မှန်ပါဘုရား)။

ဒီယောဂီမယ်တွေရဲ့ ရှက်လောက် ကြောက်လောက်အောင် သံဝေဂတရား ရလောက်အောင် ရှုတ်ချဆုံးမတဲ့ ဩဝါဒစကား အဓိပ္ပါယ်ကတော့ ဒီလိုပါ။

"အို-အမိငယ်၊ ညည်းအနေနဲ့ ဒီလိုမြတ်စွာဘုရားရဲ့ နိဗ္ဗာန်ရောက်ရန် တကြောင်းတည်းသော လမ်းမှန် မဟာသတိပဋ္ဌာန်သာသနာထွန်းကားတဲ့ ဒိုကမ္မာသမ္မ နိဂုံးရွာကြီးမှာ လူလာဖြစ်ပါလျက်နဲ့ သတိပဋ္ဌာန်အသိမှန်ကို ဘာတခုမျှ အားထုတ်

ဘူးဆိုတာတော့ ညည်းရဲ့အသက်ရှင်ခြင်းဟာ ဘာအသုံးမျှမကျပါဘူး၊ လူဖြစ်ရကျိုး အသိဉာဏ်အညွန့်ကျိုးလို့ ဘာတန်ဘိုးတပြားသားမျှ မရှိဘူး၊ ညည်းရဲ့ အသက်ရှင်ခြင်းဟာ စက်ဆုပ်ဖွယ်ရာသာ ကောင်းတော့တယ်။

ဒါကြောင့် ညဉ်းဟာ ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်းမှာ လူလာဖြစ်လျက် အသက်ရှင်နေပေမဲ့ သတိပဋ္ဌာန် အသိဉာဏ်ကင်းကွာ လောဘ-ဒေါသ-မောဟစသည် ကိလေသာ ပွားနေလို့ အဲဒီကိလေသာတွေရဲ့ တသေထဲသေအောင် အသတ်ခံနေရတာမို့ သူသေနှင့်သာ တူပါတော့တယ်။

တိုတိုပြောရယင် ညည်းဟာအသက်ရှင်လျက်နဲ့ သေနေသူဘဲ၊ သတိမဆောင် အသေကောင်ဘဲ” ညည်းရောငါပါ ဒို့သူငါတွေဟာ အစမထင် သံသရာတခွင်ကတည်းက ခန္ဓာငါးဖြာ ဒုက္ခသစ္စာကို ဒွါရနှင့်အာရုံ ဆုံတွေ့တိုင်း မြင်တယ်ကြားတယ် စတဲ့ ရှုမှတ်မှုသတိပဋ္ဌာန် အသိဉာဏ် အမှန်မရှိကြလို့သာ ထိုထိုခန္ဓာ ဘဝါဘဝတွေကို မြဲတယ်ကောင်းတယ်၊ ငါကောင် ရယ်လို့ အထင်အမြင် မှားခဲ့ကြတယ်၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာရယ်လို့ ထင်မှားပြီး လိုလားနှစ်သက်ခဲ့ကြတယ်၊ ဒါကြောင့် ဒုက္ခသစ္စာ ငါးခန္ဓာ ဘဝါဘဝတွေကို မရ-ရအောင် ကြံစည်ပြောပုံ ကံသုံးခုနဲ့ အားထုတ် ကြိုးပမ်း ခဲ့ကြတယ်၊ ဒါကြောင့် ဆုတောင်းပြည့်ခဲ့ကြပြီး ပဋိသန္ဓေ-အိုနာသေ ဆင်းရဲတွေကို မရေမတွက်နိုင်အောင် ရခဲ့ကြဘူးကြပြီ၊ ဘဝအထွေ

ခထွ ပြောင်းပြီး မသာလောင်းအမျိုးမျိုးကို သင်္ဂြိုဟ်ခဲ့ကြဘူး လှပြီ။

ယခုလဲ ရုပ်နာမ်ဆင်းရဲ ခန္ဓာမဲ့ကို ငါဘဲလူဘဲ ထင်မှားပြီး ငါချမ်းသာအောင် ငါနှင့်စပ်သူ အိမ်သူသားချင်း အပေါင်း အသင်းတွေပါ၊ ချမ်းသာအောင်ဆိုပြီး အိပ်စားကာမ ဒီသုံးဝ ပြည့်စုံရေးကိုသာ ဦးစားပေးလုပ်ကိုင်နေရလို့ ဘာသတိပဋ္ဌာန်မျှ မပွားရဘူးဆိုယင် သတိပဋ္ဌာန် အသိဉာဏ်မရှိဘူးဆိုယင် ယခုဘဝ ယခုခဏချမ်းသာအောင် အိပ်စားကာမ ဒီသုံးဝအတွက်နဲ့ ရောက်ရက်ခတ် အလုပ်မျိုးစုံကို လုပ်နေရုံနဲ့ အချိန်ကုန်နေလို့ ဒါတွေက ဒီဘဝသေပြီး နောက်ဘဝမှာ အကျိုးပေးယင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘဝတွေကို ရဦးမယ်။ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ တောင့်တပြီး တခါတလေပြုတဲ့ ဝဋ္ဋနိဿိတ ဒါန–သီလ+သမထ ဘာဝနာမျိုးက အကျိုးပေး ပြန်ယင်လဲ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာတွေ ရပြီး လူသေ နတ်သေ ဗြဟ္မာသေ အထွေထွေသေဦးမယ်။

"ဒီလိုဆိုတော့ ညည်းလို သတိပဋ္ဌာန်မယှဉ် အသိမှန်မမြင်သူ ဟာ သေပြီး သေဆဲ သေလတ္တံ့မို့ သေလို့မဆုံးတဲ့ လူညွန့်တုံးတဲ့ အရှုံးဗလပွေ အသေကောင်မပဲပေါ့"လို့ ရှုတ်ချ အပြစ်တင် ကောင်းစေချင်ကြတယ်၊ အပြစ်ပြုပြီး အဆုံးအမ ဩဝါဒပေး ကြတယ်၊ ဒီကုရုတိုင်းသူ ယောဂီအမျိုးသမီးရဲ့ အပြစ်ပြုပြီး ဆုံးမတဲ့စကားကို အကျဉ်းချုပ် မှတ်သားရအောင် ဆောင်ပုဒ် ချပေးဦးမယ်၊ အားလုံးလိုက်ဆိုကြပါ။

## အသက်ရှင်လျက်သေသူပမာ

### ရှစ်လုံးဖွဲ့ကဗျာ

သတိမပွါး—အလကားသက်ရှင်၊
ဒီသက်ရှင်ရုပ်—စက်ဆုပ်ဖွယ်ပင်။
သင်သက်ရှင်လဲ—သေဘဲပုံသွင်၊
အပြစ်ပြ—ဆုံးမကဲ့ရဲ့တင်။

ဒီအဆုံးအမ ဩဝါဒဟာ အင်မတန် အဖိုးတန်လှပါတယ်၊ ဒီလို အဆုံးအမ ဩဝါဒမျိုးကို ခဏခဏရဖို့ လိုပါတယ်၊ သူတော်ကောင်း ဓာတ်ခံရှိသူတိုင်း လက်ခံလိုက်နာ သင့်လှပါပေတယ်။

## ကြာလေကောင်းလေ ဟောင်းလေသစ်လေ

ဒို့ အခု တရားနာပရိသတ်ကြီးကတော့ အမှန်ကိုလိုလားလို့ သတိပဋ္ဌာန်ကို စိတ်ဝင်စားတဲ့ ပရိသတ်ကြီးဘဲ၊ ဒါကြောင့်မို့လဲ သတိပဋ္ဌာန် တရားကို နာကြားနေကြဘယ်၊ တတ်အားသမျှ ကိုယ်တွေ့လဲ လိုက်နာကျင့်သုံးတယ်။

ဒီသတိပဋ္ဌာန်တရားကို နာကြားရုံမျှနာကြားပြီး နောင်အခါ လက်တွေ့ ဆက်လက်မကျင့်သုံးဖြစ်ဘဲ မေ့ကြောဆဲ့မြဲ မေ့ကြောဆဲ့နေမိတဲ့အခါမျိုးမှာ ဒီကုရုတိုင်းက ယောဂီမယ်မျိုး ကလျာဏမိတ္တ သတိပဋ္ဌာန် ယောဂီခမ္မမိတ်ဆွေများက ဒီလို စေတနာမွန်ရှေ့ရှုပြီး အပြစ်ပြဆုံးမတဲ့ ဆုံးမဩဝါဒမျိုးကိုပေးယင် နာခံနိုင်ကြမယ်မို့လား၊ (မှန်ပါ နာခံကြမှာပါဘုရား)။

ဟုတ်တယ်၊ သူတော်ကောင်းစိတ်ရှိသူဆိုတော့ နာခံနိုင်ကြမှာဘဲ၊ ဒါလဲ စကားမှိုဆို ပျားမှိုချိုတာလိုပါ၊ ယခုလို သတိပဋ္ဌာန်အလုပ်တရားကို အဟုတ်သာ နာကြား အားထုတ်နေမှတော့ ကြာလေကောင်းလေ ဟောင်းလေသစ်လေဆိုတဲ့ ဒီသတိပဋ္ဌာန်တရားမျိုးကို ရှေ့သို့လဲ ဆက်လက် နာကြားအားထုတ်ကြမှာ သေချာပါတယ်၊ ဘယ့်နှယ်လဲ သေချာတယ်မို့လား-ပရိသတ်ကြီးများ၊ (သေချာပါတယ်ဘုရား)။

ဟုတ်တယ်၊ သေချာလို့လဲ ဥက္ကဋ္ဌကြီးဦးညွန့်မောင် ခေါင်းဆောင်တဲ့ ဟေမဝန် ဂေါပကအဖွဲ့ကြီးက ရှေ့နှစ်လဲ ဒီရက်ဘဲ ၁၀-ရက်စခန်းကို ကျင်းပခွင့်ပါလို့ လျှောက်ထား နေကြတာဘဲ၊ ရှေ့နှစ်အတွက် ယောဂီတွေကို ကျွေးမွေးဒါနပြုမည့် ဆွမ်းဒကာတွေကတောင် စာရင်း ပေးထားပြီ ဖြစ်ကြောင်း အကျိုးဆောင် ဦးအောင်ခင်ကလဲ ကြေငြာနေပြီ၊ ဝမ်းသာစရာ မကောင်းဘူးလား ပရိသတ်များ၊ (အလွန်ဝမ်းသာစရာကောင်းပါတယ်ဘုရား)

## သူ့စကားနှင့် ဘုရားဟော တရား

ကဲ-ဘုန်းကြီးတို့ တရားကိုပြန်ဆက်ကြဦးစို့ရဲ့၊ ခုနင်က ကုရုတိုင်းသူ ယောဂီမယ်က- သတိပဋ္ဌာန် အားမထုတ်သူကို ဆုံးမတာက ဘယ်လိုတဲ့လဲ၊ (သတိမဋ္ဌာန်မပွားဘဲ အသက်ရှင်နေလျှင် သူသေနှင့် တူပါသတဲ့ဘုရား)။

ဟုတ်ပြီ၊ သတိမပါယင် အသက်ရှင်လျက် သေနေသူတဲ့၊ ဒါ ဟုတ်ပါတယ်၊ မြတ်စွာဘုရားရှင်ကလဲ "အပ္ပမာဒေါ

အမတံပဒံ၊ ပမာဒေါ မစ္စုနောပဒံ”လို့ ဆုံးမဟောကြားတော်မူထားပါတယ်။

အပ္ပမာဒေါ၊ မမေ့မလျော့မပေါ့မဆ ဒွါရနှင့်အာရုံဆုံတိုင်း မြင်တယ်ကြားတယ် စသည်ဖြင့် သတိရနေခြင်းသည်။ အမတံ ပဒံ၊ အသေကင်းကြောင်း လမ်းကောင်းစင်စစ် ဖြစ်ပါပေ၏။ ပမာဒေါ၊ သတိမေ့လျော့ ပေါ့ဆခါခါ အမှတ်မပါခြင်းသည်။ မစ္စုနော၊ အမှန်မမြင် အမှားမြင်လို့ လိုချင်ဘဝ- တောင့်တခါခါ- ကံသုံးဖြာကို မကွာပြုသေး ဘဝပေးအသစ် ဖြစ်ပျက်ထွေထွေ တသေတည်း သေခြင်း၏။ ပဒံ၊ မောဟရှေ့သွား ဒိဋ္ဌိများ၍ လိုလားတဏှာ ဒုက္ခရှင်းမြစ် သမုဒယသစ္စာ အကြောင်းဖြစ်ပါလေသတည်း။

(သာဓု....သာဓု....သာဓု)

ကဲ-ခုနင်က ကုရုတိုင်းသူ ယောဂီမယ်က “သတိပဋ္ဌာန်တရားမရှုပွားယင် အသက်ရှင်နေသော်လည်း သေသူနှင့်သာ တူနေပါတယ်” လို့ အပြစ်ပြ ဆုံးမတဲ့ စကားနှင့် အခု- မြတ်စွာဘုရားဟောကြား ဆုံးမတော်မူတဲ့ “အပ္ပမာဒေါ အမတံ ပဒံ- မမေ့မလျော့ခြင်းဟာ မသေခြင်းရဲ့ အကြောင်းဖြစ်တယ်၊ ပမာဒေါ မစ္စုနော ပဒံ- မေ့လျော့ခြင်းဟာ သေခြင်းရဲ့ အကြောင်းဖြစ်တယ်”ဆိုတဲ့တရားတော်ဟာ တထပ်ထဲတူမနေဘူးလား ပရိသတ်များ၊ (တူပါတယ်ဘုရား)။

တူမှာပေါ့၊ ကုရုတိုင်းသူ ယောဂီမယ်ကလဲ ဗုဒ္ဓမြတ်စွာရဲ့ တပည့်သာဝိကာမ,ဘဲ၊ ဒါကြောင့် ယောဂီမယ်ကလဲ ဆရာမြတ် ထွင်သွား မြတ်ဘုရားရဲ့ အဆုံးအမ ဩဝါဒအတိုင်း ထပ်တူ ထပ်မျှ ဆုံးမတာဘဲ။

ဘုန်းကြီးတို့ရဲ့ တရားတော်ကို ဆက်ကြဦးစို့၊ အဲဒီ ယောဂီ များက သတိပဋ္ဌာန် မပွားဘူးဆိုတဲ့ မေ့လျော့သူ အမျိုးသမီး အား ဒီလိုအပြစ်ပြရှုတ်ချပြီး ဆုံးမတော့၊ ဒီလိုလဲညွှန်ကြားချက် ဩဝါဒစကားကို ပြောကြားကြပါသေးတယ်၊ ဒီအကြောင်းကို အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။

အထနံ “မာဒါနိ ပုန ဝေမကာသိ”တိ ဩဝဒိတွာ အညတရံ သတိပဋ္ဌာနံ ဥဂ္ဂဏှာပေန္တိ။

အထ၊ ထိုသို့ သတိပဋ္ဌာန်တရားကိုမပွားလျှင် အသက်ရှင်လဲ အသေဘဲဟု မလွှဲရှု၍ချ ဆုံးမပြီးနောက်၌။ နံ၊ ထိုသတိပဋ္ဌာန် တရား မပွားများအားလို မပွားများပါဆိုသော အမျိုးသမီးကို။ “ဒါနိ၊ မသိခင်က ပေါ့လျော့မေ့စွာ နေခဲ့တာတော့ ထားပါ တော့လေ သိလော့ဆုံးမ ရခဲ့ပေရာ ယခုအခါ၌။ ပုန၊ ယခု စ,မှတ် နောက်ထပ်တဖန်။ ဧဝံ၊ ယခင်တုန်းက မေ့စ မေ့ရိုး မေ့ပင် ပျိုး၍ မေ့မိုးတွေစွေ မေ့ပွင့်သီးတွေ တဝေဝေနဲ့ မေ့ပင်လယ် ဝေခဲ့သည့်အခြင်းအရာကဲ့သို့။ ဝ၊ ဤသို့ဤပုံ။ မာအကာသိ၊ မပြုပါလင့်”။ ဣတိ၊ ဤသို့။ ဩဝဒိတွာ၊ ကောင်းစေတို့ရေး အဆုံးအမပေး၍။ အညတရံသတိပဋ္ဌာနံ၊ ကာယ,ဝေဒနာ,စိတ်, ဓမ္မာဟု လေးဖြာသတိပဋ္ဌာန်တရား တပါးပါးကို။ ဝ၊ နှစ်

ဆယ့်တပိုင်းရှိတဲ့ သတိပဋ္ဌာန် တရား ရှုပွား အား ထုတ် နည်း တနည်းကို။ ဝါ၊ အမှတ်မထား တပါးပါးသော သတိပဋ္ဌာန် တရားကို။ ဥဂ္ဂဏှာပေနို့၊ အလျင်မနှေး အစဉ်အေးဖို့ ထင်တေး မြွှာမြင် လက်ငင်းသင်ပေးကြလေကုန်သတည်း။

(သာဓု....သာဓု....သာဓု)

## ရှေ့ဆက်၍-မမေ့နဲ့တော့

အမိပွါယ်ကတော့ သတိပဋ္ဌာန်တရားကို မပွားယင် အသက် ရှင်နေသော်လည်း သူသေနှင့်အတူတူဘဲ၊ အသက်ရှင်လျက် သေ နေသူဘဲ- လို့ ဆုံးမပြီးနောက် ဒဲဒီ မေ့သူ အမျိုးသမီးအား ယောဂီမယ်များက ဒီလိုဆက်ပြီး ဆုံးမကြပြန်တယ် တဲ့။

"ညီမငယ် အနေနဲ့ မသိခင်အတိတ်က မေ့မေ့လျော့လျော့ နေခဲ့တာ ရှိပါစေတော့၊ ထားလိုက်ပါတော့၊ ယခုလို အဆုံးအမ စကားကို ကြားသိရပြီးတဲ့ အခါ မှာတော့ ဒီကနေ့လျှောက်ပြီး ဆက်လက်ပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မနေပါနဲ့၊ သတိကင်းသူအဖြစ်မှ သတိရှိသူ ဖြစ်ပါတော့၊ သေသူအဖြစ်မှ အသက်ရှင်သူဖြစ်ပါတော့" လို့ ဆုံးမ ပညာပေးကြပါတယ်။

## ဘေးဝတ်နေရေးအတွက် အလုပ်လုပ်ယင်းလဲ တရားအားထုတ်လို့ ဖြစ်တယ်

ဒီလိုသတိပေးပြီးတော့လဲ အသက်ရှိသူ အသက်ရှင်သူအဖြစ်နဲ့ နေသွားနိုင်ဘို့ဟာ ဘာမျှ မခက်ပါဘူး၊ ဒီသတိပဋ္ဌာန် တရား

ဆိုတာ ဆရာထံပါးမှာ ခုနစ်ရက်ဘဲ၊ ၁၅-ရက်ဘဲ၊ တလဘဲဆို တာလို အချိန်ယူပြီး အားမထုတ်နိုင်သေး ယင်လဲ စားဝတ်နေ ရေးအတွက် အလုပ်လုပ်ယင်းပင် အားထုတ်လို့ဖြစ်ပါတယ်။

ယခုလို သွားယင်း လာယင်းလဲ သွားတဲ့ ခြေလှမ်းကို သတိ ထားပြီး "သွားတယ်၊ သွားတယ်" လို့လဲ ရှုမှတ်လို့ရတယ်၊ ဘာ မျှ ခက်တာ မဟုတ်ပါဘူး၊ ဒါကြောင့်မို့- မြတ်စွာဘုရားက "ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ- သွားယင် သွားတယ်လို့ သိရာ၏" လို့ ရှုမှတ်ရတယ်၊ ကဲ-အဲဒါကို လက်တွေ့ချပေးမယ်၊ ညည်းလိုက်ဆို စမ်းပါဆိုပြီး ချပေးတယ်။

တဦးတယောက်ကို စောင့်ဆိုင်းစရာရှိလို့ဘဲဖြစ်ဖြစ်၊ ရပ်စရာ ကြုံလို့ ရပ်ယင်လဲ- ခြေမှခေါင်းဆုံးအောင် ကိုယ်ကိုစိတ်စိုက်ပြီး "ရပ်တယ်- ရပ်တယ်"လို့ ရှုမှတ်ရတယ်၊ ဒါကြောင့် မြတ်စွာ ဘုရားက "ဌိတောဝါ- ဌိတောမိတိ- ပဇာနာတိ- ရပ်ယင်လဲ ရပ်တယ်လို့ သိရာ၏" လို့ ဟောကြားတော်မူပါတယ်။ ဒါကိုလဲ ညည်းလက်တွေ့ လိုက်ဆိုပါလို့ပြောပြီး ချပေးတယ်။

နောက်ပြီး ထိုင်စရာ အကြောင်း ပေါ်လို့ ထိုင်ယင်လဲ အောက်ပိုင်း ခန္ဓာကိုယ်ရဲ့ ခွေနေပုံနှင့် အပေါ်ပိုင်း ခန္ဓာကိုယ်ရဲ့ မတ်မတ်နေပုံကို သတိထားပြီးတော့ "ထိုင်တယ်- ထိုင်တယ်"လို့ ရှုမှတ်ပါ၊ ဒါကြောင့်မို့- မြတ်စွာဘုရားက "နိသိန္နောဝါ- နိသိန္နောမိတိ ပဇာနာတိ- ထိုင်ယင်လဲ ထိုင်တယ်လို့ သိရာ၏" လို့ ဟောတော်မူတယ်၊ ဒါကို လက်တွေ့ချပေးမယ် လိုက်ဆိုပါလို့ ပြောပြီး ချပေးတယ်။

နောက်ပြီးတော့ လဲလျောင်းစရာ အကြောင်းပေါ်လို့ လဲလျောင်းအိပ်စက်ယင်လဲ ဖီလာကန့်လန့်လဲလျောင်းနေတဲ့ ခန္ဓာကိုယ်ကို သတိပြုပြီးတော့ "လျောင်းတယ်-လျောင်းတယ်"လို့ဘဲဖြစ်ဖြစ်၊ "အိပ်တယ်-အိပ်တယ်" လို့ဘဲဖြစ်ဖြစ် ရှုမှတ်ပါ၊ ဒါကြောင့် မြတ်စွာဘုရားက သယာနော ဝါ သယာနောမှိတိ ပဇာနာတိ လျောင်းယင်လဲ လျောင်းတယ်လို့ သိရာ၏" လို့ ဟောတော်မူပါတယ်၊ ဒါလေးကိုလဲ လက်တွေ့လိုက်ဆိုပါလို့ ပြောပြီးချပေးပါတယ်။

အဲဒီကုရုတိုင်းသူယောဂီများက သတိပဋ္ဌာန်မပွားဘဲ နေမိသူအမျိုးသမီးလေးအား သင်ကြားချပေးတဲ့ မဟာသတိပဋ္ဌာနသုတ် ကာယာနုပဿနာ-ဣရိယာပထပိုင်း အားထုတ်ပုံမူကြမ်းကို ဒို့တရားနာ ပရိသတ်များအားလဲ ဘုန်းကြီးက ချပေးပါဦးမယ်၊ ကဲ-လိုက်ဆိုကြစမ်းပါဦး။

သတိပဋ္ဌာန်တရားအားထုတ်ပုံမူကြမ်း ဆောင်ပုဒ်

၁။ ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ—သွားယင်လဲ သွားတယ်လို့ သိရာ၏။

၂။ ဌိတော ဝါ ဌိတောမှိတိ ပဇာနာတိ—ရပ်ယင်လဲရပ်တယ်လို့ သိရာ၏။

၃။ နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ—ထိုင်ယင်လဲ ထိုင်တယ်လို့ သိရာ၏။

၄။ သယာနေ၁ဝါ သယာနေ၁မိတိ ပဇါနာတိ—လျောင်း အိပ်ယင်လဲ လျောင်းအိပ်တယ်လို့ သိရာ၏။

## မဟာစည် ဝိပဿနာရှုနည်း

ယခု ဘုန်းကြီးတို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကိုခံယူပြီး ကြိုးစားအားထုတ်နေကြတဲ့ အမြို့မြို့ အနယ်နယ် အပြည်ပြည် သာသနာ့ရိပ်သာများမှာ အားထုတ်နေကြတဲ့ ယောဂီတွေကတော့ ဒီလိုစေ့စေ့စပ်စပ်ရှုမှတ်ကြရတယ်။

ပြသတော်မူကြတဲ့ ကမ္မဋ္ဌာနာစရိယများကလဲ နားမလည်လည်အောင် သေသေချာချာပြသတော်မူကြတယ်။ ယခင်ညက မနာကြားရသေးတဲ့ ပရိသတ်များပါ တရားအားထုတ်နည်းကို သိပြီး ကိုယ်တွေ့ ရှုမှတ်ကြရအောင် ဘုန်းကြီးက ဟောပြပါဦးမယ်။

## အားထုတ်မည့်သူ-ယောဂီရဲ့ ရှေးဦးပြုဖွယ်-ပုဗ္ဗကိစ္စ

၁။ ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ရအောင် ကြိုးစားအားထုတ်မည့် ယောဂီဟာ အားထုတ်မည့် အချိန်အတွင်းမှာ ပလိဗောဓ ကြောင့်ကြမှုဟူသမျှကို ပြတ်စဲရမယ်။

၂။ ပြီးတော့- သစ်ပင်အောက်ကိုဖြစ်စေ၊ တောအရပ်ကိုဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်ကိုဖြစ်စေ၊ ချဉ်းကပ်ရမယ်။

၃။ ရှင်ရဟန်း ဆိုယင်လဲ ရှင်ရဟန်းသီလကို စင်ကြယ်စွာဆောင်ရွက်ရမယ်၊ လူဆိုယင်တော့သရဏဂုံ-ငါးပါးသီလကိုထပ်မံ

ပြီး ဆောက်တည်ရမယ်၊ ဘုန်းကြီးတို့ (မဟာစည်) သာသနာ့ရိပ်သာများမှာတော့ ရှစ်ပါးသီလကို ဆရာတော်ဘုရားကြီးထံမှာ ဆောက်တည်ရမယ်။

၄။ "မိမိ၏ရုပ်နာမ်ခန္ဓာကို ဤအားထုတ်စဉ် အတွင်းမှာ မြတ်စွာဘုရားအား လှူဒါန်းပါ၏ဘုရား" လို့လှူဒါန်း ထားရတယ်၊ ဒီလိုလှူဒါန်းထားယင် အားထုတ်ဆဲမှာ အနှောက်အယှက်အန္တရာယ်အားလုံး ကင်းရှင်းခြင်း အကျိုးရှိတယ်လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

"တပည့်တော်အား တရားအားထုတ်စဉ်အတွင်းမှာ တပည့်ရင်းအဖြစ် အသိအမှတ်ပြုပြီး အားမနာတမ်း ဆုံးမတော်မူပါဘုရား"လို့ ဆရာသမားအား အပ်နှံထားရတယ်၊ ဒီလိုအပ်နှံထားယင်ဆရာသမားက အားမနာတမ်းဆုံးမညွှန်ကြား သောကြောင့် တရားမှန်ကို အမြန်ရနိုင်ခြင်း အကျိုးရှိတယ်လို့ အဋ္ဌကထာများမှာပင် ပြဆိုချက်ရှိပါတယ်။

၅။ "အရဟံ- အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား" စသည်ဖြင့် တတ်စွမ်းသမျှ တခဏမျှ ရှိခိုးကန်တော့ရတယ်။

ပြီးတော့ "ဤ (နေရာ) ကျောင်းစောင့်နတ်မှစ၍ အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျန်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်ရွက် နိုင်ကြပါစေ" စသည်ဖြင့်လဲ တခဏမျှ မေတ္တာပွားရပါတယ်။

ပြီးတော့ "ဤ ငါ၏ဆံပင် မွေးညှင်း စတဲ့ ခန္ဓာကိုယ်ဟာ စက်ဆုပ်ရွံရှာဖွယ်ပါတကား" စသည်ဖြင့်လဲ အသုဘကမ္မဋ္ဌာန်းကို တခဏမျှ စီးဖြန်းပွားများရတယ်။

ပြီးတော့ "ငါသည် မချွေသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်" စသည်ဖြင့်လဲ မရဏာနုဿတိ ကမ္မဋ္ဌာန်း တခဏမျှ ပွားများရတယ်။ ဒီလို ဗုဒ္ဓါနုဿတိမေတ္တာ၊ အသုဘ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းများကို စီးဖြန်းထားခြင်းဟာလဲ ယောဂီအား တရားအားထုတ်ရေးမှာ ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာဘို့ အစောင့်အရှောက် အကာအကွယ်ရတယ်၊ ဒါကြောင့် သူ့ကို စတုရာရက္ခတရားလို့လဲ ခေါ်ရပါတယ်။

၆။ နောက်ပြီးတော့— တရားအားထုတ်ဘူးသူကို ပယ်မှားကျူးလွန်ယင် အရိယူပဝါဒကံနှင့် စပ်ပြီး ယုံမှားသံသယ ရှိနေကလည်း ဟိုပုဂ္ဂိုလ်အား ဝန်ချတောင်းပန် ကန်တော့ ထားရတယ်။ အဲဒီပုဂ္ဂိုလ်ထံ သွားရောက် ကန်တော့ရန် အကြောင်း မညီညွတ်ယင် ဆရာသမားထံ တောင်းပန် ကန်တော့ထားပါ၊ ဒါလဲ ကိစ္စပြီးပါတယ်။

၇။ "ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု- တပည့်တော်၏၊ ဤကောင်းမှုသည်၊ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေသတည်း" လို့ဆုတောင်း စိတ်ညွတ်ထားရပါတယ်။

ပြီးတော့ မညှပ်မဖိဘဲ ချောင်ချောင်ချိချိနဲ့ တင်ပလ္လင်ခွေ၍ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ ကြာကြာထိုင်နိုင်မည့် အနေအထားမျိုးနဲ့ ထိုင်ပါ။

## အခြေခံ ရှုမှတ်ပုံ

တရားကိုစ၍ အားထုတ်သူယောဂီဟာ ဒီလို အခြေခံမှုစပြီးတော့ အားထုတ်ရပါတယ်။

ရတနာသုံးပါးကို ဝတ်တွားရှိခိုး၊ သီလကို ဆောက်တည်၊ မိမိရဲ့ ရုပ်နာမ်ခန္ဓာကို ဘုရားအား လှူ၊ တရားအား အပ်နှံ၊ တောင်းပန် ကန်တော့စရာကို တောင်းပန်၊ မေတ္တာအနည်းငယ် ပွားပြီး၊ ဆိပ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းမှာ ချောင်ချိစွာ ထိုင်နေပြီးတဲ့ ယောဂီဟာ—

အသက်ကို မှန်မှန် ရှူယင်း ကိုယ့်ဝမ်းဗိုက်ကို စိတ်နဲ့စူးစိုက်ပြီး ကြည့်နေပါ။

ဒီလို ကြည့်နေခိုက်မှာ အသက်ရှူရှိုက်မှုကြောင့် ဖြစ်ပေါ်နေတဲ့ ဝါယော ဖောဋ္ဌဗ္ဗရုပ် လေနှင့်ဝမ်းဗိုက်ခေါ်တဲ့ ကာယပသာဒနှင့် တွေ့ထိလှုပ်ရှားနေတဲ့ ရုပ်ကိုတွေ့ရလိမ့်မယ်။

အဲဒါကတော့ ဖောင်းကြွလာတာနဲ့ ပိန်ကျသွားတာပါဘဲ၊ ဒီ ဖောင်းတာနဲ့ပိန်တာကို ထင်ရှားမတွေ့ရယင် ဝမ်းဗိုက်ပေါ်မှာ လက်ဝါးကို ကပ်တင်ထားပါ၊ ဒီလိုတင်ထားယင် ဝမ်းဗိုက်ရဲ့ လှုပ်ရှားမှုကို သေသေချာချာတွေ့ရမှာ မုချပါဘဲ။

ဝင်သက် ရှုခိုက်မှာ ဝမ်းဗိုက် ဖောင်းကြွ ရွေ့ရှားတာကို "ဖောင်းတယ်"လို့ စိတ်နဲ့ရှုမှတ်ပါ၊ ထွက်သက် ရှုက်ခိုက်မှာ ဝမ်းဗိုက် ပိန်ကျရွေ့ရှားတာကို "ပိန်တယ်"လို့ စိတ်နဲ့ရှုမှတ်ပါ။

ဒီလို "ဖောင်းဘယ် ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်"လို့ ရှုမှတ်နေသဉ်း စိတ်ကူးမိယင်လဲ"စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်၊ တွေးတယ်၊ ဆင်ခြင်တယ်" စသည်ဖြင့် စိတ် အမူအရာပေါ်တိုင်း ငြိမ်သက် ပျောက်ကင်းသည်အထိ ရှုမှတ်ပါ။ အဲဒီစိတ်တွေ ငြိမ်သွားယင်လဲ"ဖောင်းတယ်၊ ပိန်တယ်"လို့ ပြန်လည်ဆက်လက်ပြီး ရှုမှတ်ပါ။

အဲဒီလိုရှုမှတ်မှု အရှိန်ရလို့ စိတ်ထဲမှာ တစုံဘရာကို မြင်ယင်လဲ "မြင်တယ်၊ မြင်တယ်"လို့ ပျောက်အောင် ရှုမှတ်ပါ၊ ပျောက်သွားယင်တော့ "ဖောင်းတယ်၊ ပိန်တယ်"ကိုပင် ဆက်မှတ်ပါ။

နားထဲမှာ အပြင်က အသံဖြစ်ဖြစ် စိတ်အာရုံထဲက အသံဖြစ်ဖြစ် ကြားယင် "ကြားတယ်၊ ကြားတယ်"လို့ ရှုမှတ်ပါ၊ ပျောက်သွားယင် "ဖောင်းတယ်၊ ပိန်တယ်"ကိုပင် ပြန်မှတ်ပါ။

နှာခေါင်းထဲမှာ အနံ့ နံလာယင်လဲ ဘယ်အနံ့မျိုး မဆို "နံတယ်၊ နံတယ်"လို့ ပျောက်အောင်မှတ်ပါ၊ ပျောက်ယင် "ဖောင်းတယ်၊ ပိန်တယ်"ကိုပြန်မှတ်ပါ၊ ပါးစပ်ထဲမှာ တံတွေး များလာယင်လဲ "များတယ်၊ လုံးချင်တယ်၊ လုံးတယ်၊ မျိုချင်တယ်၊ မျိုတယ်" လို့ မှတ်ပါ။

ခန္ဓာကိုယ်ထဲမှာ ညောင်းညာလာယင်လဲ "ညောင်းတယ်၊ ညောင်းတယ်"လို့ ပျောက်အောင်မှတ်ပါ၊ ယားယင်လဲ "ယား တယ်၊ ယားတယ်" လို့ ပျောက်အောင် မှတ်ပါ၊ နာယင်လဲ "နာတယ်၊ နာတယ်"လို့ ရှုမှတ်ပါ၊ အောင့်ယင်လဲ "အောင့် တယ်၊ အောင့်တယ်"လို့ ရှုမှတ်ပါ၊ မှတ်တဲ့အခါ "သည်းခံ ယင် နိဗ္ဗာန်ရောက်တယ်"လို့ နှလုံးသွင်းပြီး မပျောက် မချင်း သည်းခံပြီးမှတ်ပါ၊ ဗွဲနဲ့သာ သည်းခံမှတ်ယင် ပျောက်သွား တာချည်းပါဘဲ၊ သည်းမခံနိုင်သေးယင်တော့ "အယားဖျောက် ချင်တယ်၊ အယားဖျောက်ချင်တယ်၊ ပြင်ချင်တယ်၊ ပြင်တယ်" စသည်ဖြင့် ရှုမှတ်ပြီးတော့ အယားဖျောက်ပါ၊ ပြုပြင်ထိုင်ပါ၊ ရှုမှတ်လို့ဖြစ်စေ၊ ပြုပြင်လို့ဖြစ်စေ၊ အဲဒီ ဒုက္ခဝေဒနာတွေ ပျောက်ကင်းသွားယင်တော့ "ဖောင်းတယ်၊ ပိန်တယ်"ကိုသာ ဆက်မှတ်ပါ၊ရှုခါစမှာ တနာရီလောက်တော့ သည်းခံပြီး ရှုမှတ် ရပါတယ်။

ထိုင်ယင်း ရှုမှတ်တာ တနာရီကြာလို့ဖြစ်စေ၊ ရေသောက် လိုမှုစတဲ့ အကြောင်းတမျိုးကြောင့်ဖြစ်စေ၊ ထချင်ယင် "ထ, ချင်တယ်၊ ထ,ချင်တယ်၊ ထ,တယ်၊ ထ,တယ်၊ ရပ်တယ်၊ သွား ချင်တယ်"လို့ ရှုမှတ်ပါ။

ပြီးတော့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ခြေပေါ်မှာ စိတ် စိုက်ပြီး ဘယ်ကလှမ်းယင် "ဘယ်လှမ်းတယ်" ညာကလှမ်းယင် "ညာလှမ်းတယ်"လို့ ရှုမှတ်ပါ။

စကြံ့မှတ်တဲ့အခါ "ကြွတယ်၊ ချတယ်"လို့ ဖြစ်စေ၊ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်"လို့ ဖြစ်စေ ရှုမှတ်ပါ၊ စကြံ့ဆုံးတော့ ရပ်ချင်ယင် "ရပ်ချင်တယ်" ရပ်ယင် "ရပ်တယ်" လှည့်ချင်ယင် "လှည့်ချင်တယ်၊ လှည့်တယ်" ရပ်တော့ "ရပ်တယ်" သွားချင်တော့ "သွားချင်တယ်" သွားတော့ "သွားတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်" စသည်ဖြင့် ရှုမှတ်ပါ။

ရေသောက်ရာ ထမင်းစားရာ စသည်တွေမှာလဲ ဒွေးကလိုပင် အသေးစိတ်ရှုမှတ်ပါ၊ ဘုန်းကြီးတို့ မဟာစည်သာသနာ့ရိပ်သာမှာ ဆိုယင် တကြိမ်ထိုင်ယင်တနာရီ၊ တကြိမ် လမ်းလျှောက်ယင်လဲ တနာရီ၊ ၂၄-နာရီတရက်မှာ အထိုင်က ၈-ကြိမ်၊ စကြံ့ကလဲ ၈-ကြိမ် အိပ်ချိန်က ၄-နာရီ၊ ရှုမှတ်မှုနဲ့ တရားနာတာ၊ ရေချိုးတာ၊ စားသောက်တာတွေကလဲ ကျန်တဲ့ ၄-နာရီ၊ အဲဒီလို "စံချိန်မှီ" ယောဂီအဖြစ်နဲ့ အားထုတ်နေကြတယ်။

ကဲ—ဒီနည်းအတိုင်း လက်တွေ့ ၅-မိနစ်လောက် ထိုင်ကြဦးစို့။ × × × ။ ကဲ ၅-မိနစ်စေ့ပါပြီ၊ ဒီလိုရှုမှတ်သူဟာ သူ့ရဲ့ဆောက်တည် စောင့်ထိန်းထားတဲ့ သီလ မပျက်မပြယ် စင်ကြယ်တာက သီလဝိသုဒ္ဓိဘဲ။

အဲဒီ သီလဝိသုဒ္ဓိပေါ်မှာ အခြေခံပြီး ယခုပြောခဲ့တဲ့အတိုင်း ဒွါရနဲ့အာရုံဆုံတဲ့အခါ ပေါ်လာသမျှ ရုပ်နာမ်တွေကို "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်" စသည်ဖြင့် ရှုမှတ်နေရတယ်၊ ရှုမှတ်နေတော့ အားထုတ်ခါစမှာ စိတ္တဝိသုဒ္ဓိက မဖြစ်

သေးဘူး၊ ဒါကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့ အထိဆိုတဲ့ ကာမအာရုံတွေဆီ ရောက်ရောက်သွားပြီး ကြံစည်တဲ့ ကာမစ္ဆန္ဒနီဝရဏ၊ ကိုယ့်အကြိုက်နဲ့ မတိုက်ဆိုင်တာ တွေကို တွေ့သိရလို့ စိတ်ဆိုးစိတ်ပျက်တဲ့ ဗျာပါဒနီဝရဏ၊ မပြုမိခဲ့တဲ့ ကုသိုလ်-ပြုခဲ့မိတဲ့ အကုသိုလ်တွေနဲ့စပ်ပြီး ပျံ့လွင့်ပူပန်တဲ့ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ထိုင်းမှိုင်းပျင်းရိတဲ့ ထိနမိဒ္ဓနီဝရဏ၊ ဘုရားတရား သံဃာအပေါ်မှာ ယုံမှားတွေဝေတဲ့ ဝိစိကိစ္ဆာနီဝရဏ-ဆိုတဲ့ နီဝရဏ ငါးမျိုးတွေက အမျိုးမျိုးဝင်လာတယ်၊ ဒါကြောင့် ရှုမှတ်မှုသတိနဲ့ နီဝရဏစိတ်ဟာ ဘ-တပြန် ကျား-တပြန်ဆိုတာလို တဝက်စာပျက်စီ ဖြစ်နေတယ်။

“ဖောင်းတယ်၊ ပိန်တယ်၊ မြင်တယ်၊ ကြားတယ်” စသည် ရှုမှတ်နေတဲ့ သိမှုသတိများရဲ့ အကြားအကြားမှာ ကာမစ္ဆန္ဒစတဲ့စိတ်များက များစွာပင် ဖြစ်နေကြတယ်၊ အဲဒီ နီဝရဏစိတ်များကို လုံးဝမရှုမှတ်နိုင်ဘဲ မသိဘဲလဲရှိတတ်တယ်၊ အတော်ကြာမှ ပြန်လည်သတိရ မှတ်လိုက်ရတာလဲ ရှိတယ်၊ ဒါဟာ ဝိပဿနာ ခဏိကသမာဓိ အားမကောင်းသေးဘဲ စိတ္တဝိသုဒ္ဓိ မဖြစ်သေးလို့ နီဝရဏကိလေသာများက မှတ်သိမှုဘာဝနာကို တားမြစ်ထားလို့ပါဘဲ။

ဒွါရနှင့် အာရုံဆုံတိုင်း “မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်” -စသည် မပြတ် ရှုမှတ်နိုင်လို့ ခဏိက ‘သမာဓိအားကောင်းလာတဲ့အခါ မှတ်သိမှုသတိဉာဏ်ဟာ ရှုမှတ်စရာ အာရုံပေါ်မှာ ကပ်၍ကပ်၍ တည်တည်နေ

သလိုလဲ ထင်ရှားသိရတယ်၊ ရှုမှတ်ရတာဟာ စူးစူးစိုက်စိုက် ဖြစ်ပြီးတော့လဲ အမှတ်ကောင်းလာတယ်။

ဒီအခါမှာ အာရုံတပါးသို့လွင့်ပါးတဲ့ နီဝရဏစိတ်များလဲ ကင်းစင် လာတယ်၊ များသောအားဖြင့် နီဝရဏ စိတ်များ မလွင့်ပါးဘဲက များတယ်၊ တခါတရံ အာရုံတပါးသို့ လွင့် ပါးတဲ့ နီဝရဏစိတ်များဖြစ်ယင်လဲ အဲဒီ နီဝရဏစိတ်ကို ချက် ခြင်းပင် မှတ်သိ နိုင်ပါတယ်၊ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ နီဝရဏစိတ်လဲ ချက်ခြင်းပင် ကင်းငြိမ်းသွားရတယ်၊ နီဝရဏ ဟာ မှတ်သိမှု သတိဉာဏ်ကို မတားမြစ်နိုင်တော့ဘူး၊ ဆော့ နေတဲ့ ကလေးငယ်ကို မိဖက "ဟဲ့-မဆော့နဲ့"လို့ ငေါက်လိုက် ယင် ကလေး ငြိမ်ကျသွားသလိုပါဘဲ။

ဒီအခါမှာ ရှုမှတ်မိတိုင်းသော အာရုံများမှာ ရှုမှတ်ခိုက် ခဏမျှ ကောင်းကောင်းစူးစိုက်တည်တံ့တယ်၊ တမှတ်ပြီးတမှတ် တစပ်တည်းဖြစ်လာတယ်၊ ဒါကို ခဏိကသမာဓိလို့လဲ ခေါ် တယ်၊ စိတ္တဝိသုဒ္ဓိလို့လဲ နာမည် ပေးနိုင်တယ်၊ ဒီသမာဓိဟာ သမထကမ္မဋ္ဌာန်းအရာတွင်ပြတဲ့ ဥပစာရ သမာဓိ အစွမ်းနှင့် ညီမျှပါတယ်။

ဒီစိတ္တဝိသုဒ္ဓိ ဖြစ်လာယင် ဖောင်းမှုက တခြား၊ ပိန်မှုက တခြား၊ ထိုင်မှုကတခြား၊ ရပ်မှုကတခြား- စသည်ဖြင့် အမှတ် သိခံ ရုပ်တရားများကိုလဲ ပိုင်းခြားသိတယ်၊ ဖောင်းတာကို မှတ်သိတဲ့စိတ်ကတခြား၊ ပိန်တာကို မှတ်သိတဲ့ စိတ်ကတခြား ဒီလိုစသည်ဖြင့် မှတ်သိမှု စိတ်နာမ်များကိုလဲ ပိုင်းခြားသိတယ်၊

ဖောင်းတာကတခြား၊ မှတ်သိတာကတခြား ဒီလိုစသည်ဖြင့်လဲ ရုပ်အာရုံနှင့် သိမှုနာမ်များကိုလဲ တခြားစီတခြားစီ ပိုင်းခြား သိတယ်။

"မွေးကတည်းကပင် တည်မြဲလာတဲ့ ငါတယောက်ထဲကပင် ဖောင်းလဲ ဖောင်းတယ်၊ ပိန့်လဲ ပိန်တယ်၊ ထိုင်လဲ ထိုင်တယ်၊ မှတ်လဲ ထပ်တလဲလဲမှတ်နေတယ်" လို့ ပကတိ အထင်မှားများ ဟာ ရှုမှတ်ယင်းပင် ပျောက်ကွယ် ရှင်းလင်းသွားပါတယ်။

ဒီအခါမှာ မှတ်တိုင်းမှတ်တိုင်း မှတ်သိမှုနာမ်တရား၊ ကြံသိမှု နာမ်တရားများကို "အာရုံဆီသို့ ပြေးသွားနေတဲ့ သဘော၊ အာရုံဆီသို့ ညွတ်ကိုင်းနေတဲ့သဘော" လို့ ကိုယ်ပိုင်ဉာဏ်နဲ့ပင် ပိုင်းခြားပြီးတော့ သိမြင်လာတယ်။

ဖောင်းမှု ပိန်မှု ထိုင်မှု စတဲ့ တကိုယ်လုံးရှိ ရုပ်နာမ်များကို ကား အာရုံဆီသို့ မသွားတတ် မညွတ်တတ်တဲ့သဘော အာရုံကို မသိတတ်တဲ့သဘောလို့သဲ ပိုင်းခြားပြီးတော့ သိလာပါ တယ်၊ မြင်တယ်-လို့ ရှုမှတ်လိုက်ယင်လဲ မျက်စိနဲ့ အဆင်းက ဘာမျှမသိတတ်တဲ့ ရုပ်တရားဘဲ၊ ဒီနှစ်ခုကို အမှီပြုပြီး မြင်တဲ့ တရားကတော့ မြင်တယ်-လို့သိတယ်၊ ဝိပဿနာတရားကို နာ ကြားရစဉ်က မျက်စိနဲ့အဆင်းက ရုပ်၊ မြင်သိတာက နာမ်-လို့ သညာသိဖြင့် မှတ်သားခဲ့တာဟာ ယခု တကယ်ရှုမှတ်ယင်း ကိုယ်တိုင်သိအနေနဲ့ မှန်တယ်ဆိုတာ လဲ သိလာတယ်၊ ဒီလို မှတ်တိုင်း မှတ်တိုင်း မှတ်သိရတဲ့ ရုပ်အာရုံနဲ့ မှတ်သိမှု နာမ်

တို့ကို သူ့သဘောမှန်အတိုင်း ပိုင်းခြားပြီးသိမှုဟာ နာမရူပ ပရိစ္ဆေဒဉာဏ်မည်တယ်၊ နာမ-က နာမ်၊ ရူပ-က ရုပ်၊ ပရိစ္ဆေဒ-က ပိုင်းခြားတာ၊ ဉာဏ်-က သိတာပေါ့၊ ဒါကို နာမရူပ ပရိစ္ဆေဒဉာဏ်-လို့ ခေါ်ပါတယ်။

## နာမ် ရုပ် ကွဲပုံဥပမာ

ဒီလို မပြတ်ဒလစပ်ရှုမှတ်ယင်း သမာဓိဉာဏ် အားကောင်းလာတဲ့ယောဂီဟာ နံရိုက်ခဲနဲ့ပေါက်လိုက်လို့ နံရိုက် ထိမှန်သွားရာမှာ နံရိုကတခြား ခဲကတခြားဟု ကွဲပြားစွာသိမြင်သလို အာရုံရုပ်နှင့် မှတ်သိစိတ်ဟာ တခြားစီကွဲပြားစွာ သိပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားက ကြိုးသီထားတဲ့ ပတ္တမြားမှာ ကြိုးနှင့်ပတ္တမြား နှစ်မျိုးကွဲပြားပုံနှင့် ဥပမာပြထားတော်မူပါတယ်၊ ဒီဥပမာဟာ ဒီဃနိကာယ် သုတ်သီလက္ခန်ကျမ်းမှာ ရှိပါတယ်။ (ဒီ ၁၊ ၇၂)။

ဥပမာ ပြထားပုံကတော့ ဝေဠုရိယခေါ်တဲ့ ကြောင်မျက်ရွဲ ပတ္တမြားထဲမှာ ကြိုးညို၊ ကြိုးဝါ၊ ကြိုးနီစသည်ကို သီထားယင် မျက်စိမြင်တဲ့သူက ကြည့်လိုက်တဲ့အခါ "ပတ္တမြားထဲမှာ ကြိုးကို သီထားတယ်၊ ဒီဟာက ပတ္တမြားပဲ၊ ဒါက ပတ္တမြားမှာသီထားတဲ့ ကြိုးပဲ"လို့ ခွဲခြားပြီးသိမြင်သွားသလိုပဲ၊ ထို့အတူပင် ယောဂီရဟန်းကလဲ "ဒီဟာက ရုပ်ကိုယ်ဘဲ၊ ဒီရှိတဲ့ စိတ်ဝိညာဉ်က ဒီရုပ်ကိုယ်မှာပဲ မှီနေတယ်၊ ဒီရုပ်ကိုယ်နဲ့ စပ်နေတယ်"လို့ သိပါတယ်၊ ဒီနေရာမှာ အဋ္ဌကထာဆရာက စိတ်ဝိညာဏ်ဆိုတာ ရုပ်ကို

ရှုတဲ့ ဝိပဿနာစိတ်၊ ဝိပဿနာဉာဏ် ဖြစ်ကြောင်းကို ဖွင့်ပြထားပါတယ်။

ဒီဥပမာထဲမှာ ပတ္တမြားနှင့် ရုပ်ကိုယ်နှင့်တူပါတယ်၊ ကြိုးနှင့် ဝိပဿနာ ရှုသိတဲ့စိတ်နဲ့ တူပါတယ်၊ ကြိုးက ပတ္တမြားထဲဝင်နေတာနဲ့ ရှုတဲ့ဝိပဿနာစိတ်က ရုပ်ကိုယ်ဆီရောက်ပြီး သိနေတာနဲ့ တူပါတယ်။

တို့ယောဂီများမှာလဲ "ဖေါင်းတယ်လို့ မှတ်တဲ့ အခါမှာ ဖေါင်းတာလေးက တခု၊ သိတာလေးက တခု၊ ဒါကလေးနှစ်ခုဘဲရှိတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာလဲ ပိန်တာလေးက တခု၊ သိတာလေးက တခု၊ ဒါကလေးနှစ်ခုဘဲရှိတယ်"စသည်ဖြင့် သူ့ဟာ သူဘဲ အသိရှင်းလာပါတယ်။

ဒါကြောင့် "ဝမ်းဗိုက်က ဖေါင်းတက်လာတဲ့အခါ ဖေါင်းတာနဲ့ မှတ်သိတာ၊ ဒါကလေး ၂-ခုဘဲရှိတယ်၊ ပိန်ကျသွားတဲ့အခါမှာလဲ ပိန်တာနဲ့ မှတ်သိတာ၊ ဒါကလေး ၂-ခုဘဲရှိတယ်၊ သွားနေခိုက်မှာလဲ ကြွလိုက်တဲ့အခါ ကြွတာနဲ့မှတ်သိတာ၊ လှမ်းတဲ့အခါ လှမ်းတာနဲ့ မှတ်သိတာ၊ နင်းချတဲ့အခါ နင်းတာနဲ့ မှတ်သိတာ၊ ဒါဘဲရှိတယ်၊ ရုပ်နဲ့အသိ- ရုပ်နဲ့အသိ၊ တစုံ- တစုံ၊ ဒါကလေး ၂-ခုဘဲရှိတယ်၊ ဒီပြင် ဘာမှမရှိဘူးဆိုတာ တချို့ယောဂီများက ရှင်းရှင်းလင်းလင်း ပြောတတ်ကြတယ်။

ဒိဋ္ဌိဝိသုဒ္ဓိ

ဒီ နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါ ဖေါင်းတာနှင့်မှတ်တာ၊ ပိန်တာနှင့်မှတ်တာ ဒီလိုစသည်ဖြင့် အာရုံရုပ်

နှင့် သိမှုနာမ် ဒီ ၂-မျိုးသာရှိတယ်၊ ဒီ ၂-မျိုးကိုပင် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ခေါ်နေကြတယ်၊ ဒီ ၂-မျိုးမှတပါး ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ- ဆိုတာ အသီးအခြား မရှိတော့ဘူးလို့ ရှုမှတ်ယင်းပင် အလိုလို သိမြင် သဘောကျတာဟာ ဒိဋ္ဌိဝိသုဒ္ဓိ- မည်ပါတယ်၊ ဒိဋ္ဌိ-က အမြင်၊ ဝိသုဒ္ဓိ-က စင်ကြယ်တာကို ခေါ်တယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

ဒါရနှင့်အာရုံဆုံတိုင်း ဖြစ်ပေါ် ပျောက်ပျက်နေသော ရုပ်နာမ်များ မပြတ်ဒလစပ် ဆက်လက်ရှုမှတ်တဲ့ ယောဂီများဟာ ကွေးမိ မဆန့်မိပင် ကွေးချင်ဆန့်ချင်တဲ့ စိတ်ဦးကလေးများကို ရှင်းလင်းစွာ ရှုမှတ်နိုင်တဲ့အခါ "ကွေးချင်တဲ့ စိတ်ကြောင့် ကွေးမှု ဖြစ်ပေါ်တယ်၊ ဆန့်ချင်တဲ့စိတ်ကြောင့် ဆန့်မှုဖြစ်ပေါ်တယ်"လို့လဲ သိလာတယ်။

"ရှေးဦးစွာ ထွက်ထွက်သွားတဲ့ စိတ်ဦးကို မသိခြင်းကြောင့် စိတ်မငြိမ်သက်တာဘဲ၊ အဲဒီလို စိတ်ဦးများကိုသာသိယင် မှတ်နိုင်ယင် တခြားသို့ စိတ်မထွက်နိုင်ဘူး၊ စိတ်ငြိမ်သက်နေမှာဘဲ" လို့လဲ သိတယ်။

သွားချင်တဲ့စိတ်ကို ရှုမှတ်နိုင်သလို သွားတဲ့ အမူအရာကိုလဲ မလွတ်တမ်း ရှုမှတ်နိုင်တော့ သွားချင်တဲ့အကြောင်း နာမ်တရား ရှိလို့ သွားတဲ့ရုပ်အကျိုးတရား ပေါ်ရတယ်၊ ထို့အတူ ရပ်ချင်တဲ့ အကြောင်းကြောင့် ရပ်တဲ့ရုပ် အကျိုးတရားပေါ်ရတယ်၊ ထိုင်

ချင် အိပ်ချင်စိတ်ကြောင့် ထိုင်ရုပ်- အိပ်ရုပ် ပေါ်ရတယ် လို့လဲ သိလာတယ်၊ မျက်စိနှင့် အဆင်း ဆုံလို့ မြင်သိစိတ် ပေါ်တယ် လို့လဲ သိတယ်၊ နားနှင့်အသံဆုံလို့ ကြားသိမှုဖြစ်ပေါ်လာတယ် လို့လဲ သိတယ်၊ နှာခေါင်းနှင့် အနံ့ ဆုံလို့ နံသိမှု ပေါ်လာတာရယ် လို့လဲ သိတယ်၊ လျှာနှင့်အရသာ ဆုံလို့ စားသိမှု ပေါ်လာတာ ရယ်လို့လဲ သိတယ်၊ ကိုယ်နှင့်တွေ့ထိစရာဆုံလို့ ထိသိမှု ပေါ်လာ တာရယ် လို့လဲသိတယ်၊ စိတ်ရှိမှီရာ နှလုံးရုပ်နှင့်တကွ တကိုယ် လုံးကို မှီဖြစ်တဲ့စိတ်နဲ့တွေးစရာအာရုံတို့ဆုံလို့ ကြံသိမှုဖြစ်တာရယ် လို့လဲသိတယ်။

မကွေးမိ မဆန့်မိကပင် ကွေးချင်ဆန့်ချင်တဲ့ စိတ်ဦးကလေး များကို ရှင်းလင်းစွာ သိမှတ်နိုင်တဲ့အခါ "ကွေးချင်တဲ့ စိတ် ကြောင့် ကွေးမှုဖြစ်ပေါ်တယ်၊ ဆန့်ချင်တဲ့စိတ်ကြောင့် ဆန့်မှု ဖြစ်ပေါ်တယ်" စသည်ဖြင့်လဲ ပိုင်းခြားပြီးသိနိုင်တယ်။

"ပဌမဦးစွာဖြစ်တဲ့ စိတ်ဦးကလေးများကို မသိခြင်းကြောင့် တခြားသို့ စိတ်ထွက်ထွက်သွားတယ်၊ ဒီစိတ်ဦးကိုသာ မိအောင် ရှုမှတ်မိယင် တခြားသို့ စိတ်မထွက်သွားနိုင်ဘူး" လို့ လဲသိတယ်။

"ရှုမှတ်စရာ သိစရာ အာရုံရှိပါမှ မှတ်သိကြံစည်တဲ့စိတ် ဖြစ် ပေါ်နိုင်တယ်" စသည်ဖြင့်လဲ အကြောင်းနှင့် အတူတကွ ဖြစ် ပေါ်လာတဲ့ ရုပ်နာမ်များကို မတွေးမဆရတော့ဘဲ ရှုမှတ်ဆဲမှာ ပင် အလိုလို ပိုင်းခြားပြီး သိတဲ့ဉာဏ်ဖြစ်တယ်၊ အဲဒီဉာဏ်ဟာ ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ၊ ပစ္စယ-က အကြောင်း၊ ပရိဂ္ဂဟ-က ပိုင်း ခြားတာ၊ သိတာက-ဉာဏ်၊ ပေါင်းလိုက်တော့ အကြောင်းကို

ပိုင်းခြား သိမှုပေါ့၊ အကြောင်း ရုပ် နာမ်ကို ပိုင်းခြားသိယင် အကျိုးရုပ်နာမ်ကိုလဲ ပိုင်းခြားသိတော့တာပါဘဲ။

ဒီ ရုပ်နာမ် ကြောင်းကျိုးကို ပိုင်းခြားသိတဲ့ဉာဏ် ရင့်သန်လာတော့ "သူ့ဆိုင်ရာအကြောင်း များကြောင့် ဖြစ်ပေါ်တဲ့ သူ့ဆိုင်ရာအကျိုးတရား နာမ်ရုပ် ၂-ပါးမျှသာရှိတယ်၊ ဒီ ၂-မျိုး မှတပါး ပြုလုပ်တတ် ခံစားတတ်တဲ့ ငါကောင်သူကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ရယ်လို့ မရှိဘူးလို့လဲသိတယ်။

အဲဒီအသိဟာ အတ္တကောင် ပုဂ္ဂိုလ်ကောင် ရှိလေသလားလို့ ယုံမှားမှုကို လွန်မြောက်တဲ့မှန်ကန်တဲ့အသိဘဲ၊ သူ့ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ- လို့ခေါ်တယ်၊ ကင်္ခါ-က ယုံမှားမှု၊ ဝိတရဏ-က လွန်မြောက်တာ၊ ဝိသုဒ္ဓိ-က အသိအမြင်စင်ကြယ်တာဘဲ၊ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိဆိုတာ ယုံမှားမှုကို လွန်မြောက်တဲ့ အသိအမြင် စင်ကြယ်မှုပါဘဲ။

ဒါကြောင့်မို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဉာဏ်စဉ်တရားတော်မှာ ဒီလိုဆောင်ပုဒ်စီထားပါတယ်၊ "ရှုမှတ်ဆဲတွင် အကြောင်း အကျိုးကိုသာ တွေ့ရ၍ ရှေးကလဲ ဒီလို အကြောင်းအကျိုး မျှသာရှိခဲ့သည်၊ နောင်လဲ ဒီလို အကြောင်း အကျိုးမျှသာရှိမည်"လို့ သဘောကျကာ ယုံမှားကင်းလောက် အောင် အသိရှင်းတာက "ကင်္ခါဝိတရဏဝိသုဒ္ဓိ"လို့ သိကုံးထား ပါတယ်။

ဒီဉာဏ် ရင့်သန်လာတဲ့အခါ အာရုံရဲ့ အစ အလယ် အဆုံး များကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း ပိုင်းပိုင်းခြားခြား သိသိလာ

တယ်၊ ဒီအခါမှာ အမြဲတမ်း ရှုမှတ်နေကျ အာရုံ များတွင် ဖေါင်းမှုပြီးဆုံးမှ ပိန်မှုပေါ်လာတာကိုလဲ သိတယ်၊ ပိန်မှုပြီး ဆုံးမှ ဖေါင်းမှု ပေါ်လာတာကိုလဲ သိတယ်၊ ဒါက "ဖေါင်း တယ်-ပိန်တယ်"လို့ ၂-မျိုးရှုမှတ်ယင်း သိပုံဘဲ၊ ကြွတယ်ချတယ် လို့ ရှုမှတ်ယင်လဲ ကြွမှုပြီးဆုံးမှ ချမှု ပေါ်လာတာကိုလဲသိတယ်၊ ချမှုပြီးဆုံးမှ ကြွမှုပေါ်လာတာကိုလဲသိတယ်။

ဒီလိုပင် ရှေးရှေးအာရုံပြီးဆုံးမှ နောက်နောက်အာရုံ ပေါ် ပေါ်လာတာများကို ပိုင်းပိုင်းခြားခြား ရှုမှတ်ယင်းပင် သိရ တယ်၊ ယားမှု-နာကျင်မှုများ ပေါ်လာလို့ ရှုမှတ်ယင်လဲ ယားမှု နာကျင်မှု ဝေဒနာတမျိုးမျိုး ပြီးဆုံးပျောက်ငြိမ်းမှ နောက်ထပ် အသစ် ဝေဒနာတမျိုးမျိုး ပေါ်ပေါ်လာတာကိုလဲ သိရတယ်။

ဝေဒနာတခုခုကို ရှုမှတ်ယင် ၂-ချက်၊ ၃-ချက်၊ ၄-ချက်၊ စသည် ရှုမှတ်နေယင် အဲဒီဝေဒနာဟာ တဖြည်းဖြည်း သေးငယ် သေးငယ်ပြီးတော့လဲ ပျောက်ပျောက်သွားတယ်။

လူ-နွားတ်-တော-တောင် စသည်ဖြင့် ထင်ပေါ်လာတဲ့ အာရုံ များထဲက တမျိုးမျိုး လုံး၀ ပျောက်သွားပြီးမှ အသစ်အာရုံ တမျိုးမျိုး ပေါ်လာတာကိုလဲ မှတ်သိရတယ်၊ ပျောက်သွား ပုံက မြင်တယ်၊ မြင်တယ်- စသည်ရှုမှတ်နေယင်း အဲဒီ အမြင် အာရုံဟာ တဖြည်းဖြည်း ရွေ့ရွေ့ပြီးတော့ ဖြစ်စေ၊ သေးသေး ပြီးတော့ဖြစ်စေ၊ မှေးမှိန်မှေးမှိန်ပြီးတော့ဖြစ်စေ ပျောက်ပျောက် သွားတယ်၊ ဒါလိုပင် ရှင်းရှင်းလင်းလင်း သိရတယ်၊ မပျောက်ဘဲ တည်နေတာရယ်လို့ မတွေ့ရဘူး။

ဒါကြောင့် ရှုမှတ်ဆဲ ရှုမှတ်ဆဲမှာပင် ကုန်ဆုံး ကုန်ဆုံးသွားတဲ့ အာရုံများကို တွေ့ရလို့ "မမြဲဘူး" ရယ်လို့လဲ ဆင်ခြင်ပြီး၊ သဘောကျတတ်တယ်၊ ပေါ်ပေါ်ပြီးယင် ပျောက်ပျောက် သွားလို့လဲ "ဆင်းရဲတယ်" လို့လဲ သဘောကျစွာ ဆင်ခြင်တတ် တယ်၊ မကောင်းဘူး-လို့လဲ ဆင်ခြင် သဘောကျတတ်တယ်၊ အခံရခက်တဲ့ ဒုက္ခဝေဒနာတွေများစွာ ပေါ်ပေါ်လာလို့ ရှုမှတ် နေရတဲ့အတွက် ဒုက္ခ အစုအဝေးကြီးဘဲ-လို့လဲ သဘောကျပြီး ဆင်ခြင်တတ်တယ်၊ အလိုအတိုင်းမဖြစ်ဘဲ သူ့သဘောအတိုင်း သူဖြစ်နေလို့ ပျက်ပျက်နေလို့ "အစိုးမရဘူး၊ ငါကောင် မဟုတ် ဘူး၊ သဘောတရားမျှသာဘဲ" လို့လဲ သဘောကျပြီး ဆင်ခြင် မိတယ်။

ဒီလိုရှုမှတ်နေဆဲမှာပင် မှတ်သိသော အာရုံကို မတွေးမဆ ရဘဲ "မမြဲ၊ ဆင်းရဲ၊ အစိုးမရ" လို့ သဘောကျပြီး ဆင်ခြင် သုံးဖြတ်တယ်၊ ဒါဟာ ပစ္စက္ခ သမ္မသနဉာဏ်ဘဲ၊ ပစ္စက္ခ ဆိုတာက မျက်မှောက်၊ သမ္မသန- ဆိုတာက သုံးသပ်ဆင်ခြင်တာ၊ ဉာဏ က သိတာ၊ ပေါင်းလိုက်တော့ မျက်မှောက်ထင်ထင် ရှုမြင် သုံးသပ် သုံးဖြတ်သိမြင်တဲ့ ဉာဏ်ပေါ့။

ဒီလို ပစ္စက္ခအားဖြင့် မှတ်သိရလို့ သိမြင်တဲ့ အာရုံနှင့် နှိုင်းဆ ပြီးတော့ ဖြစ်ပြီးအတိတ်၊ ဖြစ်ဆဲပစ္စုပ္ပန်၊ ဖြစ်လတ့ံ အနာဂတ် ကာလ သုံးပါးလုံး တလောကလုံးမှာ ရှိရှိသမျှ ရုပ်နာမ်တွေ လဲဘဲ "နည်းတူပင် မမြဲတာတွေချည်းဘဲ၊ ဆင်းရဲတာတွေချည်းဘဲ၊

မကောင်းတာတွေချည်းဘဲ၊ အစိုးမရ ငါကောင်မဟုတ်တာတွေချည်းဘဲ'' လို့ သဘောကျပြီး ဆင်ခြင်ဆုံးဖြတ် မိတာတယ်၊ ဒီဆင်ခြင် ဆုံးဖြတ်သုံးသပ်မှုက အနုမာန သမ္မသနဉာဏ်-တဲ့၊ အနုမာန်-က ပစ္စက္ခရုပ်နာမ်နှင့် နှိုင်းဆမြှော်မြင်တာ၊ သမ္မသန-က မမြဲဆင်းရဲ အစိုးမရလို့ သုံးသပ်တာ၊ ဉာဏ-က သိတာဘဲ။

ဒီဉာဏ်အမြင် ရင့်သန်လာယင်တော့ အဖြစ်အပျက်ကိုသိတဲ့ ဉဒယဗ္ဗယဉာဏ်ကို ရောက်တယ်၊ ဒါကိုတော့ နောက်ညကျမှ ဆက်ဟောမယ်၊ ပြီးတော့ အပျက်ကိုသာ သိမြင်ရတဲ့ ဘင်္ဂဉာဏ် စသည်တွေ ပြည့်စုံပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုသွားနိုင်ပါတယ်။

ကဲ-ဒို့တရား မြွန်ဆက်ကြဦးစို့၊ ကုရုတိုင်းသူယောဂီမယ်များက သင်ကြားပေးတဲ့ ဘုရားဟော သတိပဋ္ဌာန် တရားအားထုတ်နည်းဟာ ခက်သလား ပရိသတ်များ။ (မခက်ပါဘုရား)။

ဟုတ်တယ် မခက်ပါဘူး၊ နေယင်း ထိုင်ယင်း အလုပ်လုပ်ယင်းလဲ တရားရှုမှတ်လို့ ရနေတယ်၊ ''သွားယင် သွားတယ်၊ ရပ်ယင် ရပ်တယ်၊ ထိုင်ယင် ထိုင်တယ်၊ လျောင်းအိပ်ယင် လျောင်းအိပ်တယ်'' လို့ ရှုမှတ်ရတာ ခက်သလား၊ (မခက်ပါဘုရား)။

## ခက်တာကတော့ တခုဘဲ

ခက်တာကတော့ တခုထဲရှိတယ်၊ ခက်တာဘာလဲ ပရိသတ်များ သိကြသလား။ (မသိပါ အမိန့်ရှိမှ သိကြမှာပါ ဘုရား)။

ပြောဲ- ခက်တာကတော့- တရားအလုပ်ကို အားမထုတ်ချင်ဘာ၊ မနာကြားချင်ဘာ၊ စိတ်မဝင်စားတာပါဘဲ၊ သိကြပလား ပရိသတ်များ၊ (သိကြပါပြီဘုရား)။

တရားကို စိတ်မဝင်စားယင် မနာချင်ယင် အားမထုတ်ချင်ယင် မခက်ဘူးလား။ (ခက်ပါတယ် ဘုရား)။

လာချင်လျှင် အနီးကလေး၊ မလာချင်လျှင် ခရီးဝေး- ဆိုဘာလို တရားကို စိတ်မဝင်စားယင်တော့ တရားနာဘို့ အားထုတ်ဘို့ မအားဘူး၊ အားပြန်တော့လဲ အေးလွန်းလို့ ပူလွန်းလို့ စောသေးလို့ နောက်ကျသွားလို့ ဘာလို့ ညာလို့ စသည်ဖြင့် ဆင်ခြေဆင်လက်တွေက မများဘူးလား။(များပါတယ် ဘုရား)

## သာခုနှမော် ကောင်းချီးပေးခေါ်တယ်

ကဲ— ဒို့တရား ဆက်ကြဦးစို့၊ ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး ရွာကြီးသူများ စုမိကြရာတွင် ယောဂီမယ်များက မေ့လျော့သူ အမျိုးသမီးငယ်အား နှောင်ကြိုးလောက်အောင် ပြစ်တင်ရှုတ်ချ ဆုံးမပြီးတော့ တရားအားထုတ်နည်းကိုပါ သင်ကြားပေးကာ ဒီက ရှေ့လျှောက်မမေ့ဘို့ သတိပဋ္ဌာန်တရားကို ပွားဘို့ပြောပြီး တော့လဲ အဲဒီအုပ်စုထဲက အမျိုးသမီးတယောက်ကိုလဲ ဒီလိုဆက်လက် မေးမြန်းပြန်ပါတယ်။

"ကဲ- အများသိကြတဲ့ အတိုင်းဘဲ၊ ဒီအမျိုးသမီး ကတော့ မအားလို့ တရားမနာနိုင် အားမထုတ်နိုင်ဘူး ဆိုတာနဲ့ ဆုံးမဩဝါဒပေးပြီး လက်တွေ့အားထုတ်နည်းကိုပင် ပေးလိုက်ချပြီ။

ညည်းကတော့ ဘာသတိပဋ္ဌာန်တရားကိုများ အားထုတ်ခဲ့ရသလဲ၊ အားထုတ်နည်းကိုများ နာကြားကျက်မှတ်ခဲ့နိုင်သလား” လို့ နောက်တယောက်ကို မေးကြည့်ပြန်တယ်။

ဒီတော့ အဲဒီအမျိုးသမီးက “အယ်၊ ကျမသည်။ အသုက သတိပဋ္ဌာန်နှာမ၊ ဤမည်သောသတိပဋ္ဌာန်ကို။ မနသိကရောမိ၊ နှလုံးသွင်း အားထုတ်၏” လို့ ပြောပါသတဲ့။

ဒီစကားကို ကြားရတော့ မေးသူ ယောဂီမယ်က တရားအားထုတ်သူအမျိုးသမီးအား ချီးကျူးပြောဆိုပုံကို အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။

သာဓု- သာဓုတိ သာဓုကာရံ ဒတွာတဝဇီဝိတံ သုဇီဝိတံ၊ တံနှာမ မနုဿတ္တံပတ္တာ၊ တဝတ္တာယ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပန္နောတိ အာဒီဟိ ပသံသန္တိ။

“သာဓုသာဓုတိ၊ ကောင်းစွ-ကောင်းစွ”ဟူ၍။ သာဓုကာရံ၊ ကောင်းချီးသြဘာကို။ ဒတွာ၊ ပေး၍။ တဝဇီဝိတံ၊ ညီမလေးရဲ့ အသက်ရှင်ခြင်းဟာ။ သုဇီဝိတံ၊ ကောင်းသော အသက်ရှင်ခြင်းပါဘဲ။ တံနှာမ၊ သင်မည်သည်။ ဝါ၊ မင်းသို့ အမျိုးသမီးကတော့။ မနုဿတ္တံပတ္တာ၊ လူ့ဘဝမှန်သို့ ရောက်ရှိခဲ့ လေပြီ။ တဝတ္တာယ၊ သင်ညီမလေးအတွက်။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည်။ ဥပ္ပန္နော၊ ပွင့်ထွန်း ပေါ်ပေါက်တော် မူရပါပေ၏။ ဣတိအာဒီဟိ၊ ဤသို့

စသား စကားများဖြင့်။ ပသံသန္တိ၊ ချီးမွမ်းကြလေ ကုန်၏။ ပသံသန္တိ၊ သင်ညီမတွက် ကောင်းသောသက်ရှင် မပျက်သင်သည် လူစစ်မည်စွ ဖြစ်တည်မှန်လျက် သင့်တွက်ဘုရား ပွင့်ထွန်းငြား သည် မှားဤသို့ နှစ်မျိုးစကား ပြောကြားရွှင်လန်း ချီးမွမ်း ကြလေကုန်သတည်း။

(သာဓု....သာဓု....သာဓု)

ကောင်းစွာသက်ရှင်သူ၊ လူ့ဘဝမှန်ရသူ၊ ဘုရားပွင့်သူ

''ဪ-ငါ့ညီမကတော့ သတိပဋ္ဌာန်တရားအလုပ်ကို အား ထုတ်နိုင်တယ် ဆိုတော့ ဝမ်းသာစရာပါဘဲ၊ သာဓု....သာဓု.... သာဓု-ကွယ်၊ ညီမအတွက် အသက်ရှင်ခြင်းဟာ ကောင်းသော အသက်ရှင်ခြင်းပါ။

''ညီမငယ်လို သတိပဋ္ဌာန်တရား ပွားများသူမျိုး ကတော့ ဗုဒ္ဓုပ္ပါဒ နဝမခေတ်မှာ လူစင်စစ်ကြီး ဖြစ်ကြီးဖြစ်ရပါပေတယ်၊ သာသနာတွင်း ဖြစ်ခြင်းခဏ လူ့ဘဝပုံမှန်သို့ ကေန်ရောက်ရ ပါပေတယ်။

''ဘုံသုံးပါးမှာ သမ္မာသမ္ဗုဒ္ဓ မြတ်ဘုရားရယ်လို့ ထင်ရှားပွင့် ထွန်းလာတာဟာ ညီမအတွက် သက်သက်ပွင့်တော်မူတာပါဘဲ၊ သတိပဋ္ဌာန်တရားကို ပွားများတယ်ဆိုတဲ့ စကားကို ကြားရတာ လွန်စွာ ဝမ်းသာပါတယ်၊ သာဓုပါကွယ်၊ သာဓု....သာဓု''

သတိပဋ္ဌာန် တရားအလုပ်ကို အားထုတ်သူ ယောဂီအမျိုးသမီး တဦးအား ဒီလိုဝမ်းမြောက်နှုမော် သာဓု အကြိမ်ကြိမ်ခေါ်ပြီး ချီးကျူးထောမနာ ပြုဘာပေးကြပါတယ် တဲ့။

ကုရုတိုင်းက ကမ္မာသဓမ္မနိဂုံးရွာကြီးတွင်သတိပဋ္ဌာန်ဝိပဿနာတရားကို စိတ်ဝင်စားကြပုံဟာ ကြည်ညိုလေးစားဘို့ မကောင်းဘူးလား ပရိသတ်များ။

(ကြည်ညိုလေးစားဘို့ ကောင်းလှပါတယ်ဘုရား)။

အားကျပုံမှီး နည်းယူစရာကော မကောင်းဘူးလား။

(ကောင်းပါတယ် ဘုရား)။

ကုရုတိုင်းမှာ သတိပဋ္ဌာန်အလုပ်ကို အားမထုတ်သူအတွက် ဂုဏ်ပျက်သလို၊ အားထုတ်သူအတွက် ဂုဏ်တက်တယ်တဲ့။

သတိပဋ္ဌာန် အသိဉာဏ်ကင်းသူဟာ ရက်လနှစ်ရှည် အသက်တည် သော်လည်း သင်းချိုင်းကုန်းက လူသေလို ရှိမှန်းစရာကောင်းသတဲ့၊ သတိပဋ္ဌာန် အသိဉာဏ်ရှိသူဟာ ကောင်းစွာအသက်ရှင်သူဘဲ တဲ့။

သတိပဋ္ဌာန်ကို မနာကြားသူ မမှတ်သားသူ မရှုပွားသူ စိတ်မဝင်စားသူ မေ့လျော့သူဟာ ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်းမှာ လူစာရင်းမဝင်ဘူးတဲ့၊ လူရေးမပါ လူရာမဝင် လူတွင်အညွန့်တုံး လူဖြစ်ရှုံးသူဘဲတဲ့၊ ဒီလို သတိကင်းလွှတ် ယွင်းချွတ်တရား လူ့ငနွားဟာ အိပ်, စား, ကာမ, ဒီသုံးဝနဲ့ သီလမတည်ဘူး၊ သမာဓိမပါ၊ ပညာမရှိဘူး၊ စားဝတ်နေရေး ဒုစရိုက်

မွေးမြူ အပါယ်ကြေးယူသူမို့ လူ့ဘ၀ဗုဒ္ဓသာသနာတော် အလင်းရောင်အတွင်းမှ အပါယ်အမှောင်တွင်း သက်ဆင်းချလည် ဒုက္ခသံသရာရှည်မည့်သူတဲ့တဲ့။ သတိပဋ္ဌာန်တရား နာကြားသူ မှတ်သားသူ ရှုပွားအားထုတ်သူကတော့ ဗုဒ္ဓမြတ်စွာသာသနာတော်တွင်းမှာလူစာရင်းဝင်တယ်၊လူရေးလဲပါတယ်၊လူရာလဲဝင်တယ်၊လူတွင်ထိပ်ဆုံး လူလုံးလူညွန့် တလွန့်လွန့်တလူလူ ပြည်နိဗ္ဗူနန်းကနက်ကို လှမ်းတက်နေသူ ဖြစ်တယ် တဲ့၊ သတိပဋ္ဌာန်ပွားသူ ယောဂီဖြူဟာ သီလအစ သမာဓိအလယ် ပညာဝယ်အဆုံး ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံတယ်၊ ဒုစရိုက်ကင်း အရှင်းဒါန အမြတ်သီလ အညွန့်သမာဓိ အထွင့်ပညာ အမြိုက်နိဗ္ဗာန်ကိုအမြန်ရောက်မယ်တဲ့၊ သမုဒယဖြတ် ဒုက္ခဇာတ်သိမ်း ကေိန်းနိရောဓ-ဆိုက်ရလမ်းမှန် ရှစ်တန်မဂ္ဂင် ပွားရှုမြင်တယ်တဲ့၊ ဒါကြောင့် သတိပွားသူ ယောဂီဖြူဟာ သာသနာတွင်း လူစာရင်းဝင်တယ်၊ လူအစစ်ဖြစ်တယ်တဲ့။

သတိပဋ္ဌာန်တရား မပွားများသူဟာ သာသနာတော်တွင်းမှာ လူလာဖြစ်သော်လည်း ဘုရားပွင့်တာဟာ သူနှင့် ဘာမျှမဆိုင်ဘူးတဲ့၊ ဥပမာအားဖြင့် ကျောင်းဆရာ ကျောင်းဆရာမရဲ့ သားသမီးဖြစ်သော်လည်း စာပေပညာကို မလေ့လာမသင်ကြားယင် သူ့အတွက် စာသင်ကြားပေးနေသူ သူ့အဖေ ကျောင်းဆရာနှင့် ကျောင်းဆရာမများဟာ ဘာမျှအကျိုးမရှိဘူး၊ စာမသင်ကြားသူ သားသမီးနှင့် စာသင်ကြား ပေးနေသူ အဖေ အမေ ကျောင်းဆရာ ဆရာမများနှင့်ဘာမျှမပတ်သက်ဘူး၊ ဒါလို့

ပါဘဲ၊ ဘုရားသာသနာတော်တွင်းမှာ လူလာဖြစ်သော်လည်း သတိပဋ္ဌာန်တရားကို ဟောကြား ပြသတော်မူနေတဲ့ မြတ်စွာဘုရားဟာ မနာကြား မလိုက်နာ မကျင့်သူတွေအတွက်တော့ ဘုရားပွင့်တာနှင့် ဘာမျှမဆိုင်ပါဘူးတဲ့။

သတိပဋ္ဌာန် တရားအလုပ်ကို နာကြားကျင့်ပွားသူ ယောဂီအတွက်တော့ ဘုရားပွင့်တော်မူလာတာဟာ အလွန် အကျိုးများပါတယ်၊ ဘုရားပွင့်တာဟာ သူ့အတွက်ပါဘဲတဲ့။

ယခု ဒီ တောင်ဥက္ကလာပ ၁၀-ရပ်ကွက် မှာလဲ မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူခဲ့တဲ့ နိဗ္ဗာန် ရောက်ရန် တကြောင်းတည်းသော လမ်းမှန် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားပွဲကြီး ကျင်းပနေတော့ ဒီသတိပဋ္ဌာန်တရားကို စိတ်ဝင်စားသူ နာကြားရှုပွားသူ အားထုတ်သူတွေ အတွက် သာဓုခေါ်စရာ ချီးကျူးစရာ မကောင်းဘူးလား၊ (သာဓုခေါ်စရာ ချီးကျူးစရာ ကောင်းပါတယ်ဘုရား)။

သေရာမှ ရှင်လာသလို ကိုလေသာအမှောင်ဖုံးတဲ့ သင်းချိုင်းကုန်း သမီးသားရေး စီးပွားရေး အိပ်စားကာမ မေ့လျော့ကြသူ လူသေတွေထဲမှ သတိပဋ္ဌာန်တရား စိတ်ဝင်စားလျက် နာကြားလျက် ရှုပွားလျက် အသက်ရှင် လာကြသူတွေအတွက်တော့ အကျိုးမများဘူးလား၊ (အကျိုးများပါတယ် ဘုရား)။

သတိမေ့ သေသူလူတွေထဲမှ သတိပဋ္ဌာန်တရား စိတ်ဝင်စားလျက် ရှုပွားလျက် နာကြားလျက် လူ့ဘဝတက်လမ်း တက်

လှမ်းအားသစ် လူအစစ် ဖြစ်လာသူတွေအတွက်လဲ ဒီတရားပွဲကြီးက အကျိုးမများဘူးလား၊ (အကျိုးများပါတယ်ဘုရား)။

ဘုရားမှန်းမသိ တရားမှန်းမသိ ဖာသိဖာသာ လူများစွာထဲမှ သတိပဋ္ဌာန်တရားကို စိတ်ဝင်စားလျက် နာကြားလျက် ရှုပွားလျက် ဘုရားကိုသိသူ တရားကိုသိသူတွေအတွက် ဒီတရားပွဲကြီးဟာ အကျိုး မများဘူးလား၊ (အကျိုး များပါတယ်ဘုရား)။

သတိပဋ္ဌာန်တရား စိတ်ဝင်စားသူ နာကြား ရှုပွားသူတွေအတွက် ဘုရားမပွင့်ဘူးလား (ပွင့်ပါဘုရား)။

ဒီစကား ဒီအာဘော်တွေဟာ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာဆရာ ညွှန်ပြတဲ့ ကုရုတိုင်းသူ ယောဂီဖြူ အမျိုးသမီးရဲ့ စကား သဘောထားတွေနော်၊ (မှန်ပါဘုရား)။

ဒီအဓိပ္ပါယ်ကိုလဲ အကျဉ်း မှတ်သားရအောင် ဆောင်ပုဒ် ချစ်လုံးဖွဲ့တပုဒ်ကို ချပေးမယ်၊ အားလုံးလိုက်ဆိုကြပါ။

ဘုရားပွင့်တာ သင့်တွက်တာ

ရှစ်လုံးဖွဲ့ကဗျာ

သတိပွားလျက်--အသက်ရှင်မှု၊
ကောင်းသောအသက်--ရှင်လျက်နေသူ။
လူစစ်ဘဝ--ရောက်ရစင်ဖြူ။
သင့်အတွက်--ပွင့်လျက်သဗ္ဗညူ။

သူ့စကား သူ့အာဘော်တွေဟာ မှတ်သား လိုက်နာစရာ မကောင်းဘူးလား၊ (မှတ်သား လိုက်နာစရာ ကောင်းပါတယ် ဘုရား)။

ဟုတ်တယ်၊ သူ့စကားဟာ တိုတိုနဲ့ လိုရင်း ရောက်တယ်၊ မှတ်သား နည်းယူဖွယ်ကောင်းတယ်၊ ထိခိုက်တယ်၊ စကားလုံး လှတယ်၊ ဂုဏ်မြောက်တယ်၊ အနှစ်သာရရှိတယ်။

ဒါဟာ ဘုရားအဆုံးအမကို ရရှိလို့ဘဲ၊ ဘုရားရှင်တပည့်မမို့ ဘုရားရှင်ရဲ့ အလိုဆန္ဒတော်ကို သိသင့်သလောက်သိတယ်၊ ဘုရားရှင်ရဲ့ ဒေသနာတော်နှင့်အညီ ပြောတာဖြစ်တယ်၊ ကဲ-ဒီနေရာမှာ မြတ်စွာဘုရား ဟောထားတဲ့ ဂါထာတပုဒ်ကို ဟောကြားပြီး ကုရုတိုင်းသူ ယောဂီမယ်ရဲ့ စကားနှင့်ညှိကာ သာဓုခေါ်ကြရအောင် ဘုန်းကြီးက ဟောပြပါဦးမယ်။

မမေ့လျှင် နိဗ္ဗာန် မေ့လျှင် သုသာန် ဂါထာ

အပ္ပမာဒေါ အမတံပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊
ယေ ပမတ္တာ ယထာ မတာ။

အပ္ပမာဒေါ၊ကုသိုလ်ပွညမှန်သမျှ၌ နေ့ညမပြတ် အမှတ်ရနေခြင်းသည်။ အပ္ပမာဒေါ၊ ဒွါရနှင့်အာရုံ ပေါင်းဆုံလေတိုင်း မဆိုင်းပေါ်ပျောက် ဒုက္ခရောက်သည့် ငါပျောက်စိုးမရ အနိစ္စ

ဒုက္ခ အနတ္တ သဘာဝ ရုပ်မေ့နာမ်မေ့၌ မှတ်ရသိမြင်ခြင်းသည်။ အမတံပဒံ၊ အသောကင်းကြောင်း မတိမ်းစောင်းသည့် လမ်းကောင်းစင်စစ် ဘုရားဟောဖြစ်ပါပေ၏။ ပမာဒေါ၊ ကုသိုလ်ပုည မှန်သမျှ၌ စိတ်ကမထင် လောကီတွင်နစ်မျော မေ့ကြောဆွဲငြား အိပ်စားကာမ ဤသုံးဝသာ လုံ့လထန်ပြင်း မေ့လျော့ခြင်းသည်။ ပမာဒေါ၊ ကာယ,ဝေဒနာ စိတ္တ,ဓမ္မ ဤလေးဝ၌ ကင်းပသတိ ပျင်းရိပျင်းရာ အမှတ်မပါခြင်းသည်။ မစ္စုနော၊ အမှန်မမြင် အမှားမြင်၍ လိုချင်ဘဝ တောင့်တခါခါ ကံသုံးဖြာမှု ပက္ကာပြုသေး ဘဝပေးအသစ် ဖြစ်ပျက်ထွေထွေ တသေတည်းသေခြင်း၏။ ပဒံ၊ မောဟရွှေသွား ဒိဋ္ဌိများနှင့် လိုလားတဏှာ ဒုက္ခာရင်းမြစ် သမုဒယသစ္စ အဖြစ်ခါခါ သေရွာလမ်းကြောင်း သုသာန်ဟောင်းဖြစ်ပါ၏။ ယေ၊ ပုပ္ဍရှ လူမလူနှင့် မနုအာဏာ ပါမပါငြား အကြွင်သတ္တဝါအများသည်။ ပမတ္တာ၊ ကုသိုလ်ကိစ္စ အဝဝနှင့် ဒွါရအာရုံ ပေါင်းဆုံဖြစ်ပျက် ရုပ်နာမ်နှစ်ချက်မှာ သတိက္ခာကင်း မေ့လျော့ခြင်းရှိကုန်၏။ တေ၊ မေ့လျော့ပေငြား ထိုသတ္တဝါများသည်။ မတာယထာ၊ သေပြီးသေဆဲ သေမစဲအောင် တသေထဲသေ ယခင်ကလဲသေ ယခုလဲသေ နောင်လဲသေ သေချင်လဲသေ မသေချင်လဲသေ သေချင်သေ မသေချင်သေ အသေမဆုံး သံသရာသင်းချိုင်းကုန်းမှာ အတုန်းအရုန်း အသေလုံးအသေခဲ ဖြစ်ကြရကုန်သကဲ့သို့။ ယေ၊ ဘုရားပွင့်ခါ လူဖြစ်လာသည့် သာသနာတွင်း လူစာရင်းဝင် အကြွင်သူတို့သည်။ အပ္ပမတ္တာ၊ ကုသိုလ်ပုည ဒါနသီလာ ဘာဝနာ၌ မက္ခာနေ့ည သတိရကြ ပြုစုကြကုန်၏။ အပ္ပမတ္တာ၊ ဒွါရအာရုံ ခါခါဆုံတိုင်း

မဆိုင်းဖြစ်ရာ ငါးခန္ဓာ၌ မကွာရှုမှတ် သတိမြတ်ရှိကြကုန်၏။ တော၊ ဒါနကိုပြု သီလကိုစု ဘာဝနာကိုရှု ထိုကောင်းမှုရှင်တို့ သည်။ တော၊ကာယဝေဒနာ စိတ္တ,ဓမ္မ ပေါ်သမျှရုပ်နာမ်စုကို ပွါး ရှုလီလီ ထိုသတိပဋ္ဌာန် ယောဂီတို့သည်။ န မိယန္တိ၊မသေကြရကုန်၊ န မိယန္တိ၊ မမြဲဆင်းရဲ သဘောဘဲဟု ဉာဏ်ထဲရှင်းလျှင် သစ္စာမြင် တော့ ခိုဝင်နိဗ္ဗာန် ရောက်ပြီမှန်သဖြင့် ဘော်လှန်သေမင်း သေ စာရင်းဖျက် သေတွင်းထွက်လျက် သေခြင်းကင်းကြ လေကုန် သတည်း။

(သာဓု....သာဓု....သာဓု)

သတိပဋ္ဌာန်ခေတ်စားတဲ့အိမ်၊ သတိပဋ္ဌာန်ခေတ်စားတဲ့ ရပ် ကွက်-ရွာ-နိဂုံး-မြို့-တိုင်းပြည်များမှာ သတိပဋ္ဌာန်တရား ဟော ကြားတာ နာကြားတာ အားထုတ်ထာကို မြင်ကြရယင် ဝမ်း မသာကြဘူးလား(ဝမ်းသာကြပါတယ်ဘုရား)မချီးကျူးကြဘူး လား၊ (ချီးကျူးကြပါတယ်ဘုရား)။

ဟုတ်တယ်၊ ဒီလူငယ်လေး၊ ဒီသူငယ်မလေးဟာ ငယ်ငယ် ရွယ်ရွယ်နဲ့ တရားအလုပ်ကို အားထုတ်နိုင်ပါပေတယ်၊ ဒီအရွယ် ဆိုတာ မျက်နှာနှင့်မှန်နှင့် ခွါတဲ့အရွယ်မဟုတ်ဘူး၊ ပျော်ပွဲရှင်ပွဲ ဘောပွဲ ဇာတ်ရုံထဲ ရုပ်ရှင်ရုံထဲက ထွက်တဲ့အရွယ်မဟုတ်ဘူး၊ ဒီ လူငယ် ဒီသူငယ်မလေးကတော့ သတိပဋ္ဌာန် တရားအလုပ်ကို အားထုတ်နိုင်ပါပေတယ်၊ ကျောင်းပိတ်ရက်စသည် အားလပ်ပြီ ဆိုယင် ကျောင်းကန်ဘုရား ရိပ်သာကိုသာ သွားသွားနေတယ်၊

ဘုရားဆိုယင်လဲ သတိပဋ္ဌာန်တရားမျိုးကိုမှ အသူးစိတ်ဝင်စားဘယ်၊ တော်ပါပေတယ်၊ ကောင်းပါပေတယ်၊ စသည်ဖြင့် ချီးကျူးကြတယ်။

ဒီဥပ်ကျက် ဒီရွာ ဒီမြို့ကတော့ အခွင့်သာ အခါဆိုက်တိုင်း သတိပဋ္ဌာန်တရားပွဲ အားထုတ်ပွဲတွေကို မနားမစဲ ကျင်းပနေတော့တာဘဲ၊ ဝမ်းသာစရာ ကြည်နူးဝရာ ငြိမ်းချမ်းသာယာလိုက်တာလို့လဲ ချီးကျူးထောမနာ ပြုဘာပေးကြတယ်၊ အခု ဒီတရားပွဲကြီးနှင့်စပ်ပြီးတော့ ဒီလို ဝမ်းမသာကြဘူးလား၊ (ဝမ်းသာကြပါတယ်ဘုရား) မချီးကျူးကြဘူးလား (ချီးကျူးကြပါတယ်ဘုရား)၊ ဒီလိုသတိပဋ္ဌာန်တရားကို စိတ်မဝင်စားသူ ပေါ့ပေါ့တန်တန်နေလိုသူများကတော့ သတိပဋ္ဌာန်တရားကို အားထုတ်သူ သတိပဋ္ဌာန်တရားကို ဟောကြားသူ နာကြားသူများကိုပင် ကြုံကြုံဖန်ဖန် မှဲ့မှဲ့ရှဲ့ရှဲ့ ကဲ့ရဲ့တတ်ကြသေးတယ်။

ကဲ့ရဲ့မိတယ်၊ မသိမှုမြင်နဲ့ နှောက်ယှက်မိတယ်ဆိုယင် သူတို့ခမျာ အကုသိုလ်အပြစ်တွေ မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

ဟုတ်တယ် "မကူညီချင်နေပါ မနှောက်ယှက်ပါနဲ့" ဆိုတာလို သူများတွေ ကုသိုလ်ကောင်းမှုပြုတာကို သာဓုနုမောဒ် မခေါ်ချင်ယင်တောင်မှ မကဲ့ရဲ့မနှောက်ယှက်မိဘို့သတိထားကြရမယ်၊ "ကုသိုလ်မရချင်နေပါစေ၊ ငရဲမကြီးပါစေနဲ့"ဆိုတာလို သူများတွေကုသိုလ်ပြုကြတာကို အမှီပြုပြီး ကိုယ်က မကဲ့ရဲ့ မနှောက်ယှက်ဘဲနေဖို့လိုတယ်၊ ကိုယ်တိုင်မပါဝင်နိုင်တောင်မှ ဝမ်းမြောက်

နမော် သမုခေါ်မယ်၊ တရားပွဲကိုနှောက်ယှက်ချ ရောက်စေတဲ့ မဆင်မခြင် ဆူညံခြင်းမျိုးကို လူကြီးရောကလေးပါ ဆင်ခြင် စောင့်ထိန်းနေမယ်ဆိုယင် သက်သက်သာသာနဲ့မိမိမှာလဲကုသိုလ် မရဘူးလား၊ (ကုသိုလ်ရပါတယ်ဘုရား)တတ်အားသမျှတရားပွဲ မှာပါဝင်ပြီး ဝေယျာဝစ္စဆောင်ရွက်မယ်၊ အားပေးနာကြား မယ်၊ အားထုတ်မယ်ဆိုယင်ပိုပြီးမကောင်းဘူးလား၊(ကောင်းပါ တယ်ဘုရား)။

## အရိုးသတိ-မှတ်သိတဲ့ကျေးငှက်

မြတ်စွာဘုရား သတိပဋ္ဌာန်တရားကို ချီးမြှင့်တော်မူတဲ့ ကုရု တိုင်းမှာတော့ စိတ်တူကိုယ်တူ သတိပဋ္ဌာန်တရားကို လိုလားသူ တွေကများပြားတော့ သတိပဋ္ဌာန်တရားပွဲဆိုယင် အားလုံးက လိုက်လှဲဝမ်းသာ တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြတယ်၊ ဒါကြောင့်— ငြိမ်းချမ်းသာယာ ကြည်နူးဝမ်းသာစရာ တရားပွဲ တွေဖြစ်ခဲ့တယ်။

ကုရုတိုင်းမှာ သတိပဋ္ဌာန်တရားတွေ ခေတ်စားလိုက် ပုံက တော့ အလွှာမျိုးစုံ လူမျိုးစုံတို့သာ မဟုတ်သေးဘူး၊ လူရဲ့ အနီးအပါးမှာ မွေးစား အယုအယခံရတဲ့ လူတွေက အဟိတ် တိရစ္ဆာန်လို့ ခေါ်ကြတဲ့ ကျေးငှက်ကလေးကတောင်မှ သတိ ပဋ္ဌာန်တရားကို နှလုံးသွင်း အားထုတ်တယ်တဲ့။

ဒီအကြောင်းကို မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ဖွင့် ပြထားပါတယ်၊ ဒါကို ဘုန်းကြီးက ကောပိဒ်ဆောင်ပုဒ်စီထား

ပါတယ်၊ အဲဒါကိုရွတ်ဆိုပြီး လိုရင်းလောက်သာ အဓိပ္ပါယ် ရှင်းပြသွားပါမယ်။

"ကုရုတိုင်းမှာ၊ လူသာမက၊ ကျေးငှက်ကလျှင်၊ ပတိ ရူပ၊ မိတ်ကောင်းရ၍၊ ဓမ္မပွားများ၊ ရှိခဲ့ကြသည်"

ဥတုကောင်းလို့ အစားကောင်း အဝတ်ကောင်းရတဲ့ ကုရု တိုင်း၊ ဒါကြောင့် ကိုယ်ကျန်းမာ စိတ်ချမ်းသာပြီး ပညာဉာဏ် ဖွံ့ဖြိုးတဲ့ ကုရုတိုင်း၊ ဒါကြောင့် ဘုရားဟောပြတဲ့ သတိပဋ္ဌာန် တရားဓမ္မကို နာကြားမှတ်သား ရှုပွားသိမြင်ကြရတဲ့ ကုရုတိုင်း၊ ဒါကြောင့် ဒီတိုင်းပြည်ဟာ အစစအရာရာလဲပြည့်စုံ သာသနာ တော်နှင့်လဲ တွေ့ကြုံကြရတယ်၊ ဒါကြောင့် သတိပဋ္ဌာန် ခေတ် စားရာ သူတော်ကောင်းဓာတ်ခံရှိသူ ကံကောင်းသူတွေ ပျော် မွေ့ရန် လျော်ကန်ကောင်းမြတ်တဲ့ ပတိရူပဒေသဝါသ အရပ် ဖြစ်တယ်၊ ဒါကြောင့် သတိပဋ္ဌာန် အသိဉာဏ် ပေးနိုင်တဲ့ ရဟန်းရှင်လူ သူတော်ကောင်းတွေကိုလဲ အမှီရကြတယ်၊ ဒါ ကြောင့် ကုရုတိုင်းပြည်မှာ နေကြတဲ့သူတွေဟာ ကိုယ့်စိတ်ကို သတိပဋ္ဌာန်နဲ့ထိန်းပြီး ကောင်းစွာ ထားနိုင်ကြတယ်။

ဒါကြောင့် ကုရုတိုင်းသူတိုင်းသားတွေဟာ—

၁။ ရှေးက ကောင်းမှုပြုစုခဲ့တဲ့ ပုဗ္ဗေစ ကတပုညတာစက် နှင့် ပြည့်စုံတဲ့ ကံကောင်းသူတွေ ဖြစ်ကြရတယ်။

၂။ ဒါကြောင့်လဲ ဥတုကောင်းရာ စားဝတ်နေရေး ပြည့် စုံရာ ကျန်းမာရေး ပညာရေး ဖွံ့ဖြိုးရာ ကုရုတိုင်းပြည်

မှာ လူလာဖြစ်ပြီးနေကြရတဲ့ ပတိရူပဒေသဝါသစက်နှင့် ပြည့်စုံသူတွေ ဖြစ်ကြရတယ်။

၃။ ဒါကြောင့်လဲ နိဗ္ဗာန်ရောက်ရန် တကြောင်းတည်းသောလမ်းမှန် မဟာသတိပဋ္ဌာန်တရားကို ဟောကြား နာကြား ရှုပွားတဲ့ ဘုရား၊အမှူးရှိတဲ့ သတိပဋ္ဌာန် ယောဂီရဟန်း ရှင် လူ ကလျာဏမိတ္တာတွေကို အမှီရကြတဲ့ သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံသူတွေ ဖြစ်ကြရတယ်။

၄။ ဒါကြောင့်လဲ သတိပဋ္ဌာန်တရားကို နာကြားပြီး မှတ်သား ရှုပွားတဲ့ ကိုယ့်စိတ်ကို ကောင်းသွာထားနိုင်တဲ့ အတ္တသမာပဏိဓိစက်နှင့် ပြည့်စုံသူများ ဖြစ်ကြရတယ်၊ ဒီလို စက်လေးလုံးနှင့် ပြည့်စုံကြရတယ်၊ ဒါကြောင့် ပတိရူပဒေသဝါသဖြစ်တဲ့ ဒီကုရုတိုင်းမှာနေရလို့ သူဘော်ကောင်း အမှီလဲရတဲ့ ကျေးငှက်လေးပင် သတိပဋ္ဌာန်တွင် အကြုံးဝင်တဲ့ အင်္ဂုဏ်ကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့တဲ့ သာဓကရှိခဲ့ပါတယ်တဲ့။

"မှတ်သား စရာ၊ ပြောပြပါအံ့၊ တခါတုန်းက၊ ကမ္မာသဒ္ဒ၊ က,ပြုဂြစား၊ ဇာတ်သမားသည်၊ ကျေးသားတကောင်၊ လှည့်သည်ဆောင်၍၊ လူ့ဘောင်တတ်များ၊ သင်ပေးထား၏"

အဲဒီ အရိုးကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့ ကျေးငှက် လေးရဲ့ အကြောင်း သာဓကဇာတ်လမ်းကို မှတ်သားရအောင် ပြောပြပါမယ်။

တခါတုန်းကပေါ့၊ အဲဒီသတိပဋ္ဌာန်တရားခေတ်စားတဲ့ ကမ္ဘာ သခမ္မ နိုဂုံးရွာကြီးမှာ ကပြဖျော်ဖြေတဲ့ ဇာတ်သဘင်အလုပ်နဲ့ အသက်မွေးမြူသူ ကချေသည်ဇာတ်သမား တယောက်ရှိတယ်၊ သူဟာ ဇာတ်သမားဆိုသော်လည်း လူတွေ စုပေါင်းကပြတဲ့ ဇာတ်သဘင်မှာ ပါဝင်သူတော့ မဟုတ်ဘူး၊ ကျေးငှက်ကလေး တကောင်ကို အတတ်ပညာ သင်ကြားပေးပြီး ထိုထို မြို့ရွာ အသီးသီးသို့ ကျက်စား လှည့်လည်နေတယ်တဲ့၊ ယခုခေတ်မှာ ခွေး၊ မြင်း၊ ဆင်၊ ဆိတ် စသည်တို့ကို ပညာသင်ကြားပြီး ပြပွဲ လုပ်စားသူမျိုးနှင့် တူပါတယ်။

"ဘုရားသမီး၊ ကျောင်းကိုမှီးကာ၊ တည်းခို ထွက် သွား၊ ထိုကျေးသားကို၊ မေ့သားခဲ့ပြီ၊ သာမဏေရီတို့၊ ကောက်ချီမွေးစား၊ ထိုကျေးသားကို၊ ဘုရားစောင်မ၊ နှိမိတ်ပြလို၊ ဗုဒ္ဓရက္ခိတ၊ မည်ပေးကြ၏"

'ဘုရားသမီး' ဆိုတာ အမျိုးသားရဟန်းတော်များကို 'ဘုရား သားတော်' လို့ ခေါ်သလို အမျိုးသမီး ရဟန်းတော်များကိုလဲ 'ဘုရားသမီးတော်' လို့ ခေါ်ရပါတယ်၊ အဲဒီတုန်းက ဘိက္ခုနီ ခေါ်တဲ့ အမျိုးသမီးရဟန်းတော်များလဲ ရှိနေသေးတယ်၊ ယခု ခေတ်မှာတော့ ဘိက္ခုနီသာသနာကုန်လို့ အဲဒီနေရာမှာ အထိုက် အလျောက် နေရာယူထားကြတဲ့ 'သီလရှင်ဆရာ' များသာရှိနေ ပါတော့တယ်။

အဲဒီကုရုတိုင်း ကမ္မာသဓမ္မနိဂုံးရွာကြီးမှာ ဘုရားသမီးတော် ဘိက္ခုနီ ရဟန်းမိန်းမများ သီတင်းသုံးတဲ့ ကျောင်းတိုက်လဲ

ရှိတယ်၊ အဲဒီ ဘိက္ခုနီကျောင်းကို ခုနင်ကပြောခဲ့တဲ့ ကချေသည် ဇာတ်သမားဟာ သူပညာသင်ကြားပြီး မွေးစားထားတဲ့ ကျေးသားလေးနှင့်အတူ ရောက်လာတယ်၊ သူဟာ အဲဒီဘိက္ခုနီကျောင်းကို အမှီပြုပြီး နေထိုင်တယ်၊ တနေ့သ၌ အဲဒီ ကချေသည် ဇာတ်သမားဟာ အရပ်တပါးသို့ ထွက်သွားတဲ့ အခါ ကျေးသားငယ်လေးကို ဘိက္ခုနီကျောင်းမှာဘဲ မေ့ထားခဲ့တယ်၊ နောက်တခါလဲ ပြန်လာမယူတော့ဘူး။

ဒါကြောင့် အဲဒီဘိက္ခုနီကျောင်းမှာ ရဟန်းဘောင်မတက်မီ သာမဏေရီအဖြစ်နဲ့ နေကြတဲ့ အမျိုးသမီး သာမဏေများက ကျေးသားကလေးကို ကောက်ယူမွေးစားပြီး ဘိက္ခုနီကျောင်းတိုက်အုပ် မထေရ်မကြီးထံကို ပြသကြတယ်။

ပထေရ်မကြီးကလဲ “မြတ်စွာဘုရားရဲ့ အစောင့်အရှောက်ကို ခံရသူ”လို့ နိမိတ်ယူပြီး ကျေးသားလေးကို ‘ဗုဒ္ဓရက္ခိတ’လို့ နာမည် ပေးထားတယ်၊ အားလုံးကဘဲ သူ့ကို ဗုဒ္ဓရက္ခိတလို့ခေါ်ကြတယ်၊ သူကလဲ ‘ဗုဒ္ဓရက္ခိတ’ ဆိုယင် သူ့ကိုခေါ်မှန်း သိနေတယ်။

ဗုဒ္ဓရက္ခိတကလဲ “မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ၊ ဘုရားဒကာနားနီး ဘုရားဒကာ၊ ရွှေပင်နားတော့ ရွှေကျေး၊ ငွေပင် နားတော့ ငွေကျေး” ဆိုတာလိုဘဲ၊ ဘုရားသမီးတော်ဘိက္ခုနီကျောင်းမှာ အနေကြာလာတော့ ဗုဒ္ဓသာသနာတော်နှင့်စပ်တဲ့ ယဉ်ကျေးမှုစကားတွေကိုတောင် တတ်သိ နားလည်လာတယ်။

လူလူချင်း ပြောတဲ့အခါမှာ "ကျွန်ဘော်/ကျမ" ပြောတဲ့နေရာတွင် ဘိက္ခုနီ အရှင်မများနှင့် ပြောတဲ့အခါ "တပည့်တော်"လို့ ပြောတယ်၊ "ရှင်/ဗျာ" ထူးတဲ့နေရာတွင် "ဘုရား" လို့ ထူးတယ်၊ "အေး-အင်း-ဟုတ်ကဲ့" လိုက်သည့် နေရာတွင် "မှန်ပါဘုရား၊ တင်ပါဘုရား"လို့ ပြောတယ်။

ကျေးငှက်တို့ သာလိကာတို့ဆိုတာက လူစကားကို မြန်စွာ တတ်သိလွယ်တာဘဲ၊ တခါတုန်းက ဘုန်းကြီးတို့ ထားဝယ်မြို့ဘက်ကို တရားဟောသွားကြရာ၊ ရွာတရွာက ဘုန်းကြီးကျောင်းကို ရောက်ကြတယ်၊ ကျောင်းဘုန်းတော်ကြီးက ရေနွေးကြမ်းနှင့် မုန့်ပဲသွားရည်စာများဖြင့် ညှိ့ဝတ်ပြုလို့ စားသုံးဘုဉ်းပေးနေကြတယ်။

ဒီတုန်းက "ဘုန်းကြီးဘုရား"ဆိုတဲ့အသံကို ရုတ်တရက်ကြားရတယ်၊ ကျောင်းသားတယောက်က ခေါ်တယ်လို့ဘဲ ထင်ကြတယ်၊ တကြိမ်မက နှစ်ကြိမ် သုံးကြိမ် ကြားရလို့ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တော့မှ သာလိကာတကောင်ကို သွားတွေ့ရတယ်။

သူ့နားကို သေချာစွာသွားကြည့်တော့ သူက သူတတ်သမျှမှတ်သမျှတွေကို ရွတ်ပြတယ်။

"ဘုန်းကြီးဘုရား၊ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ၊ အနိစ္စ, အနိစ္စ" လို့လဲ ပီပီသသဆိုပြတယ်၊ အဲဒီတုန်းက ခေတ်စားနေတဲ့ အပျိုကြီးတွေနှင့် ပတ်သက်တဲ့ သီချင်းတပိုင်းတစကိုတောင် သူက ဆိုပြပါသေးတယ်၊ အံ့သြစရာဘဲ။

လိုရင်းကတော့ ဘုန်းကြီးကျောင်းမှာနေလို့ ရဟန်း၊ သံဃာများနှင့် နီးစပ်တော့ "ဘုန်းကြီးဘုရား, ဗုဒ္ဓေါ, ဗုဒ္ဓေါ, အနိစ္စ, အနိစ္စ" ဆိုတဲ့ ဗုဒ္ဓသာသနာ့ ယဉ်ကျေးမှုစကားတွေကို တတ်သိနေပုံကို ပြောလိုရင်းပါဘဲ။

ဒီ ဗုဒ္ဓရက္ခိတကလဲ ဒီလိုဘဲ ဗုဒ္ဓသာသနာ့ယဉ်ကျေးမှု စကားတွေကို တတ်သိနေတယ်၊ ဘုန်းကြီး ရဟန်းနှင့်လဲ စကားပြောတတ်တယ်၊ ယခုခေတ်-အချို့လူငယ်များ ဘုန်းကြီး ရဟန်းနှင့် စကားမပြောတတ်ကြဘူး၊ မလဲ့မရှောင်သာလို့ ပြောရယင်လဲ "ရှင်" တခွန်း "ဗျာ" တခွန်းနဲ့ ကယောင်ကတမ်း မှားယွင်းကြတယ်။

ခုနင်က ပြောခဲ့တဲ့ ဘုန်းကြီးကျောင်းက သာလိကာနှင့် ဘိက္ခုနီကျောင်းက ကျေးသားလေး လောက်တောင် မယဉ်ကျေး မသိမ်မွေ့ဘူးလို့ ဆိုရမှာဘဲ၊ ဒါဟာ ကျောင်းကန်ဘုရား ရဟန်းသံဃာများနှင့် ခေတ်လူငယ်တွေ ဝေးနေလို့ဘဲ။

ဗုဒ္ဓဘာသာအမည်ခံပြီး ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်တယ်ဆိုယင် ဒီ ယဉ်ကျေးမှုလောက်တော့ ရရှိအောင် ကျောင်းကန်ဘုရား ရဟန်းသံဃာများထံ ဆည်းကပ်ဘို့ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)။

ဘုန်းကြီးကို့ရဲ ဗုဒ္ဓရက္ခိတ ဇာတ်လမ်းလက်ကို ပြန်ဆက်ကြပါဦးစို့။

“ထေရ်မ,ကြီးက၊ တနေ့ကျသော်၊ ဗုဒ္ဓရက္ခိတ၊ ချစ်သားလုရယ်၊ မေ့မှုအစု၊ တခုခုကို၊ ပွားရှုစိတ်တွင်း၊ နှလုံးသွင်းရဲ့လား၊ ပွင့်လင်းမေးငြား၊ ထိုကျေးသားက၊ တရားတခု၊ ပွားမှုမရှိ၊ ဖြေပြုသောခါ၊ ထေရ်ဆရာက၊ “ဗုဒ္ဓရက္ခိတ၊ သံသဝိဟာ၊ နေသူမှာကား၊ ခမ္မာလွတ်ထား၊ အလကားတော့၊ နေငြားမသင့်၊ တရားကျင့်မှ၊ နေခွင့်သင့်လျော်၊ အရတော်လိမ့်၊ များသော်ကမ္မဋ္ဌာန်း၊ စီးဖြန်းခြင်းငှါ၊ မစွမ်းသာလျှင်၊ သူငါမရှိ၊ အဋ္ဌိအဋ္ဌိ၊ ရိုးစုရှိ၏၊ စိတ်သိရှုတ်ပွား၊ နှလုံးထားလော့” တရားပေးငြား။

အဓိပ္ပါယ်က အဲဒီဗုဒ္ဓရက္ခိတကို မွေးစားထားလို့ ရက်အနည်းငယ်ကြာတော့ မထေရ်မ,ကြီးက ဗုဒ္ဓရက္ခိတ ကျေးသားငယ်ကို ရှေ့မှာထားပြီး အချင်းချင်း ဒီလိုစကားပြောတယ်၊ မထေရ်မ,ကြီးက “အို-ချစ်သား ဗုဒ္ဓရက္ခိတ”လို့ ခေါ်တယ်၊ ကျေးသားငယ်က “အို-အရှင်မ၊ ဘာကိစ္စရှိလို့ပါလဲဘုရား”လို့ ပြန်လျှောက်တယ်။

ဒီတော့ မထေရ်မ,ကြီးက “သင့်မှာ တရားဘာဝနာ နှလုံးသွင်းမှုရှိလား”လို့ မေးတယ်။

“အရှင်မ၊ တပည့်တော်မှာ ဘာတရား ဘာဘာဝနာ နှလုံးသွင်းမှုမျှ မရှိပါဘုရား”လို့ ကျေးသားငယ်က ဖြောင့်ချက်ပေးဖြေကြားတယ်။

"အမောင်ဗုဒ္ဓရက္ခိတ၊ ကျောင်းကန်ရိပ်သာအတွင်း ရဟန်းသံဃာများရဲ့ ထံတော်ပါးမှာ နေသူဆိုယင် တရားမကပ် စိတ်အလွတ်မဖြစ်သင့်ဘူး၊ တရားတခုခုပွားရှုမှုကို လိုလားအပ်တယ်။

ဒါပေမဲ့- လူဇာတ်မဝင် တိရစ္ဆာန်ပင်ဖြစ်တဲ့ သင့်အနေနဲ့တော့ အဆင့်အတန်းမှီ သတိပဋ္ဌာန်ဝိပဿနာလုပ်ငန်းကို စွမ်းစွမ်းတမန် အားမထုတ်နိုင်တောင်မှ အဋ္ဌိအဋ္ဌိ၊ ပုဂ္ဂုလ်သတ္တဝါ သူငါ မရှိ အရိုးသာရှိတယ်၊ အရိုးသာရှိတယ်"လို့ စိတ်သိရွတ်ဆိုမှုကို ပြုလုပ်ပါလို့ သင်ကြားပြောဆိုပါတယ်။

ဒီမထေရ်မ,ကြီးရဲ့ အဆုံးအမ ဩဝါဒဟာ အလွန်မှတ်သားစရာကောင်းတယ်။

အာဝုသော၊ အမောင်ကျေးသား ချစ်သားဗုဒ္ဓရက္ခိတ၊ ပဗ္ဗဇိတာနံသန္တိကေ၊ ကျောင်းကန်ရိပ်သာများမှာ ပျော်မွေ့တော်မူကြတဲ့ ရှင်ရဟန်းတို့၏ ထံတော်ပါး၌။ ဝသန္တေနနာမ၊ ခ,စားဆည်းကပ်နေသူမည်သည်။ ဝိဿဋ္ဌစိတ္တဘာဝေန၊ တရားမကပ်လွတ်ထားအပ်သော စိတ်ရှိသည်၏အဖြစ်ဖြင့်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ နဝဋ္ဋတိ၊ အခွင့်မလျော် မသင့်တော်ပါချေ။ ကောဗိဒေဝ၊ တစုံတခုသာလျှင်ဖြစ်သော။ မနသိကာရော၊ ရှုပွားကျင့်သုံး နှလုံးသွင်းခြင်းကို။ ဣစ္ဆိတဗ္ဗော၊ မသွေမုချ အလိုရှိအပ်လှပါပေ၏ တဲ့။

ဘုရားသမီးတော် ရဟန်းတော်တို့ ပျော်မွေ့တဲ့ ကျောင်းမှာနေပြီးတော့ ဘာတရားကိုမျှ အားမထုတ်ဘူးရယ်လို့ ချစ်သားဗုဒ္ဓရက္ခိတရယ်။

ဖြစ်မှဖြစ်ရလေကွယ်၊ ရဟန်း သံဃာတော်များရဲ့ အနီးမှာ နေသူဆိုယင် တရားတခုခုကိုတော့ နှလုံးသွင်းအားထုတ်ရတယ်၊ တရားလက်လွှတ်နေလို့ မသင့်တော်ဘူးတဲ့။

ဒီအဆုံးအမ ဩဝါဒကို မှတ်သားလိုက်နာဘို့ မကောင်းဘူးလား၊ ပရိသတ်များ။

(ကောင်းပါတယ်ဘုရား)။

ရဟန်း သံဃာတော်တွေနှင့် အတူနေသူ ဆိုယင် လူဝတ်ကြောင်ဖြစ်ပေမဲ့ ရပ်ရွာအိုးအိမ်မှာ နေကြတဲ့ လူတွေလို မေ့မေ့လျော့လျော့နေလို့ သင့်တော်ပါ့မလား။

(မသင့်တော်ပါဘုရား)။

ရဟန်းသံဃာနှင့်နေသူဟာ အခြားလူတွေထက်တော့ တရားရှိဘို့ အရေးမကြီးဘူးလား။

(အရေးကြီးပါတယ်ဘုရား)။

ရိပ်သာ ကျောင်းတိုက် တွင်းမှာဘဲဖြစ်ဖြစ်၊ ခရီးသွားယင်းဖြစ်ဖြစ် ရဟန်း သံဃာတော်နှင့် အတူ လိုက်ပါနေသူ ဆိုယင် သူများထက်တော့ တရားရှိရမှာဘဲ၊ တရားဆိုတာ သီလ-သမာဓိ ပညာတွေပါဘဲ။

ဘုန်းကြီးတို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး တရားဟောကြွရာမှာ လိုက်ပါခွင့်ရတဲ့လူများဟာ တခြားလူများထက်တော့ တရားရှိရမယ်။

သီလဆိုယင်လဲ အခြားသူများ ငါးပါးသီလ ကျင့်ကြပေမဲ့- ဆရာတော်ဘုရားကြီးရဲ့ နောက်ပါလူများဟာ ရှစ်ပါးသီလကို ဆောက်တည်ကျင့်သုံးကြရတယ်၊ သတိပဋ္ဌာန် အမှတ်တရားကိုလဲ လက်လွှတ်မထားရဘူး။

ရောက်ရာဌာနတိုင်းရဲ့ နံနက်စောစော အိပ်ယာထ ဘုရား ဝတ်ပြုချိန်မှာ ဆရာတော်ဘုရားကြီးနှင့်အတူ ဘုရားဝတ်ပြုကြ ရပြီး သတိပဋ္ဌာန်တရားကို အချိန်ရသမျှ အားထုတ်ကြရတယ်။

ဒီလိုဆိုတော့ ရောက်ရာဌာနတွေကလဲ ကျေးဇူးရှင် မဟာ စည် ဆရာတော်ဘုရားကြီးရဲ့ နောက်ပါလူများကို ညနေစာနဲ့ မကျွေးမွေးရ မပြုစုရတော့ဘူး၊ ကိစ္စနဲပါးတယ်၊ ယောဂီဣန္ဒြေ နဲ့ ပြည့်စုံတယ်၊ နံနက်စာ ကျွေးမွေးပြုစုသူများကိုလဲ ကိုယ်က ရှစ်ပါးသီလမှာ တည်တဲ့ သတိပဋ္ဌာန်ဝိပဿနာဉာဏ်နဲ့ အထူး ချီးမြှောက်ရာလဲ ရောက်တယ်၊ ဆရာကောင်း တပည့် ပန်း ကောင်းပန်ဆိုတာလို မြင်သူတိုင်းက ကြည်ညိုအားကျ လေး မြတ်ကြတယ်၊ ဒီလိုဆိုတော့ မကောင်းဘူးလား၊ (ကောင်းပါ တယ်ဘုရား)။

ဒါကို နမူနာထားပြီး တခြားကျောင်းကန်ရိပ်သာမှာ နေ သူတွေဟာ လခစားနဲ့နေနေ၊ ကျောင်းသား ကပ္ပိယအဖြစ်နဲ့ နေနေ၊ စေတနာ လုပ်အားပေးအဖြစ်နဲ့ နေနေ၊ ဘယ်နည်းနဲ့ နေနေ တခြားအိမ်ယာတွေမှာ နေသူတွေထက်တော့ တရား ကျင့်ဖို့ အရေးမကြီးဘူးလား၊ (အရေးကြီးပါတယ်ဘုရား)။

ဒီလို ၁၀-ရက်စခန်း တရားအားထုတ်ပွဲကြီးတွေ၊ ရိပ်သာဂေါပကတွေ၊ ဘုရားလူကြီးတွေ ဆိုယင်လဲ ညစာမစားတဲ့ ရဟန်းသံဃာများအနီးမှာ ဆောင်ရွက်နေကြရတာ ဆိုတော့ သီလဖက်ကဆိုယင် အနည်းဆုံး ညစာမစားတဲ့ ရှစ်ပါးသီလနှင့် ပြည့်စုံသင့်တယ်၊ ဝေယျာဝစ္စ ဆောင်ရွက်သူဖြစ်ပေမဲ့ ဆောင်ရွက်ယင်းပင် အချိန်အခွင့်ရအောင်ယူပြီး တရားကိုလဲ နာဖြစ်အောင် နာရတယ်၊ တနေ့ တရားတထိုင်လောက်တော့ မရရအောင် ထိုင်သင့်တယ်။

ရွှေဆောင်ခေါင်းရွက် ဂေါပကလူကြီးများက တရားမနာဘူး၊ အားမထုတ်ဘူး ဆိုယင် တခြားသူများက တရားကို မကြည်ညို မလေးစားဘဲနဲ့ အကျိုးအမြတ်တခုခုကို ရည်ရွယ်ပြီး ရိပ်သာမှာ၊ ဘုရားမှာ၊ တရားပွဲမှာ၊ ကျောင်းမှာ၊ ရပ်ကွက်ဓမ္မာရုံမှာ သူတို့ ဆောင်ရွက်နေကြတာဘဲ-လို့ ကဲ့ရဲ့ဖွယ် ရှိပါတယ်၊ မကဲ့ရဲ့ပေဘူးလား၊ (ကဲ့ရဲ့မှာပါဘုရား)။

ဒါကြောင့်လဲ ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးရွာကြီးရဲ့ ဘိက္ခုနီကျောင်းတိုက်အုပ် မထေရ်မကြီးက ကျောင်းတွင်းမှာ နေတဲ့ ကျေးသားလေးကိုပင် တရား လက်လွတ်မနေနဲ့၊ တရားအလုပ်တခုခုကို အားထုတ်ပါ-လို့ ဆုံးမပြီး “အဋ္ဌိ- အဋ္ဌိ၊ အရိုးအရိုး” လို့ ရွတ်ဆိုရန် ကမ္မဋ္ဌာန်းတခုကိုပါ သင်ကြားပေးတယ်။

မထေရ်မကြီးရဲ့ ပုဂ္ဂိုလ်အလိုက် ကျင့်နိုင်ရုံ ကမ္မဋ္ဌာန်းပေးပုံဟာ ချီးကျူးစရာ မကောင်းဘူးလား၊ (ချီးကျူးစရာကောင်းလှပါဘုရား)။

'ကဲ ဒို့ ဗုဒ္ဓရက္ခိတဇာတ်လမ်း လက်ာကို ဆက်ကြဦးစို့။

"တရားပေးငြား၊ ထို ကျေးသားလဲ၊ တရားပွား
လျက်" တဲ့။

အဲဒီ ကျေးသားလေးဟာ မထေရ်မကြီးရဲ့ ဆုံးမဩဝါဒကို နာခံပြီး "အဋ္ဌိ-အဋ္ဌိ၊ အရိုးအရိုး" ဆိုတဲ့ကမ္မဋ္ဌာန်းကို စီးဖြန်းနေတယ်၊ ပါးစပ်က "အဋ္ဌိ-အဋ္ဌိ အရိုးအရိုး" လို့ ရွတ်ဆို သလို စိတ်ထဲကလဲ ငါ့သူတပါး ယောကျ်ားမိန်းမ လူနတ်တိရစ္ဆာန် ရယ်လို့မရှိဘူး၊ တလောကလုံး အရိုးသာရှိတယ် လို့လဲ သိ-သိ လာတယ်၊ တခြား လိုချင်စရာ အစားအစာ စသည်ကိုလဲ မတောင့်တဘူး၊ လောဘမဝင်ဘူး၊ တခြား မကျေနပ်စရာကိုလဲ မတွေးမိဘူး၊ ဒေါသ မဝင်ဘူး၊ သတိလွတ်ကင်း မောဟ ဝင်ခြင်းလဲမရှိဘူး၊ "အရိုးအရိုး" လို့သိတဲ့ အမောဟနှင့်ယှဉ်တဲ့ နီဝရဏကင်းတဲ့ သမာဓိလဲဖြစ်နေတယ်၊ စိတ္တဝိသုဒ္ဓိ သမာဓိ ခလောက် ဖြစ်သည်အထိ ခရီးရောက်နေတယ်၊ ကဲ-ရှေ့ဆက်ဦးစို့။

"တနံနက်တွင်၊ တိုင်ထက်နားနေ၊
ဆောင်းသစ်နေကို၊ လှုံလေသောခါ။
ဝမ်းစာရေးတွက်၊ စာရှာထွက်သည့်၊
သိန်းငှက်မြင်မူ၊ ခြေဖြင့်ယူတော့"

အဲဒီလို အဋ္ဌိကမ္မဋ္ဌာန်း စီးဖြန်းပွားများနေတဲ့ ကျေးငှက်လေးဟာ အလွန်အေးပြီး နှင်းခဖွေးဖွေးကျဆင်းတဲ့ ဆောင်းတွင်း နံနက်ခင်းရဲ့ နှင်းကွဲခနေထွက်ချိန်မှာ တံခါးတိုင်ထိပ်တွင် နားနေယင်း နေပူစာ လှုံနေရှာပါတယ်။

ဒီအချိန်မှာ အစာရှာထွက်လာတဲ့ သိန်းစွန်ငှက်တကောင်ဟာ ကောင်းကင်မှာ ဝဲပျံ့အစာရှာယင်း နေပူစာလှုံနေတဲ့ ဗုဒ္ဓရက္ခိတ ကျေးသားလေးကိုမြင်ရတော့ ဝမ်းသာအားရနဲ့ ထိုးသုတ်ကာ သူ့ခြေသဲကြား ညှပ်ယူသွားပါလေရော-တဲ့။ ဒီတော့—

"သံဆူ'ကိရိ'၊ များကြားသိလျှင်၊
လှန့်ဘိခဲပစ်၊ ငှက်ချလှစ်သော်။
အားသစ်ယူပြီ၊ သာမဏေရီတို့၊
ထေရီမကြီး၊ ထံတော်နီးသို့၊
ပို့ပြီးထားစဉ်"

ရုတ်တရက် စွန်သုတ်ယူခံလိုက်ရတဲ့ ဗုဒ္ဓရက္ခိတကျေးသားလေးလဲ "ကိရိကိရိ-ကျိကျိ"လို့ လန့်အော်မိလိုက်ရှာတယ်၊ အနည်းငယ် သတိလွတ်ပြီးအော်မိရာမှ မိမိစီးဖြန်းနေကျ အဋ္ဌိကမ္မဋ္ဌာန်းကို "အရိုးအရိုး"လို့ ပြန်လည်စီးဖြန်းနေလိုက်တယ်။

ဗုဒ္ဓရက္ခိတ ကျေးသားလေး အော်မြည်လိုက်တဲ့ အသံကို ကြားသိရတဲ့ သာမဏေရီများလဲ ဗုဒ္ဓရက္ခိတကျေးသားလေးကို သိန်းစွန်ချီယူကြောင်း သိကြတယ်၊ သိလျှင်သိခြင်းပင် ကြောက်လန့်ပြီး ချထားခဲ့အောင် သိန်းစွန်ကို ခဲနဲ့ မမှန်အောင်ပစ်ပြီး ခြောက်လှန့်ကြတယ်။

ဒီတော့ သိန်းစွန်လဲလန့်ပြီး ဗုဒ္ဓရက္ခိတလေးကို လွှတ်ချခဲ့တယ်၊ သာမဏေရီများလဲ ဝမ်းသာအားရ ရန်သူလက်က လွတ်လာတဲ့ ဗုဒ္ဓရက္ခိတ ကျေးငှက်လေးကို အပြေးကောက်ယူပြီး တိုက်အုပ်မထေရ်မကြီးထံ ဆောင်ယူသွားကြတယ်။

ဒီအခါ "ဆရာ ရှင်က၊ အသင်သားလှ၊ ဗုဒ္ဓရက္ခိတ၊ သိန်းကသင့်ချီ၊ ဝေဟင်ဆီဒ္ဓ၊ ကြံစည်စိတ်ထဲ၊ ဘယ် လိုလဲဟု၊ လိုက်လှဲမေးက၊ တစုံတခု၊ စိုးရိမ်မှုဖြင့်၊ မပြု မိရိုး၊ တခုရိုးက၊ တရိုးစုအား၊ ချီယူသွား၏၊ ဘယ်နား ကြဲမွေ၊ ပစ်ချချေအံ့၊ ကြံနေမိပါ၊ လျှောက်တင်ရှာ သော်"တဲ့။

တိုက်အုပ် အရှင်မဃထေရ်မကြီးက သူ့ရှေ့မှာ ရောက်နေတဲ့ ဗုဒ္ဓရက္ခိတကို "ချစ်သားဗုဒ္ဓရက္ခိတ၊ သိန်းစွန်ကြီးက သင့်ကိုချီယူ သွားတော့ သင့်စိတ်ထဲမှာ ဘယ်လိုနေသလဲ၊ ကြောက်များ ကြောက်သလား"လို့ ကရုဏာနဲ့ မေးတော်မူတယ်။

ဒီတော့ ဗုဒ္ဓရက္ခိတက "တပည့်တော်ဖြင့် . သိန်းစွန်ချီဘယ် လိုပင် မသိပါ၊ အရိုးစုဘခုက အရိုးစုတခုကို ချီယူသွားပြီး ဘယ်နားများ ဖရိုဖရဲ ဖြန့်ကြဲချပစ်ခဲ့မယ်မသိဘူးလို့ ဆင်ခြင်မိ ပါတယ်ဘုရား"လို့ ပြန်လည်လျှောက်တယ်၊ ဒီတော့ မထေရ်မ ကြီးက ဒီလိုချီးကျူးအားပေးစကားကို ပြောပါသတဲ့။

"သာဓု-သာဓု၊ ဤအမှုကား၊
ယခုသေလတ်၊ အနာဂတ်တွင်၊
ကင်းပြတ်ဘဝ၊ ပစ္စယတည့်၊
မိန့်ဟသမှု၊ ကောင်းချီးပြုသည်၊
လူထုနမူနာ ယူစေသော်"

အခိုပွါယ်ကတော့ မထေရ်မကြီးက "သာဓု-သာဓု၊ ကောင်းပေစွ- ကောင်းပေစွ၊ ချစ်သား ဗုဒ္ဓရက္ခိတ၊ ဒီလို သိန်းစွန်ရန်သူဖမ်းယူ ထိုးသုတ် ခံရတာကိုပင် ကြောက်လန့်ခြင်းမရှိ အရိုးစုတခုက အရိုးစုတခုကို ချီယူသွားတယ်၊ ဘယ်နား ချပစ်ခဲ့တယ်မသိဘူးလို့ ဆင်ခြင်သိမြင်နိုင်တာဟာ အလွန်တန်ဘိုးကြီးလှပါပေတယ်၊ သင့်မှာ အရိုးစုသမာဓိ နိမိတ်ပင် ကောင်းကောင်းထင်နေပြီဘဲ၊ ဒီလို စိတ္တဝိသုဒ္ဓိ သမာဓိနိမိတ်ကို သာမန်အားထုတ်သူတွေ ရနိုင် မြင်နိုင်တာ မဟုတ်ဘူး၊ သင်ဟာ ယခုဘဝမဂ်ဖိုလ်ရထိုက်တဲ့ တိဟိတ်လူသားသာဆိုယင် အဲဒီသမာဓိနိမိတ်ကို "မြင်တယ်၊ မြင်တယ်၊ တည်ငြိမ်တယ်" စသည်ဖြင့် ရှုမှတ်တဲ့ဝိပဿနာကို ဆက်ပြီး အားထုတ် လိုက်ယင် ဝိပဿနာဉာဏ်မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသွားနိုင်ပေတယ်။

ယခုတော့ သင်ဟာ အဟိတ်သား တိရစ္ဆာန် ဖြစ်နေလို့ ယခုဘဝမှာဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ပေဘူး၊ ဒါပေမဲ့ သူတော်ကောင်း အမှီရပြီး အရိုးစု ကမ္မဋ္ဌာန်းစီးဖြန်းနိုင်တဲ့ သင်ချစ်သားအဖို့တော့ အားငယ်စရာ မဟုတ်လှပါဘူး၊ ဆက်လက်သာ တရားကိုပွားများပါ၊ ယခုဘဝ သင်ဆောက်တည် ပွားများသမျှ သီလ- သမထ- ကုသိုလ်ဟာ ရှေ့အနာဂတ်မှာ မဂ်ဖိုလ်နိဗ္ဗာန်ကို ကောန်ရနိုင်တဲ့ တိဟိတ်သားလူစစ်ဖြစ်ပြီး သာသနာတွင်း သူတော်ကောင်းကိုအမှီရပြီး သတိပဋ္ဌာန်တရားကို ကြားနာကျင့်သုံးလိုက်ယင် မုချပင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီး အပါယ် ၄-ပါး တံခါးပိတ်နိုင်

ပေတယ်၊ ဘ၀ကုန်ခန်း ရဟန်းဖြစ်နိုင်တယ်၊ သင်ရဲ့ ယခုဘ၀ ကုသလဟာ ရှေ့ဘ၀အတွက် မဂ်ဖိုလ်ရဘို့အကြောင်း အထောက် အပံ့ဖြစ်ပေတယ်''လို့ ချီးကျူးအားပေးစကားကို မိန့်ကြားတော် မူပါတယ်၊ ဒါကြောင့် ဒီအဋ္ဌကထာမှာ—

''အနာဂတေ၊ ယခုဘ၀ပြီးရာ ဘ၀သစ်အနာဂတ်အခါ၌။ တေ၊ ဗုဒ္ဓရက္ခိတအမည်ရသည့် ဓမ္မပွားလျက် သင်ကျေးငှက် အား။ ဘ၀က္ခယာ၊ ခန္ဓာငါး၀ ဖြစ်ဒုက္ခတို့ ဘ၀ကုန်ခြင်း၏။ ပစ္စယော၊ ရကြောင်း ရောက်ကြောင်း အထောက်အပံ့ကောင်း သည်။ ဘ၀ိဿတိ၊ အမှန်စင်စစ် ကေန်ဖြစ်ပေလိမ့်မည်''လို့ ဖွင့် ပြထားပါတယ်။

ဒီဇာတ်လမ်းကို သာကေသားပြီး ဒို့မြန်မာတိုင်းဖွား သာ သနာတွင်းသား ရှင်လူများလဲအားကျကာ တရားရဘို့ကောင်း လှပါပေတယ်၊ သာသနာတွင်းသား ရှင်လူဖြစ်လျက်နဲ့မှ သတိ ပဋ္ဌာန်တရားကို နာကြားလေ့လာ အားထုတ်ခြင်း မပြုနိုင်ယင် ဗိဘိက္ခုနီကျောင်းက ကျေးသား တိရစ္ဆာန်လောက်မှ အသုံး မကျဘူးလို့ ဆိုရပေလိမ့်မယ်။

ကဲ-ဒီကျေးသား ဗုဒ္ဓရက္ခိတ ဇာတ်လမ်းလင်္ကာကို သဒ္ဓါပွား များပြီး တရားအားထုတ်ချင်စိတ်ပေါ်လာအောင် ဘုန်းကြီးက အစအဆုံးရွတ်ပြမယ်၊ ဒကာ ဒကာမများက အာရုံပြု နာကြား ပြီး များများကြီး သာဓုနှုမော်ခေါ်ကြပါနော်။

(မှန်ပါ ခေါ်ကြမှာပါဘုရား)။

## ဗုဒ္ဓရက္ခိတ ဇာတ်လမ်းလင်္ကာ

ကုရုတိုင်းမှာ၊ လူသာမကာ၊ ကျေးငှက်ကပင်လျှင်၊ ပတိရူပ၊ မိတ်ကောင်းရ၍၊ ဓမ္မပွားများ၊ ရှိခဲ့ပြား၏၊ မှတ်သားစရာ၊ ပြောပြပါအံ့၊ တခါတုန်းက၊ ကမ္မာသဒ်၌၊ က-မြို့စား၊ ဇာတ်သမားသည်၊ ကျေးသားတကောင်၊ လှည့်လည်ဆောင်၍၊ လူ့ဘောင်စကား၊ သင်ပေးထား၏၊ ဘုရားသမီး၊ ကျောင်းကိုမှီးကာ၊ တည်းခိုထွက်သွား၊ ထိုကျေးသားကို၊ မေ့ထားခဲ့ပြီ၊ သာမဏေရီတို့၊ ကောက်ချီမွေးစား၊ ထိုကျေးသားကို၊ ဘုရားစောင်မ၊ နိမိတ်ပြုလို့၊ ဗုဒ္ဓရက္ခိတ၊ မည်ပေးကြ၏၊ ထေရ်မ,ကြီးက၊ တနေ့ကျသော်၊ "ဗုဒ္ဓရက္ခိတ၊ ချစ်သားလှရယ်၊ ဓမ္မအစု၊ တခုခုကို၊ ပွားရှုစိတ်တွင်း၊ နှလုံးသွင်းရဲ့လား" ပွင့်လင်းမေးငြား၊ ထိုကျေးသားက၊ "တရားတခု၊ ပွားမှုမရှိ" ဖြေပြုသောခါ၊ ထေရ်ဆရာက၊ "ဗုဒ္ဓရက္ခိတ၊ သံဃဝိဟာ၊ နေသူမှာကား၊ ဓမ္မလွတ်ထား၊ အလကားတော့၊ နေငြားမသင့်၊ တရားကျင့်မှ၊ နေခွင့်သင့်လျော်၊ အရတော်လိမ့်၊ များသော်ကမ္မဋ္ဌာန်း၊ စီးဖြန်းခြင်းငှါ၊ မစွမ်းသာလျှင်၊ သူငါမရှိ၊ အဋ္ဌိအဋ္ဌိ၊ ရိုးစုရှိ၏၊ စိတ်သိရှုတ်ပွား၊ နှလုံးထားလော့" တရားပေးငြား၊ ထိုကျေးသားလဲ၊ တရားပွားလျက်၊ တနံနက်တွင်၊ တိုင်ထက်နားနေ၊ ဆောင်းသစ်နေကို၊ လှုံပေသောခါ၊ ဝမ်းစာရေးတွက်၊ စာရှာထွက်သည့်၊ သိန်းငှက်မြင်မူ၊ ခြေဖြင့်ယူတော့၊ သံဆူကိရိ၊ များကြားသိလျှင်၊ လှန့်ဘိခဲပစ်၊ ငှက်ချလွှတ်သော်၊ အားသစ်ယူပြီ၊ သာမဏေရီတို့၊ ထေရီမ,ကြီး၊ ထံတော်နှီးသို့၊ ပို့ပြီးထားစဉ်၊ ဆရာ

ရှင်က၊ "အသင်သားလှ၊ ဗုဒ္ဓရက္ခိတ၊ သိန်းကသင့်ချို၊ ဝေဟင်ဆီဌ်၊ ကြံစည်စိတ်ထဲ၊ ဘယ်လိုလဲ"ဟု လှိုက်လှဲမေးက၊ "တစုံတခု၊ စိုးရိမ်မှုဖြင့်၊ မပြုမိရိုး၊ တခုရိုးက၊ တရိုးစုအား၊ ချီယူသွား၏၊ ဘယ်နားကြဲမှေ့၊ ပစ်ချချေအံ့၊ ကြံနေမိပါ" လျှောက်တင်ရှာသော်၊ "သာဓု-သာဓု၊ ဤအမှုကား၊ ယခုသေလတ်၊ အနာဂါတ်တွင်၊ ကင်းပြတ်ဘဝ၊ ပစ္စယတည့်၊ မိန့်ဟာသမှု၊ ကောင်းချီးပြုသည်၊ လူထုနမူနာ ယူစေသော်။

(သာဓု-သာဓု-သာဓုပါဘုရား)။

ကဲ-ဇာတ်လမ်း လက်ာကိုတော့ ကြားနာပြီး အများဒကာသာဓုခေါ်ကြရပြီ၊ အရဆောင်ဘို့ကတော့ ရှည်လျားနေသေးတယ်။ ဒါကြောင့် တိုတိုတုတ်တုတ် ဆောင်ပုဒ်တခုကို လက်ဆောင်ပေးလိုက်ဦးမယ်၊ ကဲ-လိုက်ဆိုကြ၊ လိုက်ဆိုကြ။

## နမူနာထား လူများကျင့်စေလို

ကျေးငှက်လေးက- ဗုဒ္ဓအလို၊
အင္ဂ အင္ဂ- စိတ်သိရွတ်ဆို။
ရန်သူဖမ်းကောက်- ရှုံကြောက်မညို၊
ရိုးတစု- ရိုးစုချီ၏ကို။
နမူနာထား- လူများကျင့်စေလို။ ။

# ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင်

# တရားတော်

## ဒုတိယပိုင်း

---

### မဟာသတိပဋ္ဌာန် ဝိပဿနာပဋိပတ္တိသာသနာပြု
### ဓမ္မကထိက ထေရီ မိတ္တာကာဠီဝတ္ထု

ကုရုတိုင်း ကမ္မာသဓမ္မ နိဂုံးရွာကြီးမှာ သတိပဋ္ဌာန်တရား ခေတ်စားပုံနှင့် စပ်ပြီး လူသာမက လူ့အနီးအပါးနေတဲ့ ကျေးငှက်ကလေးကပင် တရားနှလုံးသွင်း အားထုတ်ကြောင်း ကတော့ ပြီးသွားပါပြီ။

လူသားထဲက ရှင်ရဟန်းပြုပြီး တရားဟောသာသနာပြုယင်း သံဝေဂရကာ ကိုယ်တွေ့တရားအားထုတ်လို့ တရားထူးရသွားတဲ့ သာဓကတခုကိုလဲ ထုတ်ပြ ဟောကြားပါဦးမယ်။

### ပုဏ္ဏမလေး ခင်ဆွေညို

သူ့နာမည်က မိတ္တာကာဠီ တဲ့၊ မိတ္တာ-ဆိုတာကတော့ "ခင် မင်ရပါသော အဆွေ" ကာဠီ-ဆိုတာကတော့ "မဲနက်သူ" ပေါ့၊

မြန်မာလို လျော်အောင်ပြန်ဆိုရယင်တော့ "မဲနက်"ကို"ညို"လို့ ဆဲ့ပြန်မှ "ခင်ဆွေညို"လို့ ခေါ်လို့ကောင်းမယ်။

အဲဒီ ခင်ဆွေညို-ခေါ်တဲ့ မိတ္တာကာဠီဟာ မဟာသတိပဋ္ဌာန် တရား ထွန်းကားခေတ်စားတဲ့ ကမ္မာသဓမ္မနိဂုံးသူလေးဘဲ၊ သူဟာ အဲဒီခေတ်က ဇာတ်မြင့်တဲ့ ဗြာဟ္မဏမျိုးနွယ်ကလေးဘဲ၊ ယခု ခေတ်စကားနဲ့ နားလည်အောင်ပြောရယင် ဖခင်ပုဏ္ဏားကြီးနှင့် မိခင် ပုဏ္ဏေးမကြီးတို့မှ ဖွားမြင်တဲ့ ပုဏ္ဏားအမျိုးသမီးကလေး ဖြစ်တယ်၊ အမျိုးအနွယ်ရော နာမည်ပါ အားလုံးပေါင်းပြီး အဆီလျော်ဆုံး ဘာသာပြန်ဆိုရယင် "ပုဏ္ဏမလေး ခင်ဆွေညို" လို့ ခေါ်ဆိုနိုင်ပါတယ်။

သူဟာ ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောဖော် ညွှန်ပြ ဆိုဆုံးမတော်မူတဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာတရား ပွဲကြီးတွင် ရှေ့တန်းကပါဝင်ပြီး နာကြားခဲ့သူကလေးဘဲ၊ ဒါ ကြောင့်သူဟာ "ဘုရား,တရား,သံဃာ" ရတနာမြတ် သုံးပါး ကို အထူးကြည်ညိုလေးစားပြီး တန်ဘိုးထားသူလေး ဖြစ်တယ်၊ ကမ္မာသဓမ္မနိဂုံးမှာ ဆွေးနွေးကြတဲ့ သတိပဋ္ဌာန်တရား ဆွေး နွေးပွဲတိုင်းမှာလဲ သူပါဝင်မြဲဖြစ်တယ်။

မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို မနာကြားဘူးသေးသူ အားမထုတ်ဘူးသေးသူများကို တွေ့ယင်လဲ သူက နာကြားရန် အားထုတ်ရန် ဟောကြားဆော်ဩတယ်၊ ဒီလိုနဲ့ တယောက် တွေ့လဲဟောကြား၊ နှစ်ယောက်တွေ့လဲ ဟောကြား၊ ၃-၄- ၅-ယောက်တွေ့လဲ ဟောကြား၊ ၁၀-ယောက် အယောက်-၂၀

တွေလဲ ဟောကြားနဲ့ ဆိုတော့ သူဟာ မဟာ သတိပဋ္ဌာန် ဝိပဿနာဓမ္မကထိကမယ်လေး ဖြစ်မှန်းမသိ ဖြစ်နေတော့တယ်။

ဒီလိုနဲ့ မြတ်စွာဘုရား ထံတော်ပါးကိုလဲ မကြာမကြာ သွား ရောက်ပြီး တရားနာတယ်၊ နာကြားရတဲ့တရားကိုလဲ အထိုက် အလျောက် နှလုံးသွင်းတယ်။

ကြာတော့ ပုဏ္ဏမလေးခင်ဆွေညိုဟာ မြတ်စွာဗုဒ္ဓရဲ့ အဆုံး အမ သာသနာတော်ခာတ်တွေ ရောင်ပြန်ဟပ်ပြီး သာသနာ သွေး ဝင်လာဘယ်၊ လူဘောင်ဒုက္ခ အဝဝကို အပြစ်မြင်ပြီး အိမ်ယာမထောင် ရဟန်းဘောင်ကို တက်ရောက်ချင်လာတယ်၊ ဒါကြောင့် မိဘနှစ်ပါးထံခွင့်ပန်ပြီး မြတ်စွာဘုရား၏ ထံတော် ပါးသို့ ချဉ်းကပ်ပြီး လျှောက်ထားတယ်၊ မြတ်စွာဘုရားကလဲ ခွင့်ပြုတော်မူပြီး ဘိက္ခုနီမများကျောင်းမှာ ပုဏ္ဏမလေး ခင်ဆွေ ညိုအား ရဟန်းအမျိုးသမီး ပြုလုပ်စေတော် မူပါတယ်။

ဒီအချိန်ကစပြီး သူမဟာ မိတ္တာကာဠီထေရီ-ရယ်လို့ ထင် ရှားလာတယ်၊ သူမဟာ ရဟန်းမ-ဘိက္ခုနီ ထေရီမယ်ဘဝလဲ ရောက်ရော သူလူဘဝတုန်းက အလွန်စိတ်ဝင်စားခဲ့တဲ့ မဟာ သတိပဋ္ဌာန် ဝိပဿနာတရားတွေကို ကြိုးစားလေ့လာပြီး ဟော ကြားလို့သာ နေပါတော့တယ်။

မိတ္တာကာဠီထေရီမယ်ဟာ အမျိုးသမီးကလဲဖြစ်ပြန် အမျိုး ဇာတ်အားဖြင့်လဲ မြတ်ပြန် အသားကညိုညို သက်နှင်းကညိုညိုနဲ့ သာသနာ့အရိပ် ခိုသူလေးမို့ ကြည်ညိုဖွယ်ရာ ရုပ်ဆင်းရူပကာ

ကာလဲရှိပြန် အဟောကလဲကောင်း အသံကလဲသာ ဆိုတော့ ဘာပြောကောင်းမလဲ ရှင်ရောလူပါ ဆိုတာလို မိတ္တာကာဠီ ထေရီကို အားလုံးက ကြည်ညိုကြတယ်။

ဒီလိုကြည်ညိုတော့ လောကဓမ္မတာအတိုင်းပင် မိတ္တာကာဠီ ထေရီကို ဟိုကပင့် သည်ကပင့်နဲ့ ပင့်ပင့်ပြီး တရားပွဲကျင်းပ ကြတယ်၊ ကံလဲလိုက်, ဉာဏ်လဲဆိုက်, ဟန်ကလဲ ကိုက်နေတော့ မိတ္တာကာဠီထေရီရဲ့ တရားပွဲတဲ့ဟော့- ဆိုယင် ရှင်ရော လူပါ တရားနာပရိသတ်ဟာ လွန်စွာ စည်ကားနေတော့တယ်။

နာမည်ကျော် ဓမ္မကထိက ထေရီမ, မိတ္တာကာဠီ-ဆိုယင် ဟိုကကြည်ညိုချင် သည်ကဖူးမျှော်ချင် ဟိုက သင်္ကန်းလှူပါရ စေ သည်က ကျောင်းဆောက် လှူပါရစေ-စသည်ဖြင့် ဆည်း ကပ်ဖူးမြော် ပူဇော်လှူဒါန်းကြတာလဲ အံ့မခန်းပေါ့။

ဒါကြောင့် မိတ္တာကာဠီထေရီလဲ တရားဟောကြွရ, အဖူး မြော်ခံရနဲ့ အားရနားရတယ်လို့ မရှိပါဘူး၊ ဒါပေမယ်လို့ အလုပ် ထက် အဟောဘက်မှာပိုသူ့မို့ ဝါသနာကလဲ ကြီးတာကြောင့် ဒီလို ဟောရ, ပြောရတာ, ဒး ဖူးမြော်, အပူဇော် ခံရတာကို မောတယ်ပန်းတယ် သဘောမထားတဲ့အပြင် ပုထုဇဉ်သဘာဝ အလျောက် ဒါတွေကို သာယာသဘောကျပြီး သွေးကြွကာ စိတ်ကြီးတောင် ဝင်မိပါလိမ့်မယ်။

အထူးအားဖြင့် ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားဘဲ သူများ ကိုသာကျွေးပြီး ဟိုပြေး ဒီလွှားနဲ့ တရားဟောယင်း လာဘ်

လာဘ ရေယဉ်ကျောမှာ မျောနေရှာပါ တော့တယ်၊ ဒီလို မျောနေတာဟာ ခုနစ်နှစ်တောင် ကြာပါသတဲ့။

ကိလေသာ တဏှာလောဘများဟာ တယ်ပြီးကြောက်စရာ ကောင်းတာဘဲ၊ ဒီကိလေသာတွေကို ကြောက်လို့ လူ့ဘောင် စွန့်ခွါကာ ရဟန်းဘောင် ဝင်လာပြီးကာမှ တဖန် လူတွေလူ ဒါန်းတဲ့ ကျောင်း သင်္ကန်း ဆွမ်း ဆေး လေးပါးသောပစ္စည်း တွေကို သာယာနှစ်သက် စုံမက်မြတ်နိုးကာ မျက်စိလယ်ရသေး တာဘဲ။

## သံဝေဂဉာဏ်ဝင် လမ်းမှားမြင်

မိတ္တာကာဠိ ထေရီမယ်ဟာ ဒီလို လာဘ်လာဘ ရေယဉ် ကြောမှာ မျောနေမိခဲ့ရာမှ သံဝေဂဖြစ်ပြီး အမှားကိုမြင်လာ ပုံကို သူ့ဘဝဖြစ်စဉ်ကို ပြန်လည်ဟောကြားတဲ့ ထေရီအပဒါန် မှာ ဒီလို ဖော်ပြထားပါတယ်။

တဿာ မေ အာဟု သံဝေဂေါ၊ နိသိန္နာယ ဝိဟာရကေ။
ဥမ္မဂ္ဂပဋိပန္နမှိ၊ တဏှာယ ဝသမာဂတာ။

တဿာ မေ၊အသံချိစွာဟန်မူရာနှင့် ဂါထာပါဠိအနက်အာဂုံ ကျက်၍ ကြိုက်ကွက်ပေးကာ ဟောပြောစာဖြင့် မပါအကျင့် လာဘ်မြော်လင့်လျက် ကြာမြင့်ခဲ့သော ထိုငါသည်။ဝိဟာရကေ၊ အများလှူဒါန်း ကျင့်ရှင်လန်းဖို့ မိမိနေရာ ကျောင်းတိုက်ခန်း၌။ နိသိန္နာယ၊ အမှတ်မထင် ထိုင်နေရှင်ပြုံး သီတင်းသုံးစဉ်။ သံဝေ ဂေါ၊ ပဋိသန္ဓေ အိုနာသေတို့ ရှုပ်ပွေညစ်ထေး ဘေးမျိုးစုံရာ

သံသရာမှ လွတ်ရာလွတ်ကြောင်း သတိပဋ္ဌာန်တရားကောင်းကို ပယ်ရှောင်းမကျင့် လာဘ်မျှော်လင့်ကာ မသင့်မေ့လျော့ မိုက်သဘောသည် အံ့ဩကြောက်စရာ တကယ်ပါကလားဟု ထိတ်လန့်မှုသံဝေဂသည်။ အာဟု၊ အသည်းဆိုင်ကိုင်ကာလှုပ်သလို အဟုတ်ကိုဖြစ်ပေါ်လာပါ၏။ ကထံ၊ အဘယ်သို့ဖြစ်ပေါ်သနည်း ဟူမူကား။ အဟံ၊ မိတ္တာကာဠီ မယ်ထေရီဟု နာမည်ကျော်ကြား သတိပဋ္ဌာန် ဓမ္မကထိကတပါး ဖြစ်ပေသော ငါသည်။ တဏှာယ၊ နာမည်ကျော်ကြား ဂုဏ်ပကားနှင့် လေးပါးပစ္စည်း ယူသိမ်းဆည်း၍ လိုသည်းတွယ်ဘာ စိတ်ယုတ်မာတဏှာ၏။ ဝသံ၊ ရလေလိုလေ ငတ်မပြေသည့် ထွေးထွေထိုသို့ အလိုနိုင်ငံသို့။ အာဂဘာ၊ စရိုက်ပွါး အကြိုက်များ မိုက်မှားခါခါ လိုက်စားပါလျက်။ ဥမ္မဂ္ဂပဋိပန္နာ၊ အသံချိုစွာ ဟန်မူရာနှင့် ဆရာယပ်လှဲ့ အကျင့်နဲ့လျက် လမ်းလွဲလမ်းကောက် သွားရောက်လိုက်စား မိုက်မှား ချွတ်ချော်၍ မေ့ပျော်နေသည်။ အမို၊ အကျင့်မမြင် လာဘ်ကိုခင်လျက် မှားပင်မှားရိုး မှားစပျိုး၍ မှားမိုးတွေစွေ မှားပင်လယ်ဝေပြီး အမှားတွေချည်း ဖြစ်မိလေစွတကား....။

(သာဓု....သာဓု....သာဓု)

"ဩြဲ-မိတ္တာကာဠီ-မိတ္တာကာဠီရယ်၊ နင့်အကျင့်နင့်သိလကို နင့်ဟာနင် မှန်လှပြီ ဟုတ်လှပြီလို့များထင်ယင် မှားမယ်နော် မှားမယ်၊ နင့်ကိုလူတွေက တရားဟောကောင်းတယ်၊ တရားဟောကောင်းတယ်လို့-မြှောက်စားပြီး လှူလားတန်းလားနဲ့ ဖမ်း

စားနေတာလောက်ကို ဘုရားအလိုကျပြီ ငါ့တာဝန်ကျေပြီ-လို့ များ အထင်မမှားလေနှင့်နော်။

သင် သာသနာ့ဘောင်ဝင်ခဲ့စဉ်တုန်းက—

“သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ=ပဋိသန္ဓေ အိုနာသေတို့ အထွေထွေ နှိပ်စက်နေတဲ့ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကျွတ်လွတ်ရန် ရှင်ရဟန်းပြုလိုပါတယ်” ဆိုတဲ့ တောင်းပန်ခဲ့ပုံများကို ယခု စဉ်းစားကြည့်စမ်းပါဦး။

ယခုတော့ သင်ဟာ ကိုယ့်အတွက် ကျင့်ကွက် လုပ်ကွက်မပါဘဲ သူတပါးအတွက်ချည်းသာ ဟောကြားယင်းက ရလာတဲ့ ကျော်ကြားမှုနှင့် ပစ္စည်းလာဘ်လာဘကိုသာ သာယာနှစ်သက်ပြီးနေတာဟာ နင့်မှာ ဘာအကျိုးများတော့မှာလဲ၊ ကိုယ်ကျင့်မပါတဲ့ နင့်ဟောကွက်တွေကလဲ ဘုရားဖက်မပါဘဲ ပုထုဇဉ်သတ္တဝါတွေဖက်ပါပြီး တဏှာသံတွေသာ များများပါလာပါတကား၊ ဒီလိုဆိုယင် တရားနာတွေကလဲ တရားမကြိုက်၊ အသံနှင့် ဟန်ကိုသာကြိုက်ပြီး ဟောသူရော နာသူပါ ဗလာအကြွားနှင့် တဏှာသမားတွေဖြစ်ကုန်ပြီး မဟာအမှားတွေ ပင်လယ်ဝေလို့ အပါယ်စာတွေဖြစ်ကုန်လိမ့်မယ်၊ သတိထား၊သတိထား၊စဉ်းစားပါ၊ စဉ်းစားပါ၊ ယခုအရေးအကြီးဆုံးကတော့ ကိုယ်ကျိုးကိုယ်တွက် ပဋိပတ်ဖက်ကို အဦးမူဦးမှဖြစ်မယ်”လို့ သံဝေဂပွါးကာ အမှားကိုပယ်ဘို့ သတိထားမိပါတယ်-တဲ့။

ပြီးတော့ မိမိတွက်တာလဲ ဘုရားသာသနာမှာ လူလာဖြစ်ပြီး လူ့ထက်မြင့်မားတဲ့ အထက်တန်းစား ရဟန်းများပင်ဖြစ်နေချိန်မှာ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာမပြုတ်သေးယင်လဲ အပါယ်ဘေးနှင့်မဝေးသေးဘူး၊ အပါယ်တခါစောင်းသွားယင်လဲ ဝဋ်ဘောင်းရှည်ကြာ ကြောက်စရာ ကောင်းလှတယ်၊ ကိလေသာ အကုန်မကင်းသေးယင်တော့ ပဋိသန္ဓေ အိုနာသေ ဆင်းရဲဘေးတွေမှလဲ မလွတ်သေးဘူး၊ ကိုယ့်သန္တာန်မှာ ထက်ချပ်မကွာပါနေတဲ့ ကြောက်စရာတွေကိုလဲရှုမြင်ဖို့အရေးကြီးလှပါတယ်-လို့ ဆင်ခြင်စဉ်းစားပြီး ဒီလိုဟောကြားထားပါသေးတယ်။

မအိုမနာမသေမီ မေ့မနေသင့်ပြီ

အပ္ပကံ ဇီဝိတံ မယှံ၊ ဇရာဗျာဓိ စ မဒ္ဒတိ။

ပုရာယံ ဘိဇ္ဇတိ ကာယော၊ န မေ ကာလော ပမဇ္ဇိတုံ။

မယှံ၊ မိတ္တာကာဠ သညီခေါ်ကြ သတိပဋ္ဌာန်မမွကထိက ဗုဒ္ဓသာဝိကာ ထေရီငါ၏။ ဇီဝိတံ၊ကံစိတ်ဥတု အာဟာရကြောင်းလေးဝအလျောက် ပေါ်ပေါက်တည်လျက် အသက်ခေါ်ရ ရုပ်ဇီဝိတ နာမ်ဇီဝိတသည်။ အပ္ပကံ၊ ဖြစ်ပေါ် မွေးဖွားသည်မှစ၍ တရွေ့ရွေ့ကုန်ပျက်ပြယ် သေဖက်နယ်ခရီး တကယ်နီးနီးလာရ အနည်းငယ်မျှသာရှိပါ၏။ ဇရာဗျာဓိစ၊ ရှေးကံပေးသမျှ ခန္ဓာရလျှင် မုချရှောင်ကွင်း ရနိုင်ခြင်းမရှိ အိုနာခြင်းသည်လည်း။ မဒ္ဒတိ၊ ဥပါဒ်ဌီဘင် အစဉ်မပျက် မပြတ်နှိပ်စက်၍ နေပါ၏။

အယံကာယော၊ ပုပ်နံ့ညှီလောင်း ဒုက္ခထောင်း၍ မကောင်းဖြစ်ပျက် နိုပ်စက်ဖိစီး ဤကိုယ်ကြီးသည်။ ပုရာဘိဇ္ဇတိ၊ ဤဘဝအတွက် အပြီးသတ် မပျက်စီးမှီ။ မေ၊ မိတ္တာကာဠ္ဌေ သညီခေါ်ကြ သတိပဋ္ဌာန်ဓမ္မကထိက ဗုဒ္ဓသာဝိကာ ထေရီငါအား။ ပမင့်တုံ၊ တရားမဖက် ပေါ့ပျက်ပျက်နဲ့ နေ့ရက်များစွာ ဟောကာပြောကာ အိပ်စားကာဖြင့် မေ့လျော့ခြင်းငှါ။ န ကာလော၊ အခါမဟုတ်ပါချေ။ နကာလော၊ ပဓာနအလုပ်တရားအားမထုတ်ဘဲ မေ့ကျောဆွဲကာ နေစရာအခါကာလ မဟုတ်ပါချေတကား....၊

(သာဓု....သာဓု....သာဓု)

လေ့ကျက်ဟောကြား ကုသိုလ်ပွါးရာမှုတဆင့် လာဘ်နှင့်ကျော်စော မက်မောလိုက်စား အကုသိုလ် များတာတော့ မကောင်းသေးဘူး။

အမှန်ကတော့ ကိုယ့်ဘွက်ကိုယ့်တာ သတိပဋ္ဌာန် ဝိပဿနာ ပွါးဘို့ကလဲ အရေးကြီးသေးတယ်၊ ကိုယ်တွေ့အတော်အတန် အာမခံချိမှသင့်မယ်။

တကယ်ဆိုတော့ ယခုအခါအသက်တမ်းတရာဆိုသော်လည်း တရာမပြည့်မှီ မသေစေရဘူးရယ်လို့ မည်သူတဦးတယောက်ကမျှ အာမခံပေးနိုင်တာ မဟုတ်ဘူး။

ရှေးကံကုန်လို့လဲ သေနိုင်တယ်၊ ကိလေသာစိတ်များကိုမတား ထိန်းနိုင်လို့ စိတ်နောက်ကိုယ်ပါ ပြောဆိုပြုလုပ်ယင်းကလဲ သေး

ဒုက္ခတမျိုးမျိုးနဲ့တွေ့ပြီးလဲ သေနိုင်တယ်၊ ဥတုဖောက်ပြန် လေမိုး ဒဏ်နှင့် ဘေးရန်ရောဂါနှိပ်စက်ပြီးတော့လဲ သေနိုင်တယ်၊ စားသောက်ဖွယ်ရာ အာဟာရနှင့် ပတ်သက်ပြီးတော့လဲ ရှာဖွေယင်း မသင့်မတင့်တာကို စားသောက်မိယင်လဲ သေနိုင်တယ်။ ဒီအကြောင်း ၄-ပါးကြောင့် အသက်ရှင်နေရသလို ဒီအကြောင်း လေးပါး တပါးပါးဖောက်ပြားရုံနဲ့လဲ သေနိုင်တယ်။

တခြားဘေးရန် အန္တရာယ်များကြောင့်လဲ သေနိုင်တယ်၊ သတ္တဝါရယ်လို့ဖြစ်လာ မွေးဖွားလာပြီးကတည်းက သေဖို့ရာသာ နီးကပ်လာတော့တာဘဲ၊ အသက်နေ နည်းပါးလှချေ၏တကား။

အကြောင်းညီညွတ်လို့ မသေသေးဘဲ အသက်တမ်းအတိုင်း နေရပြန်သော်လည်း အိုဆင်းရဲ နာဆင်းရဲတွေက တဖွဖွတသသ နှိပ်စက်လို့သာ နေပြန်ပါသေးတယ်။

ဉာဏ်သတိရှိရှိနဲ့ စူးစိုက်ကြည့်လေလေ အိုနာသေ ဒုက္ခတွေကို ကြောက်စရာကောင်းလေလေဘဲ။

ယခုကပင် ခန္ဓာကိုယ်မပျက်စီးခင်မှာ စားကာသောက်ကာ ဟောပြောကာနဲ့ တရားအလုပ် အားမထုတ်ဘဲ မေ့ကျောဆဲ့ နေလို့တော့ မတော်ပါဘူး၊ အချိန်မဖြုန်းဘဲ ကိုယ်ထဲစိတ်ထဲ တရားစွဲအောင် အားထုတ်မှ ဖြစ်တော့မယ်လို့ ကြံစည်မိတော့တယ်။

မိတ္တာကာဋ္ဌိထေရ်မိမယ်လဲ ဒီလို သံဝေဂဉာဏ် အမြင်သန် ပြီးနောက် ဟောကြားခြင်းအလုပ်ကို ပလိဗောဓဖြတ်ကာ ရပ်

နား၍ ကိုယ့်အရေးကိုယ်တွေးကာ မဟာသတိပဋ္ဌာန်ဝိပဿနာ အလုပ်ကိုသာ စောက်ချပြီး အားထုတ်နေတော့တယ်-တဲ့။

ဘယ်လို အားထုတ်သလဲဆိုယင် စောစောတုန်းက ကြိုတင်ပြီး ဟောခဲ့သလို ၆-ဒွါရနှင့် ၆-အာရုံဆုံလေတိုင်း ဖြစ်ပေါ်လာတဲ့ ဝိညာဏ် ၆-ပါးနှင့်တကွ ထင်ရှားသမျှ ရုပ်နာမ်ခန္ဓာများကို ရှုမှတ်ပွားများ ကြိုးစားအားထုတ်တော့တာဘဲ။

ကာယနှင့် ဖောဋ္ဌဗ္ဗဆိုကြလို့ ဖြစ်ပေါ်နေတဲ့ လှုပ်ရှားမှု ဝါယောဖောဋ္ဌဗ္ဗရုပ်များ အထူး ထင်ရှားတဲ့ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှု၊ ကွေးမှု၊ ဆန့်မှု၊ စားသောက်မှု၊ သပိတ်သင်္ကန်း ကိုင်ဆောင်ဝတ်ရုံမှု ကျင်ကြီး ကျင်ငယ်စွန့်မှုမှ မကျန်အောင် ရှုမှတ်နေတယ်။

တရားထိုင် ရှုမှတ်ယင်း မြင်လာယင်လဲ "မြင်တယ်၊ မြင်တယ်"လို့ ရှုမှတ်တယ်၊ ကြားယင်လဲ "ကြားတယ်"၊ နံယင်လဲ "နံတယ်"၊ ထိယင်လဲ "ထိတယ်"၊ ပူယင်လဲ "ပူတယ်"၊ နာယင်လဲ "နာတယ်"၊ စိမ့်ယင်လဲ "စိမ့်တယ်"၊ ငြိမ့်ယင်လဲ "ငြိမ့်တယ်"၊ စိတ်ကူးယင်လဲ "စိတ်ကူးတယ်"၊ ဝမ်းသာယင်လဲ "ဝမ်းသာတယ်"၊ ချမ်းသာယင်လဲ "ချမ်းသာတယ်"စသည်ဖြင့် ရှုမှတ်နေတယ်။

အဲဒီလိုရှုမှတ်နေယင်း ရှုမှတ်စရာနှင့် ရှုမှတ်တာ နှစ်မျိုးသာ ရှိကြောင်းကိုလဲ သိလာတယ်၊ ရှုမှတ်စရာအကြောင်းနှင့် ရှုမှတ်မှုအကျိုး ၂-မျိုးမျှ ရှိတာကိုလဲသိတယ်၊ ရှုမှတ်စရာရော ရှုမှတ်

မှုပါပေါ်ပြီး ပျောက်ပျောက် သွားတာများကိုလဲ သိတယ်၊ ဒီလိုရှုမှတ်ယင်းပင် ရှုမှတ်စရာရော ရှုမှတ်မှုများပါ အားလုံး ငြိမ်းရာကို ဆိုက်ရောက်သွားတာကိုလဲ သိတယ်။

အဲဒီလို ဖြစ်ပျက်ရုပ်နာမ်နှစ်မျိုးလုံး ချုပ်ငြိမ်းရာကို လေးခါပင် ဆင့်ကဲဆင့်ကဲ သိမြင်သွားတယ်။

ဒီလို သိမြင်ရကြောင်း ကိလေသာကုန်ခမ်း ရဟန္တာ ဖြစ်ကြောင်းကို သူ့ဘဝဖြစ်စဉ်ကို ပြန်လည်ဟောကြားတဲ့ ထေရီ အပဒါန်မှာ ဒီလို ပြဆိုထားပါတယ်။

## မိတ္တာကာဠိထေရီရဲ့ သာသနာပြု ဥဒါန်း

ယထာဘူတံ အဝေက္ခန္တီ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
ဝိမုတ္တစိတ္တာ ဥဋ္ဌာသိံ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အယျာယော၊ ရင်ဖွင့်ဥဒါန်း နာကြားမည်မှန်း၍ ရှင်လန်း ရောက်လာ တရားနာကြ များစွာသောင်းသောင်း အိုအရှင်မ အပေါင်းတို့။ အဟံ၊ ကုရုတိုင်းက ကမ္မာသဓမ္မနိဂုံးမှာ သတိ ပဋ္ဌာန်မိုးရွာလို့ သဒ္ဓါပွားများ စိတ်ဝင်စားလျက် ပယ်ရှားလူ့ဘောင် ဖန်ဝါဆောင်သည့် မြတ်ခေါင်သာသနာ ဝင်ရောက်လာပြီး လာဘ်ကိုမှီးလျက် မေ့ကြီးမေ့ကာ ကျင့်မပါဘဲ ဟောကာပြောကာ နေခဲ့ရာမှ သံဝေရ၍ ဓမ္မမြိုက်များ ရှုမှတ်ပွားဘို့ စိတ်အားထက်ကာ လမ်းမှန်ရှာသော မိတ္တာကာဠီ ငါထေရီ သည်။ ခန္ဓာနံ၊ ခြောက်ဒွါရခြောက်အာရုံ ပေါင်းဆုံတိုင်းပွင့် ပေါ် နှစ်ဖော်ရုပ်နာမ် ဥပါဒါန်၏ အာရုံတရား ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏။ ဥဒယဗ္ဗယံ၊ ပေါ်တိုင်း ပျောက်တိုင်း ဖြစ်နှင့်

ပျက်ကို။ ယသာဘူတံ၊ ထင်ရှားသည့်အတိုင်း မဆိုင်းမှန်စွာ။ အဝေကွန္တိ၊ ပေါ်ခိုက်ပေါ်ခိုက် မုတ်ဉာဏ်စိုက်၍ အားတိုက်ကြိုးစား ပွားများတင်ထင် ရှုဆင်ခြင်လျက်။ ဝိမုတ္တစိတ္တာ၊ သီလဖြူစင် စိတ်ကြည်လင်ပြီး မှန်မြင်ရုပ်နာမ် ကြောင်းကျိုးမှန်နှင့် ဖြစ်ပြန်ပျက်ပြန် ပျက်သာကျန်ပြီး ကြောက်ကြီး ကြောက်စရာ ပြစ်မြင်လာ၍ သံသာညီးငွေ့ လွတ်လိုရှေ့ဆက် ရှုလျက်တဖန် သင်္ခါပြန်ရှု လျစ်လျူရှုလျက် လျှင်လျှင်တက်ပြီ ဖြတ်ဖျက်ပုထုနှယ် သင်္ခါနယ်ဆုံး ရုပ်နာမ်သုဉ်းရာ မဂ်ခလေးဖြာ ဖိုလ်လေးဆင့် မြင့်ထက်မြင့်ရာ ရပြီသာမို့ တဏှာမှလွတ်သော စိတ်ရှိသည်ဖြစ်၍။ ဥဋ္ဌာသိ ၊ ဝဋ်ဒုက္ခသံသရာ ကိလေသာရန် အတန်တန်အဝဝ အောင်မြင်ထမြောက်ရပါပေပြီ။ ဗုဒ္ဓဿ၊ သုံးလူ့ထွဋ်ထား မြတ်စွာဘုရား၏။ သာသနံ၊ ဆုံးမရာဆုံးမကြောင်း အဆုံးမကောင်း သာသနာတော်ကို။ ဝါ၊ ပရိယတ်အစ ပဋိပတ်အလယ် ပဋိဝေဓဝယ်အဆုံး သာသနာတော် မြတ်သုံးပါးကို။ ဝါ၊ သီလအစ သမာဓိအလယ် ပညာဝယ်အဆုံး သာသနာတော် မြတ်သုံးပါးကို။ ဝါ၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးလုံး သိမ်းကျုံးမိရာ ဧကာယန သတိပဋ္ဌာန်နိဗ္ဗာန်ရောက်ရန် တကြောင်းတည်းသော လမ်းမှန် မဟာသတိပဋ္ဌာန်ဝိပဿနာ အပ္ပမာဒ သာသနာတော်ကို။ ကတံ၊ ဘုရားအကြိုက် လိုတော်လိုက်၍ အားတိုက်မှန်စွာ ပြုစုရပါပေပြီ။ ဗုဒ္ဓဿ သာသနံ ကတံ၊ ဗုဒ္ဓမြတ်စွာ သာသနာ မှန်စွာပြုရပါပေပြီ။ ဗုဒ္ဓမြတ်စွာသာသနာ မှန်စွာပြုရပါပေပြီ။ ဗုဒ္ဓမြတ်စွာသာသနာ မှန်စွာပြုရပါပေပြီတကား။

(သာဓု....သာဓု....သာဓု)

တရားတော်နာ ရောက်လာကြတဲ့ ဓမ္မသဟာယ ဘိက္ခုနီ အရှင်မ, အပေါင်းတို့၊ တပည့်တော်မဟာ ကုရုတိုင်း ကမ္မာသဓမ္မ နိဂုံးသူ မိတ္တာကာဠီ အမည်ရှိခဲ့သူပါဘဲ။

တပည့်တော်မတို့နိဂုံးကို မြတ်စွာဘုရားကိုယ်တော်တိုင်ကြွပြီး မဟာသတိပဋ္ဌာနသုတ္တန်တရားတော်ကို ဟောကြားတော်မူလို့ တနယ်လုံးပင် သတိပဋ္ဌာန်တရားကို စိတ်ဝင်စားပြီး နာကြား လေ့လာ အားထုတ်ကြကာ ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါးကိုလဲ အားထားမှီခို ကြည်ညိုကြတယ်၊ အဲဒီထဲမှာ ဘပည့်တော်မလဲ ပါဝင်ခဲ့တယ်။

ပါဝင်ဆိုပေမဲ့- ကြိုးကြိုးစားစား အားထုတ်တဲ့ အဆင့် အထိတော့ မရောက်ခဲ့ဘူး၊ နာကြားဆွေးနွေး အားပေးဟော ကြား အဆင့်လောက်သာ ရပ်တည်ခဲ့ပါတယ်၊ အားထုတ်မှုကို တော့ မဆိုစလောက်သာ အားထုတ်မိခဲ့တယ်။

ဒါပေမယ့်-ဘုရားသာသနာကို လွန်ကြည်ညိုပြီး လူ့ဘောင် စွန့်ခွါကာ သာသနာတော်တွင် ဖန်ဝါဆင်မြန်း ဝတ်သင်္ကန်းနဲ့ ရှင်လန်းကြည်သာ ဝင်ရောက်မှီခိုခဲ့ပါတယ်။

ဒီလိုမှီခိုနေယင်းက ပရဟိတစိတ်ထန်ပြင်းပြီး မဟာ သတိ ပဋ္ဌာန်တရားတွေကို လေ့လာမှတ်သားပြီး ဟိုဟိုဒီဒီ တရားဟော လှည့်လည် နေခဲ့ပါတယ်၊ တရားဟောယင်း လူခပင်းကလဲ သဘောကျ ကြည်ညိုကြလို့ ပစ္စည်းလေးဖြာ အာမိသ လာဘ် လာဘ တွေကို ရခဲ့ပါတယ်။

ဒီလိုဆိုတော့ ကိုယ့်ကိုယ်ကိုဟုတ်လှပြီထင်ပြီး လာဘ်လာဘနှင့် ကျော်ဇောမှုတွင် စိတ်ကြီးဝင်မက်မောကာ မေ့မျောနေခဲ့ပါတယ်၊ ဒီလိုနေခဲ့တာဟာ ခုနစ်နှစ်တောင် ကြာသွားတယ်၊ ဒါဟာ လောဘ မောဟရဲ့ လှည့်စားချက်ကိုမရိပ်မိဘဲ ဒိဋ္ဌိမာနတို့ရဲ့ အထောင်းခံဘဝနဲ့ မှောင်ကျခဲ့တာပေါ့၊ ကိုယ်ရောသူပါ တရားဘာဝနာရရှိဖို့ထက် လာဘ်လာဘနှင့် ကျော်ဇောမှုတို့က ဖုံးလွှမ်းလာတယ်၊ ကုသိုလ်နည်းပြီး အကုသိုလ်အမဲအမှောင်ကျလာတယ်။

တနေ့သောခါ ကျောင်းခန်းတွင်းမှာနေယင်း ဒီသဘောကို သိမြင်ပြီး ထိတ်လန့်မှု သံဝေဂဖြစ်လာတယ်၊ ဒီလောဘ မောဟ ဒိဋ္ဌိမာနနောက်ကိုသာ လိုက်မှားမိယင်တော့ အပါယ်ထောင်မှာကျပြီး ဝဋ္ဋဒုက္ခသံသရာထဲမှ လွတ်မြောက်ဖွယ်ရာပင် မရှိတော့ဘူး၊ ငါ့အဖြစ်ဟာ ကြောက်လန့်စရာကြီးဘဲလို့ သိမြင်လာပါတယ်။

ဒါကြောင့် ဟောပြောမှုအလုပ်ကို ရပ်နားပြီး သတိပဋ္ဌာန်အမှတ်တရားကို ကြိုးစားရှုမှတ်တယ်၊ ဒွါရနဲ့အာရုံဆုံတိုင်း ဖြစ်ပေါ်ပျောက်ပျက်တဲ့ ရုပ်နာမ် ၂-ဖြာ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုမှတ်ယင်း ရုပ်နာမ် ကြောင်းကျိုး ဖြစ်ပျက်မျိုးကို မြင်ကာ ဝိပဿနာဉာဏ်တွေတက်ပြီး ရုပ်နာမ်သင်္ခါရအားလုံး ချုပ်ဆုံးရာ နိဗ္ဗာန်ချမ်းသာကို လေးခါလေးဆင့် ရောက်ရှိပြီး ရဟန္တာထေရ်ဖြစ်ရတယ်။

ဒါဟာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမ သာသနာကို မှန်စွာ ပြုတဲ့ သာသနာပြုအစစ် ဖြစ်တော့တာဘဲ။

ဒီလို ဟောကြားပါတယ်၊ ဒီ မိတ္တာကာဠီထေရီရဲ့ ရင်ဖွင့် ဥဒါန်းဟာ မှတ်သားလိုက်နာဖွယ် ကောင်းလှပေတယ်၊ အား ကျနည်းယူဖွယ် မကောင်းဘူးလား ပရိသတ်များ။

(ကောင်းလှပါတယ် ဘုရား)။

ဟုတ်တယ်၊ အကျင့်မပါဘဲ ဗလာအကြွား ဟောကြားမှုမျိုး လောက်နှင့်သာ တင်းတိမ်ရောင့်ရဲ နေကြမယ်ဆိုယင် ကျော် စောမှုနှင့် လာဘ်လာဘလောက်သာခုံမင်ပြီး တရားကိုအလေး မပြု လွဲမှုတွေဖြစ်ကုန်ကြမယ်။

တရားနာပုထုဇဉ်တွေကလဲ လက်တွေ့ကျင့်ပွားစရာကို မနာ ကြားတတ်ဘဲ အသံကောင်း ရုပ်ချော ကျော်စောမှုနှင့် ချော် တောငေါ့တဲ့တရားမျိုးကိုသာ နားဝင်လာယင် သာသနာတွင် အကျင့်ပျောက်ကာ မှောက်မှောက်မှားမှားတွေ ဖြစ်ကုန်မှာဘဲ။

သာသနာပြုအစစ်ဖြစ်ပြီး ဟောသူရော နာသူပါ ကောင်း ကျိုးချမ်းသာ ပွားစေနိုင်တဲ့ ဒါနသီလဘာဝနာ သီလသမာဓိ ပညာ အစုံပါပြီး နိဗ္ဗာန်နှင့်အနီးဆုံး မဟာသတိပဋ္ဌာန်ဝိပဿနာ တရား တကယ်ကြိုးစားအားထုတ်တဲ့ အဆင့်အထိ မြှင့်တင်ဘို့ အရေးကြီးပါတယ်။

ဒါကြောင့် မိတ္တာကာဠီထေရီအရှင်မရဲ့ ဘဝဖြစ်စဉ် ရင်ဖွင့် ဥဒါန်းကို လိုရင်းချုပ်ဆောင်ပုဒ်ချပြီး မှတ်သားကာ လက်တွေ့ ကျင့်ရန် ပုံစံယူကြပေတော့၊ ကဲ—လိုက်ဆိုကြပါ။

## သာသနာပြု နမူနာ ဆောင်ပုဒ်

၁။ ကုရုတိုင်းက၊ ကမ္ဘာသာ၊ ဓမ္မနိဂုံးမှာ။
၂။ ဘုရားဟောပြ၊ သတိပဋ္ဌာန၊ သုတ္တမျှားလေ့လာ။
၃။ မိတ္တာကာဠီ၊ ကြည်ညိုပြီ၊ ထေရီပြုသည်သာ။
၄။ အကျင့်မပါ၊ ဟောပြောကာ၊ လာဘ်ရှာမေ့မှားကြာ။
၅။ ခုနစ်နှစ်ကျော်၊ သံဝေပေါ်၊ တွေးခေါ်ကျင့်ဘို့ရာ။
၆။ အဟောရပ်နား၊ ကျင့်တရား၊ ဖြစ်ငြားရဟန္တာ။
၇။ သာသနာပြု၊ စံထားရှု၊ ယခုကြိုးစားကြစို့ပါ။

ကဲ-မြတ်စွာဘုရားရှင် ရှေလက်ထက်တော်တုန်းက ဒီကုရုတိုင်းပြည်ပမာ ဒိုပြည်ထောင်စု မြန်မာနိုင်ငံသား မြန်မာနိုင်ငံသူများနှင့်တကွ ကမ္ဘာသားကမ္ဘာသူတွေလဲ ကမ္ဘာ့ငြိမ်းချမ်းရေး၊ သံသရာ့ ငြိမ်းချမ်းရေးများကို အမှန်တကယ်ရရှိစေနိုင်တဲ့ သတိပဋ္ဌာန်ဝိပဿနာ တရားများကို ဟောကြား, နာကြား, ရှုပွားအားထုတ်ကြပါလို့ နိဂုံးချုပ်ဆန္ဒပြုပါတယ်၊ ဒီနိဂုံးချုပ် ဆောင်ပုဒ်ကိုလဲ ဆိုကြပါဦးစို့။

## ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင်

ကမ္ဘာလူထု-ကုရုပြည်သွင်၊
သတိတရား-ရှုပွားစေချင်။
သတိမစွဲ-သေမြဲသေပင်၊
သတိလမ်း-ငြိမ်းချမ်းနိဗ္ဗာန်ဝင်။

ကဲ-ယခုဟောကြားခဲ့တဲ့ "ကုရုတိုင်းသင့် သတိပဋ္ဌာန်ပွားစေချင် တရားတော်" ကို နာခံမှတ်သားကြရတဲ့ ကုသိုလ်ကံစေတနာတို့ကြောင့် ဒီတရားတော် ပါတဲ့ အတိုင်း နိဗ္ဗာန် ရောက်ရန် တကြောင်းတည်းသော လမ်းမှန် မဟာသတိပဋ္ဌာန် တရားတို့ကို နာကြားမှတ်သား ဆွေးနွေးပွားလျက် ကိုယ်တွေ့အားထုတ်နိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်လျက် မျက်မှောက်ပြုနိုင်ကြပါစေ။

(သာဓု....သာဓု....သာဓု)

နိဂုံးချုပ်အနေနဲ့ ရတနာမြတ်သုံးပါးကို ခုနင်က လက်တွေ့အားထုတ်ထားတဲ့ သတိပဋ္ဌာန်တရားနဲ့ ပူဇော်ပြီး ဆုတောင်းအမျှဝေ မေတ္တာပို့ကာ တရားသိမ်းကြစို့....။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ
ဗုဒ္ဓံ ပူဇေမိ။ပ။

(ပဋ္ဌမပိုင်းတုန်းကအတိုင်း ချပေးပြီး တရားသိမ်းပါ)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ချီးမြှင့်တော်မူသော

# ဩကာသမူမှန်

## ဘုရားရှိခိုး ကန်တော့ခန်း မူရင်း

ဩကာသ- ဩကာသ- ဩကာသ- ကာယကံ- ဝစီကံ- မနောကံ-တည်းဟူသော အပြစ်ခပ်သိမ်းပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ခြင်း ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှာ၊ ဘုရားရတနာ- တရားရတနာ- သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး(ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

(ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤမှာရပ်ပါ၊ ဆုပေးမည့်ပုဂ္ဂိုလ် မရှိလျှင် အောက်ပါဆုတောင်းကို ဆက်ဆို၍ဆုတောင်းပါ)။

ကန်တော့ရသော ဤကောင်းမှုကံ စေတနာ တို့ကြောင့် အပါယ် (၄)ပါး၊ ကပ် (၃)ပါး၊ ရပ်ပြစ် (၈)ပါး၊ ရန်သူမျိုး (၅) ပါး၊ ဝိပတ္တိတရား (၄) ပါး၊ ဗျသနတရား (၅) ပါး၊

အနာမျိုး (၉၆)ပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

မှတ်ချက်။ ။ ဤဩကာသ ဘုရားရှိခိုး မူမှန် ကန်တော့ခန်း၌ (ဆရာသမား)ဟူသော ဤစကားမှာ ဆရာသမားတို့ကို ကန်တော့သောအခါ၌ ထည့်ဆိုရန် ဖြစ်သည်။ မိခင်, ဘခင်, စသည်တို့ကို ကန်တော့သောအခါ၌မူ မိခင်, ဘခင်, အဖိုး, အဖွား, ဦးကြီး, အရီး, အဒေါ်စသည်ဖြင့် ဆိုင်ရာဆိုင်ရာတို့ကို လဲလှယ်ထည့်သွင်း၍ ဆိုရမည်။

(အရှင်ဘုရား) ဟူသော စကားမှာလည်း ရတနာ (၃)ပါး၊ ရဟန်းသံဃာတို့ကို ကန်တော့သော အခါ၌သာ ဆိုရန်ဖြစ်သည်။

စာပိုဒ်အောက်က ———ဤသို့ မျဉ်းခံထားသောစာပိုဒ် ကို တဆက်တည်းဆိုရမည်။

ဩကာသမူမှန် ဘုရားရှိခိုး ကန်တော့ခန်းပြီး၏။

---

## ဘုရားဂုဏ်တော် (၉)ပါး ရှိခိုး

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ မကြံဆ မနိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်အပေါင်းအနန္တနှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၁-(က) အရဟံ-လွန်ကဲထူးမြတ်သော သီလဂုဏ်,သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေ သော မြတ်စွာဘုရား။

(ခ) အရ-ဟံ-ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေ သာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော် မူပေသော မြတ်စွာဘုရား။

(ဂ) အရ-ဟံ-လောဘ, ဒေါသ, မောဟ, အစရှိသော ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

(ဃ) အရ-ဟံ-သံသရာစက်၏ အထောက်အကန့်တို့ကို ချိုး ဖျက်တော်မူပြီးသော မြတ်စွာဘုရား။

(င) အ-ရ-ဟံ- မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသော မြတ်စွာ ဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ- သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို သူတပါးအထံ နည်းမခံဘဲ ကိုယ်တိုင် ဉာဏ်ဟုန် အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာမည်သော ဉာဏ်ထူး ၃-ပါး၊ ဉာဏ်ထူး ၈-ပါး၊ စရဏမည်သော အခြေခံ အကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄-(က) သုဂတော- သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆိုတော် မူပေသော မြတ်စွာဘုရား။

(ခ) သုဂတော- မဂ္ဂင်ရှစ်ဖြာ တင့်တယ်သော အမူအရာ ဖြင့် ကောင်းစွာ သွားခြင်း၊ ကောင်းစွာ ဖြစ်ခြင်း ရှိတော်မူပေသော မြတ်စွာဘုရား။

၅။ လောကဝိဒူ-လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော် မူပေသော မြတ်စွာ ဘုရား။

၆-(က) အနုတ္တရော- အမြင့်မြတ်ဆုံး ဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ ဒဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူ သောကြောင့် လောကဓာတ်အားလုံး၌ အမြင့်မြတ်ဆုံး ဖြစ်တော်မူ သော မြတ်စွာဘုရား။

(ခ) ပုရိသဒမ္မသာရထိ- ယဉ်ကျေးလိမ်မာ ပညာအသိမရှိ ကြသေး မပြည့်ဝသေး၍ ဆုံးမ ပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေး လိမ်မာ ပညာပြည့်ဝ

အချိုးကျအောင် ဆုံးမသွန်သင်တော်မူ တတ်ပေသော မြတ်စွာဘုရား။

(၈) အနုတ္တရောပုရိသဓမ္မသာရထိ- ဆုံးမထိုက်သောပုဂ္ဂိုလ်တို့အား ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ - ချမ်းသာရကြောင်း လမ်းကောင်း ညွှန်ပြ ဆုံးမတော်မူတတ်၍ လူနတ်တို့၏ ဆရာမြတ်အစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ- တရားတော်အလုံးစုံကို အကုန်သိတော်မူပေသော မြတ်စွာဘုရား။

၉။ ဘဂဝါ- ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တ တို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်, ဆယ်ပါးသော ဂုဏ်တော်, အနန္တဂုဏ်တော်, ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ဝိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

ဘုရားဂုဏ်တော် ၉-ပါး ရှိခိုးပြီး၏။

## တရားဂုဏ်တော် ၆-ပါး ရှိခိုး

ဘဂဝတော-မြတ်စွာဘုရားသည်၊ အက္ခာတော-ဟောကြား အပ်သော၊ ဓမ္မော-တရားတော်သည်—

၁- သွာက္ခာတော- ကိလေသာ ငြိမ်းကြောင်း ကောင်းမွန် မှန်ကန်စွာ ဟောအပ်သော တရားတော်မြတ် ပါပေ တကား။

၂- သန္ဒိဋ္ဌိကော- ကျင့်ကြံအားထုတ်လျှင် မျက်မှောက်ကိုယ် တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတကား။

၃- အကာလိကော- အချိန်အခွင့် မဆိုင်းလင့်ဘဲ အသင့် လက်ငင်း ချက်ချင်း အကျိုးပေးတတ်သော တရားတော် မြတ်ပါပေတကား။

၄- ဧဟိပဿိကော- လာပါ ကြည့်လှည့်ပါဟု ကျင့်ကြံ အားထုတ်ရန် ဖိတ်မန်တိုက်တွန်းထိုက်သော တရားတော် မြတ်ပါပေတကား။

၅- ဩပနေယျိကော- မိမိသန္တာန်၌ တည်အောင် ကျင့် ဆောင်ထိုက်သော တရားတော်မြတ်ပါပေတကား။

၆- ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ- တရားမြင်သိသည့် ပညာရှိ ရှစ်ပါး အရိယာများသာလျှင် ကိုယ့်တရားနှင့် ကိုယ် အသီးသီး သိမြင်ခံစားရသော တရားတော်မြတ်ပါပေ တကား။

သွာက္ခာတ အစရှိသော ဤဂုဏ်တော် ၆-ပါးနှင့် ပြည့်စုံ တော်မူသော မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ်အား

ဖြင့် ဆယ်ပါးသော တရားတော်မြတ်ကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ဘုရား။

တရားဂုဏ်တော် ၆-ပါး ရှိခိုးပြီး၏။

---

သံဃာဂုဏ်တော် ၉-ပါး ရှိခိုး

ဘဂဝတော- မြတ်စွာဘုရား၏၊ သာဝကသံဃော- တပည့်သားအပေါင်း သံဃာတော်သည်။

၁။ သုပ္ပဋိပန္နော-လောဘ, ဒေါသ, မောဟ, ကင်းကြောင်း (သီလ,သမာဓိ,ပညာ အကျင့်ကောင်းကို) ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ်ပေတကား။

၂။ ဥဇုပ္ပဋိပန္နော-ကိုယ် နှုတ် စိတ်ထား အကောင်းသုံးပါး ကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၃။ ဉာယပ္ပဋိပန္နော-ဆင်းရဲ ငြိမ်းရန် နိဗ္ဗာန်အလို့ငှါ သင့်လျော်စွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၄။ သာမိစိပ္ပဋိပန္နော-သူများကပြုသည့် ရိုသေမှုနှင့် သင့်တင့် ထိုက်တန်အောင် ကျင့်ကြံတော်မူသော သံဃာတော်မြတ်ပါပေတကား။

၅။ အာဟုနေယျော-အရပ်ဝေးမှ ဆောင်လာ၍ ပေးလှူပူဇော်ထိုက် ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၆။ ပါဟုနေယျော-ချစ်မြတ်နိုး အပ်သည့် ညွှန်သည်များ အတွက် အထူးပြုပြင်ထားသော စားကောင်းသောက် ဖွယ်ကိုသော်လည်း ပေးလှူ ပူဇော်ထိုက် ခံယူတော်မူ ထိုက်သော သံဃာတော်မြတ်ပါပေတကား။

၇။ ဒက္ခိဏေယျော-နောင်တမလွန်လောကဥ္စ ကောင်းကျိုး ရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက် သော သံဃာတော်မြတ်ပါပေတကား။

၈။ အဉ္ဇလိကရဏီယော-ကောင်းကျိုး ချမ်းသာ မှန်စွာရ မည်ဟု ယုံကြည်မျှော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုး ထိုက်သော သံဃာတော်မြတ်ပါပေတကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-ကောင်းမှုမျိုးကို စိုက် ပျိုးရန်အလို့ငှါ သတ္တဝါ အပေါင်း၏ အကောင်းဆုံး လယ်ယာမြေ ဖြစ်တော်မူသော သံဃာတော်မြတ်ပါပေ တကား။

သုပ္ပဋိပန္န- အစရှိသော ဤ ၉-ပါးသော ဂုဏ်တော် တို့နှင့် ပြည့်စုံတော်မူသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးပါး, ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးပါးအားဖြင့် ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်အပေါင်း သံဃာတော်မြတ်ကို ဘုရားတပည့်တော်သည် ရိုသေ မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ရတနာမြတ်သုံးပါး ရှိခိုးပြီး၏။

## ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏
## ခုနစ်နေ့ဘုရားရှိခိုး

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

၂။ သန္ဓေယူခါ၊ ဆယ်လ ကြာသော်၊ မဟာ သက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့ငုံစီ၊ လုမ္ဗိနိဥ်၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူ အောင်မြို့ လမ်းပါကို။

၃။ ဖွားမြင် ခြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနု နယ်ဥ်၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆဲ့သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ ခလေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လုံသည်၊ စုံမြိုင်ပင်ရိပ်ခမ်းမှာကို။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ် ကျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေပရမေ၊ ပလ္လင်ဘွေ့ထက်၊ ရွှေညောင်တော်ကြီး၊ ဗြတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေ့တော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက် ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေသွား၊ ဖြန့်ချိသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟာတသောင်း၊ တိုက်

ဖူးပေါင်းမှ၊ ခညောင်းကင်လာ၊ နတ်ပြဖွာအား၊ ဝါဆိုလ ပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံကဲ၊ ဓမ္မစက်ကို၊ မိန့် မြွက်တော့ပြီး၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရှမ်း တယ်ကို။

၆။ တရားနတ်စည်၊ ဆော်ရှမ်းလည်ကာ၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ဆိုက်သသူ၊ နတ်လူပြဖွာ၊ သတ္တဝါ ကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါ လေးဆဲ့ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်ကာ၊ ရာလေးဆဲ့ ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယှဉ်၊ ကုသိန္နာရုံ၊ အင်ကြင်းပုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

၇။ နိဗ္ဗူစံပြီး၊ ရှုမဒိသား၊ သင်္ဂြိုဟ်လှော်၊ အလောင်း တော်ကို၊ ထိုရှေ့ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့ မနော၊ ဓာတ်တောဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိငွာန်ချက် ဖြင့်၊ လျှံတက်တောက်ရော်၊ မီးပူဇော်သည်၊ မွေ့တော် ရှစ်စိတ် ကြွင်းတယ်ကို။

၈။ ထိုခုနစ်နေ့၊ သားချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော် ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါပြိုးပြိုး၊ ကျွန်ရှိခိုး သည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။ ။

မှတ်ချက်။ ။ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ ဂမ္ဘီရ ကဗျာစာအုပ်မှ ကူးယူ ဖော်ပြသည်။

# ဤစာအုပ်တွင် ပြင်ဖတ်ရန်

| စာမျက်နှာ | ကြောင်းရေ | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၈ | ၆ | သီးတလုံးချောင် | သိ တလုံးချောင် |
| ၃၅ | ၇ | သဗ္ဗညူ | သ ့ ညူ |
| ၃၅ | ၂ | ဗောဓေ ယျံ | ဗောဓေမယျံ |
| ၃၅ | ၁၁ | သဗ္ဗညူ | သဗ္ဗညူ |
| ၃၆ | ၄ | အဖျာဖျာ | အဖြာဖြာ |
| ၃၇ | ၁၀ | တုဿိ ဘာ | တုသိဘာ |
| ၃၈ | ၆ | အဂ္ဂေါ်ဟသ္မိ | အဂ္ဂေါဟမသ္မိ |
| ၃၁ | ၇ | ဇေဋ္ဌောဟသ္မိ | သေဋ္ဌောဟမသ္မိ |
| ၃၈ | ၉ | သေဋ္ဌောဟသ္မိ | သေဋ္ဌောဟမသ္မိ |
| ၃၁ | ၁၉ | လက္ခဏာ တော်ငယ် | ၈၁-သော လက္ခဏာ တော်ငယ် |
| ၃၉ | ၁၈ | ဘုရားလောင်းတော် | ဘုရားအလောင်းတော် |
| ၄၀ | ၈ | တုဿိဘာ | တုသိဘာ |
| ၅၈ | ၂၁ | ငြိမ်းပါကို | ငြိမ်းပါကို |
| ၆၁ | ၇ | ရာမပုတ္တာ | ရာမပုတ္တော |
| ၆၅ | ၅ | ဒီ ရူပက | ဒီ ဥပက |
| ၆၇ | ၁၀ | ဘုရားမြင် | ဘုရားမမြင် |
| ၇၀ | ၁၅ | ဂုဏ်ထူး | ဉာဏ်ထူး |
| ၇၁ | ၂ | လင်းမှာဖယ် | လမ် မှားဖယ် |
| ၇၇ | ၁၂ | ပစ္စိမှ | ပစ္ဆိမ |
| ၈၇ | ၂၀ | ရာဇဂြိုလ် | ရာဇဂြိုဟ် |
| ၈၉ | ၇ | ကပိ၊ အာဠဝိ၊ | ကပိ၊ အာဠဝိ၊ |

| စာမျက်နှာ | ကြောင်းရေ | ရှိရင်း | ပြင်မှတ်ရန် |
|---|---|---|---|
| ၉၀ | ၂ | ဝေဠုဝန်ရွာ | ဝေဠုဝရွာ |
| ၁၀၃ | ၆ | မူလမင်းတုန်း | မူလမင်းကွန်း |
| ၁၀၄ | ၂ | သိတာလုံးချောင်၊ | သိ တလုံးချောင် |
| ၁၁၃ | ၃ | ၉၅၀ | စာမျက်နှာ ၉၅၀ |
| ၁၁၉ | ၂၂ | မဟာစည်ဆရာတော်ဟာ | မဟာစည်ဆရာတော် |
| ၁၂၂ | ၂ | ၁၂၂၆ | ၁၂၆၆ |
| ၁၂၅ | ၁၀ | ကြယ်ရောင်တွေ | ကြယ်ရောင်ခြည်တွေ |
| ၁၃၉ | ၁၉ | ိုထွက်သည်ထွက် | ဟိုထွက်သည်ထွက်ထွက်ယင် |
| ၁၄၂ | ၆ | တွယ်တာ | ထွက်တာ |
| ၁၄၇ | ၈ | ဍူဒံ | ဍူမံ |
| ၁၆၅ | ၆ | မမှန်နဲ့ | မမှန်တဲ့ |
| ၁၇၈ | ၂၀ | သတိမဋ္ဌာန် | သတိပဋ္ဌာန် |
| ၁၈၂ | ၈ | ဂန္ဓာမ်တိ | ဂန္ဓာဗ်တိ ပဇာနာတိ |
| ၂၀၃ | ၆ | မနသိကရေးမိ | မနသိကရောမိ |
| ၂၀၃ | ၁၁ | ငတွာ | ကတွာ |
| ၂၀၃ | ၁၅ | ဒတွာ-ပေ ၍ | ကတွာ-ပြု၍ |
| ၂၁၀ | ၁၂ | သမုဒယသစ္စ | သမုဒယသစ္စာ |
| ၂၂၈ | ၅ | ချပစ်ခဲ့တယ် | ချပစ်ခဲ့မယ် |
| ၂၂၉ | ၂ | ရဟာန်း | ရဟန္တာ |
| ၂၃၀ | ၁၄ | ဓမ္မ | ဓမ္မာ |
| ၂၃၁ | ၇ | အနာဂါတ် | အနာဂတ် |
| ၂၄၀ | ၁၆ | လေးဝဇလျှက် | လေးဝဇ လျှောက် |
| ၂၅၅ | ၁၈ | သဗ္ဗညု | သဗ္ဗညူ |
| ၂၅၇ | ၁၂ | အး ကာင် သုံးပါး | အကောင် သုံးပါး |
| ၂၅၉ | ၂၂ | ငြိင်းပါကို | ငြင်းပါကို |
| ၂၆၀ | ၂၂ | ဂ ဏ္ဍိရ | ဂဏ္ဍီရ |

# ကုရုတိုင်းသွင် သဘိပဠာန်ပွါးစေချင်

၁။ ကမ္ဘာလူထု-ကုရုပြည်သွင်၊
သတိတရား-ရှုပွါးစေချင်။
သတိမစွဲ-သေမြဲသေပင်၊
သတိလမ်း-ငြိမ်းချမ်းနိဗ္ဗာန်ဝင်။

၂။ ကုရုတိုင်းမှ-ကမ္ဘာသ-သွင်၊
သတိတရား-ခေတ်စားသိမြင်။
ဒါကြောင့်ဗုဒ္ဓ-ဟောပြမြင့်ဘင်၊
သတိမြတ်-ရှုမှတ်နိဗ္ဗာန်ဝင်။

၃။ သတိမပွါး-အလကားသက်ရှင်၊
ဒီသက်ရှင်ရုပ်-စက်ဆုပ်ဖွယ်ပင်။
သင်သက်ရှင်လဲ-သေဆဲပုံသွင်၊
အပြစ်ပြ-ဆုံးမကဲ့ရဲ့တင်။

၄။ သတိပွါးလျက်-အသက်ရှင်မူ၊
ကောင်းသောအသက်-ရှင်လျက်နေသူ။
လူစစ်ဘဝ-ရောက်ရစင်ဖြူ၊
သင့်အတွက်-ပွင့်လျက်သဗ္ဗညူ။